
www.burmeseclassic.com

ရွှေပဒေသာစာပေ

# မယ်နိုင်

# မျက်ကွယ်ရာ



အချစ်
ဝတ္ထုသစ်

www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊
၂၀၁၅၊ အောက်တိုဘာလ။

ထုတ်ဝေသူ - ဦးအေးလွင် (၀၀၄၀၅)
ရွှေပဒေသာစာပေတိုက်
အမှတ် (၃၃)၊ ကျိုက်တော်လမ်း။
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ - ဦးအေးလွင် (၀၀၂၄၀)
ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၃၊ ကျိုက်တော်လမ်း။
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

ဖြန့်ဈေး - ၁၅၀၀ ကျပ်

အုပ်ရေ - ၅၀၀ အုပ်

၈၉၅.၈၃

မယ်နိုင်

မျက်ကွယ်ရာ/ မယ်နိုင် - ရန်ကုန်၊
ရွှေပဒေသာစာပေ ၊ ၂၀၁၅ ။
၂၇၂ - စာ ၊ ၁၂.၃ x ၁၈ စင်တီ။
(၁) မျက်ကွယ်ရာ


# မယ်နိုင်

# မျက်ကွယ်ရာ

www.burmeseclassic.com

www.burmeseclassic.com

အချစ်ဆိုတာ

အချိန်ကာလတစ်ခုကို ကျော်လွှန်ပြီးမှ

ကိုယ့်ရင်ဘတ်ကို ကိုယ်ပြန်မြင်ခွင့်ရတဲ့

လျှို့ဝှက်သော ပဒ္မလက်တစ်ခု

အကြိမ်ကြိမ် ကိုယ့်ကိုယ်ကိုယ် ညာတယ်။

အခါခါ မသိချင်ယောင်ဆောင်တယ်။

အဖန်ဖန် ဥပေက္ခာပြုတယ်။

သို့သော် ရလဒ်ကတော့ နောင်တ

ဝမ်းနည်းနေသလားလို့ မမေးနဲ့

ကျေနပ်နေသူပါ။

အချစ်တစ်ခုကို အနက်ရှိုင်းဆုံး

သိမ်းဆည်းခွင့်ရခဲ့ပြီလေ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

"တီးတောင်"

ရုတ်တရက်မြည်လိုက်သော ဘဲလ်သံကြောင့် မွေးနေ့ကိတ်လိုးဟာန်ပြင်နေသော ပန်းရနံ့ဓါလက်များ တုံ့ဆိုင်းသွားရလေသည်။

"ဘယ်သူလဲ အခန်းမှားတာလား"

"တီးတောင်"

ဒုတိယအကြိမ် ထွက်ပေါ်လာသောအခါ ကိုင်ထားသော ကိတ်လိုးဓားကို ချလိုက်။

"ဘယ်သူလဲ ပန်း။ ဒီအခန်းကို ဦးအပြင် သိတဲ့လူ ရှိသေးသလား"



www.burmeseclassic.com

www.burmeseclassic.com



"အခန်းများနိုဝ်မိတာဖြစ်မှာပါ ဦး"

ဟုသာ ဆိုလိုက်ရပေမယ့် ပန်းရနံ့ရင်ထဲ ခံစားချက်က မကောင်းပါ။ တစ်ခုခုဖြစ်လာလိမ့်မယ်ဟု ထင်နေမိသည်။

"တီးတော်"

တတိယအကြိမ် ထွက်ပေါ်လာချိန်မှာတော့ ဦးခန့်ကို ထရပ်လိုက်သည်။

"ဦး သွားကြည့်လိုက်မယ်လေ"

ဟု ဆိုသဖြင့် ပန်းရနံ့ တုန်လှုပ်သွားလေသည်။

"နင်နဲ့ ဦးခန့်ကိုရဲ့အကြောင်းကို ဘိုဘိုသိသွားပြီ" ဟု မေစွန်ပြောခဲ့သောစကားက ခုချိန်ထိ ပန်းရနံ့နားထဲ မထွက်နိုင်သေးပေ။

ဘိုဘိုသည် ငယ်ရွယ်သူပီပီ တစ်ဖွတ်ထိုးဆန်သည့် ကောင်ချောလေး ဖြစ်၏။

အမှားအမှန်ကို ဝေဖန်ပိုင်းခြားသုံးသပ်ခြင်း မရှိပါပဲ ထင်ရာကို အမှန်ဟု ယူဆတတ်သော ကောင်လေးဖြစ်သည်။ အန္တရာယ်ကို တွေးပူမနေတတ်သလို မလုပ်ရဲတာ မရှိသူဖြစ်သည်။

ဘိုဘို့ကို ပန်းရနံ့ မကြောက်သော်လည်း ဦးအတွက် စိုးရိမ်သည်။ ဦးသည် ဂုဏ်သိက္ခာရှိသော ပညာတတ်လူကြီးလူကောင်း ဖြစ်၏။





ဘိုဘို့နှင့် နှိုင်းစာ၍မရအောင်ကို အစစအရာရာ သာလွန်နေသည်။ ဘိုဘိုကသာ ရှေ့နောက်မစဉ်းစားဘဲ မိုက်ရိုင်းပါလျှင် ဦးကပဲ အရာရာထိခိုက်နစ်နာလိမ့်မည်။

ထိုအရာကို ပန်းရနံ့ မလိုလားပေ။ ပန်းကြောင့် ဦး ဂုဏ်သိက္ခာထိခိုက်မည့်ကိစ္စမျိုး မရှိစေချင်ပါ။

ဦး၏ဂုဏ်သိက္ခာတက်ဖို့ဆိုပါက ပန်း အရာရာပေးဆပ်ဖို့ ဝန်မလေးပေ။ သို့သော် ... ယခုချိန်ထိ ပန်း ဦးအပေါ် လုပ်ပေးခဲ့သောကိစ္စ မရှိခဲ့ဖူးပေ။

ဦးကသာ ပန်းအတွက် အစစအရာရာ ဖန်တီးပေးခဲ့သူဖြစ်သည်။ ဦးကို ပန်း အားကိုးသည်၊ ယုံကြည်သည်။

ဦးက ပန်းဘဝရဲ့ အရှင်သခင်ဖြစ်သည်။ ထိုအရှင်သခင်ကို ဂုဏ်သိက္ခာတက်အောင် ဘာမှ မစွမ်းဆောင်ပေးနိုင်သေးတဲ့ ပန်းက မိမိကြောင့်တော့ ဦး သိက္ခာကျမည့်အဖြစ်မျိုး မရှိစေရဟု ခံယူထားသည်။

ထို့ကြောင့် ဘိုဘိုကို အပြတ်ဖြတ်ခဲ့သည်။ သို့သော် တောက်တဲ့လိုကပ်သောဘိုဘိုသည် ပန်းဘဝတွင် မကြိုက်သော ယောကျ်ားသားဖြစ်၏။

ပန်းက ဘိုဘို့ကို မချစ်နိုင်ပါဘူးဟု ပြတ်ပြတ်သားသား



www.burmeseclassic.com

www.burmeseclassic.com



ငြင်းခဲ့သော်လည်း ပန်း၏စကားကို ဘိုဘိုက လက်မခံခဲ့ပေ။

"ပန်းက ကျောက်ဆိုင်ကျောက်သားလားတဲ့"

ဘိုဘို့ရဲ့ ချေပစကားကို အနိုင်ယူနိုင်သည့်စကားလုံးမျိုး ယခု ချိန်ထိ ပန်းမတီထွင်နိုင်သေးပေ။ "မေတ္တာရောင်ပြန်ဟပ်တယ်တဲ့" ကျွန်တော်က မမပန်းကို မေတ္တာထားနေသရွေ့တော့ တစ်နေ့ မမပန်း က ကျွန်တော့်အပေါ် မေတ္တာပြန်ထားမှာပါ" ဆိုသည့် စကားလုံးမျိုး သည် ပန်းကိုအကျဉ်းကျစေသည်။

"မမပန်းနော့ ရစ်ဝဲနေတဲ့ ပိတုန်းတွေကို ဆေးဖြန်းသတ်ဖို့ ကျွန်တော် ဝန်လေးနေမယ်မထင်နဲ့"

ဟုလည်း ဘိုဘိုက တစ်ခါတစ်ရံ ခြိမ်းခြောက်စကား ဆိုတတ် သေးသည်။ ထို့ကြောင့် ဦးကို ဘိုဘိုသိသွားမည့်အရေး ပန်း စိတ်ပူတာ အဆန်းတော့မဟုတ်ပေ။

ဖြစ်နိုင်လျှင် ဦးနှင့် ဘိုဘိုကို ထိပ်တိုက်မတွေ့စေချင်ပါ။ ဒါကတော့ ပန်း မပြတ်သား၍ မဟုတ်ပေ။ မိုက်ရူးရဲဆန်သည့် ဘိုဘို့ စိတ်ကိုသိသောပန်းက ဦးအတွက် စိတ်ပူ၍သာ ဖြစ်သည်။

"နေပါစေ ဦး . . . ပန်းပဲ သွားကြည့်လိုက်မယ်"

ဟုဆိုကာ နှစ်သိမ့်စေလိုခြင်းအလို့ငှာ ဦး၏ပါးလေးကို ခြေ ဖျားထောက်ကာ နမ်းပြီး ထွက်လာခဲ့သည်။





တံခါးရွက်ချောင်းကြည့်ပေါက်မှတစ်ဆင့် အပြင်သို့ ချောင်း ကြည့်လိုက်သောအခါ ရှင်းလင်းသောအနေအထားကို မြင်တွေ့ရ တယ်။

ထိုအခါမှ ပန်းရင်ထဲ အလုံးကြီးကျသွားလေသည်။

"ဘယ်သူလဲ ပန်း"

"ဘယ်သူမှမရှိဘူး ဦး။ အခန်းမှားနှိပ်မိတာ ထင်ပါတယ်"

ကွန်ဒိုဆိုသောအခန်းများသည် အခန်းနံပါတ်ကို စနစ်တကျ ရေးထားသောကြောင့် အခန်းမှားသည့်ကိစ္စသည် ဖြစ်တောင့်ဖြစ်ခဲ အရာမျိုးသာ။ ဒါကို ဦးခန့်ကိုလည်း ကောင်းစွာသိလိမ့်မည်။

"ဦး ဒီနေ့တော့ ပန်းကိုပဲ အဖော်ပြုပေးပါလား"

ဟု ရင်ခွင်ထဲဝင်ကာ တောင်းဆိုလာသော ပန်းရနံ့ကို ဦးခန့် ကိုက အလိုက်သင့် ပွေ့ဖိုက်ထားလိုက်လေ၏။

"ဦးဆီက ပန်းလိုချင်တဲ့ မွေးနေ့လက်ဆောင်ပါ။ ဦး ဖြည့် ဆည်းပေးနိုင်တယ် မဟုတ်လားဟင် ဦး"

"ဒီနေ့တော့မဖြစ်ဘူး ပန်း။ ဦး အိမ်ကိုပြန်မှဖြစ်မယ်"

"ပန်းက ဦးဘဝရဲ့ နံပါတ်ဘယ်လောက်လဲဟင်"

ပန်းရနံ့က ထိုသို့မေးလိုက်သောအခါ ဦးခန့်ကိုသည် ငြိမ်ကျ သွားလေသည်။ နံရံပေါ်တွင် ချိတ်ဆွဲထားသော ပန်းချီကားကိုသာ



www.burmeseclassic.com

www.burmeseclassic.com



အဝိပ္ပာယ်မဲ့စွာ ငေးနေလေ၏။

"ပန်း"

"မပြောပါနဲ့ဦး။ အခုနေချိန်မှာ ဦးရဲ့အဖြေကို ပန်း ကြားဖို့ အဆင်သင့်မဖြစ်သေးပါဘူး။ တကယ်တော့ ပန်း လောဘကြီးမိနေတာပဲ။ ပန်းကို ဦး ချစ်သည်ဖြစ်စေ မချစ်သည်ဖြစ်စေ ပန်း ဦးကို ချစ်တယ်။ ဦးကို အခုလို နေ့တိုင်းတွေ့နေရတာယ်ဆိုရင်ပဲ ပန်းအတွက် လုံလောက်ပါပြီ။ ပန်းကြောင့် ဦးစိတ်ထဲ အနှောင့်အယှက်ဖြစ်သွားတယ် ဆို ပန်း တောင်းပန်ပါတယ်"

"ပန်းရယ်"

ဦးခန့်ကိုသည် ပန်းရနံ့ကို သိုင်းဖက်ကာ ပန်းရနံ့၏ ဆံနွယ်လေးများကို အားပါးတရ နမ်းရှိုက်လေသည်။

လောဘနည်းသော ထိုမိန်းကလေးကြောင့် အကြိမ်ကြိမ် စိတ်မကောင်းဖြစ်ခဲ့ရသည်။

"ဦးအတွက် ပန်းဘယ်တော့မှ အနှောင့်အယှက် မဖြစ်စေရဘူးလို့ ပန်းကတိပေးပါတယ်။ ဒါကြောင့် ပန်းကိုတော့ မကြာခဏ ဦး လာတွေ့ပေးပါနော်"

ဟုဆိုကာ ပန်းရနံ့သည် ခြေဖျားလေးထောက်ပြီး ဦးခန့်ကို၏ နဖူးလေးကို နမ်းလိုက်ပြန်သည်။





ဦးခန့်ကို ထိုသို့အနမ်းက အဝေးသို့ ထွက်မသွားနိုင်အောင် ထိန်းချုပ်လိုက်လေသည်။

မျက်ရည်တို့ဖြင့် ရှန်းစိုလင်းလက်နေသော မျက်လုံးသည် ဦးခန့်ကို၏ နှလုံးသားကို လဲပြိုသွားအောင် ဖွပ်ဆောင်နိုင်လေသည်။

သင်းပျံ့ပျံ့ ဆံနွယ်များကိုလည်း အကြိမ်ကြိမ် နမ်းရှိုက်ချင်သည်။

ပြည့်ဖူးသော နှုတ်ခမ်းသားလေးသည် ဦးခန့်ကို့ကို လုံးဝ ပြန်ခွင့်မပေးပေ။ ဒီလိုနှင့်ပင် ဦးခန့်ကို အကြိမ်ကြိမ် လဲပြိုခဲ့ရသည်။

"ဦးကိုလေ ဦးကို၊ ပန်း အရမ်းချစ်တယ်။ ဦးက ပန်းရဲ့ နံပါတ်တစ်ပါပဲ"

ရှန်းစိုတဲ့အကြည့်စူးစူးများဖြင့် ဦးခန့်ကို၏ နှလုံးသားကို ထိန်းချုပ်နေပြီဖြစ်သော ပန်းရနံ့၏ အပြုအမူ အပြောအဆိုများကြားတွင် ဦးခန့်ကို၏စိတ်သည် ရုန်းမထွက်နိုင်အောင် ပျော်ဝင်လှပါပြီ။

လှပသော မိန်းမပျိုလေး၏အနမ်းအောက်တွင် သာယာလှပါပြီ ကြည်နူးလှပါပြီ။

"တီးတောင်"

ထိုစဉ် ထင်မြင်လာသော ဘဲလ်သံသည် လှပသော ညမှာ၏ အကြီးကျယ်ဆုံး ရန်သူဖြစ်သွားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲ ကိုမောင်မျိုးများလား"

ကိုမောင်ဆိုသည်မှာ ဦးခန့်၏ အတွင်းရေးမှူးဟု ဆိုအပ်သော ကားအရိုင်ဘာဖြစ်သည်။

"ပန်း ခဏနော်"

ဟုဆိုကာ ဦးခန့်ကိုက ထွက်လာပြီး ချောင်းကြည့်ပေါက်မှ လှမ်းကြည့်သည်။ မှန်ပါ၏။ ကိုမောင်မျိုး ဖြစ်နေလေသည်။ အရေးကြီးကိစ္စမဟုတ်လျှင် လာမခေါ်နှင့်ဟု မှာထားခဲ့သော စကားကို ကိုမောင်မျိုးက အလေးထားသည်ကို ကြိုသိနေသာ ဦးခန့်ကိုသည် စိတ်ထဲ ဖဝေဖဝါဖြစ်သွားလေသည်။

"ဘာကိစ္စလဲ"

နှုတ်မှ တီးတိုးရေရွတ်ကာ မြှုတ်နေသောအကျီ ကြယ်သီးကို ပြန်တပ်ပြီး လျှောခဲနေသော နက်ခ်တိုင်ကို စနစ်တကျ စည်းနှောင်ကာ တံခါးကို ဖွင့်လိုက်၏။

"ဘာကိစ္စလဲ ကိုမောင်မျိုး"

"ပြဿနာတက်ပြီ အာစရိ အိမ်ကို အမြန်ဆုံး ပြန်မှဖြစ်မယ်"

ရင်ထဲ ဒိန်းခနဲ ဖြစ်သွားလေသည်။

ဘာလဲ ဘာဖြစ်လို့လဲ။ သူနှင့်ပန်းတို့ကိစ္စကို ကြွေသိသွားလို့လား။ ကြွေ ပြဿနာရှာနေလို့လား။





သူ ဘာလုပ်ရမလဲ။ ကြွေကို ဘယ်လိုရင်ဆိုင်ရမလဲ။ မေးခွန်းများစွာက ဝင်ရောက်လာသော်လည်း အဖြေကမရှိပေ။ ရင်ဆိုင်ဖို့ ခက်ခဲလှသော်လည်း မဖြစ်မနေ ရင်ဆိုင်ရမည့်ကိစ္စတစ်ရပ်မို့ အံကြိတ်ကာ အားတင်းထားလိုက်လေသည်။

၀၀၀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ကိုမင်းသူတို့ဘက်က သူတို့သားနဲ့ သမီးကို ကြောင်းလမ်းချင်လို့တဲ့ ကိုရယ်။ ကြွေကတော့ ကိုနဲ့ တိုင်ပင်လိုက်ဦးမယ်လို့ ပြောခဲ့တယ်"

ပြဿနာက ဒါတဲ့လား။ ကိုမောင်မျိုးက အစိုးရိမ်လွန်လွန်းနေပြီဟု ထင်ပါသည်။ သူမှာတော့ စိုးရိမ်လိုက်ရတာ။ ကြွေသာ ပန်းနှင့်သူအကြောင်း သိသွားပါက ကြွေ့စရိုက်နှဲ့သာဆို သူအခြေအနေက လွယ်လိမ့်မည် မဟုတ်ပေ။

ကြွေက စနစ်ရှိသောမိန်းမ ဖြစ်သည်။ ဘယ်အရာကိုမှ





ပေါ့ပေါ့တန်တန် မလုပ်တတ်ပေ။ ဒေါသကြီးသည်၊ မာနကြီးသည်၊ သိက္ခာကို အသက်ထက်ပိုတန်ဖိုးထားသည့် မိန်းမမျိုး ဖြစ်သည်။

ကြွေ့ကို သူချစ်သည်။ တန်ဖိုးထားပြီးမြတ်နိုးသည်။ မိဘများ သဘောတူ၍ လက်ထပ်ခဲ့သည်ဆိုသော်လည်း ကြွေက သူငယ်စဉ်ကတည်းက အမြတ်တနိုး ကြည့်ခဲ့ရသော ပန်းတစ်ပွင့်ဖြစ်၏။

အချစ်ဆုံးဆိုလည်း မမှားသလို ရည်းစားဦး အချစ်ဦးဆိုသည်း မှန်သည်။

ဆံနွယ်ရှည်ကြီးများကို အမြတ်တနိုး ထိန်းသိမ်းတတ်သည့် ကြွေက မိန်းမတို့ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံသည်။ အိမ်ရှင်မကောင်းပီသသည်။

သမီးအတွက် မိခင်ကောင်းတစ်ဦးလည်း ဖြစ်သည်။ ကြွေ့မှာ အပြစ်ဆိုလို့ သားယောက်ျားလေး မမွေးနိုင်တာတစ်ခုတည်း ရှိသည်။

ဒါကလည်း ကြွေ့အပြစ်မဟုတ်ပါ။ သဘာဝတရားကြီး၏ အပြစ်ဖြစ်သည်။ ကြွေလည်း နှစ်ဆယ်ကျော်ဆိုတဲ့အရွယ်နဲ့ ဘယ်လိုလုပ် နလုံးရောဂါ ဖြစ်ချင်ပါ့မလဲ။

သို့သော် သူ့အတွက် သမီးလေးကို အသက်စွန့် မွေးပေးရှာသည်။ သူ စိတ်ထိခိုက်ခဲ့ရသည်။ ထို့ကြောင့် ကလေးထပ်ယူရအောင်လို့ ပြောမထွက်တော့ပေ။ ကလေးထက် သူ့ဘဝမှာ ကြွေသာ



www.burmeseclassic.com

www.burmeseclassic.com



လျှင် အရေးကြီး၍ ဖြစ်သည်။ ကြွေ့ကို သူမြတ်နိုးရုံမက အထင်ကြီး လေးစားသည်။

ကြွေသည် သူ့အတွက် အကောင်းဆုံး ဇနီးတစ်ယောက်ဟု ထင်သည်။ ကြွေသည် သူ့လုပ်ငန်းထက်မက အောင်မြင်သော စီးပွားရေးလုပ်ငန်းရှင်ဖြစ်သလို အမျိုးသမီးစွမ်းဆောင်ရှင်အသင်း၏ အဖွဲ့ဝင်လည်း ဖြစ်သည်။

ထို့ကြောင့် သူသည် ဆောင်းရွက်ကြွေ၏ အမျိုးသားပါဆိုပြီး ပွဲလယ်တင့်ခဲ့ရသည်။ ကြွေ့ကြောင့် ဂုဏ်တက်ခဲ့ရသည်။ ကြွေ၏ ပဲ့ပြင်မှုကြောင့် သမီးသည် ခေတ်ကာလမိန်းမပျိုလေး ဖြစ်သော်ငြား လော်လီခြင်းအလျဉ်းမရှိပေ။ ထက်မြက်ပြီး ကျခြေရ၏။

ဆယ်ကျော်သက်ဆိုသော်ငြား စကားကို ဘယ်တော့မှ လက်လွတ်စပယ် မပြောချေ။ သိက္ခာနှင့်ကိုယ်ကျင့်တရားကို ဘုရားလို ကိုးကွယ်၏။ လူကြီးကိုလည်း ရိုသေသည်။ ထို့ကြောင့် သမီးအတွက် သူ ဂုဏ်ယူရ၏။

"ကိုခန့်ကိုရဲ့သမီးကတော့ စံပဲဟေ့"

ဟုပင် အပေါင်းအသင်းများကြား မျက်နှာပွင့်ရလေသည်။ ထိုမျက်နှာပွင့်ရခြင်းက ကျေးနုစ်စရာကောင်းသလို လူကို အကျဉ်းချ ထားသလို ကျဉ်းမြောင်းစေတာလည်း အမှန်ဖြစ်သည်။ ကလေးထိ





စကားကို ချုံ့ချဲ့မပြောတတ်သောသမီးကြောင့် သူ အိမ်ပြန်ချိန်တိုင်း ခြောက်သွေ့ခဲ့ရသည်။

လက်အောက်ငယ်သားတွေ အရှိအသေတန်မှာစိုးသည် ဆိုသော အကြောင်းပြချက်ကြောင့် သူနှင့်ကြွေကြားမှာ လင်မယား ဆိုတာမျိုးက ဝေါဟာရတစ်ခုသာ ဖြစ်နေခဲ့လေသည်။

စင်စစ်မှာ ကြွေနှင့်သူသည် လုပ်ငန်းချင်း ဆက်စပ်နေသော စီးပွားရေးပါတနာ ဆက်ဆံရေးအဆင့်မျှသာ ရှိသည်။

ယခုတော့ သမီးနှင့်ဆက်စပ်ပြီး မိသားစုစကားဆိုရပြန်မှာ ပေါ့။

"မစောလွန်းဘူးလား ကြွေ၊ သမီးက ခုမှ ဆယ့်ခုနစ်နှစ် ရှိသေးတာ။ ကလေးကို ချုပ်သလိုများ ဖြစ်နေမလား"

"ကြွေတို့သမီးက ဘယ်လောက်ပဲ စဉ်းစားဉာဏ်ရှိတယ် ဆိုပေမယ့် လူငယ်တစ်ယောက်ပဲလေ ကိုရဲ့။ လူငယ်ဆိုတဲ့အမျိုးက တစ်ခါတစ်ရံ မှားတတ်တယ်။ ယုံကြည်ရာကို စွတ်လုပ်တတ်တယ်။ ကြွေကတော့ ကြွေ့ဘဝမှာ သမီးက အရေးကြီးဆုံးပဲ။ ဒါ့ကြောင့် သမီးရဲ့ကိစ္စဆို ဘာမှအမှားမခံနိုင်ဘူး"

ကြွေသည် ကွန်ပျူတာဖြင့် စာရင်းများ စစ်မပျက်ပင် ဆိုလေ၏။ ခင်ပွန်းသည် အပြင်က ပြန်လာတယ်ဆိုပြီး ရေပူရေချမ်း ကမ်း



www.burmeseclassic.com

www.burmeseclassic.com



လှမ်းဖို့ နေနေသာသာ ရှုတ်လက်စအင်္ကျီကြယ်သီးကိုပင် ကူမဖြုတ်ပေးပေ။

ကြွေက ထိုသို့ပြုစုတတ်သော မိန်းမတစ်ယောက်မဟုတ်မှန်း သိသည်။ ထို့ကြောင့် မျှော်လည်းမမျှော်လင့်မိပါ။ သို့သော် ဖနီးသည့်၏ အပြုအစု အယုအယကိုတော့ လိုချင်တာအမှန်ဖြစ်၏။

"ကိုမင်းသူတို့သားက ဘယ်အရွယ်ရောက်ပြီလဲ"

"သမီးနဲ့ မတိမ်းမယိမ်းပေါ့။ ဆယ့်ရှစ်လို့ပြောတာပဲ"

"ကောင်လေးကို မမြင်ဖူးဘဲ ဆုံးဖြတ်လိုက်တာ စောနေမလား ကြွေ"

"ကြွေ ဆုံးဖြတ်ရင် ဘယ်အခါမှားဖူးလို့လဲ။ ပြီးတော့ သမီးရဲ့ကိစ္စမှာ ကြွေ အမှားခံပါ့မလား။ ကို အခုလိုပြောနေတာက ကြွေ့ကို မယုံလို့များလား"

"မယုံတာတော့ မဟုတ်ပါဘူး ဒါပေမဲ့"

"ဒါပေမဲ့မနေနဲ့ ကိုရယ်။ ကြွေက သင့်တော်တယ်ထင်လို့ ရှဉ့်လည်း လျှောက်သာ ပျားလည်းစွဲသာ ပြောလာခဲ့တယ်။ မိုးနိုက လည်း ဒီကိစ္စကို မသိမသာ စကားဟနေတာကြာပြီလေ။ ရွှေရွှေချင်း ထပ်တယ်လို့ပဲ သဘောထားပါကိုရယ်"

"ဘယ်လိုစီစဉ်ခဲ့သလဲ"





တိုင်ပင်တာမဟုတ်ဘဲ အသိပေးတဲ့သဘောမျိုး သက်ရောက်နေသည့်အတွက် ကြွေ့ကိုသူ သိပ်အမြင်မကြည်ချင်ပါ။ အပေါက်အလန်းမတည့် ဘုတောပြောပစ်ချင်သော်လည်း မသင့်တော်၍ ထိန်းသိမ်းလိုက်ရသည်။

"သမီးရဲ့သဘောထားကိုလည်း ကြွေ တီးခေါက်ဦးမှာပါ"

ဆန္ဒရှိပါက ဖြစ်အောင်လုပ်တတ်သော ကြွေ့အကြောင်းကို သူသိပြီးဖြစ်၏။ ထို့ကြောင့် သမီးကိုလည်း စည်းရုံးမည်ဆိုတာ သူကြိုသိလိုက်သည်။

ကြွေသည် စီးပွားရေးလောတ် မြင်ရုံတင်မက စည်းရုံးရေးလည်း ကောင်းသောမိန်းမတစ်ယောက်မို့ ပတ်ဝန်းကျင်တွင် ကျော်ကြားသည်ဆိုတဲ့ လူ့ဂုဏ်ချက်ကို ခင်ပွန်းဖြစ်သည့်သူက အသိဆုံးဖြစ်သည်။

"သမီးက ဆန္ဒမရှိရင်ရော"

"သမီးကို အဲဒီလောက် အထင်မသေးပါနဲ့ကို။ သမီးက အရာရာကို ချင့်ချိန်တတ်ပါတယ်။ ကိုမင်းသူတို့စီးပွားရေးလုပ်ငန်းနဲ့ ကြွေတို့လုပ်ငန်း ပူးပေါင်းလိုက်ရင် အင်ပါယာတစ်ခု ဖြစ်သွားမယ်ဆိုတာ သမီးတွက်ဆမိမှာပါ"

လုပ်ငန်းကြီးချင်ရုံလောက်နဲ့ အသက်မပြည့်သေးတဲ့ ကလေး



www.burmeseclassic.com

www.burmeseclassic.com



တွေကို ကြောင်းလမ်းကြမယ်ဆိုသည့်ကိစ္စ သူ ကန့်ကွက်ချင်သည်။

"ကိုမျက်လုံးတွေက ဘာကိုဆိုလိုသလဲဆိုတာ ကြွေသိတယ် ကို"

ဆောင်းရွက်ကြွေသည် ကွန်ပျူတာကိုပိတ်ပြီး ထရပ်သည်။ သူထံလျှောက်လာပြီး သူ့နက်ခ်တိုင်ကို ကူဖြုတ်ပေးလိမ့်မယ်ဟု ထင်ထားသော်လည်း ကြွေက သူထင်သလိုမဟုတ်ဘဲ သူ့ကိုဖြတ်ကျော်သွားကာ ပိတ်ထားသောလိုက်ကာစကို ဆွဲဖွင့်သည်။

ညအမှောင်ထုက ပတ်ဝန်းကျင်ကို လွှမ်းခြုံနေသော်လည်း ခပ်လှမ်းလှမ်းမှ တွေ့မြင်ရသော ရွှေတိဂုံစေတီကိုတော့ ကြည်ညိုဖွယ် ဖူးတွေ့နိုင်သည်။

"စေ့စပ်တာက လက်ထပ်တာမှမဟုတ်ဘဲ ကိုရယ်။ ကလေးတွေကို တွဲကြည့်နိုင်းထားတာ။ တစ်ဦးနဲ့တစ်ဦး လေ့လာနိုင်းထားတာ။ သူတို့အချင်းချင်း လေ့လာရင် သဘောထား မတိုက်ဆိုင်ရင်လည်း ကွဲပေါ့။ တိုက်ဆိုင်တော့လည်း ကြွေတို့မှာ အရှုံးမရှိပါဘူး။ ကလေးတွေ တွဲနေကြိုက် ကြွေတို့မှာ လုပ်စရာတွေ များမှာပါ"

"ဆောင်းရွက်ကြွေ မင်း အရမ်းကို ပြောင်းလဲသွားတယ်"

"မှန်တာကိုပြောတဲ့တွက် ကြွေ စိတ်မဆိုးပါဘူး။ လူဆိုတာ အစဉ်အမြဲပြောင်းလဲပေးနေရမယ်လေ။ ဒါမှ လူပီသမှာပေါ့။ ဒါပေမဲ့





စိတ်မကောင်းတော့ဖြစ်တယ်"

"ဘာကိုလဲ"

"ကို ပြောင်းလဲသွားတာကိုပေါ့"

ကြွေသည် သူ့ထံ လှမ်းကြည့်ကာ တစ်လုံးချင်း ပြောချလိုက်ခြင်းဖြစ်သည်။

သူလည်း တကယ်ပြောင်းလဲသွားခဲ့ပါပြီ။ သူပြောင်းလဲတာကသိဖို့ကို သိသာလွန်းနေပြီလား။ ဒါမှမဟုတ် သူ မဟုတ်တာလုပ်နေတာကို ကြွေသိနေပြီလား။ စိတ်ထဲ မလုံသူမို့ ကယောင်ချောက်ချားဖြစ်ရလေသည်။

ကြွေ့အကြည့်ရှုးရှုးကိုလည်း ဝံ့ဝံ့စားစားမကြည့်ဝံ့ချေ။ အကင်းပါးသောကြွေက သူ့မျက်လုံးထဲမှ အမှန်တရားကို ရှာတွေ့သွားမှာစိုးရိမ်သည်။

"ကို မိုးကာအပြန် ဘယ်ဝင်ခဲ့သေးလဲ"

ကြွေ့မေးခွန်းသည် သူ့ကို ချောင်ပိတ်ဖမ်းလိုက်သည်ဟု ထင်သည်။ ကြွေ့ကိုလိမ်ညာလို့မရမှန်း သူသိ၏။ ညစာစားပွဲဟုပြော၍လည်း မရပေ။ ထိုကိစ္စက နောက်တစ်နေ့မနက်ဆိုလျှင်ပဲ ဘူးပေါ်သလိုပေါ်သွားလိမ့်မည်။ စက်ရုံဟုဆိုလျှင်လည်း မရပေ။ ကြွေ တစ်ခါ ဖုန်းခေါ်ရုံနဲ့ အကုန်ပေါ်မည့်ကိစ္စ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါပဲ မှန်းကျပ်တာနဲ့ လေညှင်းခံနေတာ"

"အဲဒါပြောတာပေါ့။ ကို ပြောင်းလဲသွားပါပြီလို့။ ဟိုးတုန်းကဆို ကို ကြွေ့ကို ဘယ်တော့မှ အမှန်အတိုင်း မပြောဘူးလေ။ ပြီးတော့ လေညှင်းခံဆိုတဲ့ အချိန်ဖြုန်းမယ့်ကိစ္စမျိုး ကိုမနှစ်သက်ခဲ့ပဲ"

ကြွေ့လေယူလေသိမ်းတွေက တစ်မျိုးကြီးဖြစ်နေတယ်ဟု ထင်သည်။

ကြွေ တစ်ခုခုကိုများ ရိပ်မိနေသလား။ သူ့အကြောင်း တစ်စွန်းတစ်စများ သိနေသလား။ မဖြစ်နိုင်ပါ။ ကြွေ့စရိုက်နဲ့ဆို ထိုကိစ္စမျိုးကို ငြိမ်ခံနေမည့် အမျိုးအစားမဟုတ်ပေ။

ဘာလဲ ... ကြွေ့မျက်နှာလေးက ဘာကိုရည်ညွှန်းနေတာလဲ။ သူကပဲ အစိုးရိမ်လွန်နေတာလား။

"ကဲ ... ကိုလည်း ပင်ပန်းလာပြီ။ နားတော့လေ။ ကို အဆင်ပြေမယ့်အချိန်ကို ဒိတ်လိုက်နော်။ ကြွေတို့ သမက်လောင်းရဲ့အခြေအနေကို အကဲခတ်ကြတာပေါ့"

"ဒါက အရေးကြီးတဲ့ကိစ္စလား ကြွေ"

သူ့အသံထဲ မကျေလည်မှုတွေပါနေပေ၏။ ပြောစရာရှိတယ်။ အရေးကြီးတယ်။ အချုပ်ပြန်လာပါဟု ကိုမောင်မျိုးမှတစ်ဆင့် အမှာတော်တကူးတက ပါးလိုက်သည့်စကားသည် မရေရာသေးတဲ့သမက်ဆိုသည့်





ကိစ္စတဲ့လား။ ပန်းနဲ့ရှိနေတဲ့အချိန်မို့သာပေါ့။ နိုင်ငံခြားသားတွေနှင့် အလုပ်ကိစ္စဆွေးနွေးနေချိန် ထိုသို့အမှာတော်အပါးခံရ၍ ရောက်ရာအရပ်မှ ပြန်လာမိပါက သူ ဒေါသထွက်မိမည်မှာ အမှန်ပါ။

"အရေးကြီးတာပေါ့ ကိုရဲ့။ ဒါထက် အရေးကြီးတဲ့ကိစ္စ ကြွေတို့မှာ ရှိဦးမလား။ သမီးက အရေးအကြီးဆုံးပဲလေ။ မဟုတ်ဘူးလား။ ဘာလဲ ... ကိုက အဲဒီအတွက် ကြွေ့ကို မကျေနပ်ဘူးလား"

မကျေနပ်ဘူးကွာဟု အော်ဟစ်ပြီး စားပွဲပေါ်တွင်ရှိသော ပစ္စည်းများအားလုံး ပေါက်ခွဲလိုက်ချင်သည်။ သို့သော် ထိုသို့ ပြုမူပါက သူ့အဆင့်အတန်း။ ကြွေ၏အဆင့်အတန်း။ ပြီးနောက် အိမ်ရှိ အလုပ်သမားများ၏ အမြင်၊ အရာရာကို တွက်ဆကြည့်ပြီး ထွက်လုလု ဒေါသကို မျိုချလိုက်ရတော့သည်။

"ကိုယ် ရေချိုးလိုက်ဦးမယ် ကြွေ"

"အင်း ... ချိုးလေ၊ ဒီညတော့ မိသားစုလက်ဆုံစားကြတာပေါ့။ ကြွေ ထမင်းစားခန်းထဲက စောင့်မယ်နော်"

ဟုဆိုကာ ထွက်သွားသောကြွေကြောင့် သူ မွေ့ရာကို တဘုန်းဘုန်း ထုရိုက်မိတော့သည်။

သူ ဘာကိုစိတ်တိုနေတာလဲ။ ဘာကို မကျေမနပ် ဖြစ်နေတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းအရာကို ရေရေရာရာ စဉ်းစား၍မရပေမယ့် မကျေနပ်တာတော့ အမှန်ပါ။ ဒေါသဖြစ်တာလည်း အမှန်ပါ။ သို့သော် အလုပ်သမားတွေနှင့် ကြေ ကြားသွားမှာစိုး၍ သူဒေါသသည် ထင်သလောက် ပေါက်ကွဲခွင့်မရခဲ့ပါ။

၀၀၀



## အခန်း (၃)

စားပွဲပေါ်ရောက်လာသော နှင်းဆီနီတစ်စည်းကြောင့် ဝင်ငွေနှင့် ထွက်ငွေစာရင်းကို တိုက်စစ်နေသော ပန်းရနံ့သည် တွန့်ခနဲတုန်သွားသည်။

ပန်း အလုပ်လုပ်နေချိန်တွင် နှောင့်ယှက်တာကို မကြိုက်မှန်းသိသည့် ဆိုင်မှဝန်ထမ်းမိန်းကလေးများ မဟုတ်နိုင်ကြောင်း ပန်း သိသည်။ ထို့ကြောင့် ပန်းစည်းကိုင်ထားသော လက်ပိုင်ရှင်ကို မော့ကြည့်ရာပင် မလိုတော့ပေ။

"မနေ့က မ ဘယ်ပျောက်နေသလဲ"



www.burmeseclassic.com

www.burmeseclassic.com



ပန်း သူ့အမေးကို မဖြေပေ။ လုပ်စရာရှိတာကိုသာ ဆက်လုပ်နေမိသည်။ ဆိုင်က ပုံမှန်လည်ပတ်နေပြီဖြစ်သောကြောင့် ဝင်ငွေနှင့် ထွက်ငွေစာရင်း သိပ်မကျွာတော့ပေ။ လလည်း ကုန်ခါနီးပြီမို့ ဝန်ထမ်းတွေကို လစာပေးဖို့ ပန်း စီစဉ်ရမည်။

ဆိုင်ပိုင်ရှင်တစ်ဦးသည် လုပ်ငန်းတိုးချဲ့ဖို့နှင့် ဆိုင်၏ ရောင်းလိုအား ဝယ်လိုအား မည်သူ့အသက်အရွယ် အပိုင်းအခြားက ဆိုင်ကို အဝင်အများဆုံးလဲ၊ ကာစတန်မာတွေ လိုအပ်နေတာ ဘယ်အရာလဲဆိုတာ အမြဲစောင့်ကြည့်နေဖို့ လိုမယ်ဟု ဦးကပြောခဲ့ဖူးသည်။

ဦးပြောသောအရာများကို စနစ်တကျ ကျင့်သုံးဖို့ဆိုသည်က လွယ်လှတယ် မဟုတ်ပါ။ ထို့ကြောင့် ပန်းက ဆိုင်တွင် စာရင်းကိုင်တစ်ဦးထားရတော့မည်ဟု ပန်းစဉ်းစားမိသည်။

"မ ကျွန်တော်မေးတာ မဖြေရသေးဘူးနော်"

"ကျွန်မ အလုပ်လုပ်နေတယ်နော်။ အနှောင့်အယှက်ပေးတာ မကြိုက်ဘူး"

"အနှောင့်အယှက် မဟုတ်ဘူး မ။ အနှောင့်အယှက်လို့ မယူဆပါနဲ့။ ကျွန်တော့်ကိုလည်း ကြည့်ဦးမှပေါ့ဗျာ။ ဒီလိုအချိန်မှ မ,နား မကာဝ်နိုင်ရင် ဘယ်လိုအချိန်မှာ မ,က ကပ်ခွင့်ပေးမှာလဲ"

"ကျွန်မ အာရုံတွေနောက်နေပြီ ဘိုဘို"





"တစ်ခွန်းတည်း ပြောလိုက်ပါ။ ကျွန်တော့်ကို တစ်နာရီလောက် အချိန်ပေးမလား"

မပေးနိုင်ဘူး ... ပြန်တော့။ နောက်လည်းမလာနဲ့ဆိုလျှင် ဘိုဘိုသည် ပန်းမနေနိုင်လောက်အောင် နှောင့်ယှက်တော့မည့်လူမျိုးဖြစ်သည်။ လာသမျှ ကာစတန်မာများကို ဒုက္ခပေးလိမ့်မည်။ ပန်းသွားလေရာ လာလေရာတိုင်း အနောက်မှ တကောက်ကောက်လိုက်ပြီး ပန်းကို ဒုက္ခပေးတော့မည်ဖြစ်၏။

"ကောင်းပြီလေ၊ ဒါကြောင့် ဟိုရှေ့က ဧည့်သည်ထိုင်တဲ့ခုံမှာ အေးအေးဆေးဆေး စောင့်နေပါ။ ပြဿနာမလုပ်နဲ့နော်။ ပြဿနာတစ်ခုခုဖြစ်လို့ကတော့ အခုလက်ရှိ သဘောတူညီမှုက အကျုံးမဝင်တော့ဘူး"

"အိုကေ ... ရတယ်။ ရုပ်တုတစ်ရုပ်ဖြစ်စေရမယ်။ အဲဒီအစား နေ့လယ်စာ ကျွန်တော်နဲ့အတူ စားရမယ်နော်"

ပြီးရင်ပြီးချော ခေါင်းညိတ်ပြလိုက်ရလေသည်။

"Happy Birthday မ။ မနေ့က တစ်နေကုန် မတွေ့ရလို့ ဒီနေ့မှပြောရတဲ့အတွက် သိပ်မပြည့်စုံဘူး။ မနေ့ကကိစ္စကို ထမင်းစားရင်းနဲ့မှ ရှင်းပြတော့မယ်"

ဟုဆိုကာ ပန်းစည်းတို့ကို အနမ်းပေးပြီး ထိုပန်းစည်းကို

ရွှေပဒေသာစာပေ

www.burmeseclassic.com



ပန်းအိမ်ပါးတွင် အစ်လိုက်လေသည်။

ပန်း စိတ်ရှုပ်သည်။ လူကို သူပိုင်ပစ္စည်းလို မြှူကာတတ်သော ဘိုဘိုကို ပန်း စိတ်ကုန်လှပါပြီ။ သို့သော် ဘိုဘိုကိုမလွန်ဆန်နိုင်တဲ့ကိစ္စ ပန်းမှာက အများသားပင်။

"မမ ဘန်ကောက်က ပို့ခဲ့တဲ့ပစ္စည်းတွေ ရောက်ပြီတဲ့"

ဘိုဘို ထွက်သွားချိန်တွင် ဥမ္မာက ရောက်လာပြီး ဆိုလေ၏။

"အင်း . . . ဟုတ်ပြီ၊ နေ့လယ်ထမင်းစားချိန် မ, လှည့်ပြီး ဝင်ယူလိုက်မယ်။ ဥမ္မာတို့ နေ့လယ်စာ အလှည့်ကျစားရင် စားတော့လေ။ ဆယ့်တစ်နာရီထိုးနေပြီပဲ"

"ဟုတ်ကဲ့ မမ၊ အဲ . . . မမ ဟိုလေ ကိုဘိုဘိုကို"

"ကော်ဖီတစ်ခွက် ဖျော်ပေးလိုက်ပါ"

ပန်းသည် ပြတ်ပြတ်သားသားပြောပြီး စစ်လက်စစာရင်းများကို ပြန်လည်ချိန်ကိုက်နေမိသည်။

ပန်းအိမ်ဆိုင်သည် အလှအပနှင့်ဆိုင်သော ပစ္စည်းအမျိုးမျိုးနှင့် အမျိုးသမီးဝတ်စုံများကိုသာ ရောင်းချသော ဆိုင်ဖြစ်သည်။ ထို့ကြောင့် ပန်းအိမ်ဆိုင်ထဲ အမျိုးသမီးများသာအဝင်များ၏။ ထို့ကြောင့် အမျိုးသား တစ်ယောက် ဆိုင်ထဲ ငုတ်တုတ်ရှိနေခြင်းသည် အမြဲပေါ်အမည်းတင် လိုက်သည့်ပမာ ထင်ထင်ရှားရှားကြီး ဖြစ်၍နေလေသည်။





အခုတော့ ဘိုဘိုကြောင့် ထမင်းစားရမည့်ဝန်ထမ်းတွေမှာ အခက်ဖြစ်ရပြန်ပါပြီ။

ညှိုထိုင်ဆက်တီတွင် ညှိမရှိရှိန်၍ ဝန်ထမ်းတွေက ထမင်း စားနေကျဖြစ်သည်။ အခုတော့ ဘိုဘိုထိုင်နေသည့်အတွက် နောက် ခန်း၌သာ မလွတ်မလပ် စားရပေတော့မည်။ ဒါ့အပြင် အရောင်း စာရေးမက ကော်ဖီပါဖျော်ပေးရဦးတော့မည်။ သိပ်ခက်တဲ့ ဘိုဘို။

"ဦ ဦ"

ဖုန်းကို ဗိုင်ဘရိတ်လုပ်ထားမိခဲ့သည်။ အလုပ်ကို အာရုံ ရောက်နေသဖြင့် အသံကို မကြားလိုက်ပါချေ။ ဘယ်ကတည်းက ခေါ်နေမှန်းမသိပါ။ အလုပ်လုပ်နေ၍ ဆိုတာထက် ဘိုဘိုကြောင့် စိတ်တွေ ထွေပြားနေ၍ မကြားသည်ဆိုပါက ပိုမှန်ပေလိမ့်မည်။

"ဟင် . . . ဦးပါလား။ ဘာကိစ္စများလဲ"

အံ့အားသင့်သွားလေသည်။ ဦးသည် ယခုလို အလုပ်ချိန်မျိုး၌ ဖုန်းဆက်တတ်သူမဟုတ်ပေ။ ဘာကိစ္စများလဲ။ ဒီညစာ မတွေ့နိုင်တော့ဘူးဟု ပြောမလို့လား။ ရင်ထဲ ထိတ်ခနဲ ပူသွားလေသည်။

"ဟဲလို ဦး"

"ပန်း နေ့လယ်စာ စားပြီးပြီလား"

"မစားရသေးဘူး ဦး"



www.burmeseclassic.com

www.burmeseclassic.com



ဦး၏ လေယူလေသိမ်းသည် သိဝ်ကို ချိုလွင်ပျော့ပျောင်းနေလေသည်။ ဦးက ထိုသို့ ပန်းကို မျက်နှာသာပေးတတ်သူမဟုတ်ပါ။ ထို့ကြောင့် ထိုသို့ ရတောင့်ရခဲအခွင့်အရေးမျိုးကို ပန်း မိမိရရ ဆုပ်ကိုင်ထားလိုက်ချင်သည်။ သို့သော် ဘိုဘိုကတမှောင့်။ ပန်း ကတိမတည်ပါက ဘိုဘိုသည် ပြဿနာရှာ၍ ဆုံးတော့မည်မဟုတ်ပါချေ။

"ဆောရီး . . . ဦး။ ပန်း ချိန်းထားပြီးသားရှိလို့ပါ"

"မနေ့ကကိစ္စကြောင့် ဦးကို စိတ်ဆိုးနေတာလား"

"ဟင့်အင်း . . . မဆိုးပါဘူး။ ပန်းစိတ်ဆိုးရင် ဦးက ပန်းကို လွှတ်ချလိုက်မှာပေါ့။ မဆိုးပါဘူး။ ပန်း အရာအားလုံးကို နားလည်ပါတယ်။ ဦး မနေ့က ပြဿနာတက်သေးလားဟင်"

"အဲဒါဆို ပန်း လုပ်စရာရှိတာဆက်လုပ်တော့လေ။ ဦး ဖုန်းချလိုက်တော့မယ်"

"ဦး ညနေ ပန်းနဲ့တွေ့ဦးမယ် မဟုတ်လား"

"ဦး လာဖြစ်ရင် ဖုန်းဆက်လိုက်မယ်"

"ပန်း ဦးကို မျှော်နေပါ့မယ်"

ပန်း၏စကားကိုပင် ဆုံးအောင်နားထောင်မသွားဘဲ ဖုန်းချသွားသော ဦးကြောင့် ပန်းရင်ထဲ ဝမ်းနည်းသွားသလို ခံစားရသည်။ ဖုန်းကိုကိုင်ပြီး မှိုင်နေမိသော ပန်းကိုယ်ပန်းလည်း သနားလာသလို ခံစားရသည်။

"မ ဆယ့်နှစ်နာရီထိုးတော့မယ်"

မှန်တံခါးချပ်ကိုမှီကာ လက်မှနာရီထောင်ပြကာ ပြောလာသော ဘိုဘို့ကို ဒေါသဖြစ်ချင်လာသည်။

ဘိုဘိုကြောင့်ဖြစ်သည်။ ဘိုဘိုသာ ဝင်မရှုပ်ပါလျှင် ဦးနှင့်နေလယ်စာ အတူတူစားပြီး ပျော်ရွှင်ချမ်းမြေ့သောအချိန်တွေကို ကျော်ဖြတ်ရမည်ဖြစ်သည်။ နတ်ရေကန်မှုန်းသိလျက်နဲ့ လက်လွှတ်ပြီး ငရဲမီးမှန်းသိလျက်နဲ့ ဆုပ်ကိုင်ရသည့်အဖြစ်မျိုးဖြစ်၏။

"မစောင့်နိုင်ရင် ပြန်လို့ရတယ်။ မင်းကို ဘယ်သူကမှ ခေါ်ယူ စောင့်မနေခိုင်းဘူး။ ကျွန်မ အလုပ်လုပ်နေတဲ့အချိန် အနှောင့်အယှက်မပေးပါနဲ့"

"အိုကေ . . . အိုကေ။ ဆောရီး . . . ဆောရီး။ ဆက်လုပ်ပါ"

ဟုဆိုပြီး မှန်တံခါးလွှာကိုပိတ်ပြီး ပြန်ထွက်သွားသော ဘိုဘို့ကျောပြင်ကို မကျေမနပ်စိုက်ကြည့်နေဖြစ်သည်။

ဘိုဘို့ကို ဘယ်လိုလုပ်ရင်ကောင်းမလဲ။ ပန်းအနားကနေ အပြီးတိုင် ထွက်ခွာသွားစေမယ့်နည်းလမ်းက ဘာဖြစ်မလဲ။

"ကျွတ် . . . ပြဿနာပဲ"

အရေးထဲ တရင်းစာအုပ်ကို ဖောက်ထိုးလှန်မိပါသေးသည်။





ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ရောင်းချပစ္စည်းများကို လက်ရေးဖြင့် မှတ်ထားသည်မှာလည်း ပဲပင်ပေါက်သာသာ ဖြစ်နေလေ၏။

တရင်းစစ်ချင်စိတ်လည်း မရှိတော့ပေ။ ထို့ကြောင့် ကွန်ပျူတာကိုပိတ်ပြီး ဖုန်းနှင့်အိတ်ကို ခွဲယူကာချုပ်ထားသောဖိနပ်အမြင့်ကို စီးလိုက်၏။ ကြိုးသိုင်းမို့ အဆင်မပြေပေ။

ဦးနှင့် အဆင်မပြေပါက အမြဲတမ်း ဘယ်အရာနှင့်မှ အဆင်ပြေတော့မည်မဟုတ်ပေ။ အော်ဒိုပစ်ချင်သည်။ ဦးဆီကို ပြေးသွားပြီး ဦးရင်ခွင်ထဲ တိုးဝင်ပစ်လိုက်ချင်ပါသည်။ အခုတော့ စိတ်သွားတိုင်း ကိုယ်မပါနိုင်သည့် ပန်းအခြေအနေကြောင့် ကျလုလုမျက်ရည်ကို အံကြိတ်မြိုချရုံသာ။

"မ ... သွားတော့မလား အဆင်ပြေပြီလား"

ပန်း၏အရိပ်အခြေကို အမြဲကြည့်နေတတ်သော ဘိုဘိုက ပန်း ထရပ်လိုက်သည်နှင့် တစ်ပြိုင်နက် ပန်းရှေ့သို့ တန်ခိုးရှင်တစ်ဦးနှယ် လှစ်ခနဲ ပေါ်လာပြန်သည်။

ဘိုဘိုကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရသော်လည်း မိမိကို အရိပ်တကြည့်ကြည့် ရှိနေသည့်ယောက်ျားတစ်ယောက် ရှိနေပါလား ဆိုသည့်အသိက မိန်းကလေးတစ်ယောက်ဖြစ်သော ပန်း၏စိတ်နှလုံးကို လုံခြုံစေတာတော့ အမှန်ပါ။





ဦးသာ ဘိုဘို ပန်းကိုဂရုစိုက်သလို ဂရုစိုက်ခဲ့ပါလျှင် ပန်းဘဝသည် အားကျစရာကောင်းလောက်အောင်ကို ပြည့်စုံသူဖြစ်ပေလိမ့်မည်။ ပန်း၏ လျှောက်သောလမ်းတိုင်း လှပေလိမ့်မည်။ အခုတော့ ဦးက ဘိုဘိုလောက်မပြောနဲ့ ဘိုဘို၏ ငါးပုံပုံ တစ်ပုံစာလောက်ပင် ပန်းကို ဂရုမစိုက်ပေ။

ပန်း ရင်နာသည်။ ဦးကိုလည်း ချစ်သည်။

ပန်းလိုချင်သောအရာက ဘိုဘိုထံမှမဟုတ်။ ဦးထံမှ ဖြစ်သည်။ မရနိုင်တာကိုလိုချင်နေမိတဲ့ ပန်းကိုယ်ပန်းလည်း စိတ်ပျက်သည်။

"မ ဘာအဆင်မပြေတာရှိလို့လဲ"

"မရှိပါဘူး ... သွားရအောင်လေ"

"အိုကေ ... အကောင်းဆုံးမွေးနေ့ ဖြစ်စေရမယ်"

ဟုဆိုကာ လက်ဝါးဖြန့်လာသဖြင့် ပန်းသည် အလိုက်သင့်ပင် ဘိုဘို၏လက်ကို ဆုပ်ကိုင်လိုက်သည်။

ထိုအခါ ပြုံးသွားသော ဘိုဘို့ကို ပန်း ငေးခနဲဖြစ်သွားမိသည်။ ဘိုဘိုသည် ပြည့်စုံလွန်းသော ကောင်လေးဖြစ်သည်။

ပန်းထက် လှပသူမျိုး ဘိုဘို့ဘဝတွင် ရှားလိမ့်မည်မဟုတ်မှန်း သိသည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်မကောင်းပါဘူး ဘိုဘို။ မင်းကို ကျွန်မက ပြတ်ပြတ်သားသား ဆက်ဆံရတော့မယ်။ ဒါမှ ပန်းနဲ့ဦး ရှေ့ဆက်နိုင်မှာလေ။ တကယ်ကို စိတ်မကောင်းပါဘူး။

ပန်းနားကိုမလာရတော့ပေမယ့် မင်းရဲ့အပြုံးတွေ ပန်းထက်လှတဲ့ မိန်းကလေးအတွက် ဖြစ်ပါစေလို့ ဆုတောင်းပါတယ်။

၀၀၀



## အခန်း (၄)

"ဟိုဝိုင်းက ဘာလဲ"

"အဲဒါ ဆောင်းဟေမာန်က ဘွတ်ကင်လုပ်ထားတဲ့ဝိုင်းလေ။ သေသေချာချာစောင့်ကြည့်မှဖြစ်မယ်နော်။ သူဌေးမက ကြီးကျယ်တယ်လို့ ပြောတယ်"

Toilet ထဲမှအထွက်တွင် သန့်ရှင်းရေးအမျိုးသမီးနှစ်ဦး၏ ပြောဆိုသံကို ပန်း ကြားလိုက်ရလေသည်။

ဆောင်းဟေမာန်ဆိုသည့်အသံကြောင့် လှမ်းနေသော ပန်း၏ ခြေလှမ်းများ တုံ့ဆိုင်းသွားရ၏။ အသံများကို နားစွင့်သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဆက်မကြားရတော့၍ လျှောက်လာခဲ့သည်။

ဆောင်းဟေမာန်ဆိုသည်က ဦးတို့ကုမ္ပဏီ၏နာမည် ဖြစ်သည်။ ဘွတ်ကင်လုပ်ထားတဲ့ဝိုင်းဆိုတာ ဘာအဓိပ္ပာယ်လဲ။

အစည်းအဝေးလည်း မဖြစ်နိုင်ပါ။ ဒင်နာလည်း မဟုတ်နိုင်ပါ။ ယခုချိန်က နေ့လယ်စာစားတဲ့အချိန်ဖြစ်၏။

ပြီးနောက် ဒီလိုဆိုင်မျိုးတွင် မိသားစု၊ ချစ်သူစုံတွဲများသာ ဘွတ်ကင်ယူပြီး စားကြသည်ဆိုတာ ပန်း ကြားဖူးနားဝရှိသည်။

ပြီးနောက် ဘိုဘိုကလည်း သေသေချာချာ ဘွတ်ကင်လုပ်ပြီး ပန်းကို မွေးနေ့လက်ဆောင်စားပွဲတစ်ပွဲ ပြင်ဆင်ပေးခြင်းဖြစ်၏။

ဘာလဲ ... ဦးက ပန်းကိုကျွေးဖို့များ ဘွတ်ကင်လုပ်ထားတာလား။ ထိုအတွေးကြောင့် ပန်းရင်ထဲ နွေးခနဲဖြစ်သွားရလေသည်။

ဝမ်းလည်းနည်းမိ၏။ ဦးက သေသေချာချာ ပြင်ဆင်ထားခဲ့သည်ကို ပန်းက ငြင်းလိုက်မိပြီဖြစ်၏။ ဦး စိတ်ထိခိုက်သွားပြီလား။ ဒါမှမဟုတ် ပန်းကို စိတ်ဆိုးသွားပြီလား။ ဦး စိတ်ဆိုးပြေအောင် ပန်း ဘယ်လိုချော့ရပါ့မလဲ။

ပန်းရနံ့သည် စိတ်ရှုပ်ထွေးစွာ လျှောက်လာစဉ် မွေးနေ့တေး သွား တီးနေသော တယောသံကို ကြားလိုက်ရလေသည်။ ပန်း လှမ်းကြည့်လိုက်သောအခါ တယောသမားဘေးတွင် ခန့်ခန့်ထည်





ထည် ထိုင်နေသော ဘိုဘိုကို တွေ့လိုက်ရလေသည်။ စားပွဲပေါ်၌လည်း လင်ပန်းတစ်ချပ်စာ မွေးနေ့ကိတ်ကြီးက ပန်းကိုပြုံး၍ ကြိုဆိုနေလေ၏။

လှပသော ကြိုဆိုခြင်းဆိုသော်လည်း ပန်း၏မျက်လုံးသည် ထိုကိတ်ကို အရသာခံပြီး မကြည့်နိုင်ပေ။ ရိုမတ်တစ်ဆန်သည့် ဘိုဘို့ အပေါ် ထူးဆန်းတဲ့ခံစားမှုမျိုး မခံစားနိုင်ပါ။ ကျယ်သော ခန်းမကြီးထဲမှ စားပွဲဝိုင်းများကိုသာ တစ်ဝိုင်းခြင်း ကြည့်မိတော့၏။

ဟိုဝိုင်းဟာ ဝန်ထမ်းနစ်ဦးဆိုခဲ့သဖြင့် ဆောင်းဟေမာန် ဘွတ်ကင်လုပ်ထားသောဝိုင်းသည် တစ်ခုခု ထူးခြားနေမှာအမှန်ပင်။ ထင်ထားသည့်အတိုင်းပင် ပန်းတို့ဝိုင်းနှင့် မလှမ်းမကမ်းနေရာ၌ အစိမ်းရောင်တောက်နေသော စားပွဲကို တွေ့မြင်ရလေသည်။

တစ်မွှင့်တည်းသော နှင်းဆီပန်းကို ပန်းအိုးထဲ၌ တွေ့ရသည်။ နှင်းဆီ၏အရောင်မှာ ရှားရှားပါးပါးပင် ရွှေညိုစိမ်းရောင် ကြွနေလေ၏။

ပန်း ရင်ခုန်လာသလို ခံစားရသည်။ ပန်းအတွက်ပဲနေမှာပါ။ မွေးနေ့မှာ ပန်း၏အလိုကိုမလိုက်ပေးနိုင်သည့်အတွက် ပန်းအတွက် နှစ်သိမ့်ခြင်းလက်ဆောင်ပဲ ဖြစ်ပေလိမ့်မည်။

သို့သော် ယခုမူကား ပန်း၏မလိမ္မာမှုကြောင့် လှပသော စားဝိုင်းသည် အထီးကျန်နေရပေပြီ။

အချိန်ကိုသာ နောက်ပြန်လှည့်လို့ရပါက ဘိုဘို့ကော်မလာ



www.burmeseclassic.com

www.burmeseclassic.com



သေးခင်အချိန်ကို သွားချင်သည်။ ဘိုဘိုနှင့်မတွေ့အောင်ရှောင်လိုက်ချင်သည်။ ဘာကြောင့်များ ဒီနေ့မှ စာရင်းတွေကို သဲမဲလုပ်နေမိပါလိမ့်။

"မ . . . ထိုင်လေ၊ ဘာလဲ ကျွန်တော်ပြင်ဆင်ထားတဲ့ဝိုင်းကြောင့် စပရိုက်ဖြစ်သွားပြီလား"

အမှန်က ဘိုဘိုကို တွန်းထုတ်ပြီး အဝေးဆုံးကို ထွက်ပြေးချင်မိတာပါ။ သို့သော် ပန်းသော စိတ်လိုက်မာန်ပါလုပ်ပါက ဘိုဘိုသည် ပန်းထက်ပိုပြီး အရွဲ့တိုက်ကာ မရေမတွက်နိုင်သော ပြဿနာတွေ ရှိလာနိုင်သည်။

"ဘာမှ ဒီလောက် အံ့ဩစရာမရှိပါဘူး။ လိုချင်တဲ့ပုံစံလေး ဆိုင်မန်နေဂျာကိုပြောလိုက်ရင် သူက အားလုံးအဆင်ပြေအောင် ဖန်တီးပေးတာယ်လေ"

ဟုဆိုကာ ဘိုဘိုသည် ပန်း ထိုင်ရန် ထိုင်ခုံကို ဆွဲထုတ်သဖြင့် ပန်းက ကိုင်ထားသော လက်ကိုင်အိတ်ကို ရင်ခွင်ထဲပွေ့ကာ ထိုင်လိုက်လေသည်။ သို့သော် ပန်းစိတ်တွေက ထိုင်ခုံမှာမရှိချေ။

ဒီလောက်ကြီး ဦးကစီစဉ်ထားခဲ့ပြီးမှ ပန်းက ငြင်းလိုက်သဖြင့် ဦး စိတ်ထိခိုက်နေမယ်။ ဦးရဲ့ ပန်း တကယ်ဝမ်းသာရပါတယ်။

ဦးက ပန်းအပေါ် ဒီလောက်ကြီး လေးလေးနက်နက် တွေး





ပေးလိမ့်မယ်လို့ ပန်း မထင်ခဲ့ဘူး။

"မ ကိတ်လှီးတော့လေ"

ဟုဆိုကာ ဓားကို ပန်းလက်ထဲ ထည့်ပေးတော့မှ ပန်း သတိရတော့သည်။ ပန်းက ယောင်နနပင် ကိတ်ကိုလှီးလိုက်၏။

ညင်သာသောလက်ချပ်သံသည် ပန်းကို လှောင်နေသလား ဟု ထင်မိသည်။ ပန်းတို့စားပွဲဝိုင်းလေးမှ ဂီတသမား ထွက်ခွာသွားသောအခါ ပန်းသည် ဘိုဘိုကို စိုက်ကြည့်လေသည်။ ဘိုဘိုမှာ ပန်း ထည့်ပေးသော ကိတ်ကို ဖွန်းဖြင့် အားပါးတရ စားသောက်နေလေ၏။

"နောင်တစ်ချိန် လက်ထပ်ဖို့အဆင်သင့်ဖြစ်ရင် ဒီထက်ကောင်းတဲ့ဆိုင်မှာ မ,ကို လှလှပပ လက်ထပ်ခွင့်တောင်းမယ်"

"ဘိုဘို"

ပန်းခေါ်ခေါ်သံကြောင့် ဘိုဘိုသည် စားသောက်နေရာမှ ပန်းကို မျက်ခုံးပင့်ကာ ကြည့်လေသည်။

"ကျွန်မတို့ တော်ကြရအောင်"

"ဘာ . . . မ ဘာကို ပြောနေတာလဲ"

"မင်း အဲဒီလောက် ညံ့တဲ့လူမဟုတ်မှန်း ကျွန်မ သိတယ် ဘိုဘို။ ကျွန်မရဲ့မျက်လုံးတွေကို မမြင်ဘူးလား။ ကျွန်မ မင်းကိုမချစ်ဘူး ဆိုတာ သိရဲ့နဲ့ မိုက်မနေပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ပန်းက မာန်ပါပါဆိုသော်လည်း ဘိုဘိုသည် မရိုးမခန့် ပြုံးလေသည်။

"မမရဲ့နှလုံးသားက ဘာနဲ့ထုထားလို့လဲ မမရယ်။ မမ မသိချင်ယောင်ဆောင်နေတာပါ။ မမရဲ့နှလုံးသားကို မမကိုယ်တိုင် တံခါးပိတ်ထားတာပါ။ မ ကျွန်တော့်ကို ချစ်လာမှာပါ။ မရဲ့နှလုံးသားတံခါးကို ဖွင့်လိုက်တဲ့အချိန် ကျွန်တော့်ကို အဝင်ခံလာမှာပါ။ မေတ္တာဆိုတာ အလျားအနံမရှိပေမယ့် အသွားအပြန် ရှိတယ်။ အသွားရှိနေတော့ အပြန် ရှိလာမှာပါ။ ကျွန်တော် စိတ်ရှည်ပါတယ် မ။ ရတယ် ပြဿနာ မရှိပါဘူး။ ကျွန်တော့်အသက်က ခုမှ နှစ်ဆယ်၊ မ,က နှစ်ဆယ့်သုံး။ အချိန်တွေ အများကြီး ရှိပါသေးတယ်"

"မင်း အခုလို ငါ့နား ရစ်သီရစ်သီလုပ်နေတာကို ငါ စိတ်ရှုပ်တယ်လို့ ပြောနေတာ ဘိုဘို"

"မ"

ရုတ်တရက်ဆိုသလို ပန်းအသံသည် ရှင့်သီးသွားသောအခါ ဘိုဘိုမှာ မျက်လုံးပြူးသွားလေတော့သည်။ ဘိုဘိုသည် ပန်းကို မယုံနိုင်စွာ စိုက်ကြည့်လေသည်။

"ငါ့ထက် အသက်ငယ်တဲ့လူကို လက်ထပ်ဖို့မပြောနဲ့ ရည်းစားတော်ဖို့တောင် စိတ်ကူးမရှိဘူး ဘိုဘို။ ဒါကြောင့် နောက်ဆို မင်း





ငါ့ဆီ မလာပါနဲ့တော့။ ဒီကို ငါလိုက်လာတယ်ဆိုတာကလည်း အဲဒီအကြောင်းပြောဖို့ပဲ။ ဒါ . . . မင်းနဲ့ငါ နောက်ဆုံးတွေ့ခြင်းပဲ"

"နေဦး မ"

"ငါ့လက်ကို လွှတ်ပါ ဘိုဘို။ ဒီလိုဆိုင်ထဲမှာ ရုတ်ရုတ်သဲသဲ မဖြစ်ချင်ဘူးနော်။ ငါ့လက်ကို လွှတ်ပါ။ မင်းကိုငါ ဒီထက် စိတ်မပျက်ခင် ငါ့လက်ကို လွှတ်တော့"

"မလွှတ်ဘူးဗျာ မလွှတ်ဘူး။ မလွှတ်တော့ ဘာဖြစ်ချင်သလဲ၊ ကဲ . . . ပြော ကျွန်တော့်မှာ မ မကြိုက်နိုင်တဲ့အချက် ဘာရှိသလဲ။ အသက်ကိုမပြောနဲ့ မ။ ပြင်ဆင်လို့မရတာကို ပေတော့ပြီး မပြောမနေနဲ့။ ပြင်ဆင်လို့ရတာကိုပဲ ပြောပါ။ ပြော . . . မ မကြိုက်တာအကုန်ပြင်မယ်"

"ဘာတစ်ခုမှ မကြိုက်ဘူး။ ကဲ . . . ရပြီလား"

"မ"

ဘိုဘို၏အသံသည် မြင့်သွားသောကြောင့် ဆိုင်ထဲမှ လူများ ပန်းတို့ဝိုင်းကို ကြည့်လာလေသည်။

ပန်း ရှက်လိုက်တာ။ ပန်းကလည်း ဒီလိုနေရာမျိုးမှာ ဘာလို့များ ဒီစကားတွေ ပြောလိုက်မိပါလိမ့်။

"ပြန်ထိုင်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို အမိန့်မပေးနဲ့ ဘိုဘို"

"ပြန်ထိုင်လို့ ပြောနေတယ်နော်"

ဘိုဘိုသည် စားပွဲပေါ်မှ ပန်းအိုးတစ်အိုးကို ကောက်ကိုင်ပြီး ဖြစ်နေလေသည်။ ဘိုဘိုဘာလုပ်မလဲဆိုတာ ပန်းမသိပေ။ ဒီတစ်ခါတော့ ပန်း ဘိုဘို့ကို အလျှော့မပေးချင်တော့ပါ။

ဒီတစ်ကြိမ်သာ အလျှော့ပေးလျှင် ဘိုဘိုသည် ပန်းဘဝကို ဒီ့ထက် လွှမ်းမိုးလာလိမ့်မယ်ဆိုတာ ပန်း ရိပ်မိ၏။

ထို့ကြောင့် ပန်းသည် ထနေလက်စမှ အိတ်ကိုကိုင်ပြီး စားပွဲမှ ထွက်ခွာလိုက်သည်။

"ခလွမ်း"

ကျကွဲသံကြောင့် ပန်း လှည့်ကြည့်လိုက်သောအခါ နဖူးတွင် သွေးတွေ ဖြာခနဲကျနေသော ဘိုဘို့ကို တွေ့လိုက်ရလေသည်။

"ဘုရား . . . ဘုရား"

ပန်း လန့်သွားလေ၏။ ဘိုဘို ဘာယ်လိုဖြစ်တာလဲ။

"သွားမှာလား . . . သွားလေ သွားပါ"

ဘိုဘိုသည် ဖန်ခွက်တစ်လုံးကို ကိုင်ထားလိုက်ပြီး ဖြစ်၏။ ပန်းသာ နောက်ခြေတစ်လှမ်း ဆုတ်ခွာပါက ၊ ဒုတိယအကြိမ် ဖိဖိ ခေါင်း မိမိထုခွဲဦးမည် ဖြစ်လေသည်။





"ဟင်"

ထိုစဉ် ဝင်ပေါက်မှဝင်လာသော ဦး၏မျက်နှာသည် ပန်းကို တုန်လှုပ်ချောက်ချားစေ၏။

ဦးသည် ပန်းကို အံ့အားသင့်စွာ စိုက်ကြည့်နေလေသည်။ ဦးသော်မှလည်း လှပသောအမျိုးသမီးတစ်ဦး။ ထိုအမျိုးသမီးသည် ဦး၏ချစ်ဇနီး ဒေါင်းရွက်ကြွေဆိုတာ ပန်း အစတည်းက သိပြီးသား။

တီဗီ၌ မကြာခဏပါလေ့ရှိသော စံပြအမျိုးသမီးတစ်ဦးဖြစ်လေသည်။

"ညည်းသည် စိတ်ထိန်းပါဗျာ။ ဒါက စားသောက်ဆိုင်ပါ။ အစ်မ ညည်းသည်ကို ပြောပါဦးဗျာ။ ခေါင်းမှာလည်း သွေးတွေထွက်နေပြီ လုပ်ပါဦး"

ဝန်ထမ်းများသည် မှာယာခတ်စွာပင် ဘာလုပ်၍ ဘာကိုင်ရမှန်းမသိ ဖြစ်နေကြလေသည်။ ပန်းရင်ထဲ တုန်လှုပ်ချောက်ချားနေလေသည်။

ဦးကြောင့်လား။ ဘိုဘိုကြောင့်လားဆိုတာ မသိသော်လည်း ပန်းလက်တွေ တဆတ်ဆတ်တုန်ယင်နေတယ်ဆိုတာတော့ အမှန်ပါ။

"မ"

ဦး၏အရှေ့တွင် ဒီ့ထက် အရှက်မကွဲခင် ပန်းသည် ခန်းထဲမှ



www.burmeseclassic.com

www.burmeseclassic.com



ပြေးထွက်လာလေ၏။

"မ . . . မ"

ထိုအခါမှာတော့ ဘိုဘိုသည်လည်း ခေါင်းမှ သွေးများကို လက်ဖြင့် ကပိုကရိုအုပ်ကာ ပန်းနောက် ပြေးလိုက်သွားလေသည်။

"ခေတ်လူငယ်တွေများ ဆိုးပါ့ ကိုရယ်"

ဒေါ်ဆောင်းရွက်ကြွေက ပြောလိုက်ခြင်းဖြစ်သည်။ ခန်းမထဲမှ ပြေးထွက်သွားသော ကောင်မလေးနောက် သွေးများရွှဲကာ ပြေးလိုက်သွားသော ကောင်လေးကို သံဝေဂရစွာ ကြည့်မိပြန်သည်။

"တောင်းပန်ပါတယ်ဗျာ . . . ကြွပါ။ ဆောင်းပေါမာန်က ထင်တယ်"

ဟု ဝန်ထမ်းက ကြိုဆိုတော့ သတိပြန်ဝင်ကာ စားပွဲတွင် ဝင်ထိုင်လိုက်လေသည်။

"ကို ဘာဖြစ်နေတာလဲ၊ နေမကောင်းဘူးလား"

"ကောင်းပါတယ်"

ဟုသာ ပြီးစလွယ်ဖြေပြီး ပန်း ထွက်သွားသောစားပွဲဝိုင်းကို ကြည့်လိုက်၏။ မွေးနေ့ကိတ်ကို တွေ့ရလေသည်။ ဝန်ထမ်းများက ဖန်ကွဲစများကို ရှင်းလင်းနေလေ၏။

"လူငယ်တွေများ သိပ်စတန့်ထွင်တာပဲနော် ကို"





"ပြဿနာရင်းမြစ်ကို မသိဘဲနဲ့ မပြောပါနဲ့လား ကြွေ"

"အေးဗျ် ကိုရယ် . . . အမှေးမြင် အပင်သိပါ။ ကောင်မလေးရဲ့ ပုံစံကိုကြည့်ပါလား။ နောက်ဆုံးပေါ်ဒီဇိုင်းနဲ့လေ။ အဲဒီလို မိန်းကလေးတွေက ယောက်ျားများစွာကို မျက်လှည့်ပြတတ်တယ်။ အဲဒီယောက်ျားများစွာထဲမှာ အဲဒီကောင်လေးက တစ်ယောက်အပါအဝင် ဖြစ်မှာပေါ့"

ကြွေ့စကားသည် ထင်မြင်ချက်ဆိုသော်လည်း သူ့ရင်ထဲ ထိတ်ခနဲ ဖြစ်သွားရလေသည်။

ကြွေသည့် ထက်မြက်သူပီပီ ကြွေခန့်မှန်းပါက လွဲသည့်ကိစ္စမျိုး ယခုချိန်ထိ မရှိခဲ့ဖူးပါ။

ပန်းက ကြွေ မှတ်ချက်ပေးသလို မိန်းမမျိုးလား။ မဖြစ်နိုင်ပါ။ ပန်းက ဘယ်လောက်ထိ သိမ်ငယ်ပြီး ကြောက်ရွံ့တတ်သလဲဆိုတာ သူအသိဆုံးဖြစ်သည်။

ပြဿနာတစ်ခုတစ်ခုဖြစ်လျှင် ကြောက်လန့်ပြီး အားငယ်နေတတ်၏။ အဲဒီလိုမိန်းကလေးက ယောက်ျားတွေအများကြီးကို အချိန်ကိုက် မလှည့်စားနိုင်ဘူးဟု ထင်သည်။

သို့သော် ယခုမူကား မျက်မြင်ကိုယ်တွေ့။ ကောင်လေးရဲ့ ခေါင်းပေါ်က သွေးတွေက ဘယ်လိုအဓိပ္ပာယ်လဲ။ ပြီးတော့ သူ့ကိုကြည့်နေတဲ့ ပန်းရဲ့မျက်လုံးတွေက ဘာတွေလဲ။



www.burmeseclassic.com

သူနိုးလူမိဖြစ်သွား၍ ရုက်ပြီးထွက်ပြေးသွားတာလား။ သူကို ညစာစားဖို့ နေ့လယ်စာစားဖို့ ချိန်းဆိုတယ်သော ပန်းအါတောင်းဆိုမှုကို သူ အကြိမ်ကြိမ် ငြင်းခဲ့ဖူးသည်။

သို့သော် ယနေ့တော့ သူ တောင်းဆိုခဲ့သည်ကို ပန်းက ငြင်းလေ၏။ ပန်း ငြင်းခဲ့တာကပဲ ခပ်ကောင်းကောင်းပင်။ ပန်းအါဖုန်းကို ချပြီးမှ နေ့လယ်စာ မိသားစုအတူစားရအောင် ဘွတ်ကင်လုပ်ပြီးပြီ ဆိုသော ကြွေ့ထံမှဖုန်း ရလေသည်။

သူ့အချိန်များကို သိနေသော ကြွေက ကြို့တင်ပြီး စီစဉ်ထားခြင်း ဖြစ်ပေလိမ့်မည်။ တော်ပါသေးရဲ့။

နှီမဟုတ်ပါက သူကိုမယုံသင်္ကာကြည့်သော ကြွေ့မျက်လုံးများကို ရင်ဆိုင်ရဖွယ်ရှိသည်။

မယုံသည့်စကားမဆိုသော ကြွေ့နှုတ်ခမ်းဖျားများကို သူ ကြောက်သည်။ သူ့စိတ်ကို ထိုးဖောက်သိမြင်သော ကြွေ့မျက်လုံးများကိုလည်း ကြောက်သည်။ ပြီးတော့ ချစ်သည်။

ကြွေကတော့ သူ့ကိုချစ်သေးရဲ့လား မချစ်တော့ဘူးလား ဆိုတာ သိပ်မရေရာပေမယ့် ကြွေ့အချစ်တွေ သူ့တော်နေမိတာတော့ အမှန်ပါ။ ကြွေ့အနမ်းတွေလည်း ဝတ်နေမိသည်။

တစ်ခါတစ်ရံမှာတော့ ကြွေ့အနမ်းတွေကို မက်မက်မောမော





တမ်းတသော်လည်း တစ်ခါတစ်ရံမှာတော့ စောင့်စည်းထိန်းသိမ်းလွန်းသော ကြွေ့ကို စိတ်ပျက်မိသည်။

"သမီးကလည်း ကြာလိုက်တာ။ ကဲ ကို . . . သမီးကိုစောင့်ရင်း ဟင်းပွဲတွေ လုပ်ထားနိုင်းလိုက်မယ်နော်။ အချိန်ဖြုန်းရာမကျတော့ဘူးပေါ့။ ကြွေတို့မိသားစုက ခုလိုဆုံဖို့ အချိန်ခပ်ခက်ခက် မဟုတ်လား။"

ကြွေသည် မီနူးကိုကြည့်ပြီး သင့်တော်ရာကိုမှာလေ၏။ ကို ဘာစားမလဲဟု တစ်ခွန်းမျှ မမေးချေ။ မမေးနိုင်အောင်လည်း ကြွေက သူ့အကြိုက်သိပြီး ဖြစ်ပေသည်။

ပန်းကိုသာ အမှတ်မထင် မဆုံဖြစ်ခဲ့ပါက ယခုလိုအချိန်သည် သူ့တွက် စိတ်အချမ်းသာဆုံးဖြစ်ပေလိမ့်မည်။ ယခုတော့ သူ့ကို စိုက်ကြည့်သွားသော ပန်းမျက်လုံးကြောင့် သူ့မှာ ခံရခက်လှသည်။

ပန်းနောက်လိုက်သွားတဲ့ကောင်လေးက ဘယ်သူလဲ။ ပန်းနဲ့ ဘာတော်သလဲ။ ဘာဆိုင်သလဲ။ ဘာကြောင့် အဲဒီကောင်လေးရဲ့ ခေါင်းမှာ သွေးတွေထွက်နေရတာလဲ။ ပန်းလုပ်လိုက်လို့လား။ မဖြစ်နိုင်ပါ။ ပန်းက အဲဒီလို ကြမ်းတမ်းတဲ့မိန်းမမျိုး မဟုတ်ပေ။

ဘာဖြစ်လို့လဲ။ အဲဒီကောင်လေးက ပန်းရဲ့ ကောင်လေးလား။ သူ့ ရင်တစ်ခုလုံး ပူနေသည်။ ပန်းက သူ့ကို မြတ်မြတ်နိုးနိုးချစ်သည်ဟု



www.burmeseclassic.com

www.burmeseclassic.com



သူထင်ခဲ့သည်။ ပန်းသည် သူကလွဲလျှင် အခြားယောက်ျားသားများကို စိတ်ဝင်စားလိမ့်မည် မဟုတ်ဟု ထင်ခဲ့သည်။ သူ့အပေါ် ကြင်နာယုယသော ပန်း၏အပြုအမူတွေအပေါ် သာယာခဲ့သည်။

ထို့ကြောင့် ပန်းသည် သူ့ပိုင်ပစ္စည်းဟု ထင်ခဲ့မိသည်။ သို့သော် ယခု သူမဟုတ်သည့် ခပ်ငယ်ငယ်ကောင်လေးတစ်ယောက်နှင့်အတူ ထူးထူးဆန်းဆန်းပုံစံနှင့် တွေ့လိုက်ရသောအခါ ရင်ထဲ အမည်မသိသောခံစားချက်တို့ တိုးဝင်လာသည်။ ပန်းကို အဆုံးရှုံးမခံနိုင်သလို ရင်ထဲ နင့်နင့်နဲနဲခံစားရ၏။

"ကြွေ ... ခဏနော်။ ကိုယ် Toilet ဝင်လိုက်ဦးမယ်"

"အင်း ... သွားလေ"

ဟုဆိုသော ကြွေ၏မျက်လုံးများသည် တစ်မျိုးကြီးဟု သူ စိတ်ထဲထင်မိသည်။ သို့သော် ကြွေ့မျက်လုံးများကို ခံစားစရာ နှလုံးသားအလွတ် မရှိသေးချေ။ ယခုလောလောဆယ် သူ့နှလုံးသားထဲ ပန်းကပြည့်နေလေ၏။

"ညီလေး ခဏ"

မှန်တာပြောရလျှင် ဝန်ထမ်းကိုလာခေါ်ထိုးပြီး စကားနိုင်သည့်အလုပ်ကို ရုပ်ရှင်ထဲမှာ မြင်ဖူးရုံတင် အော်ဂလီဆန်လှပါပြီ။ သို့သော် ယခုမူကား သူကိုယ်တိုင်ပင် သောင်းတန်တစ်ရွက်ကို ဝန်ထမ်း၏





အိတ်ကပ်ထဲထည့်ပြီးနေပြီဖြစ်၏။

"စောစောကကောင်လေးနဲ့ ကောင်မလေးက ဘာဖြစ်ကြတာလဲ"

သူလို လူကြီးလူကောင်းပုံစံမျိုးက သူများအကြောင်း စပ်စုသဖြင့် ဝန်ထမ်းက သူ့ကို မယုံသင်္ကာကြည့်လေသည်။ သို့သော် ငွေတစ်သောင်း၏မျက်နှာကြောင့် ပြောင်ချော်ချော်တော့ မလုပ်ပေ။

"ကောင်မလေးရဲ့မွေးနေ့ ထင်တာပဲ။ ကောင်လေးက ကောင်မလေးကို လက်ထပ်ခွင့်တောင်းတယ်ထင်တယ်"

"ဟင်"

သူ အံ့အားသင့်သွားလေသည်။ ကောင်လေးသည် အတော်ငယ်သည့်အရွယ်ဖြစ်၏။ ခန့်မှန်းကြည့်လျှင် ပန်းထက်ပင် ငယ်လျှင် ငယ်နိုင်သေးသည်။ အလွန်ဆုံးရှိ ခန့်မှန်းခြေ နှစ်ဆယ်လောက်ပေါ့။ ထိုသို့ အရွယ်ငယ်ငယ်လေးဖြင့် လက်ထပ်မယ်တဲ့လား။

"ကောင်မလေးက ငြင်းတယ်ထင်ပါရဲ့၊ ကောင်လေးက ဒေါသထွက်ပြီး သူ့ခေါင်းသူ ပန်းအိုးနဲ့ရိုက်ခွဲတော့တာပဲ။ တစ်ဆိုင်လုံး အံ့သြပြီး မှင်တက်သွားကြတာ ဘာမှတောင် မပြောနိုင်ဘူး။ ကောင်မလေးလည်း ကြောက်သွားတယ်ထင်ပါရဲ့ တန်းပြေးတော့တာပဲ"

ဝန်ထမ်းက ထိုသို့ ပြည့်ပြည့်စုံစုံပြောပြပြန်တော့လည်း သူ



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲ မပြည့်စုံသလို ခံစားရလေသည်။ တစ်ခုခု လစ်ဟာသွားသလို ခံစားရသည်။

"ဆရာ နေကောင်းရဲ့လား"

သူ့ပုံစံက အရမ်းကိုသိသာသွားပြီလား။ မမြင်ဘူး။ ဒီပုံစံနဲ့ ကြွေ့ရှေ့ရောက်သွား၍ မဖြစ်ပါ။ ခုနထမ်းတောင် သူ့ပုံစံကို ဖမ်းမိနေမှ တော့ ကြွေဆိုလျှင် တစ်အစ်သိသွားပေလိမ့်မည်။

"ရတယ် ... ရတယ်၊ ပြဿနာမရှိပါဘူး။ ဝင်ပါ"

ဟုဆိုကာ သန့်စင်ခန်းထဲ ဝင်လာပြီး အိမ်သာခွက်ပေါ် ဝုတ် တုတ်ထိုင်လိုက်မိသည်။

ပန်းနဲ့ အဲဒီကောင် ဘာတွေဆက်ဖြစ်ကြမယ်၊ ဘယ်တွေ သွားကြမလဲ။

အိတ်ထဲမှ ဖုန်းကိုထုတ်လိုက်သည်။

ပန်းထံ ဖုန်းခေါ်ဖို့ အကြိမ်ကြိမ်ကြိုးစားသော်လည်း မာနက ခွင့်မပြုပေ။

မဖြစ်ပါ။ ပန်းနဲ့သူ ရှေ့ဆက်၍ မဖြစ်နိုင်ပါ။ မဖြစ်ပါ။ ဆက် မိုက်နေ၍မဖြစ်ပါ။ ပြီးဆုံးသွားလျှင်လည်း ပြီးဆုံးသွားပါစေတော့။

ယခုအတိုင်း ပြီးဆုံးသွားလျှင်လည်း ပန်းဘဝ လှလိမ့်မည်။ သူလိုလူမျိုး ထက်စာလျှင် လူငယ်ဆိုသော်ငြား လူမျိုးလူလွှတ်က ပန်းကို





ပို၍ တာဝန်ယူနိုင်လိမ့်မည်ဟုထင်သည်။

သို့သော် ရင်နာနေ၏။ ဟိုရောက်လိုက် ဒီရောက်လိုက်ဖြစ်နေ သော သူ့စိတ်တွေကို မည်သို့မျှ စုစည်း၍မရချေ။ ခက်ရချည်ရဲ့။

○○○



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"ဖေဖေ တစ်ခုခုများဖြစ်နေသလားဟင်"

အိမ်သို့ စောစောပြန်လာပြီး စာကြည့်ခန်းထဲဝင်ကာ အနား ယူနေခိုက်တွင် သမီးက သူ့အနီးရောက်လာပြီး မေးခြင်းဖြစ်သည်။

"ဘာဖြစ်လို့လဲ သမီး"

သမီးရောက်လာသောကြောင့် ပက်လက်ကြီး ဖြစ်သလို ထိုင် နေသော သူက အနေအထားပြင်လိုက်၏။

သမီးသည် အိမ်နေရင်းပင် ချည်လုံချည်နှင့် မြန်မာရင်ဖုံး လည်ထောင်ကို လက်ရှည်လေးဝတ်ထားသောကြောင့် လူကြီး ဆန်သည်။ ဆယ့်ခုနစ်နှစ်ဟု ဘုရားစူးကျိန်ပြောရမည့် ရုပ်ကျက်မှုမျိုး





ဖြစ်၏။

"ဖေဖေ့အတွက် သမီး ကော်ဖီဖျော်လာတယ်"

ဟုဆိုပြီး လင်ပန်းထဲမှ ကော်ဖီခွက်ကို လှမ်းပေးသဖြင့် သူက ယူလိုက်၏။ ကော်ဖီသည် ပူပူမဟုတ်ဘဲ ခပ်နွေးနွေးသာ ဖြစ်၍ တစ်ကျိုက်မျှ မော့ချလိုက်သည်။

"ခါးလား ဖေဖေ၊ သမီး သကြားထပ်ထည့်ပေးရမလား"

ကော်ဖီဆိုလျှင် သိပ်ခါးတာမျိုးမကြိုက်သည့် သူ့စိတ်ကို သမီးက သိနေ၍ ဆိုလိုက်ခြင်းသာဖြစ်သည်။ ဒီလိုကျပြန်တော့လည်း သူ့အကြိုက် ကိုယ်သိနှင့် မိသားစုပုံစံဖြစ်ပြန်သည်။

သို့သော် သူ့ရှေ့ခုံဝိုင်းလေးပေါ်တွင် ခါးဆန့်ကာ ဣန္ဒြေရရ ထိုင်နေပုံမှာ သမီးကိုမြင်ရခြင်း မဟုတ်ဘဲ လုပ်ငန်းရှင်ချင်း စကားပြော ရသည်နှင့်တူ၏။

"ရတယ် သမီး ...အတော်ပဲ။ ဒါနဲ့ သမီး မေမေရော ပြန်ရောက်ပြီလား"

"မေမေ နည်းနည်းနောက်ကျမယ်ထင်တယ်။ ခင်နာတက် စရာရှိတယ်လို့ ပြောတယ်"

ဒီတစ်ကွက်တော့ သူက ကြေထက် ညံ့သည်။ ကြေက သူ့အချိန်စာရင်းများကိုသိပြီး သူကတော့ ကြေ့အချိန်စာရင်းများကို



www.burmeseclassic.com

www.burmeseclassic.com



မသိပေ။ သိသည်က မသိချင်သလို သိအောင်လည်း မကြိုးစားပေ။

"ဖေဖေ့ကို သမီးကြည့်နေတာ နှစ်ရက်ရှိပြီ ဖေဖေ။ စိတ်နဲ့ လူမကပ်သလိုပဲ။ ဟိုနေ့ သမီးတို့ နေ့လယ်စာစားကတည်းကပဲ ဖေဖေ နေမကောင်းလို့လား။ ဆရာဝန်နဲ့ ပြကြည့်သေးရဲ့လား"

"ကောင်းပါတယ် ... ဘာဖြစ်လို့လဲ။ ဖေဖေ့ပုံက ဘာဖြစ်နေလို့လဲ"

"မေမေက ဖေဖေ့ကို ဟိုကိစ္စများ ပြောလိုက်လို့လား"

မျက်လွှာလေးချကာဆိုသောကြောင့် ဟိုကိစ္စဆိုသည်ကို သူ ကောင်းစွာသဘောပေါက်သွား၏။ ကိုမင်းသူတို့သားနှင့် ကြောင်းလမ်း မည့်ကိစ္စကို ဆိုလိုခြင်းဖြစ်ပေသည်။

သမီးကို အားနာသွားမိသည်။ သူကတော့ သမီးကိစ္စကို လုံးလုံးမေ့ပြီး သူ့ကိစ္စနဲ့သူ သို့လော သို့လော ဖြစ်နေခဲ့သည်။ သမီး ကတော့ စိတ်မကောင်းဖြစ်နေခဲ့သည်တဲ့။ ရှက်မိသည်။ သမီးကိုလည်း မျက်နှာမပြဝံ့ပေ။

သူ့ရင်ထဲက ခံစားချက်အမှန်ကို သမီး မသိနိုင်သော်ငြား သူကိုယ်သူ သိနေ၍ မလုံမလဲဖြစ်နေသည်တော့ အမှန်ပါ။

"သမီးမေမေက သမီးကို ပြောလိုက်ပြီပေါ့"

"ဖေဖေ ဘယ်လိုသဘောရသလဲ"





"သမီးဆန္ဒရော ဘယ်လိုရှိသလဲ"

"မေမေကတော့ ဆန္ဒရှိပုံရတယ်"

"သမီးဆန္ဒအတိုင်းသာ လုပ်ပါ။ ဖေဖေတော့ သမီးဆန္ဒကိုပဲ ထောက်ခံမှာပါ"

"သမီး လက်ခံလိုက်တယ်"

"ဟင်"

"တစ်နေ့ကြီးရမယ့် ပြဿနာပဲ။ ပေါ်ခဲစဉ်ရသေးတာမှ မဟုတ် တာ။ အချိန်တွေက အများကြီးရှိသေးတာပဲ။ စောင့်ကြည့်လို့ရတယ်။ စောင့်ကြည့်တဲ့အနေအထားမှာ မမေ့အတွက် လမ်းတွေအများကြီး ရှုံးသွားနိုင်တယ်။ ဘိုင်လင်ရဲ့မြေပေါ်မှာ မေမေက အခံဆောက်အဦ ဆောက်မလို့ လုံးပန်းနေတယ်မဟုတ်လား"

ဘိုင်လင်ဆိုသည်မှာ ကိုမင်းသူနှင့် မိုမို့တို့ဝိုင် လုပ်ငန်းစု ဖြစ်လေသည်။

"အနည်းဆုံးတော့ တချို့ ချုပ်ဖြစ်သွားမှာပေါ့"

ရင်ထဲ ဆတ်ခနဲနာသွားလေသည်။ သူလည်း စီးပွားရေး သမားမှန်သော်လည်း သမီးကိုတော့ သူ့စီးပွားရေးနဲ့ ငါးစာအဖြစ်မခံ နိုင်ပါ။ သို့သော် သူကသာ ဒီလိုခံစားနေရတာ။ သမီးမျက်လုံးမှာ တော့ တည်ငြိမ်နေသည်။ တစ်ခုခုကို ဆုံးဖြတ်ပြီးပုံမျိုးဖြင့် ပြတ်ပြတ်



www.burmeseclassic.com

www.burmeseclassic.com



သားသားဆိုနေသည်။ သူလိုချင်သော သမီးရဲ့ပုံစံက ထိုသို့ ပုံစံမျိုး မဟုတ်ချေ။

ကလေးကို ကလေးပီသစေချင်၏။ လူကြီးလို တွေးခေါ်ရေးခြင်းက ကလေးဘ၀အဖြစ် ရှုံးသည်ဟုထင်သည်။ သူရှာထားသမျှသော ငွေတွေကိုသုံးစေချင်သည်။ ဖြုန်းစေချင်သည်။ ပြောဆိုခုံးမခေ်ရသော ကလေးဖြစ်စေချင်သည်။

ငယ်ငယ်ရွယ်ရွယ်နဲ့မို့ ကြောင်းလစ်မည့်ကိစ္စကို သဘောမပါ,ပါဘူးဟုငြင်းပြီး မိဘတွေနှင့် အတိုက်အခံ လုပ်စေချင်သည်။ ကြွေက တစ်ဖက်သူနှင့် သမီးက တစ်ဖက်ဖြင့် အိမ်တွင်းရေးအားပြိုင်မှုရှိစေချင်သည်။ သို့သော် ယခုမူကား ကြားနေ၀ါဒ သမီးမှာမူ အေးဆက်။

"သမီး အချစ်ကို မရှာတော့ဘူးလား"

ဖခင်တစ်ယောက် မပြောသင့်သောစကားကို သူ ပြောလိုက်ပြီဖြစ်၏။ ရလဒ်က သမီး သူ့ကိုစိုက်ကြည့်နေလေသည်။ သမီးမျက်လုံးတွေက အံ့အားသင့်မှု အလုံးအရင်းပါ၀င်နေလေ၏။ သမီးမျက်လုံးမှ စကားတွေကို သူ့နှလုံးသားက နားလည်နေသော်လည်း ဘာသာမပြန်တတ်ချေ။

"ဖေဖေနဲ့ ဒီလိုအကြောင်း ဆွေးနွေးရတာတော့ သမီးစိတ်ထဲ





ထစ်မျိုးကြီးပဲ"

သမီးနှင့်သူ ခါတိုင်းထက် ပိုရင်းနှီးလာသလို ခံစားရ၏။ သမီးသည် စိတ်ထဲရှိသည့်အတိုင်း ပွင့်ပွင့်လင်းလင်း ပြောလာပြီဖြစ်၏။

"သမီးမှာ ဘာအဆင်မပြေတာရှိသလဲ"

"မှန်တာပြောရရင် အဆင်ပြေတယ်၊ မပြေဘူးဆိုတဲ့အရာကို သမီး သိပ်မသိသေးဘူး။ သမီး အခု စာအုပ်တွေဖတ်နေတုန်းပဲ။ သမီးကိုယ်သမီး သိချင်တယ် ဖေဖေ"

ဆယ်ကျော်သက်ပီသသည်ဟု ထင်သည်။ သူ ကျေနပ်သည်။

"အချစ်က ရှာရတဲ့အမျိုး မဟုတ်ဘူးတဲ့။ သူ့အလိုလိုရောက်လာတတ်တာမျိုးလို့ ဆိုတယ်။ သူတို့ဘာသာမှာတော့ ဘုရားသခင်က လူယောကျ်ားအတွက် လူမိန်းမတစ်ယောက်ကို ဖန်တီးပေးခဲ့ပြီးသားတဲ့။ ဒါကြောင့် သမီးက တွေတွေထူးထူး ဖန်တီးပေးခဲ့ပြီးသားတဲ့။ ဒါကြောင့် သမီးက တွေတွေထူးထူး ရှာနေဖို့မလိုဘူးထင်တယ်"

"သမီး သူများတွေလို ပျော်ပျော်ရွှင်ရွှင် ပေါ့ပေါ့ပါးပါး မနေချင်ဘူးလား"

"ဘာကိုပြောတာလဲ ဖေဖေ"

"ဒီလိုလေ ... နိုင်ငံခြားရုပ်ရှင်တွေထဲက ဆယ်ကျော်သက်တွေလိုပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"သမီး ပါတီလိုပွဲမျိုးတွေ မကြိုက်ဘူး ဖေဖေ။ သူတို့က ပျော်နေကြပေမယ့် သမီးတော့ အဲဒါကို ငရဲခန်းလို့ ထင်တယ်။ ရောယှက်နေတဲ့ အဲဒီဆက်ဆံရေးမျိုးကိုလည်း မကြိုက်ဘူး။ သမီး ခုလို နေရတာလည်း သက်သောင့်သက်သာနဲ့ ပျော်ပျော်ပါးပါးရှိပါတယ်"

တော်လိုက်တဲ့ကြွေ။ သမီးကို ပုံစံခွက်ထဲ ဝင်အောင်ကို ဆုံးမနိုင်ပါပေတယ်။

"အင်းပါ ... သမီးနှစ်သက်ရင်ပြီးတာပါပဲ။ ဒါပေမဲ့ သမီး မနှစ်သက်တော့ဘူးဆိုတဲ့အချိန် ဖေဖေ့ကိုပြောပါ။ သမီးရဲ့နောက်မှာ ဖေဖေ အမြဲရှိနေမယ်။ အိုကေ"

"မနှစ်သက်ဘူးဆိုတာက သမီးရဲ့အခြေအနေကိုလား။ အဲဒီ လူကိုလား ဖေဖေ"

"နှစ်ခုလုံးကိုပေါ့"

"သူ့ကိုတော့ သမီး မမြင်ရသေးတဲ့အတွက် နှစ်သက်တယ် မနှစ်သက်ဘူး မပြောနိုင်သေးဘူး ဖေဖေ။ ဒါပေမဲ့ ... သမီး အဆင်ပြေအောင် ပြောဆိုမှာပေါ့။ သမီးရဲ့အခြေအနေကိုဆိုရင်တော့ သမီး မနှစ်သက်ဘူးလို့ထင်တဲ့အချိန် သမီးကိုယ်တိုင် ပြောင်းလဲပစ်မှာပါ။ လူဆိုတာ ကိုယ့်ကိစ္စကိုယ် တာဝန်ယူရတယ်လို့ သမီးမှတ်သားထားပါတယ်။ တစ်ချိန်မှာ လူအုပ်ကြီးကိုဦးဆောင်မယ့် သမီးက ကိုယ့်ကိစ္စ





ကို ကိုယ်တာဝန်ယူရမယ် မဟုတ်ဘူးလား"

လူအုပ်ကြီးဆိုပါလား။ သူတို့ရဲ့ချမ်းသာမှုက သမီးကို ကန့်သတ်ထိန်းချုပ်ထားတာကို။

"လောကမှာ အဆင်မပြေတဲ့လူတွေများတယ် ဖေဖေ။ လူမြင်ကွင်းမှာတောင် မရှက်မကြောက်ငိုနေတဲ့လူတွေ။ သမီး တွေ့မြင်နေရတယ်။ အဲဒီလူတွေကို သမီးကယ်တင်မယ် ဖေဖေ"

ဘုရား ... ဘုရား ... ဒါ ကလေးပြောရမယ့်စကားလား။ ဆယ့်ခုနစ်နှစ်ဆိုသောအရွယ်သည် ထိုစကားလုံးနှင့်တလျှင် ငယ်လွန်းနေသည်ဟု သူထင်သည်။

"ဒေါက် ဒေါက်"

တံခါးခေါက်သံနှင့်အတူ ပွင့်သွားသောတံခါးချပ်ကို သူရော သမီးရော ကြည့်လိုက်သောအခါ ကြွေ ဝင်လာသည်ကို တွေ့ရ၏။

ကြွေသည် လှပသော လက်ကိုင်အိတ်ကို လက်ကောက်ဝတ်တွင် ချိတ်ပြီး ရင်စေ့ ခါးတိုလက်ရှည် ဇာအင်္ကျီလေးနှင့် အပြာရင့်ရောင် ချိတ်လုံချည်ကို အချိုးကျစွာ ဝတ်ဆင်ထားလေ၏။

ကြွေသည် လှပသည်။ လှတယ်ဆိုတာထက် ထူးခြားသိက္ခာ ရှိသည်။

မျက်စိအေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"သားအဖနှစ်ယောက် ဘာတွေ စကားလက်ဆုံကျနေကြ တာလဲ။ ကြွေ့အကြောင်းမှုပါရဲ့လား ကို"

ကြွေသည် ခါးကိုဆန့်ထားကာ သမီးနှင့်တစ်ခုံအကွာတွင် ထိုင်လေ၏။

ကြွေထိုင်လိုက်သည်နှင့်တစ်ပြိုင်နက် တံခါးပေါက်သံနှင့်အတူ ရေထည့်ထားသော လင်ပန်းကြီးကို မဝင်းသူက မ,ဝင်လာလေ၏။

"စိတ်ထဲနည်းနည်း ငြီးစီတာနဲ့ သံပရာရည်ဖျော်ခိုင်းလိုက် တာ ပိုပိုလိုလိုပါ။ သမီးနဲ့ ကို့အတွက်ရောပေါ့"

ဟု အိမ်ရှင်မ ပီသစွာဆိုပြီး လင်ဗန်းကို လက်လွှဲယူကာ သူ့ရှေ့နှင့် သမီးရှေ့သို့ ဖန်ခွက်များချပေးသည်။

ပြီးနောက် မဝင်းသူကို ထွက်သွားရန် လက်နှင့်အချက်ပြ လိုက်လေ၏။ မဝင်းသူ ထွက်သွားတော့မှ စကားဆက်လေသည်။

"မမို့နဲ့ ဆုံခဲ့သေးတယ်။ သမီးအကြောင်းကို မေးလာသေး တယ်။ အဲဒါနဲ့ ကြွေလည်း ဒိတ်ပေးခဲ့တယ်"

ဒီအချက်ကိုတော့ သူ မနှစ်သက်ပေ။ ကြွေသည် မိမိသဘောကို ဦးစားပေးလွန်းသည်ဟုထင်သည်။

"ဒါပေမဲ့ ... မို့တို့ကို ကြွေ သံသယဖြစ်တယ် ကို"

"ဘာဖြစ်လို့လဲ"





"ကြောင်းလမ်းဖို့ကိစ္စကို ဘာကြောင့် စိတ်လောနေရတာလဲ။ သူတို့သားမှာ ပြဿနာရှိလို့လား။ အစရှိသဖြင့်ပေါ့။ မေးခွန်းတွေက သိုလော ... သိုလောပဲ။ ဒါပေမဲ့ ... တွေ့ကြည့်လိုက်တာက မမှားဘူး မှတ်လား။ တစ်ဆက်တည်း ပြောရဦးမယ်။ ကြွေ ဘာစကားမှ ထွန်မထားဘူးနော်။ သမီးကိုလည်း မေမေ ဒီစကားပဲ ပြောချင်တာပါ။ သမီးကို မေမေယုံတယ်။ တွေ့ကြည့်ပြီးတော့ သမီး ဆုံးဖြတ်ပေါ့"

"ဟုတ်ကဲ့ မေမေ ... သမီး တွေ့ကြည့်လိုက်ပါ့မယ်"

ဒီအမေနဲ့ ဒီသမီး လိုက်လည်းလိုက်ပါပေတယ်ဟု ရင်ထဲ မှာပြောမိလိုက်သည်။

သူတို့မိသားစုစကားဝိုင်းလေး ခေတ္တ တိတ်ဆိတ်သွားချိန် တွင် တဒီဒီမြည်နေသော ဖုန်းသံကို သတိပြုမိလိုက်သည်။

"ကို့ဖုန်း ထင်တယ်"

ဟု ကြွေက ပြောလျှင် မျက်နှာကြီး မီးမြိုက်ခံထားရသလို ရှုပ်သွားလေ၏။

ပန်းများလား။ ပန်းလား။

သူ၏နားနေချိန်ကို ဖုန်းဆက်မယ့် လူဆိုလို့ ပန်းတစ်ယောက် တည်းသာ ရှိသည်။ မဆက်ပါနဲ့လို့ အတန်တန် မှာထားပါလျက်နဲ့ ခက်ရချည်ရဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ကို ဖုန်းကိုင်လိုက်လေ။ ကဲ … မေမေတို့လည်း နားကြားရအောင် သပီး"

ကြေ အလိုက်သင့်ထွက်သွားသောအခါမှ သူမှာ ဖုန်းကို ကိုင်ရခက် မကိုင်ရခက်။

ooo



## အခန်း (၆)

နန်းတော်ကြီးတမျှ ခမ်းနားသောအိမ်ကြီးကို ပန်း ငေးကြည့်နေမိသည်။ ဤအိမ်ကြီး၏ တစ်နေရာရာတွင် ဦးရှိနေလိမ့်မည်။

ကြိုးစားအားမွေးပြီး ဖုန်းကို တစ်ကြိမ်လေး ခေါ်မိပါတယ်။ ချုပ်လိုက်ခြင်းခံရ၏။

ဦး သိဝ်ကိုစိမ်းကားပါသည်။ ပန်းရင်ထဲ နာကျင်ရ၏။

ထို့ကြောင့် ဦး၏ မက်ဆေ့ချ်ပို့လိုက်သည်။ ပန်း အိမ်ရှေ့ ရောက်နေသည်။ ခဏလောက် ထွက်လာပေးပါဟု။ သို့သော် ဦး ထွက်လာမည် မဟုတ်မှန်းလည်း သိနေ၏။ ပန်းရင်ထဲ နာကျင်ရသည်။



www.burmeseclassic.com

လောကတွင် ပန်းတစ်ယောက်တည်း ရှိနေသလို ခံစားရ၏။ ကောင်းကင်ပြာသည် အင်မတန် ကျယ်ဝန်းလှပေသည်။

ထိုကောင်းကင်ပြာအောက်တွင် ပန်းသည် ငုံလျှိုးစွာ အထီးကျန်နေလေ၏။ ဒီပုံအတိုင်းဆို ပန်း ရူးတော့မည်ထင်ပါရဲ့။

"ဦး ဦး"

ဦးဖုန်းဆက်ခဲ့ပြီလားဟုထင်ကာ ဖုန်းကို ဆွဲယူပြီးကြည့်လိုက်၏။ ဘိုဘို။

ဖုန်းကိုချလိုက်ဖို့ စိတ်ကူးသော်လည်း ရင်ထဲ တစ်ခုခုလိုအပ်နေသောကြောင့် မချမိပေ။

"ဘိုဘို"

"မ ဘာဖြစ်နေတာလဲ"

"မင်း ငါ့ကိုတွေ့ပေးနိုင်မလား"

"ကျွန်မဆိုတဲ့ ခင်ဗျားဗိုက်နာဝိတာ မသုံးတော့တဲ့အတွက် ကျေးဇူးတင်ပါတယ်။ မ ပြောလေ၊ မ ဘယ်မှာလဲ ကျွန်တော် လာတွေ့ပါ့မယ်"

"ငါတို့ ဘားမှာဆုံရအောင်လေ"

ဟုဆိုပြီး ကားစက်နှိုးလိုက်သည်။

"အခု... မ နာရီဝက်အတွင်း ရောက်စေရမယ်"





ဘိုဘို့အသံသည် တက်တက်ကြွကြွဖြစ်လေသည်။ ဘိုဘို့ကိုသာ ရှိန်းလိုက်သော်လည်း စိတ်တွေက ဦးဆီသာ ရောက်နေလေ၏။ ဦးနောက် ကွယ်လွန်သွားပြီဖြစ်သော ဖေဖေနှင့်မေမေ။ ဒီလိုအချိန်မျိုးမှာ မေမေ့ရင်ခွင်ထဲသို့ တိုးဝှေကာ အားပါးတရ အော်ငိုလိုက်ချင်သည်။

အခုတော့ ရက်ရက်စက်စက် ဖွဲ့ခွာသွားကြသော ဖေဖေနှင့်မေမေ့ကြောင့် ပန်းမှာ လောကကြီး၌ အထီးကျန်နေရလေပြီ။

ပန်းဘေးနားတွင် မည်သူမျှ မရှိပါ။ ပန်းငိုနေလျှင်လည်း ပန်းကို သနားပေးမည့်သူမရှိ။ ပျော်နေချိန်လည်း ကူပျော်ပေးမယ့်သူမရှိချေ။ အခက်အခဲမှန်သမျှကို ပန်းတစ်ယောက်တည်းသာ ရင်ဆိုင်ဖြေရှင်းရသည်။ တစ်ခါတစ်ရံမှာတော့ အားငယ်မိသည်။

ယခုလို ဦးက စိမ်းကားသောအခါမျိုးတွင် ပို၍ ဝမ်းနည်းနာကျင်ရသည်။ ဦးအပေါ် ပန်း ဘာကိုမှမတောင်းဆိုခဲ့ပူပေ။ တရားဝင် တွဲခွင့်လည်း မတောင်းခဲ့ဖူးသလို၊ အသိအမှတ်ပြုပေးပါဟုလည်း ပန်းမေ့နေရာကို သက်သေမထူဖူးပါ။

ဘယ်လိုပဲနေရပါစေ၊ ဦးနားရှိချင်ရုံ သက်သက်သာ။ ယခုတော့ ဦးက ပန်းကို အထင်လွဲသွားပြီဖြစ်၏။

ဖုန်းမဆက်ပါနဲ့ အကြောင်းရှိရင် ဦးဆက်ပါ့မယ်ဟု ဆိုခြင်းဖြင့် နှစ်ရက်လုံး သတိရစိတ်ကို အံကြိတ်ဖြေခဲ့သည်။ ဦးရောက်မှာမလား

www.burmeseclassic.com



ဆိုပြီး တိုက်ခန်းထဲမှာ မျှော်ခဲ့ရသည်။ သို့သော် ပေါ်မလာနိုင်လို့ ဦး တစ်ခုခုစိတ်ထင့်သွားပြီကို ပန်း အတတ်သိလိုက်ပါ၏။ ထို့ကြောင့် ဖုန်းဆက်သည်။ သို့သော် မကိုင်ဘဲချပစ်လိုက်သည်။

ထိုအခြေအနေမျိုးမှာ ပန်းသည် ပုံမှန်အနေအထားမျိုးနှင့် နေနိုင်တော့မည် မဟုတ်ပေ။

မူးအောင်သောက်ရပေတော့မည်။

မူးချင်သောလူမို့ မူးအောင်သောက်ဖို့ ရည်ရွယ်ချက်နှင့် ဘား မှာထိုင်လိုက်သောအခါ ရှန်ပိန်သည် တစ်ခွက်ပြီးတစ်ခွက် ဝင်သွား လေ၏။ အမြည်းတောင်စားဖို့ မလိုချေ။

"ဟာ . . . မ အရင်တောင်ဆွဲနှင့်နေပြီလား"

"မင်း နောက်ကျတယ် ဘိုဘို"

"ဒီလိုမှပေါ့။ မ,ကို ဒီလိုအခြေအနေမျိုး မမြင်ရတာ ဘယ် လောက်ကြာနေပြီလဲ။ အဲဒါမှ မမပန်းရနံ့အစစ်"

"မင်းနဲ့ငါနဲ့ အပြတ်ကဲမလား"

"ဝါး . . . မိုက်တယ်"

ထိုစကားကိုသာ ပန်း နောက်ဆုံးသိလိုက်ခြင်းဖြစ်သည်။ ပန်း မူးနေပါပြီ။ စကားတွေလည်း များစွာပြောနေမိသည်။ သို့သော် စကားလုံးအချို့ကိုမူ ပန်း မမှတ်မိပေ။ လူအုပ်ကြီးကြားတွင် တိုးဝှေ့





လာခဲ့သည်ကိုလည်း မှတ်မိ၏။ သို့သော် . . . အိပ်မက်ဟု ထင်မြင်မိ သည်။

နောက်ဆုံး ပန်းရောက်လာသောနေရာမှာ ပန်း၏ ခုတင်ဖြစ် သည်။

တစ်စုံတစ်ယောက်က ပန်းဘေးတွင် အိပ်နေမှန်းသိသည်။ ထိုလူကိုလည်း ဦးဟု မြင်မိသည်။

သို့သော် မနက်ဝေလီဝေလင်းအချိန်မှာတော့ ဘိုဘိုအဖြစ် ပြောင်းလဲနေသည်ကို ပန်း တွေ့လိုက်ရ၏။

ပန်း လန့်သွားလေသည်။ ပန်း ဘာတွေလုပ်မိပါလိမ့်။ ပန်း ဘာဖြစ်သွားပါလိမ့်။

"မ နိုးပြီလား"

"ဘိုဘို . . . မင်းနဲ့ငါ ဘာဖြစ်ခဲ့ကြသေးလဲ"

"မ ကျွန်တော်တို့ လက်ထပ်ကြမလား"

ထိုအသံသည် မိုးကြိုးသံနှယ် ဆူညံသွားလေ၏။

မျက်လုံးမဖွင့်ဘဲ စကားပြောနေသော ဘိုဘိုကို ကြောက်မက် ဖွယ် ဘီလူးတစ်ကောင်ဟု မြင်မိသွားသည်။ ပန်း မှားပါပြီ မှားခဲ့ပါပြီ။

"မင်းပြန်တော့ ဘိုဘို"

"မ,ရော ပြန်မှဖြစ်မယ်။ ဒါက မရဲ့အခန်း မဟုတ်ဘူးလေ။

www.burmeseclassic.com



ပို့တယ်"

ထိုအခါမှ ပတ်ဝန်းကျင်ကို သတိပြုမိလေ၏။ ဟုတ်သားပဲ။ ဟိုတယ်ခန်းတစ်ခုမှာ ရောက်နေခြင်းဖြစ်သည်။ မြူလွှသောလိုက်ကာစများသည် ပန်းကို လှောင်ရယ်နေသလားဟု ထင်ရသည်။

"မ"

ပန်းကိုယ်ကို သိုင်းဖက်လာသော ဘိုဘို့လက်များကို အကြောက်အကန် ဖယ်ရှားမိသည်။

"ငါ သွားတော့မယ်"

"မကို ကျွန်တော် လိုက်ပို့မယ်"

"မင်းအရွယ်က ဒီစကားကို မပြောသင့်သေးဘူး ဘိုဘို"

"ကျွန်တော့်အသက် နှစ်ဆယ်ရှိပြီ"

"အန်တီမို့နဲ့ အန်ကယ်မြင့်က ငါ့ကို ဒီအတိုင်းထားမယ် ထင်သလား"

"မေမေက မ,ကိုချစ်မှာပါ"

"ဒါက မင်းအမြင်သက်သက်ပါ။ ကဲ ... ဘိုဘို ... မင်းလည်း ပြန်တော့၊ ငါလည်း ပြန်မယ်"

"မ ဘာဖြစ်လို့ ခေါင်းမာချင်နေရတာလဲ။ မနဲ့ကျွန်တော်က ပတ်သက်ပြီးပြီလေ"





"မုန်းလို့ဖြစ်ခဲ့တဲ့ကိစ္စကို အတ္တာယ်ချဲ့မနေနဲ့ ဘိုဘို။ မင်းသွားတော့"

"ဘာလဲ ... မမ၊ မ,က ကျွန်တော့်ကို လိမ်သုံးတစ်သုံးလုပ်ချင်တာလား"

"ဘာ"

"ဦးဆိုတာ ဘယ်သူလဲ။ ဘယ်ကကောင်လဲ"

ဘိုဘို၏အသံသည် ရုတ်တရက်ဆိုသလို မာကျောလာလေ၏။ ထိုစကားကြောင့် ပန်း လန့်သွားရလေသည်။

ပန်း ဘာတွေပြောခဲ့မိပါလိမ့်။ မူးပြီး စကားများသွားခဲ့ပြီ ထင်ပါရဲ့။

"မဖြေချင်လည်း ရတယ်။ မဖြေနဲ့ မ ... အေး ... ကျွန်တော် သိသွားတဲ့နေ့တော့ ဘာဖြစ်မလဲဆိုတာ မ,စောင့်ကြည့်တာလိုက်"

"မင်း ငါ့ကို အကြွင်ကိုင်နေတာလား ဘိုဘို"

"ကြိုက်သလိုထင်။ ကျွန်တော့်ရဲ့ဆန္ဒက မ,ကို ပိုင်ဆိုင်ရဖို့ပဲ။ ကျွန်တော်ကြိုက်နေတဲ့လမ်းက ဆူးခြောင့်ခလုတ် မှန်သမျှ ကျွန်တော် ရှင်းပစ်ရလိမ့်မယ်"

"မင်း ဦးနှောက်နည်းလှချည်လား ဘိုဘို။ မင်းကိုငါ လက်



www.burmeseclassic.com

www.burmeseclassic.com



မခံနိုင်တာလည်း အဲဒါကြောင့်ပဲ။ အမြဲတမ်း ပြုံးသနားရှာနေတတ်တဲ့ မင်းကို ငါက ဘယ်လိုပုံစံနဲ့ အားကိုးမှာလဲ"

"ယုံကြည်မှုနဲ့ အားကိုးပေါ့။ ပြောစမ်းပါ … မ ယုံကြည်အောင် ကျွန်တော်နေပြဖို့ရော မ,က အခွင့်အရေး ပေးခဲ့လို့လား"

ပန်း စိတ်ပျက်သွားပါပြီ။ စကားဆက်ပြောချင်စိတ်ပင် မရှိတော့ချေ။

ထို့ကြောင့် ရေချိုးခန်းထဲပင် မဝင်တော့ဘဲ ကားသော့ကို ဆွဲယူလိုက်သည်။

"အဲဒီအကြောင်း နောက်မှ ဆွေးနွေးတာပေါ့။ အခု ငါ စိတ်တွေ အရမ်းရှုပ်ထွေးနေပြီ"

"ဒီနေ့ကိစ္စကို မ မမေ့လောက်ပါဘူးနော်"

"အိပ်ရာပေါ်ကကိစ္စကို အိပ်ရာပေါ်မှာပဲ ထားလိုက်တာ အကောင်းဆုံးပဲ။ ဒါက ကမ္ဘာပျက်တာမှ မဟုတ်တာ။ အဲဒီလောက် ရစ်ပတ်ဖွဲ့နှောင်တာမျိုး ငါမကြိုက်ဘူး ဘိုဘို"

ဟုသာ ပြတ်ပြတ်သားသား ပြောပြီး ထွက်လာခဲ့သည်။ စိတ်ထဲ မအီမသာဖြစ်လှသည်။ ဘာလို့များ လူမှန်သူမှန်မသိအောင် မူးခဲ့သလဲဆိုတာ စဉ်းစား၍မရပါ။

ဘိုဘို့လို ပန်းအစားမှ မခွာချင်သူကိုမှ ထပ်ပြီး သံယောဇဉ်





တွယ်အောင် ဘာကြောင့် လုပ်လိုက်မိမှန်း မသိပေ။

"ပန်းရေ့"

ဟိုတယ်ထဲမှအထွက်တွင် အခေါ်ခံလိုက်ရသောအသံကြောင့် ပန်း၏ခြေလှမ်းများ တွန့်သွားလေ၏။

အသံလာရာဘက်သို့ လှည့်ကြည့်လိုက်သောအခါ အနက်ရောင် ကားတစ်စီးဖြစ်နေသည်။

ပန်း ထိုကားကိုကြည့်နေဆဲမှာပင် ကားမှန်မှာ လျောခနဲ ပွင့်သွားလေ၏။

"ဟင် … အန်တီမို့"

အပြစ်လုပ်ထားသူမို့ လှသောအမျိုးသမီးကို ကြောက်သွားလေသည်။

လာ ကားပေါ်ခဏတက်ခဲ့ပါလို့ ပြောစရာမလိုပါ။ ပန်းက ကားတံခါးကို ဆွဲဖွင့်ကာ ဝင်ထိုင်လိုက်၏။ ပန်းရောက်လာသည်နှင့် တစ်ပြိုင်နက် ကားမှာ ငြိမ့်ခနဲ ထွက်သွားလေသည်။

ဘယ်သွားမှာလဲဟု ကားဆရာကလည်းမမေးသလို အန်တီမို့ကလည်း မပြောပေ။

လှသုံးယောက်စီးလာသော ကားမှာ တစပြင်အလား ငြိမ်သက်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘိုဘိုနဲ့ ဘယ်အထိ ဆက်သွားဖို့စိတ်ကူးထားသလဲ"

"ပန်း ဘိုဘို့ကိုလက်ထပ်ဖို့အစီအစဉ် မရှိပါဘူး"

"အကောင်းဆုံးစကားလုံးပါပဲ။ ဒီလိုကြားရတဲ့အတွက် အန်တီလည်း ဝမ်းသာပါတယ်။ ရှေ့ဆက်ဖို့ စိတ်မကူးထားဘူးဆို ဖာတ်လမ်းဖြတ်လိုက်ရင် ပြဿနာရှုပ် မသက်သာဘူးလား"

"ပန်း ကြိုးစားနေပါတယ် . . . အန်တီရို့"

"အချိန်ကြာကြာ ကြိုးစားတယ်ဆိုရင်တော့ မင်း ညံ့လို့ပေါ့"

"ဘိုဘို့အကြောင်းကိုလည်း အန်တီမို့ သိသားနဲ့"

"ဒါကြောင့် အရာအားလုံးကို မသိချင်ယောင်ဆောင်ခဲ့တာပေါ့"

"ဆောရီး . . . အန်တီမို့ ပန်း ပျော့ညံ့သွားမိတယ်"

"ပြီးခဲ့တာတွေ မပြောပါနဲ့။ ရှေ့ဆက်ပြီး အကောင်းဆုံးလျှော်ဖြစ်ဖို့ပဲ စဉ်းစားပါ။ အကောင်းဆုံးသက်သေပြနိုင်မယ့်နည်းလမ်းပေါ့ ဆိုင်ရော အဆင်ပြေရဲ့လား။ လည်ပတ်ရဲ့လား"

"ဟုတ်ကဲ့ အန်တီ၊ အဆင်ပြေပါတယ်"

"လိုအပ်တာရှိရင် ပြောပေါ့"

"ရပါတယ် အန်တီ၊ ခုလိုကူညီပေးထားတာကိုပဲ ကျေးဇူးတင်ပါတယ်"





"ဘိုဘိုက ဒီလကုန်ရင် ဇေ့စ်တော့မယ်"

ဘိုဘို့ကို မချစ်သော်လည်း ထိုစကားကြားရသောအခါ ရင်ထဲ ခါခနဲ ခံစားလိုက်ရသည်။

"မင်းနဲ့ဘိုဘို တစ်ခုခုဖြစ်ခဲ့ကြရင်လည်း အဲဒါကို မေ့လိုက်တာ ကောင်းမယ်"

"အားနည်းချက်ကိုကိုင်ပြီး အခွင့်အရေးယူတတ်တဲ့မိန်းမ တွေထဲမှာ ပန်း မပါပါဘူး အန်တီ"

"ဒါကြောင့်လည်း မင်းကို ဒီအတိုင်းကြည့်နေတာပေါ့။ ခရီးသွားနိုက် အမောပြေ အပင်ခြေရင်းမှာ နားမိရင် စောင့်စည်းထိန်းသိမ်း ရမယ့် စည်းကမ်းတွေရှိတယ်"

"ပန်း နားလည်ပါတယ်။ အန်တီ ဘာကိုစိတ်ပူနေသလဲ ဆိုတာလည်း သိတယ်။ အန်တီရောဂါရမှာစိုးလို့ ပန်းဘက်က အကြောင်း ပွင့်ပွင့်လင်းလင်းပြောပါ့မယ်။ ပန်း ဘိုဘိုကို လက်မထပ် ပါဘူး။ တွယ်လည်း မတွယ်ကပ်ဘူး။ ဘိုဘိုတွယ်ကပ်နေလို့ အလိုက် သင့် နေနေရတာပါ။ ပန်းက ခွေမျိုးညာတိမရှိ တစ်ကောင်ကြွက်ပါ။ ပန်းအပေါ် အန်တီတို့ကျေးဇူးရှိတာကိုလည်း သိတယ်။ အားကိုးစရာ ရှိတဲ့ပန်းက ဘိုဘိုလိုကောင်လေးကို ဘယ်တော့မှ အားကိုးမှာမဟုတ် ဘူး အန်တီ။ ဘိုဘိုက ပန်းအတွက်တော့ ခင်တွယ်စရာ ကောင်လေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ပါပဲ။ နှစ်နှစ်လောက် တစ်အိမ်တည်း အတူနေလာခဲ့ရလို့ သံယောဇဉ်ဖြစ်နေတာကိုတော့ ဖြတ်ဖို့ ခဲယဉ်းတဲ့အပိုင်းလေး ရှိတာ ပေါ့။ အန်တီ စိတ်မပူပါနဲ့။ သစ်ပင်တွေရဲ့စည်းကမ်းကို ပန်း သိပါတယ် ပန်းလည်း ခရီးသည်ပဲလေ''

''အိုကေ . . . မင်းက ပေါ့ပေါ့ပါးပါးနေတတ်ပေမယ့် ကတိ တည်တဲ့လူတစ်ယောက် ဖြစ်လို့၊ ဒီစကားကို အန်တီမှတ်သားပြီး ဖြ ပါ့မယ်။ ကဲ . . . မင်း ဆင်းလို့ရပြီ ပန်းရန့်''

အန်တီနှင့် တစ်ယောက်တစ်ခွန်းပြောပြီး လာခဲ့မိသည်တွင် ပန်းနေထိုင်ရာအခန်းသို့ ရောက်မှန်းမသိ ရောက်ခဲ့လေသည်။ အန် ကို နှုတ်ဆက်ပြီး ကားပေါ်မှဆင်းလိုက်သောအခါ ပန်း အံ့ဩသွာ သည်။

အန်တီရို့က ဘာလို့များ ပန်းရဲ့လိပ်စာကိုသိနေပါလိမ့်။ ပန် အရိပ်အခြေကို လူလွှတ်ပြီး ကြည့်ခိုင်းခဲ့တာများလား။

ရင်ထဲ မတင်မကျဖြစ်လှပါသည်။ ထို့ကြောင့် ထွက်သွားသော ကားကို မျက်စိတဆုံး ငေးမနေတော့ဘဲ အထဲသို့ဝင်ကာ တ လှေကားဖြင့် တက်လာမိသည်။ အခန်းတံခါးကို စိတ်မပါစွာ ဖွင့် လိုက်သည်။ အခန်းထဲဝင်ဝင်ချင်းပင် ယဉ်ပါးသောမွှေးရနံ့တစ်ခု ရှူရှိုက်မိလိုက်လေသည်။





''ဦး''

လူကို မမြင်ရသေးခင် ထိုရနံ့ကို ပန်း အလွတ်ရနေပြီဖြစ်၏။ နေသည် ဗီနပ်ပင် မရွှတ်နိုင်ဘဲ ပြေးဝင်မည်အပြုတွင် ပန်းသောနား ရပ်နေသောဦးကို မားမားကြီးတွေ့လိုက်ရလေသည်။

''ဦး''

မှတ်သိပ်စွာပင် ဦး၏လည်ပင်းကို သိုင်းဖက်ကာ ဦးရင်ဘတ် ကို အငမ်းမရ နမ်းရှိုက်မိလေသည်။

''လွမ်းလိုက်တာ ဦးရယ်။ ပန်းက ဦး . . . ဦး ပန်းကို ပစ်သွား လို့ ထင်နေတာ''

''ဘယ်တွေသွားနေတာလဲ''

ဦးအမေးကို ဖြေစရာစကားလုံးမရှိပါ။ ထို့ကြောင့် ဦး၏ က်နှာအနှံ့ နမ်းပစ်မိသည်။

ထိုအနမ်းများကြောင့် ဦးခန္ဓာကိုမှာ ဘာလုပ်၍ လုပ်ရမှန်းမသိ အောင် ထုံ့ပူသွားလေသည်။

သနားလည်း သနားမိ၏။ မိန်းကလေးသည် သူ့ကို တွယ်တာ ပြီဖြစ်သည်။ ထို့ကြောင့် ဦးတို့ လမ်းခွဲကြရအောင်ဟုပြောဖို့ ရည်ရွယ် သောစကားလုံးများ ဘယ်ရောက်လို့ရောက်ကုန်မှန်း မသိပေ။

မနေ့က ပန်း၏ဖုန်းကို ကိုင်ချင်ခဲ့သည်။ သို့သော် ပီသာစု



www.burmeseclassic.com

www.burmeseclassic.com



နေအိမ်၌ အိမ်ထောင်ဦးစီးက ထိုသို့မပြုမူသင့်ဘူးဟု ယူဆ၍ မကိုင်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် တစ်ညလုံး အိပ်မရခဲ့ပါချေ။

ကြွေ့ဘေး၌ ငြိမ်သက်ကာ အိပ်ချင်ယောင်ဆောင်ခဲ့ပေမယ့် စိတ်တွေက ပန်းထံသို့သာ ရောက်နေလေသည်။ အခက်တွေ့ခဲ့ရသည်။ ခင်ပွန်းကောင်း၊ ဖခင်ကောင်းဖြစ်ချင်သောသူက ဒီလိုစိတ်မျိုး မဖြစ်သင့်ဘူးဟု ထင်သည်။

ထို့ကြောင့် တစ်ညလုံး အပြန်ပြန်အလှန်လှန် စဉ်းစားခဲ့သည်။ ဒီထက် သံယောဇဉ်မတွယ်မီခင် ပန်းဘေး၌လည်း ကောင်လေးရှိနေတုန်းလေးမှာ ဇာတ်လမ်းဖြတ်တော့မည်ဟု ဆုံးဖြတ်မိပြီး ပန်းဆီ ရဲရဲကြီးလာခဲ့ခြင်းဖြစ်သည်။

သို့သော် အိမ်ရောက်သောအခါ ပန်းကရှိမနေပေ။ အိပ်ရာကို ကြည့်လိုက်သော်လည်း အိပ်ထားပုံမပေါ်ပေ။

သူ စိတ်ပူခဲ့ရသည်။

ပန်းထံဖုန်းဆက်မည်ဟု ကြံနေတုန်းမှာပင် ပန်းက ချက်ချင်းဆိုသလို သူ့ရှေ့ ဘွားခနဲရောက်လာကာ ကြွေ့ထံမှ ဝတ်မှတ်နေခဲ့သော အနမ်းမိုးကို အဆက်မပြတ် ရွာချခြင်းသာ ဖြစ်တော့သည်။

"နေဦးလေ ... ပန်း ဦးမေးတာဖြေဦးလေ"

"ဦးကို ပန်း အရမ်းချစ်တယ်။ ပန်းရဲ့ဖုန်းကို ဦးမကိုင်တာ





သည်း ပန်း စိတ်မဆိုးပါဘူး။ ပန်းလေ ဦးကို ခုလိုတွေ့ရတာပဲ ပန်းအတွက် ပြည့်စုံပါပြီ။ ဦး ပန်းကို ပစ်မထားပါနဲ့နော်။ ဦးပစ်ထားရင် ပန်း မှုရလိမ့်မယ် ဦး။ ပန်းဘဝမှာ ဦးကမရှိရင် မဖြစ်လို့ပါနော် ဦးနော်"

"ဪ ... ပန်းလေးရယ်"

သနားကရုဏာများ ရင်ထဲ တိုးဝင်လာသောအခါ ပန်း ကိုယ်လေးကို ရစ်သိုင်းလိုက်မိပြန်သည်။

"ဦး သူနဲ့ပန်းကို အထင်လွဲနေတာ မဟုတ်လား ဟင်"

"သူက ဘယ်သူလဲ ပန်း။ ဦးကို ပွင့်ပွင့်လင်းလင်း ပြောပါ။ ပန်းရဲ့ချစ်သူလား"

"ပန်းကို ချစ်နေတဲ့လူပါ"

"ကြာပြီလား"

"ဦးနဲ့ မတွေ့ခင်တည်းက ဆိုပါတော့"

"ပန်း သူ့ကိုချစ်လား"

"ဦးကိုပဲ ချစ်တယ်"

"သူ့ကို ချစ်လိုက်ပါလား"

ဦးခန့်ကိုဇါစကားအဆုံးတွင် ညည်ခန်းကြီးတစ်ခုလုံး ငြိမ်သက်သွားရလေသည်။ အသက်ရှူသံကိုပင် မကြားရပေ။



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကိုချစ်လိုက်ပါ ပန်း။ ဦးက ပန်းအတွက် ပြောနေတာပါ"

ဦးခန့်ကိုက ဒုတိယအကြိမ် ပြန်ပြောလိုက်သောအခါ ပန်းရနံ့၏မျက်ရည်များသည် ပါးပြင်မှတစ်ဆင့် လည်ပင်းသို့ စီးဆင်းကျန်သည်။ ဦးခန့်ကိုကိုကြည့်နေသော ပန်းရနံ့၏မျက်လုံးတွင် ဝမ်းနည်းခြင်း၊ အားငယ်ခြင်း၊ ယူကျုံးမရဖြစ်ခြင်းများ ပြည့်သိပ်လျှံထွက်နေ၏။

"ဦးနဲ့တွေ့မှ အားငယ်တယ်ဆိုတာ ဘယ်လိုအရာမှန်း ပန်းနားလည်ခဲ့တာပါ။ ဦးနဲ့တွေ့မှ တစ်စုံတစ်ယောက်ကို အားကိုးရမှန်း သိခဲ့တာပါ။ ဦးရဲ့မိသားစုကို ပန်း ဖျက်ဆီးလိုတဲ့ဆန္ဒ မရှိပါဘူး။ အခုလို ဒီလိုမျိုးလေး ဦးက ပန်းကို မကြာခဏ လာတွေ့ပေးတယ်ဆိုရင်ပဲ ပန်း ကျေနပ်နေပါပြီ။

"ပန်း ဒီလောက်လောဘမကြီးပါဘူး ဦးရယ် . . . နော်"

ခက်ရချည်ရဲ့ ကောင်မလေးရယ်။ ငါ ဘယ်လိုပြောရပါ့မလဲ။ မင်းရဲ့ဆန္ဒကို လိုက်လျောလိုက်ပြန်ရင် မင်းဘဝ နစ်နာလိမ့်မယ်။ မင်းဘဝ ပျက်ရလိမ့်မယ်။

"ပန်းကလည်း မိန်းမထဲက မိန်းမတစ်ယောက်ပါ။ လောဘရှိပါတယ်။ ဒါပေမဲ့ ဦး . . . ဦး ပန်းကိုပစ်သွားမှာစိုးလို့ ပန်း ဦးအပေါ်ဘာမှမတောင်းဆိုရက်ခဲ့ဘူး။ နောက်လည်း ဦးအပေါ် ဘာမှ ချုပ်ကိုင်ထားမှာမဟုတ်လို့။ ပန်းကို ပစ်မထားပါနဲ့နော်၊ ဦးနော်"





သူ့ရင်ခွင်ထဲ ကလေးတစ်ယောက်လို တိုးဝင်နေသော ပန်းကြောင့် သူမှာ ဖယ်ခွာရခက် ဖက်တွယ်ရခက်ဖြစ်ရပြန်သည်။ ခက်ပါရဲ့ ပန်းကလေးရယ်။ မင်းနဲ့တော့ခက်ပါရဲ့။ ဒီပုံအတိုင်းကြီး မင်းကို အတင်းရှန့်ပစ်ခဲ့ပြန်လျှင်လည်း ငါ ဘယ်လိုမှ စိတ်ချမ်းသာနိုင်မည် မဟုတ်ဘူး ကလေးရယ်။ ခက်ပါရဲ့။

"ကြွေက တစ်ခုခုကို ရိပ်မိနေပြီ ပန်း"

"ရှင်"

ပန်းရနံ့ အံ့ဩသွားရလေသည်။ ခေါင်းရွက်ကြွေဆိုသည်မှာ ထက်မြက်သောမိန်းမအပြင် မိဒီယာသမားများ ဂုဏ်ပြုထားသော မိန်းမ ဖြစ်သည်။ နိုင်ငံ၌ အထင်ကရမိန်းမအဖြစ် လက်ချိုးရေရသော စာရင်းတွင် ပါဝင်သူ။

ထိုသို့ အမျိုးသမီးမျိုးကို ပန်း ကြောက်မိတာတော့ အမှန်ပါ။ ပန်း အစိုးရိမ်တာ ဦး။ ဦးကိုများ ထိုမိန်းမက တစ်ခုခု ခြိမ်းခြောက်ထားပြီလား။

"သူ မင်းကိုသိသွားခဲ့ရင် တစ်ခုခု လုပ်လိမ့်မယ်။ မင်း ဒုက္ခရောက်ရလိမ့်မယ် ပန်း"



www.burmeseclassic.com

www.burmeseclassic.com



"ဦး ပန်းကို စိတ်ပူနေတာလားဟင်"

"ပူတယ် ကောင်မလေး။ မင်းလို သိပ်ပြီးအေးဆေးပျော့ညံ့တဲ့ လူကို မပူလို့ ဘယ်သူ့ကို ပူရမှာလဲ"

"ဦးသာ ပန်းရဲ့အနားမှာရှိနေရင် ပန်း ဘာကိုမှ မကြောက်ပါဘူး ဦးရယ်။ ဦး ပန်းကို ပစ်မသွားဘူး မဟုတ်လား။ ဟင် ... ဦး ဟင်"

ဘာတတ်နိုင်ဦးမှာလဲ။ တင်းထားသော သူ့စိတ်များ အရုံလိုက် ပျော့ခွေယိုင်နဲ့သွားလေတော့သည်။

○○○



## အခန်း (၇)

"ဘယ်သွားတာလဲ"

ဒေါ်ဆောင်းရှက်ကြွေ၏မျက်ဝန်းဝင့်ဝင့်အောက်တွင် ကိုမောင်မျိုးမှာ ဘာပြန်ဖြေလို့ဖြေရမှန်း မသိပါ။ ကျားရှေ့ရောက်နေသော ယုန်သူငယ်ပမာ ကျုံ့ကျုံ့လေး ရပ်နေရှာသည်။

ထွက်ပေါက်ကို အပြေးအလွှား ရှာဖွေမိသော်လည်း မတွေ့နိုင်ပါ။ လိမ်ပြော၍မရမှန်းလည်း သိသည်။ ထိုအသိကြောင့် ပို၍ အနေကျဉ်းကျပ်၏။

"ကိုမောင်မျိုးက ကြွေတို့မိသားစုရဲ့ လူယုံပါ။ မိသားစုဝင်



www.burmeseclassic.com

www.burmeseclassic.com



ဆိုလည်း မမှားဘူး။ ဒါကြောင့် ကြွေတို့မိသားစုကြီး ပျက်စီးရာပျက်စီး ကြောင်းတွေ တွန်းအားမပေးဘူးလို့ ကြွေယုံတယ်"

ဟုဆိုကာ ရုံးခန်းထဲရှိ ညှော်တိုင်ဆက်တီပေါ်တွင် ဝင်ထိုင်ရင်း ဆိုလေ၏။

ပြီးနောက် ကိုမောင်မျိုးကို အလွတ်မပေးစတမ်း စိုက်ကြည့်သည်။

"ကြွေ သိပြီးသားပါ။ ဒီကို ကြွေလာတယ်ဆိုတာ တစ်ခုခုကို အတည်ပြုဖို့ပဲ။ မီးဆိုတာ မလောင်ခင်တားရတယ် ကိုမောင်မျိုး မီးလောင်ရာလေပင့် မဖြစ်ဖို့က ကိုမောင်မျိုးလို အနီးကပ်စောင့်ရှောက်တဲ့လူမှာ တာဝန်ရှိတယ်။ ထိုင်ပါ ... ကြွေနဲ့ သက်သောင့်သက်သာပဲ ပြောဆိုလို့ရပါတယ်"

ဟုဆိုသောအခါ ကိုမောင်မျိုးမှာ အသက်ရှူချောင်သွားသလို ခံစားရသည်။ သို့သော် ကျားရှေ့မှောက်လျက်လဲခဲ့ပြီမို့ ခေါင်းမဖော်ရဲ သေးချေ။

"သူ့ကို အပြစ်တင်ဖို့လာတာ မဟုတ်ဘူး။ ပြဿနာဖြေရှင်းဖို့လာတာပါ။ ပြဿနာဖြေရှင်းဖို့ဆိုတာ ပြဿနာဖြစ်ရတဲ့အကြောင်းအရင်းကို သိဖို့လိုတယ်လေ။ ကြွေ သိချင်တာက ကိုမောင်မျိုးရဲ့ အမြင်ကိုပါ"





"ကျွန်တော် ဘာပြောရမလဲဆိုတာ မမက ညွှန်ကြားပေးပါ"

"သူ ဒီလိုသွားလာနေတာ ကြာပြီလား။ ကုမ္ပဏီက ဝန်ထမ်းတွေရော ရိပ်မိကြပြီလား"

အရှိအသေတန်ကုန်မှာစိုးသည့်အတွက် အတွင်းရေးကို အရင်ဖော်နိုင်အောင်သာ ကြိုးစားရမည်ကို ကြွေ ကောင်းကောင်းသိ၏။

"ဖေဖေ့ပုံက တစ်မျိုးပဲ။ မေမေနဲ့ဖေဖေ တစ်ခုခုဖြစ်ထားကြသလား"

ဟု သမီးက မေးခွန်းထုတ်လာသောအခါ ကြွေ လန့်သွားခဲ့သည်။ ကြွေတင်မက ကိုယ့်ပုံကို သမီးပါ ရိပ်မိလာပြီဖြစ်၏။ လူများအားလုံးသည် အသိဉာဏ်၊ စဉ်းစားချင့်ချိန်ဉာဏ် ရှိကြသည်။

ထိုအထဲ၌ အနေနီးစပ်သူများသည် သူတို့အလေးအမြတ်ထားသူကို ပို၍ အရိပ်လိုက်ကြည့်တတ်ပြီး ဝေဖန်တတ်ကြသည်ကို ကြွေ သိ၏။

ထို့ကြောင့် ဒီကိစ္စကို ကြွေ မသိချင်ယောင်ဆောင်၍ မဖြစ်တော့မှန်း သိလိုက်သည်။ ကိုယ့်သိက္ခာတွေ ဒီထက်ကျဆင်းမသွားရန် ကြွေ့ထံ တာဝန်ရှိသည်။ ထို့ကြောင့် အခြေအနေကို အကဲခတ်ရန်အတွက် ကြွေက ကိုကုမ္ပဏီသို့ ဝင်ခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်မှ လိုက်ချောင်းလျှင် ကိုသိက္ခာကျမည်ကို ကြွေ သိသည်။

ထို့ကြောင့် အတွင်းရေးမှူးမလေးအား ကိုနှင့်ပတ်သက်၍ ဘယ်သောအခါမှ စပ်စုခြင်းမပြုပေ။

ကိုမောင်မျိုးလို လူယုံကိုသာ သူ့လူကိုယ်ဘက်သားဖြစ်အောင် လှည့်ကွက်သုံးထားလေ၏။

သို့သော် ကိုမောင်မျိုးသည် ကိုတို့အိမ်၏ ငယ်မွေးခြံပေါက်ဖြစ်သည်။ ယောက်ျားသားချင်းလည်း ဖြစ်သောကြောင့် ထိုကိစ္စကို နှုတ်လုံနေခြင်းဖြစ်သည်။

ထိုနှုတ်လုံသောအချက်သည် ကိုသိက္ခာအတွက် ကောင်းသော်ငြား ကြွေ့အတွက်တော့ သိပ်အဆင်မပြေပေ။

လှူပါးစပ်တစ်ပေါက် ဘယ်အချိန်ထိ ပိတ်ထားနိုင်ဦးမှာလဲ။ ခုလောက်ဆိုလျှင် ကိုမောင်မျိုးရဲ့မိသားစုက ကို့အကြောင်းသိနေလောက်ပါပြီ။

ကိုမောင်မျိုး၏ဇနီးက ကို့အပေါ် အရိုအသေတန်နေလောက်ပါပြီ။ ရွှေတွင် ဘယ်လောက်ပင် ခေါင်းငုံ့ရိုကျိုးနေတယ်ဆိုသော်ငြားရင်ထဲ လေးစားမှုမရှိတော့လျှင် သိက္ခာဆိုတာ မြောင်းထဲမှာ ဖြစ်သည်။





"ကိုမောင်မျိုး သိထားသလောက် ကြွေ့ကို ပြန်ပြောနိုင်မလား"

အလုပ်ရှင်နှင့်အလုပ်သမားဆိုသောပုံစံမျိုး မဟုတ်ဘဲ မိသားစုပမာ ရွေးထွေးမှုနှင့်ဆိုသောအခါ ကိုမောင်မျိုးက ကြွေ့ကိုမော့ကြည့်လာနိုင်၏။

ကြွေ ခြေတစ်လှမ်း လှမ်းဝင်နိုင်ပြီဖြစ်သည်။

"ဆရာကလည်း မိသားစုကို တန်ဖိုးထားတဲ့လူပါ။ ဆရာ့ကိုယုံလို့ ကျွန်တော် မမကို ပြန်မပြောပြခဲ့တာပါ။ အဲဒီအတွက် ကျွန်တော့်မှာ အပြစ်ရှိပါတယ်"

"ကြွေ ကိုမောင်မျိုးကို အပြစ်တင်နေတာ မဟုတ်ဘူး။ ကိုမောင်မျိုးကိုမှမဟုတ်ဘူး သူ့ကိုလည်း အပြစ်မတင်ပါဘူး။ ယောက်ျားပဲ ယောက်ျားပီသမှုတော့ ရှိမှာပေါ့။ သူက ပုထုဇဉ်လေ။ သူတော်စင်မှ မဟုတ်တာ။ ကြွေ စိတ်ဝင်စားတာက ဖြေရှင်းဖို့ နည်းလမ်းပါ"

ဟု ပိုပိုသာသာလေး မြှောက်ပြောလိုက်ခြင်းသည် ကိုမောင်မျိုး၏စိတ်ကို ပို၍ ယုံကြည်ချက်ရှိစေလိမ့်မည်ဟု ကြွေထင်သည်။

"ပန်းရန်နဲ့လို့ ခေါ်ပါတယ်"

"သူက အလှပြင်ပစ္စည်းနဲ့ အမျိုးသမီးဝတ်စုံဆိုင် ဖွင့်ထားတယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ကြွေက ကြွေလည်း သိနှင့်ပြီးသားပါဆိုသော အရိပ်အယောင်ကို ပြလေသည်။ ဒါမှလည်း ကိုမောင်မျိုးက ပိုပြီးပွင့်လင်းလာမည်ဟု ထင်သည်။

အမှန်က ကြွေ မသိသေးပါ။ ခန့်မှန်းပြီးသော ပြောလိုက်ခြင်းဖြစ်၏။ ဘာကြောင့်လဲဆိုတော့ ကိုပြန်လာတိုင်း ကိုကိုယ်ပေါ်တွင် ရနံ့က တစ်နေ့တစ်မျိုး ရအောင် စွဲထင်နေတတ်သည်။

ပြီးနောက် ခုတလော အလှအပ ပစ္စည်းများကို ကို လေ့လာနေတတ်သည်ကို ကြွေ သိသည်။ မပြတ်လှတို့လို ကိုယ်စလှယ်မျိုးနှင့်ကို ဆုံတွေ့သည်ဆိုကတည်းက ကြွေ ရိပ်ဖမ်းသံဖမ်း သိနေပြီဖြစ်၏။

ထိုမိန်းကလေးကို ကိုက တစ်ခုခုကူညီနေတာများလား။ ဒါဲ ရှိမှာပေါ့။ ဒီခေတ်မိန်းကလေးတွေ အရှောင်လိုက်တတ်မှန်းကို ကြွေက သိပြီးသား။ ဒါပေမဲ့ . . . ခပ်ပေါပေါလုပ်ငန်းရှင်များထဲ ကိုကလည်း တစ်ယောက်အပါအဝင် ညှပ်နေခြင်းကို ကြွေ မနှစ်သက်ပေ။

ကို့ကို အားလုံးထက် ပေါ်လွင်ပြီး လက်မထောင်နိုင်သော ခင်ပွန်းမျိုးသာ ဖြစ်စေချင်၏။ မိန်းနှင့်သမီးထက်သာသော ပုဂ္ဂိုလ်မျိုး ဖြစ်စေချင်သည်။ ကိုသည် အရည်အချင်းအားဖြင့် ကြွေ့ထက်သာကောင်း သာနိုင်လိမ့်မည်။

သို့သော် . . . ကိုယ်ကျင့်တရားတော့ အကျဘက်သို့ ထိုးဆင်း





လုလု ဖြစ်နေလေ၏။ ကြွေ ကယ်တင်ရမည်။ ကိုကျဆင်းသိကျွာ ဒီထက်ကျသေးခင် ကြွေရအောင် ကယ်တင်ရလိမ့်မည်။

"ခါတိုင်းရော အလုပ်ချိန်မှာ အဲဒီလိုသွားတတ်သလား"

အမှန်က ကိုသည် အချိန်အခင်းမတန်ဆင်းရဲသူ ဖြစ်သည်။ နိုင်ငံတော်ပွဲတွေ၊ လူမှုကွန်ရက်အဖွဲ့အစည်းတွေ၊ စီးပွားရေးနှင့်ပတ်သက်တဲ့ ဆွေးနွေးပွဲတွေ၊ ကုမ္ပဏီ၌ စီမံကွပ်ကဲရေးတွေ၊ အစည်းအဝေးတွေနှင့် ပြည့်သိပ်နေသူဖြစ်သည်။ ကျန်းမာရေးလေ့ကျင့်ခန်းပင် အချိန်လုလုပ်နေရသူဖြစ်သည်။

ဒီလောက်တန်ဖိုးရှိတဲ့ ကို့ရဲ့အချိန်တွေကို ဘာမဟုတ်တဲ့ မိန်းမတစ်ယောက်ထံ ဖြုန်းတီးပစ်နေခြင်းသည် နမြောဖို့ ကောင်းလှပါသည်။ ရင်နာဖို့ ကောင်းလှပါသည်။ မိန်းတစ်ယောက်အနေနှင့် ဒေါသဖြစ်ရ၏။

သို့သော် ထိုကိစ္စမျိုးသည် ဒေါသအလျောက် ဖြေရှင်း၍ မရမှန်း သိသည်။ ထို့ကြောင့် ဒေါသမျက်နှာကို အပြုံးရေစုရေဖြင့်သာ ဖုံးဖောင်ထားရပေလိမ့်မည်။ ဒါမှလည်း ကြွေသိချင်သလောက်ကို မောင်မျိုးထံမှ နှိုက်ယူလို့ရမည် မဟုတ်ပါလား။ လူတစ်ယောက်၏ အဝင်ကို အကြောမသိဘဲ ဖွင့်လို့မရမှန်း ကြွေ ကောင်းစွာသိနေသည်။

"မသွားပါဘူး . . . ဒါက ပထမဆုံးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ကထွက်ကတည်းက သူ ကားကို ကိုယ်တိုင်မောင်းပြီး သွားလိုက်တယ်ဆိုတာ ကြွေ သိတယ်"

ကိုသည် ကားကိုကိုယ်တိုင်မောင်းမည့်နေ့ဆို ဖိနပ်ကို အရေး ရွေးချယ်လေ့ရှိသည်။

ထို့ကြောင့် ကိုမောင်မျိုးမပါဘဲ တစ်နေရာရာကို သွားတော့မည်ဆိုတာ ဖိနပ်ရွေးနေကတည်းက ကြွေ သဘောပေါက်သည်။ ထို့ကြောင့်ပင် ကြွေက တမင် ကုမ္ပဏီသို့ ဝင်လာခြင်းဖြစ်၏။

"ကျွန်တော်လည်း ဒါပဲ အံ့သြနေတာပါ"

"ဒါဆို ခါတိုင်းတော့ သူက ကိုမောင်မျိုးကို ခေါ်သွားတယ်ပေါ့"

"ကောင်မလေး ဟောဟော့ရမ်းရမ်း မရှိပါဘူး"

ကိုမောင်မျိုးနှင့်တောင် ရင်းနှီးနေမှကိုးဟု ဝမ်းနည်းစွာ သဘောပေါက်လိုက်သည်။

"မိဘတွေကရော"

"မရှိတော့ဘူး။ လွန်ခဲ့သော ငါးနှစ်လောက်က အက်ဆီးဒင့် ဖြစ်ပြီး ဆုံးသွားတယ်တဲ့။ ကောင်မလေးကလည်း အဆင့်အတန်းရှိ ထဲကပါ။ ဒေါ်လီခံလိုက်ရတဲ့ မှန်းစတားအုပ်စုက"

ကြွေ တုန်လှုပ်သွားသည်။ မှန်းစတားဆိုသည်မှာ ကာစ်ချိန်က





မှိုမှိုတို့နှင့် ပါတနာဖြစ်ခဲ့ဖူးသည့်လူများ ဖြစ်လေသည်။

"အိုကေ ... ရပြီ ကိုမောင်မျိုး။ ကြွေသွားတော့မယ်။ ဒီနေ့ ကြွေ့ကို ပြောပြသမျှ သူ့ကို ပြန်မပြောဘူးလို့ ကြွေယုံလိုက်ပါ့မယ်"

"ဟုတ်ကဲ့"

"ရော့ ... ဒီအကျီ ကြွေလာပေးသွားတယ်လို့ပဲ ပြောလိုက်ပါ"

"ဟုတ်ကဲ့"

မတ်တတ်ထရပ်လိုက်သော်လည်း ဒူးက မငြိမ်ချင်ပါ။ မဝေ ပြတ်တို့ ဆုံးသွားစဉ်က သူတို့မှာ သမီးတစ်ယောက် ကျန်ခဲ့သည်ကို ကြွေ သိသည်။ ပြီးနောက် ထိုသမီးကို မှိုမှိုတို့ကပဲ နိုင်ငံခြားပို့ပေးပြီး စောင့်ရှောက်ထားသလိုလို၊ ဘာလိုလို သတင်းရိပ်ရိပ်ကြားခဲ့မိသေးသည်။

"ဘုရား ... ဘုရား ... မဟုတ်ပါစေနဲ့"

အသံတိတ် ဆုတောင်းမိသည်။ မနေ့ကမှ ကြွေ လက်တလော ကြားရသောသတင်းသည် မှိုမှိုတို့ထောက်ပံ့ပေးထားသော မိန်းကလေးနှင့် မှိုမှိုတို့သားက တစ်ခုခုဖြစ်၍ မှိုမှိုတို့က ထိုမိန်းကလေး နှင့် သားကို ခွဲဖို့ကြိုးစားနေသည်ဆိုသောသတင်း ဖြစ်သည်။

"မှိုမှိုသားနဲ့ ဖြစ်နေတာက အဲဒီကောင်မလေးများလား"



www.burmeseclassic.com

www.burmeseclassic.com



ကြွေမှာ မဟုန်လှပ်စဖူး ဟုန်လှပ်နေမိသည်။ တစ်ဖက်မှာလည်း စကားတွေ ကျွံသွားပြီဖြစ်၏။

ဒီလို မသန့်ရှင်းနဲ့ပတ်သက်မှုမျိုးကိုလည်း ကြောက်သည်။ ကြွေ ဘာလုပ်ရမလဲ . . . ဘာလုပ်ရမလဲ။

ယခုလောလောဆယ် ကြွေ လုပ်နိုင်တာက တစ်ခုတည်းဖြစ်၏။ မဟုတ်ပါစေနဲ့။ ကြွေထင်သလို မဟုတ်ပါစေနဲ့ဟု။ သို့သော်။

○○○



## အခန်း (၈)

"ဒါက မို့တို့သား ဘိုဘိုတဲ့"

ကြွေ့နားထဲ မိုးကြိုးပစ်သံအလား ရှူည့်သွားလေ၏။

ထိုကောင်လေးကို ကြွေ ကောင်းစွာသိသည်။ မှတ်မှတ်ရရ ကြွေတို့မိသားစု နေ့လယ်စာလက်ဆုံစားကြမည့်နေ့တွင် ထိုနေ့၌ ဆုံခဲ့ခြင်းဖြစ်သည်။

ထိုစဉ်က ထိုကောင်လေးခေါင်းတွင် သွေးများ စို့ရွှဲနေခဲ့သည်။ ကြွေ မမှားနိုင်ပါ။ ယခုချိန်ထိ နဖူးတွင် ကပ်ထားဆဲဖြစ်သော ပလာစတာက သက်သေခံနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"သားက အချောပဲ။ ကဲ ... ကြွေလည်း တစ်ဆက်တည်းမှာ မိတ်ဆက်ပေးရမယ်။ ဒါက ကြွေတို့သမီးလေး ဟေမာန်ခန့်ကိုတဲ့"

"အမယ်လေး သိပြီးသားပါ။ အမေ့ထက် ခြေလှမ်းစိတ်မယ့် သမီးအဖြစ် မီဒီယာတွေက ဒီလောက်ဖော်ပြနေတာ မှတ်တို့မသိရင် ညံ့သွားမှာပေါ့။ သားရှင်တွေ မျက်စိကျနေကြလို့ မှတ်က အရင်တန်းဆီ လိုက်တာပါနော်"

ဒေါ်မိုးမိုးသည် ချိုသောအပြုံးနှင့် ဆိုလေရာ ဒေါ်ဆောင်းရွက် ကြွေမှာ ဟန်ဆောင်ပြုံးကိုသာ ပန်ဆင်ထားရလေ၏။ ရင်ထဲမှာတော့ လိပ်ခဲတင်းလင်း။ ရှပ်တွေးသော ထိုကောင်လေးမျိုးနှင့် ငါ့သမီး မတော် ဘူးဟုသာ အကြိမ်ကြိမ် ပြောနေမိ၏။

ကောင်းကွက်တစ်ချက်မျှ ကြွေက ထိုကောင်လေးကို မမြင် ချေ။ ကြွေ မမြင်ချင်စရာကောင်းလောက်အောင်ကို ကောင်လေးမှာ ထောင့်မကျိုးပေ။ မပိုးမခန့်ဖြင့် ဖုန်းကိုသာ ကလိနေလေ၏။

ထိုကောင်လေးသော ကြွေ့သားဆိုပါက တွေ့ဆုံပွဲမှာပြန်လှည့် အုပ်ဆက်ပွင့်အောင် နာရင်းတီးမိလေမလားပဲ။

"သား နှုတ်ဆက်လိုက်လေ"

"ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ်"

"ဟုတ်ကဲ့ ... ဟေမာန်ကလည်း တွေ့ရတာ ဝမ်းသာ





ပါတယ်။ ဒီက အန်ကယ်နဲ့အန်တီကို ဟေမာန် အခုမှမြင်ဖူးတယ် ဆိုပေမယ့် အန်တီတို့ရဲ့ဂုဏ်သတင်းကိုတော့ ဟေမာန် ကြားဖူးပြီး သားပါ"

"ဒါက သမီးလေးနာမည်ကြီးခြင်းရဲ့ လျှို့ဝှက်ချက်ထင် တယ်၊ ဟုတ်လား ကြွေ။ ကြွေတော့ ထက်မြက်တဲ့သမီးကို ပိုင်ဆိုင် ထားတဲ့အတွက် အားကျစရာ အကောင်းဆုံးအမေပါပဲ"

"ဟေမာန်ကို ချီးမွမ်းပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် အန်တီ။ အခုလို အန်တီတို့နဲ့ ဆုံခွင့်ရတာကိုလည်း ဟေမာန် ဝမ်းသာ ပါတယ်။ ဟေမာန်ကတော့ အန်တီနဲ့မေမေတို့ကို လှမ်းမီနိုင်အောင် အများကြီး ကြိုးစားရဦးမှာလေ။ ဟေမာန့်ကို လက်တွဲခေါ်မယ်လို့ လည်း ဟေမာန် မျှော်လင့်ပါတယ်"

"သမီးက အမျိုးသမီးတွေကို မြှင့်တင်ပေးတဲ့ အော်ဂနိုက် ဇေရှင်းတစ်ခုကို ဖွဲ့ချင်တာ မဟုတ်လား။ ဖွဲ့စည်းဖို့လည်း ပြင်ဆင်နေတယ် လေ။ ဘဝမှာ အခက်အခဲရှိတဲ့ အမျိုးသမီးမှန်သမျှ အကူအညီပေးတဲ့ သဘောမျိုးပေါ့။ တစ်နည်းအားဖြင့် အလုပ်အကိုင် ရှာဖွေပေးတာ ပေါ့"

ဟု အမျိုးသမီးစွမ်းဆောင်ရှင်များအဖွဲ့၏စည်းရုံးရေးမှူး ဖြစ်သော ဒေါ်မိုးမိုးကို ဒေါ်ဆောင်းရွက်ကြွေက မယုတ်မလွန် စကား



www.burmeseclassic.com

www.burmeseclassic.com



ဆိုသည်။ ထိုအခါ ဒေါ်မှိုမှိုမျက်လုံးများသည် တောက်ပလာသည်ကို တွေ့ရ၏။ ချက်ချင်းဆိုသလိုပင် သမီးကို ချွေးမပြုတော်ချင်နေသည့် မျက်နှာကဲကို ဖမ်းလိုက်မိသည်။

"ရင့်ကျက်မှုက အသက်အရွယ်နဲ့ မဆိုင်ဘူးဆိုတာကို မှို့တော့ ယုံသွားပြီ ကြွေရေ။ ကောင်းပါတယ်။ သမီးလေးက ဒီလိုစိတ်ထားရှိတော့ အန်တီတို့က မြှင့်တင်ပေးရတာပေါ့။ လူကြီးတွေထက် လူငယ်တွေက ရှေ့ရေးကို ပိုပြီးမြင်နိုင်တာ ကောင်းတဲ့အလားအလာပဲ။ ကဲ ... သမီး သမီးလျှောက်မယ့်လမ်းထဲ သမီးအစ်ကိုကိုလည်း ဆွဲခေါ်လို့ရတယ်နော်။ သူကလည်း သမီးကို အများကြီး အထောက်အပံ့ ပေးနိုင်မှာပါ"

"မှို့သားက စကားနည်းတယ်နော်"

"သားက အနေအေးလို့ပါ"

"ခေါင်းက ပလာစတာက ဒဏ်ရာရထားတာနဲ့ တူတယ်နော်"

ဟု ကြွေက မေးလိုက်သောအခါ နီရဲသွားသော ဒေါ်မှို့မှို့ မျက်နှာကြောင့် ကြွေ သဘောပေါက်လိုက်သည်။ ထိုဒဏ်ရာရရခြင်း အကြောင်းအရင်းကို မှို့မှို့ ကောင်းစွာသိနေသည်။

ထိုသို့ သိလိုက်တာနှင့်တစ်ပြိုင်နက် ရင်ထဲ မီးဟုန်းဟုန်း





တောက်လာရသည်။ ဒီလို မိန်းနိုင် ဖမနိုင် တလေကြမ်းဆိုးနှင့် ကြွေတို့ရဲ့အဖိုးတန်သမီးလေးကို ကြောင်းလမ်းရကောင်းလားဆိုသည့် ဒေါသသည် ကြွေ တစ်ကိုယ်လုံး ပျံ့နှံ့သွားလေသည်။

ကြွေ ထိုကောင်လေးကို တွေ့ခဲ့စဉ်က ဂျင်းပန့်အပြာ ဖရိုဖရဲ အဝတ်အစားများနှင့် ကပိုကရိုဖြစ်သည်။ သို့သော် ... ယခုမူကား အနောက်တိုင်းဝတ်စုံနှင့် စမတ်ကျကျ ဖြစ်လေသည်။

အပေါ်ယံက မည်မျှပင် ရွှေမှုန်ကြဲထားသည် ဖြစ်သော်လည်း ပုပ်ပွနေသောခန္ဓာကို ကြွေက အတိုင်းသား သိမြင်ပြီးသား ဖြစ်၏။ ထိုကောင်လေးကို ကြွေ အထင်ကြီးကြည့်၍ မရပေ။ ကြွေ့ကို သားအမိကို စကားတစ်ခွန်းမျှ ခွန်းတုံ့မပြန်သောကောင်လေးသည် ယဉ်ကျေးမှုနည်းလှသည်။

ထိုသို့ကောင်လေးမျိုးနှင့် ကြွေ၏ အဖိုးတန်သမီးလေး မတန်ဘူးဟု ကြွေ ထင်သည်။ ဒီနေ့ ဒီလိုအချိန်မျိုးတွင် ဒေါ်မှို့မှို့၏မျက်နှာသာမရှိပါက ထိုကောင်လေး နလန်မထူနိုင်လောက်သည့်စကားလုံးမျိုး ကြွေ ပြောမိလေမလားမသိ။

အခုတော့ အကြောင်းကြောင့်ကြောင့် ကြွေ ဒေါသကို အမြိုးမြိုး ဖုံးဖိထားရလေသည်။ ဒေါ်မှို့မှို့သည်လည်း ညံ့သောမိခင်မဟုတ်လောက်မဟုတ်၍ အခြေအနေကို ရိပ်မိလိမ့်မည်ဟု ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဪ ... အခုမှ သေသေချာချာ ကြည့်မိတယ်။ မောင်ဘို ဘိုကို အန်တီ တစ်နေရာရာမှာ မြင်ဖူးနေသလိုပဲ"

ဟုဆိုသောအခါ ကောင်လေးက ကြွေ့ကို ကြည့်လာ ပြီးနောက် ... မျက်မှောင်ကြုတ်၍ စဉ်းစားနေသည်။

"ကျွန်တော်တော့ အန်တီ့ကို ဘယ်နေရာမှာမှ မမြင်ဖူးပါ ဘူး"

"ဟုတ်သား ...အဲ ကြွေရေ ... သားက ဒီလိုပဲ ကော တည့်ပြောတတ်တယ်"

"ကောင်းပါတယ်၊ ယောကျ်ားလေးဆိုတော့လည်း တည့် ပြောတာ ကောင်းပါတယ်"

"လူငယ်ဆိုတော့ အမျိုးသမီးရေးရာကိုစွန့်ပတ်သက်လို့ စိတ် မဝင်စားလို့ ကြွေ့ကို မသိတာပဲနေမှာပါ။ သားက နည်းနည်း တစ်ရှ ထိုးဆန်တယ်။ နဖူးအထိရာကိုပဲ ကြည့်လေ။ ဟိုနေ့က သူ့သူငယ်ချင်း နဲ့ ကားပြိုင်မောင်းရင်း ဖြစ်ရတာ။ သူက သူ့ကို သူများ အနိုင်ယူသွား မျိုးဆို သိပ်မုန်းတာ။ မခံချင်စိတ်ပေါ့ ကြွေရယ်"

ကြွေ့ရင်ထဲ ဒေါ်မိုးမိုးကို မုန်းသွားတာ အမှန်ပါ။ အမှန်တရား ကို ကြွေက သိနှင့်ပြီးသားဖြစ်၍ ထိုမှသားကို ရယ်ချင်လာသည်။ ထ ဆက်တည်းမှာ အလိမ်အညာစကားဆိုတတ်သော ဒေါ်မိုးမိုးကိုလည်း





အထင်သေးသွားလေသည်။

"ဪ ... မောင်ဘိုဘိုက သူငယ်ချင်းတွေနဲ့ ကားပြိုင် မောင်းတာကိုး။ ခုခေတ်လူငယ်တွေက ခက်ပါရဲ့ မရိုးရယ်။ အချိန်ကို အနှိုးရှိရှိ မသုံးဘဲ ဖြုန်းချင်နေကြတာ"

ကြွေ၏တန်ပြန်တိုက်စစ်ကြောင့် ဒေါ်မိုးမိုးမျက်နှာသည် ကွက် ခနဲ ပျက်သွားလေ၏။ သို့သော် ဟန်ဆောင်၍ ပြုံးလာပြန်သည်။

"လူငယ်က လူငယ်ပီပီနေတာမျိုးလည်း မကောင်းတဲ့အရာမှ ဟုတ်တာ ကြွေရယ်။ မိုတို့လူကြီးတွေက လောဘကြီးနေကြလို့ပါ။ အသက်နှစ်ဆယ်ဆိုတဲ့ အရွယ်က တကယ်တမ်းတော့ ငယ်ပါသေး သယ်။ ဒါပေမဲ့ ပေါမာန်လေးလို ရင့်ကျက်တော့ ပိုပြီးကောင်းတာပေါ့။ ဒဲ ကဲ ... တို့တွေကပဲ ဦးဆောင်ပြီးပြောနေတော့ ကလေးတွေ ငြိတ်ဆိတ်နေရတယ်။ တို့တွေ ကလေးတွေကို အချိန်ပေးကြရင် ကောင်းဘူးလား"

"ကောင်းတာပေါ့ ... ကောင်းတာပေါ့။ အဆင်ပြေတဲ့ အချက်ရက်တော့ သူတို့ တွေ့ဖို့ ထပ်ခံ့ပေးဖြစ်မှာပါ"

"အဆင်ပြေတဲ့ရက် အမြန်ဆုံးရောက်လာပါစေလို့ ဆုတောင်း မှာပဲ။ ဒါနဲ့ ... ကိုခန့်ကိုလည်း ပါမလာဘူးနော်"

"ဒီကိစ္စတွေက အမေချင်းနဲ့ပဲ ပြောရင် ပိုလို့အဆင်ပြေမယ်



www.burmeseclassic.com

www.burmeseclassic.com



ထင်လို့ပါ။ ကိုမင်းသူ အိုဗာဆီးသွားတာရော ပြန်ရောက်ပြီလား"

"အင်း ... မနက်ဖြန်တော့ ပြန်ရောက်လိမ့်မယ်။ ကဲ ... စားပါဦး။ စကားကောင်းနေတာနဲ့ပဲ ညနေစာလွတ်ကုန်တော့မယ်"

အမှန်က စားဖို့ အဓိကမဟုတ်ပါ။ ထို့ကြောင့် ခက်ရင်းကို ကိုင်ထားသော ကြွေ့စိတ်သည် ထိုကောင်လေးထံပါး၌ ရစ်ဝဲနေလေ၏။

ထိုကောင်လေးကို မသိမသာ လှမ်းအကဲခတ်လိုက်သောအခါ ကောင်လေးသည် အဝါရောင်အသီးဖျော်ရည်ကို ဖိမ်ခံကာ သောက်နေလေ၏။

ကောင်လေးပုံမှာ စိတ်ကျဉ်းကျပ်နေပုံမျိုး အတိုင်းသားပေါ်လွင်နေသည်။

သမီးကို အကဲခတ်လိုက်သောအခါ သမီးသည် သက်သောင့်သက်သာပင် ခက်ရင်းကိုကိုင်ပြီး အမဲသားလွှာကိုသာ စနစ်တကျ လှီးဖြတ်နေလေ၏။ သမီးရင်ထဲ ထိုကောင်လေး ဝင်ရောက်သွားခြင်း မရှိမှန်း ကြွေ သဘောပေါက်လိုက်သည်။

ဖျော်ရည်သောက်နေသော ထိုကောင်လေးကို ကြည့်ရင်း ကြွေ့စိတ်ထဲ မျက်နှာတစ်ခုကို မြင်လာသည်။

ပြည့်ဖုံးပြီး ခြယ်သထားသော မျက်နှာတစ်ခု။





ဟင် ... သူ့ သူက ပန်းရနံ့များလား။

ကြွေ့စိတ်ထဲ ယောက်ယက်ခတ်ကုန်သည်။ ထိုနေ့က မိန်းကလေးကို ထိတ်ထိတ်လန့်လန့် ကြည့်နေသော ကို့မျက်လုံးများ။ ပြီးနောက် ထိုမိန်းကလေးက ကို့ကို ပြန်ကြည့်သွားသောမျက်လုံးများ။

ဟုတ်ပါပြီ ... သေချာပါပြီ။ သေချာနေခဲ့ပါပြီ။ သို့သော် ကြွေ မယုံချင်သေးပေ။ မယုံချင်ပါ။

ကိုနဲ့သမီးနဲ့ကြားကို ဆက်စပ်မှုမျိုး မရှိစေချင်ပါ။ ကြွေ ဘာလုပ်ရမလဲ၊ ဘာလုပ်ရမလဲ။

အင်မတန် သွေးအေးသည်ဟု နာမည်ကျော်ကြားသော ကြွေပင်လျှင် တကယ့်ပြဿနာနှင့် ရင်ဆိုင်ရသည့်အခါ။

○○○



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"သမီး အဲဒီကောင်လေးကို ဘယ်လိုမြင်သလဲ"

ကောင်လေးနှင့်ဆုံပြီး ပြန်ခဲ့သောနေ့ကတော့ ဘာတစ်ခွန်းမှ မပြောခဲ့သော်လည်း ဒီနေ့တော့ မနက်စာဝိုင်း၌ ကိုနှင့်သုံးယောက်ဆုံသောကြောင့် ကြွေက စမေးလိုက်ခြင်းဖြစ်၏။

"ဩော် . . . အင်း ဟုတ်တယ်၊ အဲဒီအကြောင်း ကိုယ်မမေးသေးဘူး။ သမီးတို့ချင်း တွေ့ကြတာ အဆင်ပြေရဲ့လား"

ဖခင်ပီပီ အားကြိုးမာန်တက် ဆိုလာပြန်သည်။

"သမီးတော့ သဘောမကျဘူး မေမေ"





"မေမေလည်း အတူတူပါပဲ"

"ဟင်"

ကြွေ့စကားကြောင့် သူရော သမီးပါ အံ့အားသင့်သွားပြီး ကြွေ့ကို မယုံနိုင်စွာ စိုက်ကြည့်ကြလေသည်။ သို့သော် ကြွေကမူ ခေါင်းမုန့်ကို ထောပတ်သုတ်မပျက်ပင်။

"ကောင်လေးက ကာရိုက်တာ ခပ်ဆိုးဆိုးပါ။ သမီးနဲ့မတန်ဘူးလို့ထင်တယ်"

ကြွေက ထိုသို့မိန်းမဖြစ်သည်။ ထိုသို့ ပွင့်ပွင့်လင်းလင်းပြောတတ်သော ကြွေ့စရိုက်ကိုပဲ သူချစ်ခဲ့ရတာ မဟုတ်လား။

"နင်က နည်းနည်းပျော့ညံ့ပေမယ့် ငါ့ကို မြတ်မြတ်နိုးနိုးချစ်လို့ ငါ နင့်အချစ်ကို လက်ခံပါတယ်"

ဟု ရင်ခုန်စရာကောင်းအောင် အဖြေပေးတတ်သော ကြွေဖြစ်သည်။ သူ့ကို ကြွေချစ်မှချစ်ရဲ့လားဟု သံသယနှင့် နေလာသူကို ခပ်လာဦးညာရောက်မှ နင့်ကို ငါချစ်တယ်ဟု ဆိုင်းမဆင့် ဗုံမဆင့် ပြောလိုက်၍ သူ့ရင်ခုန်သံတွေ ဗလောင်ဆူခဲ့ဖူးသည်ကို ခုချိန်ထိ မမေ့နိုင်သေးပါ။

"ကိုလည်း အဲဒီကောင်လေးကို သိပါတယ်"

"ကိုယ်သိတယ် ဟုတ်လား။ ဘယ်ပွဲမှာ ဆုံဖူးလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကြွေတို့မိသားစု နေ့လယ်စာဝိုင်းလေ။ သွေးထွက်သံယိုဖြစ်ပြီး ထွက်သွားတဲ့စုံတွဲ ကိုမှတ်မိတယ် မဟုတ်လား"

ကြွေ့မေးခွန်းက ရိုးရှင်းလှသည်။ သို့သော် လျှို့ဝှက်မှုများထဲ့ သူက ကြွေ့အမေးကြောင့် နင်သွားတာ အမှန်ပါ။ မြန်မြန်ပြီး ဖျက်ယွင်း နေသောမျက်နှာကို ဘယ်လိုပြင်၍ပြင်ရမှန်းမင် မသိပါ။ ကြွေက ပန်းကို သိသွားပြီလေ။ မသိလောက်ပါ။ သိပါက ကြွေ့စရိုက်နဲ့ ငြိမ်နေမည် မဟုတ်ပါ။

"အင်း ... မှတ်မိတယ်၊ ဘာဖြစ်လို့လဲ ကြွေ"

"သွေးထွက်သံယိုဖြစ်တဲ့ ကောင်လေးပေါ့"

"ဟင်"

ကိုင်ထားသောကော်ဖီခွက်ဝင် လွတ်ကျလုလုဖြစ်သွားရသေ သည်။ ရင်တစ်ခုလုံးလည်း ပြောင်းဆန်ကုန်၏။

"အန်တီမို့ပြောတော့ အက်ဆီးအင့်ကြောင့်ဆို"

"သားဇောကြောင့် ညာပြောတာဆိုတော့ အဲဒီမှာသား မေမေက အမေတစ်ယောက်ဖြစ်နေတော့ ကိုယ်ချင်းစာပေးလို့ရ တယ်။ မေမေ နားမလည်တာက အဲဒီလို စားသောက်ဆိုင်ကြီး ကောင်လေးနဲ့ကောင်မလေးက သွေးထွက်သံယို ပြဿနာတက်ရေ ဘာများရှိသလဲပေါ့"





ပြောပြောဆိုဆိုပင် ကြွေသည် သူ့ကို အကဲခတ်နေမိသည်။ သူသည် စိတ်နှင့်လူ မကပ်သလို ငြိမ်သက်နေ၏။

ပြောင်းဆန်နေလောက်ရောပေါ့။ သမီးနဲ့ လူကြီးချင်း သဘော တူမယ့်ကောင်လေးနှင့်မှ ဖအေက ရည်းစားလုဘက်ဖြစ်နေသည့် အခြေအနေကို ... ကို သုံးသပ်တတ်လိမ့်မည်ဟု ထင်သည်။

"ဒါပေမဲ့ သမီးရယ် ... လူတစ်ယောက်ကို တစ်ကြိမ် တွေ့ ကြည့်ရုံနဲ့တော့ ဘယ်အရာကိုမှ မဆုံးဖြတ်လိုက်ပါနဲ့ဦး။ အားနာပါးနာ ဖြစ်ဖြစ် နောက်တစ်ကြိမ် ထပ်တွေ့ပေးလိုက်ပါ။ ဒေါ်မို့မို့တို့ရဲ့ဂုဏ် သိက္ခာကို ထည့်တွက်တဲ့အနေနဲ့ပေါ့။ သူတို့လည်း သူတို့သားရဲ့အရိပ် အခြည်ကို သိမှာပေါ့။ ဘာပဲဖြစ်ဖြစ် ကိုယ့်ဘက်က အလွန်မဖြစ်စေနဲ့ ပေါ့။ သူတို့ဘက်က ကိုယ့်ကို အားနာနေအောင် နေရမယ်။ မေမေပြော တာ နားလည်တယ်နော်"

"ဟုတ်ကဲ့ သမီး သိပါတယ်"

သားအမိနှစ်ယောက်၏စကားပြောသံသည် သူ့နားထဲ ကြား တစ်ချက် မကြားတစ်ချက် ဖြစ်နေ၏။

သူ့လက်ချောင်းများသည် တဆတ်ဆတ်တုန်ယင်နေသည်။ သမီးမျက်နှာကို ရဲရဲမကြည့်ဝံ့ချေ။ ရှက်မိ၏။

"ကိုယ် အရင်ထနှင့်တော့မယ် ကြွေ။ ကိုယ်သွားစရာလေး



www.burmeseclassic.com

www.burmeseclassic.com



ရှိလို့"

"အကျီအနွေးထည် ထည့်သွားဦးနော်။ ကို ညက နာချေနေတယ်။ ဆေးရောသောက်ပြီးပြီလား"

"အင်း"

ဟုသာဆိုပြီး မနက်စာဝိုင်းမှ ထလာခဲ့သည်။ စိတ်တွေကကယောင်ချောက်ချားဖြစ်နေ၍ သမီးကို နှုတ်မဆက်ခဲ့မိသည်ကို ကားပေါ်ရောက်မှ သတိရသည်။

"ကိုမောင်မျိုးရေ . . . ကျွန်တော် ပန်းတို့အိမ်ကို အရင်ဝင်မယ်"

ဟုပြောကာ ကုရှင်ကိုမှီပြီး ငြိမ်သက်စွာ လိုက်လာခဲ့မိသည်။ သူ ဘယ်လိုလုပ်ရမလဲ။ ဒီကိစ္စကို သမီးသိသွားလျှင် သမီးသည် ရှက်လိမ့်မည်။ သူ့အပေါ်လည်း ရွံရှာသွားလိမ့်မည်။

သမီးသည် သူ့ဘဝရဲ့တစ်ခုတည်းသော တွယ်တာရာ ဖြစ်သည်။ ဖေဖေဆိုပြီး လေးလေးစားစား ခေါ်နေတတ်သော သမီးကို သူချစ်သည်။

သူ့ဘဝတွင် သမီးက မရှိ၍မဖြစ်ပါ။ သူလုပ်ရတော့မှာတတစ်ခုတည်းဖြစ်၏။

ရှက်စရာကောင်းတဲ့ကိစ္စတွေ ဘူးပေါ်သလို မပေါ်ခင် သူ





ဖြတ်သားမှ ဖြစ်တော့မည်။ ပန်းရဲ့မျက်ရည်တွေကို သနားနေ၍ မဖြစ်တော့ပါ။

"ဆရာ ဆေးယ်နာရီမှာ အစည်းအဝေးရှိတယ်နော်"

ကားပေါ်မှ ဆင်းဟန်ပြင်လျှင် ကိုမောင်မျိုးက သတိပေးလိုက်ခြင်းဖြစ်၏။ သူကိုယ်သူ စိတ်ပျက်သွားမိသည်။ ကိုမောင်မျိုးက သတိဝင်ပေးရတဲ့ထိ သူ့အခြေအနေက ဆိုးသွားပြီလား။ ကိုမောင်မျိုးတောင် သူ့အပေါ် မယုံမကြည် ဖြစ်နေမှတော့ အကောင်းပါးတဲ့ ကြွေက သေိသေးဘူးလား။

သူ့ရင်ထဲ မေးခွန်းများစွာဖြင့် ဓာတ်လှေကားကို စီးလာခဲ့သည်။ စိတ်ထဲလေးနေသလို ခံစားရ၏။

သူ ဝမ်းနည်းနေတာလား။ သူ ပန်းကို ချစ်မိနေပြီလား။ ထိုမေးခွန်းကို ရေရေရာရာ မသိချေ။ ထိုမေးခွန်းမျိုး မိမိကိုယ်မိမိ မေးမိခြင်းကိုလည်း အားမလိုအားမရ ဖြစ်ရသည်။

သူသည် သစ္စာရှိသော ယောကျ်ားတစ်ယောက်ဖြစ်ချင်သည်။ သို့သော် မိဘနှစ်ပါး ဆုံးသွားရှာသော ပန်းရနံ့လေးကို သနားမိပြီး ကူညီရာမှ ဒီလိုပြဿနာဖြစ်လာရလိမ့်မည်ဟု ထင်မထားခဲ့ပေ။

ကြွေ့ထံမှ မရခဲ့ဖူးသော အကြင်နာများ ပန်းထံမှ ရရှိသာယာမိခဲ့သည်။ သူ့စိတ်ကိုလည်း သူ ခါးသက်မိသည်။ သူ ကြွေ့ကို



www.burmeseclassic.com

www.burmeseclassic.com



သစ္စာဖောက်သလိုဖြစ်သွားပြီလား။

အမှန်က သူ သစ္စာမဖောက်ချေ။ ယနေ့ချိန်ထိ သူ့ရင်ထဲ၌ ကြွေ့အပေါ်သာ အချစ်ဖြစ်ခဲ့ဖူးသည်။ ပန်းကို သူချစ်တယ်ဟု တစ်ခွန်းမှ မပြောခဲ့ချေ။ ထို့ကြောင့် ကြွေ့ကို သူ သစ္စာမဖောက်ဘူးဟု ယုံကြည်သည်။

သို့သော် လူ့ကျင့်ဝတ်အနေနဲ့ ကြွေ့အပေါ် သူ မတရားခဲ့ပါချေ။ သမီးအပေါ်လည်း အရိုအသေတန်မည့်ကိစ္စမျိုး လုပ်ခဲ့မိသည်။ သူလုပ်ရပ်တွေက ဒီထက် ရှက်စရာမဖြစ်သေးခင် ရပ်တန့်က ရပ်ရမည်။ လူ့အသိုင်းအဝိုင်း၊ လူ့ပတ်ဝန်းကျင်တွင် နေထိုင်သူမို့ လူများနှင့် ဝင်ဆံ့အောင် သိက္ခာရှိရှိ နေရမည်ဖြစ်သည်။

ထို့ကြောင့် ပန်း၊ လိုအပ်တာမှန်သမျှ ပေးပြီး ပန်းနှင့် ဖောက် လမ်းဖြတ်တော့မည်ဟု ပြတ်ပြတ်သားသား ဆုံးဖြတ်ကာ သူမှာ သောသော့ပိုဖြင့် တံခါးကိုဖွင့်ပြီး ဝင်လိုက်သည်တွင် မယုံချင်စရာ ကောင်းသော မြင်ကွင်းက သူ့ကို ကြိုဆိုနေလေသည်။

"ကျွန်တော် မကို ချစ်တယ်။ မကလွဲရင် ဘယ်သူ့ကိုမှ လက်မထပ်နိုင်ဘူး။ ကျွန်တော့်ကို လက်ခံပေးပါ မရယ်နော်"

ပန်းဇော်ကိုယ်လေးကို သိုင်းဖက်ကာ ပြောနေသောအသံသည် သူနားထဲ ပဲ့တင်ထပ်သွားလေ၏။





ရုတ်တရက်မို့ ထိုမြင်ကွင်းကို သူ မှင်တက်သွားမိသည်။

"မဖြစ်နိုင်တဲ့စကားကို မပြောနဲ့ ဘိုဘို။ မင်းသွားတော့ . . . အန်တီမှိုက အခု ငါနေတဲ့နေရာကို သိတယ်။ အန်တီမို ငါ့ကို ဒီထက် မြှသနာမရှာခင် မင်း သွားတော့"

"မ,သာ ကျွန်တော့်ကို လက်ခံတယ်ဆိုတဲ့စကားတစ်ခွန်း ပြောလိုက်၊ ကျွန်တော် မ,ရှေ့က ပြတ်ပြတ်သားသား ရပ်တည်မယ်။ အရားရုံးမှာလက်မှတ်ထိုးပြီး လက်ထပ်မယ်။ အဲဒီလို ကလေးမသာပုံ ဘောင်မလေးနဲ့ ကျွန်တော် လက်မထပ်နိုင်ဘူး"

သူ့ရင်ထဲ ဒေါသတို့ ဆူဝေလာသည်။ ပန်းနှင့် ပရူးနေသော ကြောင့်လား။ သူ့သမီးကို မတန်မရာ အပုပ်ချသောစကားကြောင့် လား မသိပါ။ သူ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားမိ၏။

"မင်းပြန်တော့ ဘိုဘို"

"မပြန်နိုင်ဘူး မ။ မ ကျွန်တော့်ကိုချစ်တယ်လို့ မပြောမချင်း မပြန်ဘူး"

"ဘိုဘို . . . ငါ့ကိုလွှတ်စမ်း လွှတ်"

"မလွှတ်ဘူး မ။ ကျွန်တော့်ကိုချစ်တယ်လို့ မပြောမချင်း လွှတ်ဘူး။ ပြော . . . ချစ်တယ်လို့ပဲ ပြောလိုက်။ လုံးဝလွှတ်ပေးမယ်"

မြင်ရသောမြင်ကွင်းကြောင့် ရင်တွေ တဆတ်ဆတ် တုန်နေ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။ ဒေါသတွေလည်း ဖြစ်မိသည်။ အသက်ကြီးသောသူက လူငယ်တွေရဲ့ ကစားစရာအရုပ်တစ်ရုပ် ဖြစ်နေပါလားဟု ပထမဆုံး အကြိမ် ခံစားလိုက်မိသည်။

သူမှားတာပါ၊ မိုက်ခဲ့တာပါ။ ကိုယ့်သားသမီးအရွယ်လောက် ရှိတဲ့ ကလေးမနှင့် တွဲခဲ့မိတာကို သူမှားတာပါ။ အခုတော့ သူလိပ်ပြာ သူပင် မသန့်တော့ပေ။

ရှက်သည်။ သူကတော့ သူ့ကို ထိုမိန်းကလေးက အရူးအမူး ဖြစ်နေသည်ထင်၍ သနားလိုက်ရတာ။ သူ့ကိုချစ်တဲ့လူရှိနေပါလားဆိုပြီး ဘဝင်တွေမြင့်လိုက်ရတာ။ အခုတော့ သူ့ကိုချစ်ပါတယ်ဟု ပြောသော ကောင်မလေးက ... သူရှက်မိသည်၊ ယူကျုံးမရလည်း ဖြစ်မိသည်။ ထို့ကြောင့် လက်တွေက ဆတ်ဆတ်တုန်နေလေ၏။

"ချလွမ်း"

လက်ထဲတွင်ကိုင်ထားသော သောက်တွဲကြီး ပြုတ်ကျသွားသည်ကို သူ သတိမပြုလိုက်မိပေ။

"ဟင် ... ဦး"

သူ အမှားကြီးတစ်ခုကို လုပ်မိလိုက်ပြီဖြစ်၏။

တိတ်တဆိတ် လှည့်ထွက်ခဲ့ရမယ့်အစား သူရောက်နေခြင်းကို အသိပေးသလို ဖြစ်သွားမိသည်။





တစ်ချိန်ချိန်တွင် သမက်တော်လျှင် တော်ရနိုင်ဖွယ်ရှိသည့် ကောင်လေးကို လူကောင်လုံးပြလိုက်သလို ဖြစ်သွားလေ၏။

"ဪ ... အခန်းမှားဝင်လာမိပြီထင်တယ်"

ယောင်နနနှင့် ပြောမိပြောရာ ပြောကာ ချာခနဲလှည့်ထွက်လာမိသည်။

"ဦး ... ဦး"

"မ ... မသွားနဲ့ ... မသွားနဲ့"

ရှုန်းရင်းဆန်ခတ်အသံများကို ကြားနေရသော်လည်း သူ ဆက်လျှောက်လာမိသည်။ တစ်ချက်လေးမျှ လှည့်မကြည့်ချေ။

တော်ပါပြီ၊ ကောင်မလေး ... တော်လောက်ပါပြီ။ ငါ့ကို ဒီထက် သိက္ခာကျအောင် မလုပ်ပါနဲ့တော့။ ငါ့ရဲ့အသိုက်အမြုံလေးကို ဒီထက် ပျက်စီးအောင်မလုပ်ပါနဲ့တော့။

ငါ့ကို ဒီထက် အရှက်ရအောင် မလုပ်ပါနဲ့တော့။ တော်လောက်ပါပြီ။

အဲဒီကောင်လေးနဲ့ မင်း အဆင်ပြေစေဖို့ ငါ ဆုတောင်းပါတယ်။ မင်း အဆင်ပြေပါစေ။

ဘဝသစ်မှာ စိတ်သစ်လူသစ်နဲ့ ပျော်ရွှင်ချမ်းမြေ့နိုင်ပါစေလို့ ငါ ဆုတောင်းပေးလိုက်ပါတယ်။



www.burmeseclassic.com

သူ့ရင်ထဲမှာ စကားလုံးများသည် မငြိမ်သက်ရေး၊ ပုံရိပ်များသည်လည်း ဟိုမှ ဒီသို့ ကူးသန်းယှက်နွယ်နေလေ၏။ တစ်ခါတစ်ရံ ကြွေမြင်လိုက်၊ တစ်ခါတစ်ရံ သမီးဖြစ်လိုက်၊ တစ်ခါတစ်ရံ ပန်းဖြစ်လိုက်၊ ကောင်လေးဖြစ်လိုက်နှင့်။ သေချာတာကတော့ နာကျင်ရမိသည်၊ အော်ငိုချင်မိသည်၊ သို့သော် ဆန္ဒကို သိက္ခာဖြင့်ထိန်းကာ။

၀၀၀



## အခန်း (၁၀)

"ကြွေ"

သူ့ခေါ်သံကြောင့် စိန်ထည်များကို စစ်ဆေးနေသော ကြွေမှာ ကြည့်လာလေ၏။

"ဘာပြောမလို့လဲ ကို ပြောလေ"

သူ့ကို တစ်ချက်မျှသာလှမ်းကြည့်ပြီး စိန်ထည်များကို ရှုစမ်းနေပြန်သည်။

ကြွေ့အတွက်တော့ သူ့ထက် စိန်ထည်များက ပိုအရေးကြီးနေသလား။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကို ကော်ဖီတစ်ခွက် ဖျော်ပေးနိုင်မလား"

"ရတယ်လေ"

ဟုဆိုကာ အင်တာကောကို နှိပ်လိုက်၏။

"မဝင်းသူ ရှိသလား"

ကြွေ့အသံဆုံးသောအခါ တံခါးခေါက်သံ ထွက်ပေါ်လာလေ၏။

"ဝင်လာပါ"

ကြွေက ဆက်၍ပြောသောအခါ တံခါးရွက်မှာ အသံမမြည်ဘဲ ပွင့်သွားပြီး အခန်းထဲ မဝင်းသူ ဝင်လာလေ၏။

သူ စိတ်ပျက်သွားသည်။ စိတ်ထဲရှိတဲ့အတိုင်းသာဆိုလျှင် ကြွေ့ကို ရန်စကား ဆိုလိုက်ချင်သည်။ သို့သော် အိမ်၌ အိမ်သား အရေအတွက်ထက် အလုပ်သမားအရေအတွက်က ပိုများနေသဖြင့် ဂရုစိုက်နေရ၏။ အတွင်းလူရှိသေမှ အပြင်လူ ခန့်ငြားဆိုသောစကား လည်း ရှိသည်မို့ ဒေါသကို မျိုချလိုက်ရသည်။

သူနှင့်ကြွေသည် အိမ်၏အရှင်သခင်များဖြစ်သည့် ခေါင်း ဟု ဆိုရပေလိမ့်မည်။ ခေါင်းက မိုးယိုနေ၍ မဖြစ်ပေ။ လင်မယား ယောက်က အေးချမ်းမှုရှိမှ နောက်လိုက်ဝန်ထမ်းများလည်း အေးချမ်း ရှိမည် ဖြစ်၏။





"ကော်ဖီနှစ်ခွက် ဖျော်လာပါ"

"ဟုတ်ကဲ့ မမ"

မဝင်းသူသည် ကြွေတို့၏ ငယ်မွေးချင်းပေါက်ဖြစ်သည်။ သို့ သော် ကြွေနှင့် ရင်းနှီးသော ဆက်ဆံရေးမျိုး မဟုတ်ပေ။ ကြွေက ဘယ်အလုပ်သမားကိုမဆို မျက်နှာသာပေးလေ့မရှိပါ။ ထို့ကြောင့် အခန်းထဲမှ ထွက်သွားသော မဝင်းသူမှာ ကြွေ့ကို ကျောပေးပြီးမှ ထွက်မသွားဝံ့ဘဲ နောက်ဆုတ်၍သာ သွားလေသည်။

ထိုအခရာကို သူ့အမြင်တွင် ရှိသေလွန်းအားကြီးနေပြီဟု ထင် သည်။ တစ်ဖက်ကတွေးကြည့်လျှင် ငါက အလုပ်ရှင်၊ ငါ့ကိုရှိသေလေ ခြင်းဟု ကျေနပ်စရာကောင်းသော်လည်း တစ်ဖက်က တွေးကြည့်လျှင် ကြောက်၏။ လူချင်းတူပါလျက် လူလိုဆက်ဆံမခံရခြင်းသည် လူဖြစ်ရှုံး သယ်ဟုထင်သည်။

"ကိုယ်က မင်းဖျော်ပေးတဲ့ကော်ဖီကို ပိုသောက်ချင်တယ် ကြွေ"

"ကော်ဖီပဲ ကိုရယ် . . . ဘယ်သူဖျော်ဖျော်ပေါ့။ ကြွေထက် ဝင်းသူက ပိုပြီးလက်ရာကောင်းမယ်လို့ ထင်ပါတယ်"

သူကသာ ကြိုးစားပြီးပြောလိုက်ရသော်လည်း ကြွေကတော့ ကြည့်မပျက် ပေါ့ပေါ့ပါးပါး ဆိုလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူ လက်ထပ်ထားရသော အမျိုးသမီးသည် ကျောက်ရုပ်ကြီးမှန်း အချိန်ကြာလာသည်နှင့်အမျှ ပိုပြီးသိလာလေသည်။

ဟိုအရင်အချိန်များကို လွမ်းမိပါ၏။ ထိုအချိန်က သူက နမ်းလိုက်တိုင်း သူ့ကို ပြန်နမ်းတတ်သော ဆောင်းရွက်ကြွေကို ယခု ဘယ်မှာ ရှာလို့ရှာရမှန်းမသိပါ။

ဘယ်အချိန်ကတည်းကစ၍ ကြွေနှင့်သူ အနေဝေးသွားမှန်း သတိမထားမိလိုက်ပေ။

သမီးလေး မွေးပြီးနောက်လော။ ဒါကိုလည်း ရေရေရာရာ မသိပေ။

အိမ်ထောင်ကျပြီး ဟန်းနီးမွန်းသုံးရက်မျှ ထွက်သွားချိန်လေးပဲ အိမ်ထောင်မှုအနှစ်သာရကို ခံစားရဖူးသည်။ ထို့နောက်ပိုင်း၌ အလုပ်မှအိမ်၊ အိမ်မှအလုပ်၊ အလုပ်စားပွဲတွင် ညလုံးပေါက်ခဲ့သောနေ့လည်း ရှိခဲ့ဖူးသည်။

သို့သော် အထီးကျန်ဆန်တယ်ဟု မထင်ခဲ့ပေ။ ကြိုးစားမှုများကြား ရှုပ်ယှက်နေခဲ့၍ အချိန်ကို လုနေရသောသူက အခြားအကြောင်းအရာတွေ စဉ်းစားဖို့ အချိန်မရှိခဲ့ပေ။

လွန်ခဲ့သောနှစ် ပန်းရနံ့နဲ့ မတွေ့ခင်အချိန်ထိပေါ့။ ပန်းရနံ့နဲ့တွေ့ပြီးမှ အနမ်း သူ့ငတ်မွတ်နေခဲ့မှန်း သိခဲ့ရသည်။ တီတီတာတာ





ကြင်ကြင်နာနာလေးများကို တမ်းမက်လာမိသည်။

ပန်းရနံ့ထံမှ ရရှိသောအနမ်းမျိုး ကြွေ့ထံမှ ရဖူးချင်သည်။ သို့သော် ကြွေသည် အချိန်တွေနှင့်အတူ ပြောင်းလဲသွားခဲ့ပါပြီ။

"ကြွေ ကိုယ်တို့ စကားအေးအေးဆေးဆေး ပြောရအောင်လား"

"ပြောလေ ကိုရဲ့၊ ကြွေ နားထောင်နေပါတယ်"

"အဲဒီပစ္စည်းကို ချထားလိုက်ပါ ကြွေ"

"ကို ဒီနေ့ တစ်ခုခုထူးခြားနေသလိုပဲ"

"ကိုယ့်ထက် အဲဒီစိန်ထည်တွေက ပိုအရေးကြီးသလား ကြွေ"

"ကြွေ ကို့စကားကို အာရုံရောက်ပါတယ်"

"မင်း သိပ်ပြောင်းလဲသွားတယ်ကြွေ"

"ဘုရားရေ"

ထိုအခါမှ ကြွေသည် သူ့ကိုစိုက်ကြည့်လာလေ၏။

"ဘယ်အရာကို ပြောင်းလဲသွားတယ်လို့ ခေါ်တာလဲ ကို။ ကြွေကတော့ မပြောင်းလဲဘူးထင်တယ်။ ကို့အပေါ် ကြွေ ဘာများ ကျူးလွန်မိလို့လဲ"

"လွန်ခဲ့တဲ့နှစ်နှစ်ဆယ်ခန့်က ကြွေ့ကို ကိုယ်လွမ်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ ကို"

"အဲဒီအချိန်တုန်းက ကိုယ်က တစ်ချက်နမ်းရင် ကြွေ ကိုယ့်ကို နှစ်ချက်နမ်းတတ်တယ်လေ"

"အို ... အဲဒီတုန်းက နှစ်ဆယ်ကျော်လေး၊ အခု ကြွေ့အသက်က လေးဆယ်ငါးနှစ်ရှိနေပြီ၊ တူတော့မလား ကိုရယ်"

"ကြွေ ကိုယ့်ကို ရင်မခုန်တော့လို့လား"

"အို ... ဘာတွေလျှောက်ပြောနေတာလဲ၊ နားရှက်စရာတွေ မကောင်းပါဘူး"

"ဘယ်သူ့ကို ရှက်နေတာလဲ၊ ကိုယ်နဲ့မင်းက အကြင်လင် မယားတွေလေ"

"ဒါတော့ ဒါပေါ့၊ ကြွေတို့အရွယ်က ကလေးကလားစကားတွေ ပြောနေရမယ့်အရွယ် မဟုတ်တော့ဘူး ကို၊ တရားဓမ္မကို နှလုံးသွင်းပြီး လူငယ်တွေကို ဘယ်လိုပျိုးထောင်မလဲလို့ စဉ်းစားရတော့မှာ"

"ဒါပေမဲ့ ... ကိုယ်တို့က လူတွေလေ"

"ကို ဘာကိုရည်ညွှန်းပြီး ပြောနေတာလဲ၊ ကြွေ နားမလည်ဘူး"

သူ စိတ်ပျက်သွားသည်။ ဒီနေ့တော့ အိပ်ရာအတူတူဝင်ချင်အောင်ဟု မျက်နှာပြောင်တိုက်ပြီး မပြောလိုတော့ပေ။ ပြောလျှင်လည်း





အရှက်ရစရာ အပြုအမူမျိုးဖြင့်သာ ကြွေက တုံ့ပြန်လိမ့်မည်ဟု ထင်သည်။ မနိုင်ခန့်ထင်သောပွဲမို့ အမိုက်ခံပြီး မတိုက်ချင်တော့ပေ။ ထို့ကြောင့် ညအိပ်ဝတ်စုံကိုသာ လဲဝတ်ပြီး အိပ်ရာထဲဝင်လာသည်။

ရှေ့ကြွေ့ထံ မသိမသာ အာရုံစိုက်မိသော်လည်း ကြွေသည် စိန်ထည်များကို သဲသဲမဲမဲ ကြည့်နေလေ၏။

ဘဝသည် အဓိပ္ပာယ်မရှိဘူးဟု သူစိတ်ထဲခံစားလိုက်ရသည်။ ကြွေသည် အလုပ်ကပြန်လာလျှင် ရေချိုးပြီး ညနေစာစားသည်။ ပြီးလျှင် သမီးနှင့်အတူ ဘုရားဝတ်ပြု၊ တရားထိုင်သည်။

ပြီးလျှင် စာရင်းတွေစစ်ရင်စစ် မစစ်လျှင် ကွန်ပျူတာနှင့် အလုပ်ရှုပ်၊ ဒါမှမဟုတ် စိန်ထည်များကို စစ်ဆေးခြင်း၊ ကြွေနှင့်သူ အိပ်ရာဝင်ချိန် မတူပါချေ။

အခန်းတူပါလျက် ခုတင်နှစ်လုံးထားကာ တစ်ယောက် တစ်ခုတင် အိပ်ခြင်းမှာလည်း အဓိပ္ပာယ်မရှိဘူးဟု ထင်သည်။

ကြွေ့အကြောင်းပြချက်က သူ လွတ်လွတ်လပ်လပ် အိပ်လို့ရအောင်လို့ဟု ဆိုသည်။ စောစောကတက်လျှင် သူကပဲ နှာဘူးကျမှာ စိုး၍ တိတ်ဆိတ်နေခဲ့ရသည်။ သို့သော် ထိုကိစ္စကို သူ ဘဝင်ကျလှသည်ဟူ၍တော့ မဟုတ်ချေ။

မန်းဆို ဘယ်လောက်နဲ့များ အဆင်ပြေလိုက်မလဲ၊ သူ့ကို

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



တီတီတာတာ စကားလေးများ ပြောလိမ့်မည်။ ကြင်ကြင်နာနာ အနမ်းလေးများ ပေးလိမ့်မည်။ ပန်းနှင့်နေရသည်ကို သူ သာယာသည်။ နှပျိုသည်ဟုလည်း ထင်သည်။ သို့သော် အသိုင်းအဝိုင်းနှင့် သိကျွတရားက သူနှင့်ပန်းကို ကောင်းကောင်းကြီး ခွဲထုတ်လိုက်ပြီဖြစ်၏။

ခုနေချိန် ပန်း ဘာလုပ်နေမလဲ။ ကောင်လေးနှင့် သာယာနေမလား။ အဆင်ပြေပြေပြပါ့မလား။

ပန်းထံသို့ စိတ်ရောက်သွားပြန်သောအခါ သမီးအပေါ် အားနာစိတ်ဖြစ်ရပြန်သည်။

မဖြစ်ပါဘူး။ ပန်းကို သတိရနေ၍မရပါ။ ကြိုးစားပြီး မေ့ပစ်ရသာ စဉ်းစားရမည်ဖြစ်သည်။

သို့သော် . . . ရင်ထဲ သတိရနေရုံဖြင့် ဆိုးရွားသောကိစ္စကြီး ဖြစ်သွားတာ မဟုတ်ဘူးဟုထင်သည်။

"ကို အိပ်ပြီလား"

ကြွေ့အသံကို တိုးတိုးကြားရသော်လည်း သူ ခွန်းတုံ့မပြန် တော့ဘဲ ငြိမ်နေလိုက်သည်။

ကြွေ အိပ်ရာဝင်တော့မယ် ထင်ပါရဲ့။ အဝတ်အစားလဲနေသံ ကို ကြားရသည်။ ပြီးနောက် ညအိပ်မီးကို ဖွင့်လိုက်သည်။

သူအိပ်ပြီအထင်နှင့် ကြွေသည် သူ့အား အိပ်ရာဝင်အနမ်း





လေး ပေဦးမည်ဟု မျှော်လင့်မိသော်လည်း နောက်ဆုံးတွင် အချည်း နှီးသာ။

သူကကို ရှုးတာပါ။ မျှော်လင့်မိတဲ့ သူ့စိတ်ကကို မိုက်မဲတာပါ။

သူကတော့ စိတ်ကူးယဉ်လိုက်ရတာ။ ကြွေသာ သူ့အား တီတီတိတ်လေး နိုးအနမ်းပေးပါက သူသည် ကြွေ့ထံ အနမ်းမိုးရွာပစ် ဦးမည်ဟု တွေးမိသည်။ ပြီးနောက် ချစ်တဲ့အကြောင်းတွေကို တစ်ညလုံး အားပါးတရ ပြောပစ်မည်။

ယခင်က ချစ်သူဘဝတုန်းက သူ့ကို ကြွေနိုင်ခဲ့သမျှကို အလွှမ်း ပြေပြောမည်။ ကြွေ ရယ်သံက နိုးနိုးခစ်ခစ် ကြားရလိမ့်မည်။

ကြွေ့လက်တွေက သူ့ကိုယ်လေးကို သိုင်းဖက်တွယ်ထားလိမ့် မည်။ နှစ်ပေါင်းအတန်ကြာမှ လာပသောညတစ်ညကို ပြန်လည် အသက် သွင်းနိုင်လိမ့်မည်ဟုထင်ခဲ့သော်လည်း အဲကွန်းအရှိန်ကို လျှော့ပြီး ခုတင် ပေါ်တက်သွားသော ကြွေ့ကြောင့် အထီးကျန်သောညသည် သူ့ထံ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့ပြန်သည်။

သူ့စိတ်တွေ ဘာဖြစ်နေတာလဲ။ ဘာကိုတပ်မက်ပြီး မျှော်လင့် နေတာလဲ။ ကြွေ့ကို သူချစ်သည်။ ကြွေကလည်း သူ့ကို ချစ်လိမ့်မည် ဟု ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



မချစ်ဘဲလည်း ကြွေက သူ့ကို အတွက်အချက်များနှင့် လက်ထပ်ခဲ့မည်မဟုတ်ပေ။"

ကြွေ့စိတ်က စီးပွားရေးဆန်သော်လည်း တစ်ခါတစ်ရံ ကြွေသည် နှလုံးသားကို ဦးစားပေးတတ်မှန်း နှစ်နှစ်ဆယ်ကျော် အိမ်ထောင်သက်တမ်းအရ သူ နားလည်သဘောပေါက်သည်။

ချစ်သောသူများနှင့် တစ်မိုးအောက်မှာ အေးအေးချမ်းချမ်း ရှိနေပေပြီဖြစ်၏။ ဒါ့ထက် သူ ဘာကိုလိုချင်နေတာလဲ။ ဒါနဲ့တင် မတင်းတိမ်နိုင်ဘူးလား။

သူ့စိတ်ကိုသူ ဆုံးမမိသောအခါ မျက်ခွံများလေးလာလေသည်။ ပြင်ပမှ မိုးသံကို ပိုးတဝါးကြားနေရသောကြောင့် သူ၏အိပ်မက်များသည် သံစဉ်များနှင့် ဖြစ်နေသည်။ အိပ်မက်ထဲတွင် ကြွေသည် အသက်နှစ်ဆယ်ကျော်ဖြစ်ပြီး သူ့ပါးကို မွတ်သိပ်စွာ နမ်းရှိုက်နေလေရဲ့။

ဝဝဝ



# အခန်း (၁၁)

"ပန်းရန် ... ကားပါကင်မှာရောက်နေတယ် ဆရာ"

ကိုမောင်မျိုး၏စကားကြောင့် သူ့ခေါင်းမှာ နှစ်ဆခန့်ကြီးသွားသည်ဟု ခံစားလိုက်ရသည်။

"ဆရာ့ကို တွေ့ချင်လို့တဲ့။ ခဏလောက်ဆင်းလာပါလို့ ပြောတယ်"

ထူပူသွားလေသည်။ မကြာခင် ရှယ်ယာများစည်းဝေးပွဲကျတော့မည်။ သမီးနှင့်ကြွေသည် ရှယ်ယာပိုင်ရှင်များဖြစ်သောကြောင့် အစည်းအဝေးကို မဖြစ်မနေ တက်လိမ့်မည်။ ထို့ကြောင့် ကုမ္ပဏီသို့



www.burmeseclassic.com

www.burmeseclassic.com



မကြာခင် ရောက်လာတော့မည် ဖြစ်၏။ ထိုအခြေအနေမျိုးတွင် သူ ကားပါကင်သို့ ဆင်းသွား၍ မဖြစ်ပါ။

"ဆရာ ဆင်းမလာမချင်း မပြန်ဘူးတဲ့"

ဘယ်အပြုံးနဲ့များ သူ့ကို စိတ်ဒုက္ခပေးရော့သလားမသိပါ။ ပန်းရနံ့ကြောင့် သူ့စိတ်တွေ ကျဉ်းထဲကျပ်ထဲရောက်နေတာ အမှန်ပါ။

အကယ်၍ သူ ဆင်းမသွားပြန်လျှင် စိတ်ထဲတွေးချင်သလို တွေးပြီး မိုက်ရူးရဲဆန်ဆန် လျှောက်လုပ်ကုန်မှာစိုးရသည်။

"ကိုမောင်မျိုး . . . အခု သူ့ဆီသွားလိုက်ပါ။ ပြန်ပါလို့ သွား ပြောလိုက်"

"ကျွန်တော် ပြောပါတယ်။ ဆရာက အရေးကြီးတဲ့မီတင် ရှိလို့ ပြန်နိုင်းပါတယ်။ ဒါပေမဲ့ မရဘူးဆရာ။ ဆရာနဲ့မတွေ့ရမချင်း မပြန်ဘူးလို့ ခေါင်းမာနေတယ်"

ခက်ရချည်ရဲ့။ ပန်းရနံ့သည် တစ်ခါတစ်ရံမှာ ပေတေတယ် မှန်း သူ ကောင်းစွာသိသည်။ ဘာလုပ်ရမလဲ။

အဲကွန်းခန်းထဲတွင် ချွေးပျံနေလေ၏။ ပန်းရနံ့ကိုသာ ပြန် သွားစေချင်သည်။ ပြန်သွားအောင် ဘယ်လိုလုပ်ရမလဲ။ ဇာတ်လမ်း ပြတ်သွားပြီးမှတော့ ဖုန်းလည်းမဆက်ချင်တော့ပါ။ သို့သော် ပြဿနာသည် ရှောင်လွှဲလို့ မရမှန်းလည်း သိ၏။





"ကျွန်တော် ဘာလုပ်ရမလဲ ဆရာ"

ကိုမောင်မျိုးက စိုးရိမ်တကြီးမေးလျှင် သူ တစ်ခုခုကို ဆုံး ဖြတ်ရတော့သည်။ ပြဿနာသည် သူ့ပြဿနာသာဖြစ်သည်။ ကို မောင်မျိုးကို ခေါင်းတည်၍မရပေ။

"ကျွန်တော် ဖုန်းဆက်လိုက်မယ် ကိုမောင်မျိုး"

ဟုဆိုကာ စားပွဲမှ ဖုန်းကိုယူပြီး Contacts ထဲမှ မဖျက်ရ သေးသော ပန်းရနံ့ဖုန်းနံပါတ်ကို ရှာသည်။ တွေ့သောအခါလည်း ဖုန်းဆက်ဖို့ကို ချင့်ချိန်ရပြန်သည်။

အကယ်၍သာ သူဆက်လိုက်ပါက တစ်ဝက်ခန့်ကြာနေပြီ ဖြစ်သော ဆက်ဆံရေးမှာ ပြတ်တောက်မသွားဘဲ ရှေ့ဆက်ရန် ဖြစ် သွားလိမ့်မည်။ ပြတ်လက်စနဲ့ ပြတ်ပါစေတော့ဆိုပြီး ပစ်ထားလိုက် ရလား။ သူကသာ ခပ်မာမာနေလျှင် ကောင်မလေးလည်း နောက် ဆုတ်သွားမည် ထင်ပါရဲ့။

ထိုအတွေးကြောင့် ကိုင်ထားသောဖုန်းကို စားပွဲပေါ်ချလိုက် ပြန်သည်။

အကယ်၍ နောက်ဆုတ်မသွားဘဲ ထင်ရာလုပ်လျှင် ဘယ်လို လုပ်မလဲ။ ပန်းရနံ့သည် ခံစားလွယ်သော မိန်းကလေးမှန်း သူသိခဲ့ ပြီးခဲ့သော တစ်နှစ်ကျော်ခန့်က ပန်းရနံ့နှင့်သူ တွေ့ခဲ့သောအချိန်ကို



www.burmeseclassic.com

www.burmeseclassic.com



သူပြန်အမှတ်ရမိသည်။

ထိုအချိန်က ညစာစားပွဲတစ်ခုမှာဖြစ်သည်။ ပန်းရနံ့သည် ထိုညစာစားပွဲ၌ ဝိဇ်တာဝင်လုပ်နေလေ၏။ လှပသောရုပ်ဆင်းအင်္ဂါ ရှိသည့်အတွက် ပန်းရနံ့ကို သူ သတိပြုမိခဲ့သည်။

သူ Toilet သွားချိန်၌ ပန်းရနံ့သည် လုပ်ဖော်ကိုင်ဖက်များ နှင့် ရန်ဖြစ်နေသည်ကို သူ တွေ့ခဲ့လေသည်။

"ကောင်မ အလုပ်ကိုတော့ လက်ကြောတင်းအောင် မလုပ် ချင်ဘူး။ ရာထူးတော့ မြင့်မြင့်လိုချင်တယ်။ ဘာလဲ နောက်ခံကောင်း တယ်ဆိုပြီး မဏ္ဍပ်တိုင် တက်ပြချင်တာလား"

"နင်တို့ ငါ့ကို မဆိုင်တာမပြောနဲ့နော်။ မဏ္ဍပ်တိုင်တက်ပြ တဲ့ အပြုအမူမျိုး ငါ ဘယ်နှစ်ကြိမ်လုပ်ခဲ့ဖူးသလဲ"

"ပြန်ခံမပြောနဲ့။ မနေ့တစ်နေ့ကမှ အလုပ်ဝင်ခဲ့တဲ့လူကများ ကြည့်စမ်း။ ကြည့်စမ်း ... ငါတို့ကို ကြည့်နေလိုက်တာ။ ကဲဟာယ် ... ကဲဟာယ်"

ဘယ်လိုပြဿနာမျိုး ရှိခဲ့သလဲဆိုတာ သူ မသိပေ။ သို့သော် သုံးယောက်နှင့်တစ်ယောက်မို့ ဘက်မညီပေ။ သုံးယောက်သမားများက ပန်းကို ဆံပင်ဆွဲ ရိုက်နှက်ပြီး ထွက်သွားကြလေသည်။

ပန်းမှာသာ တစ်ယောက်တည်း ချောင်ထဲ ကျိတ်ငိုနေရှာ လေ၏။ သူ သနားခဲ့ရသည်။

ထို့ကြောင့်ပင် သူ အမြဲဆောင်နေကျဖြစ်သော လက်ကိုင် ပဝါကို ပန်းထံပေးပြီး ထွက်လာခဲ့မိ၏။ စကားတစ်လုံးမှ မပြောခဲ့ရ သော်လည်း ပန်းကို သူ့စိတ်ထဲ မှတ်မှတ်ရရ ရှိသွားလေသည်။

နောက်တော့ ခန်းမထဲ ပြန်ဝင်လာချိန်တွင် သူ၏လုပ်ဖော် ကိုင်ဖက် ကိုအောင်လှ၏ပြောပြချက်အရ ပန်းသည် မှန်းစတား၏ ဘျန်ရစ်သူဖြစ်မှန်းသိခဲ့ရသည်။

သူ စိတ်မကောင်းဖြစ်ခဲ့ရသည်။ မှန်းစတားကုမ္ပဏီသည် အမှုတွေနှင့် ရင်ဆိုင်နေရချိန်၌ ပိုင်ရှင်လင်မယားမှာ ကားအက်ဆီးဒင့် ကြောင့် ဆုံးပါးသွားခဲ့သည်ကို သူသိသည်။ ထိုအချိန်က ထိုသတင်း သည် ဟိုးလေးတကြော်ကြော် ဖြစ်ခဲ့လေသည်။

လူ့သတ်မှုလိုလို လုပ်ကြံခံရတာလိုလိုနှင့် လူပြောသူပြော များခဲ့သည်။

နောက်ဆုံး ကြားလိုက်ရသည်က သမီးတစ်ယောက်ကျန်ခဲ့ ပြီး ထိုသမီးမှာ နိုင်ငံခြားသို့ ထွက်ပြေးတိမ်းရှောင်သွားပြီဆိုသောသတင်း ဖြစ်သည်။

မိမိနှင့် သိပ်မပတ်သက် မရင်းနှီးသော မှန်းစတား၏ အရေး ကို သာမန်ထက်ပိုပြီး စိတ်မဝင်စားခဲ့ပေ။







www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထိုမိန်းကလေးကို တွေ့ရသောအခါ စိတ်ဝင်စားလာမိသည်။

နိုင်ငံခြားသွားလိုက်တဲ့ကလေးက ဘယ်လိုလုပ် ပြန်ရောက်နေတာလဲ။ ဘာကြောင့် သူများ အနိုင်ကျင့်တာကို ခံနေရတာလဲ။

သို့သော် ထိုမေးခွန်းများကို နောက်တစ်ပတ်အကြာတွင် ရှင်းသွားရလေသည်။ ထိုနေ့က ကားဆီကုန်၍ ဆီဆိုင်တွင် ဆီဝင်အဖြည့်တွင် ဆီများ ဖြည့်ပေးနေသော ပန်းရနံ့ကို တွေ့လိုက်ရသည်။ သူ အံ့ဩသွား၏။

ကားမှန်ကို ဖွင့်ကြည့်လိုက်သောအခါ ပန်းရနံ့နှင့်သူ မျက်လုံးချင်း ဆုံမိသွားလေသည်။

"ဪ . . . ဦး"

ပန်းရနံ့သည် သူ့ကို ကောင်းစွာမှတ်မိလေ၏။ ထိုနေ့က ပန်းရနံ့ကို ကားပေါ်ခေါ်တင်ပြီး မေးမြန်းစပ်စုဖြစ်ခဲ့သည်။ ထိုအခါမှ ဖြစ်ကြောင်းကုန်စင် သိခဲ့ရ၏။

မိဘတွေဆုံးပါးသွားသောအခါ အိမ်လည်း အသိမ်းခံရပြီး မောင်းထုတ်ခံခဲ့ရသည်ဆိုသည်။ သို့သော် မိဘများ၏မိတ်ဆွေ လင်မယားက တိတ်တဆိတ်ခေါ်ကာ စောင့်ရှောက်ခဲ့သည်ဟုဆိုသည်။ သို့သော် သားယောက်ျားလေးရှိသောအိမ်မို့ အဆင်မပြေ ဖြစ်ခဲ့ရသည်။





ထို့ကြောင့် ထိုအိမ်မှ ထွက်လာကာ အလုပ်ရှာနေသည်ဟု ဆိုခဲ့သည်။

သူ သနားမိခဲ့သည်။ ထို့ကြောင့် သူပိုင်သောလုပ်ငန်းများ၌ အလုပ်သွင်းပေးဖို့ စဉ်းစားခဲ့ဖူးသည်။

သို့သော် ကြွေ။ ထိုကိစ္စကို ကြေသိသွားပါက သူနှင့် ထိုကောင်မလေးကို ယုန်ထင်ကြောင်ထင် ဖြစ်လိမ့်မည်။ ပြီးနောက် သူ့အဆက်နှင့် ဝင်လာသည်ဆိုသော သတင်းသည် ကုမ္ပဏီ၌ ပျံ့သွားနိုင်သည်။

သူက ပြဿနာမရှိသော်လည်း ပန်းရနံ့ ဒုက္ခဖြစ်နိုင်သည်။ သူ့ကွယ်ရာ၌ ပထမခံစားကြုံခဲ့ရသော ညည်းပန်းမှုမျိုးနှင့် ကြုံရနိုင်သည်။

ပြီးနောက် ပန်းရနံ့လည်း ပင်ပန်းသောအလုပ်မျိုးကို လုပ်နိုင်ပုံမပေါ်ပေ။

ထို့ကြောင့် ပန်းရနံ့အဆင်ပြေသွားရန်အတွက် ပန်းရနံ့ကို မိတ်ဆွေကုမ္ပဏီ၌ အလုပ်ပြောပေးမယ်ဟု ပြောခဲ့သည်။ ပန်းရနံ့ ဝမ်းသာသွားလေသည်။ ပျော်လွန်း၍ သူ့ကို လက်အုပ်ချီကန်တော့ခဲ့သည်ကိုလည်း သူ မမေ့နိုင်ခဲ့ချေ။

ထိုနေ့က ပန်းရနံ့နေသော အဆောင်သို့ သူပို့ပေးခဲ့သည်။ သို့သော် အဆောင်လခမပေးနိုင်၍ ပန်းရနံ့၏ အထုပ်အပိုးများကို အဆောင်ပိုင်ရှင်က ညှော်ခန်း၌ စုပုံထားပြီဆိုသောသတင်းကို ပန်းရနံ့



www.burmeseclassic.com

www.burmeseclassic.com



သူကားပေါ်မှဆင်းဆင်းချင်းပင် အခေါ်သူတစ်ဦးက သယ်ခေါင်လာလေ၏။

ထို့ကြောင့် သူက မသိချင်ယောင်ဆောင်၍ လှည့်မပြန်နိုင်ခဲ့ပါ။ ပန်းရနံ့ ဘာတွေ ဆက်ဖြစ်မလဲဟုသိချင်သည်။ ထို့ကြောင့် ကိုမောင်မျိုးအား ကားကို လမ်းဘေးချရပ်ခိုင်းပြီး စောင့်ကြည့်ခဲ့သည်။ ခဏအကြာတွင် အဝတ်အိတ်ကလေးဆွဲ၍ ပန်းရနံ့ထွက်လာသည်ကို တွေ့ရ၏။ ပြီးနောက် ဘတ်စ်ကားမှတ်တိုင်တွင် ကားငှားနေလေသည်။

ဘယ်သွားမှာလဲဆိုတာကို သူသိချင်ပြန်သည်။ ထို့ကြောင့် လိုက်ကြည့်ပြန်၏။ ခွေမျိုးနီးစပ်တော်သူ့အိမ်တွင် တစ်ရက်တလေ ခိုကပ်နေလိမ့်မည်ဟုထင်ခဲ့သော်လည်း ပန်းရနံ့သည် ခပ်ညံ့ညံ့ တည်းခိုခန်းသို့သာ ဝင်သွားလေသည်။ သူရပ်ထဲ ဆို့တက်သွားလေသည်။

သားသမီးချင်းလည်း ကိုယ်ချင်းစာမိသည်။ မွန်းစတားသည်က တစ်ချိန်တုန်းက ဩဇာအာဏာကြီးခဲ့သည့် ကုမ္ပဏီကြီးတစ်ခု ဖြစ်သည်။ ထောက်တိုင်လွတ်သည်နှင့် အလဲလဲအပြိုပြိုဖြစ်ခဲ့ရသည်။

မွန်းစတားပျက်ရခြင်း၏အကြောင်းကို သူ အတွင်းကျကျ မသိသော်လည်း ပန်းရနံ့ဘဝ တင့်တယ်ခဲ့မှုကိုမူ တွေ့ကြည့်၍ ရှိုင်းသည်။





လောကဓံကို ကြုံကြုံခံနေရှာသော မိန်းကလေးကို သနားမိသည်။

ဤသို့နှယ် တည်းခိုခန်းမျိုးတွင် ထိုမိန်းကလေးအတွက် လုံခြုံမှုပေးနိုင်မှုလည်းသိသည်။ ထို့ကြောင့် စိတ်ပူသည်။ လိုအပ်ရင် အကူအညီတောင်းနိုင်ရန် သူ့လိပ်စာကတ်ကိုပေးထားခဲ့သော်လည်း ဓာနခဲလေးက သူ့ကို ဖုန်းတစ်ချက်မဆက်ပေ။

ထို့ကြောင့် မနေနိုင်သည့်အဆုံး သူကပဲ ကိုမောင်မျိုးကို ဆိုတည်းခိုခန်းသို့လွှတ်ကာ ပန်းရနံ့ကို ခေါ်ခိုင်းရတော့သည်။

ကူညီမည့်သူ ပေါ်လာသည့်အတွက် ဝမ်းနည်းအားငယ်သွားသည် ထင်သည်။ ရှိုက်ကြီးတငင် ငိုခဲ့လေသည်။ ထို့ကြောင့်လည်း အသနားပိုခဲ့ရသည်။

ထိုနေ့က ပန်းရနံ့နှင့်အတူ သူ ညစာစားခဲ့သည်။ ပြီးနောက် ကြွမသိသော သူ၏ကွန်ဒိုခန်းတစ်ခု၌ ပန်းရနံ့ကို နေစေခဲ့သည်။

ထို့နောက်ပိုင်း ပန်းရနံ့၏ အခက်အခဲများကို ကူညီရာမှ သံယောဇဉ်ဖြစ်ခဲ့မိ၏။ တစ်နေ့၌ ပန်းရနံ့သည် သူ့ပါးကို နမ်းခဲ့လေသည်။

အကြောင်းအရင်း အဆက်အစပ်မရှိ အနမ်းခံလိုက်ရသော ကြောင့် မှင်တက်ခဲ့ရလေ၏။ ကိုယ်ခန္ဓာတစ်ခုလုံးမှာလည်း တောင့်



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့သည်။ သို့သော် ပန်းရနံ့မှာမူ သူ့ကို ကြည့်ရှင်စွာ ပြုံးပြီး စိုက်ကြည့်နေလေသည်။

ပြီးနောက် မပြောမဆိုပြီး ဒုတိယအကြိမ် နမ်းပြန်၏။

အနမ်းကို မှတ်သိပ်နေသော သူ့ပါးပြင်ကြောင့် နှလုံးခုန်သံများ မြန်ခဲ့ရသည်။

ပန်းရနံ့ကို ချစ်၏မချစ်၏ဆိုတာ သူကိုယ်သူ မဆန်းစစ်နိုင်ခင်မှာပင် ပန်းရနံ့ကို သူက တန်ပြန်၍ နမ်းမိသွားလေသည်။

သူမှားခဲ့သည်။ မိုက်မဲခဲ့မိသည်။ သို့သော် ထိုအမှားသံသရာယဲ ပျော်ရွှင်ကျေနပ်ခဲ့ရသည်။

သို့သော် ယခုမူကား ထိုသံသရာသည် သူ့ဘဝကို ဆွဲချတော့မည့် အခြေအနေဖြစ်၍နေလေသည်။

ပန်းကို တဖွတ်ထိုးမဆန်စေချင်ပါ။ သူက လျစ်လျူရှုလိုက်ပါက ပန်းသည် စိတ်ထင်တိုင်း ဖြစ်သလိုနေပေတော့မည်ကို သူရိပ်မိသည်။ သူ ဘာလုပ်ရမလဲ။

"ဆရာ ကျွန်တော် ဘာလုပ်ရမလဲ"

သူ့ညွှန်ကြားမှုကို စောင့်နေရှာသော ကိုမောင်မျိုးကိုလည်း ပဲလော့ကြားမှ ဆားး မဖြစ်စေချင်တော့ပါ။

သူ့ပြဿနာကို သူရှင်းရမည်ဖြစ်၏။ ရှောင်လွှဲနေလို့လည်း





မရသည့်အခြေအနေကို သိသောကြောင့် ဖုန်းကို ရဲရဲကိုင်သည်။ တစ်ဖွတ်ထိုးဆန်နေသော မိန်းကလေးကို အကျိုးသင့်အကြောင်းသင့် ရှင်းပြပြောဆိုရမည်ဖြစ်သည်။ ထိုသို့ ပြတ်ပြတ်သားသား ဆုံးဖြတ်ပြီး နိုင်မှ ပန်းဆီ ဖုန်းခေါ်လိုက်သည်။ ဖုန်းသည် တူခနဲဝင်သွားသောအခါ

"ဒေါက် ဒေါက်"

တံခါးခေါက်သံနှင့်အတူ တံခါးရွက်များ လျောခနဲပွင့်သွားလေ၏။

ကြွေ ... ကြွေနှင့်သမီးသည်သူ့အခန်းထဲ ရှေ့ဆင့်နောက်ဆင့် ဝင်လာလေ၏။

သူ ထိတ်လန့်သွားလေသည်။ လန့်လန့်ဖျပ်ဖျပ်ပင် ဖုန်းကို တမန်းကာတန်း ပိတ်လိုက်လေ၏။

"ဪ ... ကို ဖုန်းပြောနေတာလား။ ပြောလေ"

"ရပါတယ် ပြောပြီးပြီ။ ကြွေနဲ့သမီး ရောက်လာတာ စောသားပဲ"

"အင်း ... ကိုနဲ့စကားပြောရအောင်လို့ ခပ်စောစောထွက်လာလိုက်တာ"

ဟု ခပ်အေးအေးဆိုကာ ဝင်ထိုင်လိုက်သောကြောင့် သူမှာ အနေရခက်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုမောင်မျိုး လုပ်စရာရှိတာ သွားလုပ်တော့"

ဟုသာ ကိုမောင်မျိုးကို အဓိပ္ပာယ်ရှိရှိကြည့်ပြီး ပြောလိုက်လေ၏။ ကိုမောင်မျိုးမှာ သူ့မျက်နှာကဲကို ဖမ်းနေရလေသည်။ လုပ်စရာရှိတာလုပ်ဆိုသော အဓိပ္ပာယ်က ဘာမှန်းလည်းမသိပါ။ ပန်းကိုပဲ ပြန်လွှတ်ရတော့မှာလား။ ကားကိုပဲ ရေဆေးရတော့မှာလား။ ဒါမှ မဟုတ် အတွင်းရေးမှူးကို လိုအပ်သောစာရွက်စာတမ်းတွေ ပြင်ဆင်ခိုင်းရမှာလား။

"ဖေဖေ နေကောင်းရဲ့လား"

"ကောင်း . . . ကောင်းပါတယ်။ ဘာဖြစ်လို့လဲ"

"ကို တစ်ခုခုကို စိတ်လှုပ်ရှားနေသလိုပဲ။ အဆင်ပြေရဲ့လားကို။ ကြွေ ဘာများကူညီရမလဲ"

"ရပါတယ်"

"ကိုကသာ ရနေတာ။ ကိုမင်းသူတို့ဘက်က အခြေအနေ မဟန်ဘူးနော်"

"ရှယ်ယာတွေ လိုက်စုနေတဲ့သတင်းကို ပြောတာလား"

"သူတို့ တစ်ခုခု ကြံစည်နေပုံရတယ်"

"ဒီနေ့လည်း အစောကြီးရောက်လာတယ်လို့ သတင်းကြားတယ်"





"ပါကင်မှာ သူတို့ ကားရပ်ထားတာကို တွေ့လိုက်တယ်။ ပြီးတော့ မိန်းကလေးတစ်ယောက်ကိုလည်း တွေ့ခဲ့တယ်။ ကိုမင်းသူတို့ စောင့်ရှောက်ထားပေးတဲ့ ကောင်မလေးပဲ"

ကြွေ့စကားက တစ်ခုခုကို သိနှင့်ပြီးပြီဟု တိုက်စစ်ဆင်လိုက်လေသည်။ သူ တုန်လှုပ်သွား၏။ သူနဲ့ပန်းအကြောင်း ကြွေ သိနေပြီပေါ့။ ပန်းရဲ့နောက်ကြောင်းကိုပါ ကြွေသိနေပြီပေါ့။

"ကောင်မလေးက ကိုမင်းသူတို့သားနဲ့ ဘာလိုလိုဖြစ်လို့ မိုက အိမ်က မောင်းချထားတယ်လို့ သတင်းထွက်တာပဲ။ ခုခေတ်ကောင်လေးတွေကလည်း မလွယ်ပါဘူး။ သူတို့သားကို သူတို့ မနိုင်တော့လို့ ကြွေတို့သမီးဆီ ဝကွက်အပ်ချင်တာလေ။ အဲဒီအတွက် ကြွေကလည်း ကောင်းကောင်းပြောပြရဦးမယ်"

ကြွေက ခပ်ကျော့ကျော့သာပြောသော်လည်း သမီးကတော့ အေးစက်စက်မျက်နှာပေးနှင့်သာ စားပွဲပေါ်မှပန်းအိုးကို ငေးကြည့်နေလေသည်။

သမီးက ဤပုံစံ ငြိမ်သက်နေပြီဆိုပါက တစ်ခုခုကို ပြင်းပြင်းထန်ထန် ခံစားနေရပြီဆိုတာ သူ ကောင်းစွာသဘောပေါက်သည်။

သမီးလည်း သိနေပြီလား။ သိနေရင်လည်း ဘယ်အထိ အထားထိ သိနေတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီ ဒီ"

ရွှေးပျံနေသောသူက ဖုန်းသံကြောင့် လန့်သွားလေသည်။ ဖုန်းကိုကိုင်ကြည့်လိုက်သောအခါ ပန်းထံမှဖြစ်နေသည်။ သူ ဘာလုပ်ရမလဲ။ သမီးနှင့် ကြွေ့ရှေ့တွင် ပန်းရဲ့ဖုန်းကို သူ ကိုင်၍မဖြစ်ပါ။

"ကို ဖုန်းကိုင်လိုက်လေ"

"ရပါတယ် ကြွေ၊ ကြွေပြောစရာရှိတာသာ ပြောပါ။ ဒီဖုန်းက အံရေးမကြီးပါဘူး"

ဟုဆိုကာ ဖုန်းကိုချလိုက်ပြီး ဟန်မပျက်ဆက်နေလိုက်သည်။

"ကဲ ကို . . . အစည်းအဝေးလည်း စတော့မယ်။ ကြွေတို့ သွားနှင့်မယ်နော်။ သမီး မေမေတို့ သွားကြစို့"

ကြွေ့ကို သူ ပထမဆုံး နားမလည်နိုင် ဖြစ်သွားမိသည်။ ကြွေသည် ဘာအဓိပ္ပာယ်လဲ၊ ဘာသဘောလဲ၊ ဘာကြောင့် ရှောင်ထွက်သွားတာလဲ။

သူကို ဘာလို့ မသင်္ကာသည့်အကြည့်နှင့် မကြည့်တာလဲ။ အမှန်က ကြွေလို ထက်မြက်တဲ့လူက သူ့အခြေအနေကို မရိပ်စားမိဘူးဆိုတာ မဖြစ်နိုင်ပေ။

ကြွေနှင့် သမီးတို့က ထူးဆန်းသည်။ သူ့စိတ်ထဲကပဲ ဖြစ်နေတာလားဆိုတာ ရေရေရာရာ မသိနိုင်ပေ။





"ဒီ ဒီ"

ဒုတိယအကြိမ် ဖုန်းဝင်လာသောအခါ ရှောင်လွှဲမနေတော့ဘဲ သူ ဖုန်းကိုကိုင်လိုက်၏။

"ပန်း . . . မင်း ဦးကို ဒီထက် စိတ်ပျက်အောင် မလုပ်ပါနဲ့တော့"

"ပန်း . . . ဦးနဲ့ ခဏလောက်တွေ့ချင်လို့ပါ"

"ငါ မအားသေးဘူးကွ"

"ဦးအားတဲ့အထိ ပန်းစောင့်ပါမယ် ဦး"

"ကျွတ် . . . ပြဿနာပဲ"

"ဦး ရုံးခန်းထဲမှာရှိသလားဟင်။ ပန်း အခု ဦးရဲ့ရုံးခန်းနားလေး ရောက်နေတယ်"

"ဟင်"

"ဝန်ထမ်းတွေက ပန်းကို ဝင်ခွင့်မပြုလို့ ပန်း အခုရုံးပေါ်လှေကားကနေ တက်လာတယ်။ ခု သုံးထပ်ရောက်ပြီ။ ဦးရုံးခန်းက လေးထပ်မှာ မဟုတ်လား"

သူ ဖျာယာခတ်သွားလေသည်။ ထို့ကြောင့်ပင် ကုတ်အင်္ကျီကို ဆွဲမယူနိုင်တော့ဘဲ အခန်းတံခါးကိုသာ ဝုန်းခနဲ တွန်းဖွင့်ပြီး ပြေးဆင်းလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဝန်ထမ်းအချို့က သူ့ကို ပြုံးတုံ့ပျာတာ လှမ်းကြည့်ပြီး ပျာပျာသလဲ အရိုအသေပေးကြသော်လည်း သူ ဂရုမပြုနိုင်ပါ။ အရေးပေါ်လှေကားဆီသို့သာ ခပ်သွက်သွက်လျှောက်လာခဲ့သည်။

ပန်းရောက်လာ၍ မဖြစ်ပါ။ အကာယ်၍သာ ပန်းကိုမြင်သွားပါက သူသည် ကာလာမျိုးစုံသော မျက်လုံးများနှင့် အကြည့်ခံရနိုင်ဖွယ် ရှိသည်။

"ဦး"

လှေကားသို့ တဘုန်းဘုန်းပြေးဆင်းလိုက်သောအခါ တရွေ့ရွေ့တက်လာသောပန်းကို ဘွားခနဲ တွေ့ရလေသည်။ သူ ဘာကိုမှ ချင့်ချိန်မနေတော့ဘဲ ပန်းရဲ့လက်ကောက်ဝတ်ကို ဆတ်ခနဲဆွဲပြီး လွတ်နေသောအခန်းထဲ ဖွေ့ခနဲဝင်ကာ တံခါးကိုပိတ်လိုက်လေသည်။

"ဦး"

သူ့ရင်ခွင်ထဲ တိုးဝင်ကာ ရှိုက်ကြီးတငင် ငိုနေရှာသော ပန်းကြောင့် သူ့မှာ ဘာလုပ်၍ ဘာကိုင်ရမှန်းမသိပေ။ ချော့မော့ရအောင်လည်း ဇာတ်လမ်းက မပြတ်နိုင်ဘဲရှိလိမ့်မည်။ မသိကျိုးကျွံပြုရအောင်လည်း ခွေမျိုးရင်းချာများရဲ့ အပယ်ခံ။ မိဘမဲ့တစ်ကောင်ကြွက်ဖြစ်နေသော မိန်းကလေး။ ခက်ရချည်ရဲ့။

"ဦးကို အရမ်းလွမ်းတာပဲ။ ဒီတစ်ပတ်လုံး ဦးက ဘယ်ငါ





နေသလဲမသိပေမယ့် ပန်းတော့ ရင်ကွဲအောင် ခံစားရတယ်။ ပန်းကို အထင်မလွဲပါနဲ့ ဦးရယ်။ သူက ဘိုဘိုပါ။ ပန်းကို သူတို့မိသားစုက လေးငါးနှစ်လောက် စောင့်ရှောက်ထားခဲ့လို့ မကောင်းရာမကောင်းကြောင်း ဖြစ်နေတာပါ။ ပန်း သူ့ကို လုံးဝမချစ်ဘူး။ ပန်းက ဦးကိုပဲချစ်တယ်။ ပန်းရင်ထဲမှာ ဦးပဲရှိတယ်။ ယုံပေးပါနော်ဦး။ ပန်းကို ပစ်မသွားပါနဲ့။ ဦးသာ ပန်းကိုပစ်သွားရင် ပန်း ရူးရလိမ့်မယ်နော် ဦးနော်"

"ငါ သိတယ်၊ အဲဒီကောင်လေးနဲ့ ကိစ္စကြောင့်မဟုတ်ဘူး ပန်းရနံ့"

ပန်းဟု တစ်လုံးတည်း အဖျားစွတ်မခေါ်ဘဲ တမင်တကာဝင် ပန်းရနံ့ဟု ခေါ်လိုက်လေသည်။

"ဒီကိစ္စကို နောက်မှပြောမယ်။ ခုလောလောဆယ် လက်ကို လွှတ်လိုက်ဦး။ အရေးကြီးတဲ့ အစည်းအဝေးတက်စရာရှိလို့ မင်းပြန်တော့"

"ဦး ပန်းကို ပစ်ထားမှာလားဟင်"

"ကိစ္စပြီးရင် ဖုန်းဆက်လိုက်မယ်။ အခုလောလောဆယ်တော့ မင်းပြန်တော့"

"ဦး ပန်းကို ပစ်မထားရဘူးနော်"

"အေးပါ . . . အေးပါ ပြန်တော့"



www.burmeseclassic.com

www.burmeseclassic.com



ဟု သူက ပြောသော်လည်း ပန်းသည် သူ့နှုတ်ခမ်းကို လွှမ်းမောစွာ နမ်းရှိုက်လေသည်။

ပြီးနောက် သူမျက်နှာနေရာအနှံ့ နမ်းပြီး ထွက်သွားလေ၏။ ဘာမှ စောဒက တက်မသွားတော့ချေ။

သူ သက်ပြင်းရှိုက်မိသည်။ ရင်လည်း မောရပါသည်။ သို့သော် ဘာပဲဖြစ်ဖြစ် ပြဿနာတစ်ရပ် ငြိမ်းချမ်းသွားပြီမို့ အသက်ကို ဝဝရှူပြီး ရုံးခန်းထဲသို့ ဝင်လာခဲ့၏။

"ဟင်"

အခန်းထဲရောက်သောအခါ ခြေကလိမ်ချိတ်ထိုင်နေသော ကြွေ့ကို တွေ့လိုက်ရလေသည်။

ကြွေသည် အစည်းအဝေးခန်းထဲမှာ ရှိနေရမည်ဖြစ်သည်။ ဘာကြောင့်များ သူ့အခန်းထဲ ရောက်နေတာလဲ။

"အဲကွန်းက သိပ်မအေးဘူးထင်တယ်နော်"

ဟုဆိုကာ ကြွေသည် တစ်သျှူးကိုယူပြီး သူ့နဖူးမှ ချွေးများကို သုတ်ပေးလေ၏။

"အိမ်က ပြဿနာကို အိမ်မှာရှင်း။ လမ်းကပြဿနာကို လမ်းမှာရှင်းတော့ ဝန်ထမ်းတွေ အရှိအသေမတန်တော့ဘူးပေါ့ ကို"

ဟုဆိုကာ တစ်သျှူးကို ဆွဲထုတ်လိုက်ပြန်ပြီး သူ့နှုတ်ခမ်းကို သုတ်ပေးသည်။





"နောက်ငါးမိနစ်ဆို အစည်းအဝေးစတော့မယ်။ ခန်းမထဲမှာ ဘိုဘိုလည်း ရောက်နေတယ်။ ဘိုဘိုဆိုတာ ဘယ်သူမှန်းကို ကောင်းကောင်းမှတ်မိပါနော်။ ကြွေသွားနှင့်ပြီ"

ဟုဆိုကာ သူမျက်နှာပေါ်သုတ်ထားသော တစ်သျှူးစကို သူ့လက်ထဲအပ်ကာ ကြွေက ထွက်သွားလေ၏။

သူ့ရင်တွေ တဒိတ်ဒိတ်ခုန်နေသည်။ ကြွေ၏အပြုအမူသည် သူ့အတွက် ပဟေဠိဖြစ်၍ နေလေသည်။

သို့သော် တစ်သျှူးစကိုဖြည်ကြည့်လိုက်သောအခါ ထိုပဟေဠိ ပြီး ရှင်းသွားတော့၏။

နှုတ်ခမ်းနီ၊ ပန်းနှုတ်ဖျားမှ နှုတ်ခမ်းနီများ။

○○○



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"ဦးခန့်ကိုကိုပဲ အားကိုးတယ်။ ဦးလောက် တခြား ဘယ်ရှ
ကိုမှ အားမကိုးဘူးဆိုတဲ့စကားကို တိုက်ဖျက်ဖို့ ကျွန်တော် ခြေလှမ်း
စလိုက်ပြီ ဦးခန့်ကို"

ဟု အစည်းအဝေးအပြီးတွင် ပြောသွားသော ဘိုဘို၏စကား
လုံးများသည် သူ့ကို အရှက်ရစေတာအမှန်ပါ။

ဘိုဘို၏အသံက နှစ်ကိုယ်ကြားဆိုသော်ငြား သူ့နားထဲ ပွဲထ
ထပ်နေလေသည်။ ကိုယ့်သားလောက်ရှိတဲ့အရွယ်က ကိုယ့်ကို စိန်
လိုက်သည့်အတွက် ရင်ထဲ အချိတင်ကဲ ခံစားရသည်။





တိုက်ဆိုင်လွန်းတဲ့ ကံကြမ္မာကိုပဲ အပြစ်တင်ရမလား။ ကျဉ်း
မြောင်းလှတဲ့ လောကကြီးကိုပဲ မကျေမနပ်ဖြစ်ရမလား မသိတော့ပေ။
နေ့ကို စောင့်ရှောက်ထားတဲ့လူတွေက ကိုမင်းသူ့တို့မှန်း အစော
ကတည်းကသာ သိခဲ့ပါလျှင် ဒီလို သူငယ်နုဝ်စားအရွယ်က သူ့ကို
စိန်ခေါ်လာစရာအကြောင်း မရှိချေ။

ဒီလို ရိုင်းစိုင်းတဲ့လူငယ်နှင့် သမက်အဖြစ်တော်စပ်ဖို့
ဘာထားမိခဲ့မည် မဟုတ်ပါ။ ခုတော့ ပတ်သက်မှုက အောင့်သက်
သက်။ တစ်ပန်းသာနေသည်က နှစ်ဦးနှစ်ဖက်က သားရေး သမီးရေး
ကား ကျွံမထားမိခြင်းဖြစ်သည်။

ပြီးနောက် သမီးကလည်း ထိုလူငယ်အပေါ် စိတ်ဝင်စားပုံမျိုး
မရှိပေ။

ပြီးနောက် ကြွေ စီးပွားရေးသက်သက် အကွက်ရွှေ့သော
ကြွသည် နောက်ဆုံးတော့ မိခင်စိတ်ကသာ အနိုင်ယူသွားလေ၏။
ဒီလို ယဉ်ကျေးမှုမရှိသော လူငယ်နှင့် ဘာကိစ္စနှင့်မျှ သမက်အဖြစ်
ရွေးချယ်လိမ့်မည်မဟုတ်ပေ။

ပြီးနောက် တစ်ခုစဉ်းစားစရာရှိသည်။ ငယ်ရွယ်သေးတဲ့
သမီးကို ကြောင်းလမ်းဖို့ စီစဉ်ခဲ့သည်က သူ့ကြောင့်များလား။

ပန်းနှင့် သူ၏ဇာတ်လမ်းကို ရပ်တန့်သွားစေဖို့ ဘိုဘို့ကို

ကြွေက ရွေးချယ်လိုက်တာလား။

သူ့ရင်ထဲ မေးခွန်းများစွာတို့ ဖြစ်တည်လာရ၏။ ကြွေသည် သူနှင့်ဝန်းကိုစွက်ကို ဘယ်ကတည်းက သိနေခဲ့တာလဲ။

ကြွေ၏ပုံမှာ အထူးပင်သွေးအေးနေလေသည်။ သာမန်တော မဟုတ်ပေ။ ကြွေ ဘာတွေကြံစည်နေတာလဲ။ ကြွေ့ဂုဏ်ရှိန်နဲ့ ပန်း ဆိုသော မိန်းကလေး၏ဘဝကို အမှုန့်ချေပစ်၍ ရနိုင်သည်။ ကြွေ ဘာကြောင့် မလုပ်သလဲ။ သူဦးနှောက်ထဲ အစည်းအဝေးမှအကြောင်း အရာထက် ကြွေသာ ကြီးစိုးနေလေသည်။

အစည်းအဝေးပြီးတော့လည်း သူကို နှုတ်ပင်ဆက်မသွား သော ကြွေနှင့် သမီးကြောင့် ရင်ထဲ မတင်မကျဖြစ်ရသည်။ သူကိုစွ ကြွေက သမီးကို ပြောပြလိုက်ပြီလား။ မဖြစ်နိုင်ပါ။ ကြွေက ထိုသို့ အသိဉာဏ်နည်းသော မိန်းမတစ်ယောက်မဟုတ်ပေ။ သူ့အပေါ် သမီး က ရှိသောစာနာမှုကိုစွမျိုး ကြွေက ဘယ်တော့မှ လုပ်မည်မဟုတ် သူယုံကြည်သည်။

"ဆရာ ကျွန်တော် တွန်ဒိုကိုမောင်းရမလား"

"အိမ်ကိုပဲ မောင်းလိုက်တော့"

သူ ဒီနေ့တော့ ကြွေနဲ့ အပွင့်လင်းဆုံးပြောဆိုရလိမ့်မည် သူ့ရင်ထဲမှ အကျိတ်အခဲကို ထုချေနိုင်မည့်လူမှာ ကြွေသာဖြစ်သည်





ပြဿနာကို ရှောင်လွှဲနေမှာထက်စာရင် ပြေးတွေ့လိုက်တာက အကောင်းဆုံး စိတ်ကို အနားပေးခြင်းဟု ထင်သည်။

သူ ရင်ဆိုင်ရမည့်ပြဿနာက နှစ်ခု။ ပန်းနှင့်ကြွေ။ ပန်းသည် ဘူ ထားရာနေ စေရာသွား မိန်းမသားမို့ သူ့သိပ်ဂရုမစိုက်၍ ရသော် ည်း ကြွေတော့ ထိုသို့မဟုတ်ပေ။ ကြွေ တစ်ချက်မှေ့လိုက်ပါက သူ့ဘဝက အပိုင်းပိုင်းပြတ်လိမ့်မည်။ ထိုသို့ အဖြစ်မခံနိုင်။ နှစ်သက်၍ ည်ဆောက်ထားသော အသိုက်အမြုံလေးကို အပျက်မခံနိုင်ပါ။

"ဆရာ"

အိမ်ရှေ့သို့အရောက်တွင် ကိုမောင်မျိုးက သူ့အား အထိတ် လန့် ခေါ်လိုက်သောကြောင့် သူက ရှေ့သို့ လှမ်းကြည့်လိုက်၏။

သူကိုယ်တိုင် မွေးနေ့လက်ဆောင်အဖြစ် ဝယ်ပေးခဲ့သော နီနီလေးကို ထီးထီးမားမား တွေ့လိုက်ရသည်။

ဘုရား ... ဘုရား ပန်းပါလား။ ဘာအားကိုးနဲ့ ဒီကိုရောက် တာလဲ။

"ဆရာ ... ကျွန်တော် ဘယ်လိုလုပ်ရမလဲ"

ဟု ကိုမောင်မျိုးက ပြောနေဆဲမှာပင် ကားပေါ်မှ ပန်း ဆင်းလာသည်ကို တွေ့ရလေသည်။

ပန်းသည် ရဲရဲဝံ့ဝံ့ပင် ကားပေါ်သို့ တက်လာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုမောင်မျိုး လှူရှင်းမယ့်လမ်းကိုမောင်းပါ"

ဟုသာဆိုပြီး စကားတစ်ခွန်းမျှ မပြောဘဲ နေလိုက်၏။ ကိုမောင်မျိုးအရှေ့မှာမို့ ပန်းကလည်း တစ်ခွန်းမျှ မပြောပေ။ သူ့အပေါ်ပင် ပွတ်ကာသီကာ မလုပ်ပါ။

လူယုံတော် ကိုမောင်မျိုးကလည်း မှာကြားထားသည့်အတိုင်းပင် လူရှင်းသောလမ်းထဲ ကွေ့ဝင်ပြီး အလိုက်တသိ ကားပေါ်က ဆင်းသွားလေသည်။

"မင်း ဘာသတ္တိနဲ့ အိမ်ရှေ့ဆီ ရောက်လာတာလဲ"

"ဦး ပန်းဆီမလာဘူးဆိုတာ သိလို့ပါ"

"မင်းကို ငါကယ်တင်ခဲ့တာ မှားသွားပြီလား မသိဘူး"

"အဲဒီစကားကြားရတဲ့အတွက် ပန်း ဝမ်းနည်းတယ်"

"ငါ စိတ်ရှုပ်တယ် ပန်းရန့်"

"ဦးကို စိတ်ရှုပ်အောင် ပန်း မလုပ်ချင်ပါဘူး။ ဒါပေမဲ့ ပန်း ဦးကို ချစ်နေတာကို ဘယ်လိုလုပ်ရမလဲ။ ဦးကိုမတွေ့ရရင် မနေနိုင်ဘူး။ ဦးသာ ပန်းကို အဲဒီလိုအကြာကြီး ပစ်မထားဘူးဆို ဒီလို ပြဿနာတွေ ရှိလာမှာမဟုတ်ဘူး"

"မင်း ဘာလိုချင်နေတာလဲ ပန်းရန့်"

"ဦးရဲ့အချစ်"





"မင်းလိုချင်နေတဲ့အရာက ငါ့ဘဝကို သတ်ပစ်မယ့် လက်နက်ပဲ။ ဒီနေ့ မင်းကြောင့် ငါ ဘယ်လောက်ထိ သိက္ခာကျခဲ့သလဲ သိလား"

"ဘိုဘိုနဲ့ ပန်းကို အထင်မလွဲပါနဲ့ ဦး"

"အစတည်းက မင်းနဲ့ ကောင်လေးတစ်ယောက်အကြောင်း သိပြီးသားပါ။ ဘိုဘိုဆိုတာပဲ မသိခဲ့တာ။ ဒါက ထားလိုက်ပါ။ လိုရင်း [illegible]ပြောမယ်။ မင်းနဲ့ငါနဲ့ ဇာတ်လမ်းကို ဒီလောက်နဲ့ပဲ ရပ်လိုက်ရအောင် ပန်းရန့်"

"မရတော့ဘူး ဦး"

"ဘာလို့လဲ ဘာကြောင့်လဲ"

"ပန်းမှာ ကိုယ်ဝန်ရှိနေပြီ"

"ဘာ"

သူ့နား သူ မယုံချင်တော့ပါ။ ထိတ်လန့်သွားလေ၏။ ဒီလို [illegible]ရပ်မျိုး ရှိလာလိမ့်မည်ဟု သူ တစ်ရံတစ်ခါမျှ မတွေးဖူးချေ။ သူ့[illegible]သက်က လေးဆယ့်ငါးနှစ်ရှိလာမှ သူနှင့်ပတ်သက်သည့် မိန်း[illegible]လေးက ကိုယ်ဝန်တဲ့လား။ ရှက်ဖို့ကောင်းသောကိစ္စကြီးဖြစ်သည်။ [illegible]ကြားရှိမှု မကောင်းပါ။ ဒီပြဿနာကို သူ ဘယ်လိုဖြေရှင်းရမလဲ။

"ပန်းရဲ့ကိုယ်ဝန်ကို ဦး ကြိုဆိုမယ်မဟုတ်မှန်း ပန်း သိပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဒါပေမဲ့ . . . ဦး ဒါက ပန်းချစ်တဲ့ဦးရဲ့ရင်သွေးပါ"

"မင်း ဘယ်လိုလုပ်လိုက်တာလဲ ပန်းရှုံ့။ မင်းကိုဒါ ဒီက်စွမ်း မရှိစေနဲ့လို့ အတန်တန် မှာခဲ့ဘူးလား။ မင်းပြောတော့ မရှိနိုင်ပါဘူး ဆို။ ငါ့စကားကို နားထောင်နေပါတယ်ဆို။ ဟာကွာ . . . ကျွတ်"

သူက စိတ်ပျက်စွာပြည်တမ်းလိုက်သောအခါ ပန်းရှုံ့၏ မျက်ဝန်းထဲမှ အရည်ကြည်တို့သည် ပြည့်လွှန်းကာ တစ်ပေါက်ချင်း စီးကျလာလေသည်။

"ပန်း မေမေ့ကို အရမ်းသတိရတယ် ဦး။ ဦးနဲ့ မတွေ့ခင် အချိန်တုန်းက ခက်ခဲလွန်းလို့ ပန်း ကိုယ့်ကိုယ်ကို သတ်သေဖို့ ကြိုးစား ခဲ့ဖူးတယ်။ အန်တီမို့က ပန်းကို ချစ်ခင်ပေးခဲ့ပေမယ့် ဘိုဘိုက ပန်းကို ချစ်နေတယ်ဆိုတာ သိသွားတဲ့နေ့မှာ ပန်းကို အိမ်အကူလို ဆက်ဆံ တယ်။ နိုင်ငံခြားကို မောင်းထုတ်ဖို့ ကြံစည်ခဲ့တယ်။ ငွေပေးပြီး အိမ်ထဲ ကနေ ဆွဲမချုံ့ မောင်းချခဲ့တယ်။ ငါးနှစ်လောက် စောင့်ရှောက်ခဲ့တဲ့ ကျေးဇူးကိုထောက်ပြီး သူတို့အပေါ် ပန်း စိတ်မနာအောင်ကြိုးစားခဲ့ တယ်။ အခြေအနေမှာ ပန်း ဘယ်လောက်ထိ ပင်ပန်းခဲ့သလဲဆိုတာ ဦး မသိနိုင်ပါဘူး။ ဦးက ပန်းဘဝရဲ့နတ်သားပါ။ ဖန်ဆင်းရှင်ပါ။ ဦး ကြောင့် ပန်း မပူမပင်နေခဲ့ရတယ်။ ပြည့်ပြည့်စုံစုံနေခဲ့ရတယ်။ ဒါပေမဲ့ ဦးကိုချစ်ခဲ့တာ အဲဒီဝစ္စည်းတွေကြောင့် မဟုတ်ဘူး ဦး။ အားကိုးပြီး





နွမ်းမှိန်ပြတ်ပြတ်နဲ့ ကျေးဇူးရှင်တစ်ယောက်လို ချစ်ခဲ့တာပါ။ ပန်းရဲ့ ကျေးဇူးရှင်ကို ပန်း ဒုက္ခရောက်အောင် လုပ်ချင်ပါ့မလား ဦးရယ်။ ဒါပေမဲ့ . . . ပန်းမှာ ကိုယ်ဝန်ရှိနေတာလေးကိုတော့ ဦးကို အသိပေးချင် တယ်။ ဦးပျော်လိမ့်မလားဆိုတဲ့ မျှော်လင့်ချက်လေးနဲ့ပါ။ ပန်း အရမ်း အားငယ်တယ် ဦး။ ပန်းလက်ကို ဦး ခဏလေးဖြစ်ဖြစ် ဆုပ်ကိုင်ပေး ပါလားဟင်"

ဟုဆိုသောအခါ မိန်းကလေးကို သနားမိသည့်စိတ် ရင်ထဲ မှာ မဆန့်အောင်ဖြစ်တည်လာရပြန်သည်။

ကိုယ်ဝန်ရနေပြီဆိုသောပန်းကို ကြည့်ရင်း လွန်ခဲ့သောဆယ့် ရှစ်နှစ်က ကြွေ့ကိုမြင်ယောင်မိသည်။

ကြွေက ကိုယ်ဝန်ရှိသည်ဟုဆိုလျှင် သူ အရူးတစ်ယောက်လို ပျော်ရွှင်ခဲ့ရသည်။ ကြွေ့ကို သဲသဲလှုပ် ဂရုစိုက်ခဲ့ရသည်။ ကြွေ့ဗိုက်ထဲ မှာ ပြုစုပေးနေရသည်ကိုပင် သူက ဂုဏ်ယူစရာဟု တွေးနေခဲ့ဖူးသည်။

တဖြည်းဖြည်း ပူလာသောကြွေ့ဗိုက်လေးကို အရိပ်တကြည့် ကြည့် ကြည့်ကာ ရင်ခုန်ခဲ့ရဖူးသည်။ သူ၏ဂရုစိုက်မှုကြောင့် ကြွေ့မှာ ကိုယ်ဝန်သည်ဒုက္ခများ မရှိတော့ပါဟုပင် ကြွေက ဂုဏ်ယူစွာပြောခဲ့ ဖူးသည်။

ကိုယ်ဝန်သည်များအားငယ်တတ်သည်ဟု မိတ်ဆွေများက



www.burmeseclassic.com

www.burmeseclassic.com



နောက်ပြောင်ကြသောကြောင့် ကြွေ့မျက်နှာ မသာမယာဖြစ်သည့်နေ့ဆို အလုပ်မသွားဘဲ ကြွေ့နား အဖော်ပြုပေးခဲ့သည်ထိ သာယာခဲ့ရသည်။ သို့သော် ထိုအရာတွေက အိပ်မက်သာသာမျှသာ။

"တစ်ပတ်ကိုတစ်ကြိမ်လေးပဲဖြစ်ဖြစ် ပန်း ဦးနဲ့တွေ့ပါရစေ ဦးရယ်နော်။ ဦးမှာအခက်အခဲရှိရင်လည်း ဖုန်းလေးပဲဖြစ်ဖြစ်"

"ငါ့ကို မင်း လူဆိုးဖြစ်အောင်လုပ်နေပြီ ပန်းရနံ့"

တကယ်တော့ ပန်းရနံ့လက်ကိုကိုင်ပြီး ပန်း လိုအင်ဆန္ဒလေးကို အားယူကာ ဖြည့်ပေးလိုက်ချင်၏။ သို့သော် သူ့အသိဉာဏ်သည် ထိုသို့ ခွင့်မပြုပေ။

အသံမထွက်ဘဲ မျက်ရည်သာကျနေသော ပန်းကို သူသနားသည်။ မျက်ရည်များကိုလည်း သုတ်ပေးလိုက်ချင်သည်။ သို့သော် ထိုသို့ ယုယနေပါက ပန်းက သူ့အပေါ် ဒီထက်ပို၍ မျှော်လင့်လာလိမ့်မည်။

ပန်းက သူ့ကိုမျှော်လင့်နေပါက ဒုက္ခဖြစ်မှာက ပန်းကိုယ်တိုင်ဖြစ်၏။

"ဦးတို့ကိစ္စကို ကြွေ ကြွေ သူသိသွားပြီ"

မထူးတော့သည့်အဆုံး ပွင့်ပွင့်လင်းလင်း ပြောချလိုက်တော့သည်။ ယခုလောလောဆယ် ကိုယ်ဝန်ပြဿနာကိုအသာထား





ကြွေ့ပြဿနာက မိုးမီးလောင်တော့မည့် အနေအထားမှာရှိ၏။ ထို့ကြောင့် အန္တရာယ်ကိုလည်း ပန်းကိုကြိုပြီး အသိပေးထားသင့်သည်ဟု ထင်သည်။

"မင်း ဒုက္ခရောက်လိမ့်မည် ပန်း။ ဦး ဦး ကြွေ့အကြောင်း ကောင်းကောင်းသိတယ်။ ကြွေက ဆတ်ဆတ်ထိမခံနိုင်တဲ့ မိန်းမတစ်ယောက်။ သူ့ကို တိုက်ခိုက်လာရင် နှင်းခြေတတ်တဲ့မိန်းမတစ်ယောက်ပေါ့။ မင်းကို . . . သူ သူ"

"ပန်းအတွက် စိုးရိမ်နေတာလား ဦး။ ဦး ဒီလို ပန်းကို စိမ်းကားပြနေတာက ပန်းကို စိုးရိမ်လို့လား ဦး"

သူ မဖြေပေ။ ဖြေစရာလည်း သူ့ထံ အဆင်သင့်မရှိပါ။ ပန်းကို စိုးရိမ်တာလား။ သူ့ကိုယ်သူ စိုးရိမ်တာလား။ ကြွေ့ကို စိုးရိမ်တာလား ဆိုတာက သူ့ရင်ထဲ ပြတ်သားလှတယ် မဟုတ်ပါ။

သို့သော် ပန်းကတော့ သူ့ကို မျက်ရည်များကြားမှ စိုက်ကြည့်နေရှာသည်။ ရှာကြီးကာ ဝိတိဖြစ်နေရှာသော ပန်းကိုကြည့်ရင်း သူက အပြစ်ကြီးတစ်ခု ကျူးလွန်ခဲ့မိပါလားဆိုတာ ပို၍ ထင်ထင်ရှားရှား မြင်လာမိသည်။

မှားခဲ့ပြီးပါပြီ။ ဆက်မိုက်ရဦးမှာလား။ အမှန်ပြင်စရာနည်းလမ်းရော ရှိလို့လား။ အချိန်တွေလွန်သွားခဲ့ပြီ မဟုတ်ပေဘူး။ သူ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလုပ်ရမလဲ။ ပန်းမှာ ကိုယ်ဝန်ရှိသွားပြီတဲ့။ သူ ဘယ်လိုလုပ်ရမလဲ။ ကြွေသာဆို ဘယ်လိုဆုံးဖြတ်မလဲ။

"အခြေအနေက ဦးထင်ထားသလောက် မဆိုးနိုင်ပါဘူး"

ရုတ်တရက် တည်ငြိမ်သွားသော ပန်းရနံ့က အေးအေးဆေးဆေးဆိုလာသောအခါ ပန်းရနံ့ရဲ့စကားကို သူနားမလည်လိုက်ချေ။ ဘာက အခြေအနေမဆိုးတာလဲ။ ယခု အခြေအနေက သူ့အတွက် အဆိုးဆုံးဟုထင်သည်။

"လွန်ခဲ့တဲ့တစ်နာရီကျော်ခန့်က ဒေါ်ဆောင်းရွက်ကြွေ ပန်းရဲ့ဆိုင်ကိုရောက်လာတယ်"

"ဘာ"

သူ့ကမ္ဘာကြီးက လင်းလိုက်မှောင်လိုက်ဖြစ်ကုန်သည်။ သူ့အာရုံထဲတွင် ဘယ်အရာကိုမှ သဲသဲကွဲကွဲမမြင်တော့ချေ။ အသက်ရှူနှုန်းလည်း မမှန်တော့ချေ။ သူ့ခြေများ လက်များမှာ အေးစက်ပြီး ချွေးပျံနေလေ၏။

"ပန်း ဒီကိုလိုက်လာတယ်ဆိုတာက ဦးကို စိတ်ပူလို့ပါ။ ဦး တစ်ခုခုကို ဆုံးဖြတ်လိုက်မှာစိုးလို့။ ဦး ဘယ်အရာကိုမှ မဆုံးဖြတ်ခင် ပန်းရဲ့ကိစ္စကို အရင်ဆုံးပြောပြမိတာပါ။ ဦးထင်သလို ပန်းက ဦးကို စိတ်ညစ်အောင်လုပ်မယ့် လူမျိုး မဟုတ်ပါဘူး။ အထီးကျန်လွန်းတဲ့





ဦးရဲ့လက်ကို မလွှတ်ချင်တာပါ။ ပန်းက ဦးအတွက် အရံလူမှန်း သိပါတယ်။ ဦးထားခဲ့ရင် ကျန်ခဲ့ရမှာပါ။ ဒါပေမဲ့ ...ဦး ပန်းကို အချိန်ပေးပါ။ ကျန်ခဲ့နိုင်အောင်လောက်တဲ့ သတ္တိမျိုး ပေးခဲ့ပြီးမှ ထွက်သွားပါ။ ဒီလိုသာပြောနေရပေမယ့် အဲဒီလိုလုပ်နိုင်ဖို့ ပန်း အများကြီး ကြိုးစားရဦးမယ်"

"မင်းကို သူ ဘာပြောသွားတာလဲ"

"ဒေါ်ဆောင်းရွက်ကြွေဆီကပဲ နားထောင်လိုက်ပါ ဦး။ သူပြောပြတာက ပန်းပြောတဲ့စကားလုံးထက် ပိုအဆင်ချောမယ်လို့ ထင်ပါတယ်"

သူ့စိတ်တွေကို စုစည်းဖို့ခက်နေသည်။ အမှန်အတိုင်းပြောရလျှင် သူက အပြစ်လုပ်ထားတဲ့လူမို့ ကြွေ့ကိုရင်မဆိုင်ရဲပေ။ သို့သော် ရင်မဆိုင်ဘဲလည်း ရှောင်လွှဲနေလို့ရတဲ့ကိစ္စ မဟုတ်မှန်းသိသည်။

ထို့ကြောင့် သတ္တိတွေကိုမွေးမြူနေမိ၏။ သို့သော် ရင်ထဲက ဒိန်းဒိန်းတုန်နေသည်။

ကြွေ သူ့ကို ဘာမျက်လုံးနဲ့ကြည့်ပြီး ဘယ်လိုစကားလုံးမျိုး သုံးနှုန်းလေမလဲ။

○○○



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

ကြွေ ဒီနေ့ ဘုရားရှိခိုးတာ ခါတိုင်းထက် ပိုကြာနေသလား ဟု ထင်ရသည်။ သူ့မှာတော့ ညအိပ်ဝတ်စုံပဲ ဝတ်ရမလား။ သာမ ပေါ့ပေါ့ပါးပါးပဲဝတ်ရမလား။ ထိုင်နေရမှာလား။ လှဲနေရမှာလား ကွန်ပျူတာဖြင့် အလုပ်ရှုပ်ချင်ယောင် ဆောင်နေရမလားဆိုတာ ဆ မတတ်ပေ။ သို့သော် တံခါးဖွင့်သံကြားသောအခါ ပြတင်းဝတွင်ရပ် ပြင်ပသို့ ငေးမောကြည့်မိသွားလေ၏။

မျက်စိကသာ အပြင်သို့ရောက်နေသော်လည်း စိတ်တွေ တံခါးဖွင့်ပြီးဝင်လာသော ခြေသံနောက်တွင် တစ်ဖဝါးမှ မခွာ





ကြွေ့ထံ လှည့်ကြည့်ချင်သော်လည်း ဘယ်လိုမျက်နှာနှင့် လှည့်ကြည့် ရမှန်းမသိပေ။

"ကို ညနေစာ စားပြီးပြီလား"

"အင်း"

ကြွေ့အသံက ပုံမှန်ပင်ဖြစ်သည်။ ဒေါသလည်းမဖြစ်သလို စိတ်လှုပ်ရှားနေပုံမျိုးလည်း မရှိပေ။

ကြွေ့စိတ်ထဲ ဘာတွေတွေးနေတာလဲ။ ဘာတွေ ဘယ်လို ချပ်ဖို့ ကြံစည်နေတာလဲ။

သူ့ရင်ထဲက အုံနွေးနွေးရှိလှသည်။ သူက အရင်စပြောရမှာ လား။ ဒါမှမဟုတ် ကြွေပြောတာကိုပဲ အရင်နားထောင်ကြည့်ရမှာ လား။

"ကိုမင်းသူတို့ဘက်က စစ်ကြေညာလိုက်ပြီနော် ကို။ ကြွေတို့ ဘက်ကလည်း အဆင်သင့်လုပ်ထားရတော့မယ်။ မှို့မှို့ကလည်း သား ဆိုသမီးရေး စကားပြောလာသေးတယ်။ ဒါပေမဲ့ ကြွေက ကလေး ချင်း လေ့လာနိုင်းတာပိုကောင်းမယ်လို့ ပြောခဲ့ပါတယ်။ မှို့မှို့က ည်း ထက်မြက်တဲ့လူပဲ၊ သမီးရဲ့အရိပ်အခြည်ကို သိမှာပါ"

ကြွေပြောနေသောစကားများသည် အပေါစားစကား မဟုတ် ပ်လည်း အဓိကကျသောစကားတော့ မဟုတ်ပေ။ ယခုနေ့ တွင်



www.burmeseclassic.com

www.burmeseclassic.com



သူနှင့်ကြွေကြား ပြောသင့်သောစကားက ထိုစကားများ မဟုတ်ဘူးဟု ထင်သည်။

"ဒီလိုကျပြန်တော့လည်း ကောင်လေးက မဆိုးပါဘူး။ တစ်နေ့တော့ သမီးရဲ့ပြိုင်ဘက်ကောင်း ဖြစ်လာနိုင်ပါတယ်။ ဒီ အစည်းအဝေးပွဲကြီးမှာ မျက်နှာသစ်တစ်ယောက်အနေနဲ့ စကား ပြောဖို့ဆိုတာ လွယ်တဲ့ကိစ္စမှမဟုတ်တာ"

မှန်ပါသည်။ ဘိုဘိုဆိုသောကောင်လေးသည် ရှေ့ဆက် မည့် ကုမ္ပဏီ၏လုပ်ငန်းများအကြောင်း ကောင်းစွာ အကြံပေးသွား လေ၏။ အာပေါင်အာရင်းသန်သန်၊ အချက်အလက်ကျကျနှင့် ပြော သွားသောကြောင့် ရှယ်ယာရှင်အများစုမှာ ခေါင်းတညိတ်ညိတ်ဖြစ် ကုန်သည်။ အချို့က တောက်မယ့်မီးခဲဟု နိမိတ်ဖတ်ကြသည်။

ဘိုဘိုသည် ထက်မြက်သောလူငယ်တစ်ယောက်ဆိုတာ ငြ မရပေမယ့် သူ့အနေနဲ့တော့ ကြည့်မရချေ။

"ကြွေ"

သူ့အသံက လေးဖင့်လှသည်။

"ကို ပြောမယ့်အကြောင်းကို ကြွေသိပါတယ်။ အဲ ကြွေ့ဘက်က အရင်စပြောချင်တာပါ။ ဒါပေမဲ့ ကို အနေရခက်မှာ ချင့်ချိန်နေရတာ"





ဟုဆိုပြီး မထိုင်စဖူး မှန်တင်ခုံရှေ့ထိုင်ပြီး ခေါင်းဖြီးလိုက် သည်။

"ကြွေ ဒီနေ့ သူ့ကို သွားတွေ့လိုက်တယ်"

"မင်း ဘယ်ကတည်းက သိနေတာလဲ ကြွေ"

"ကြွေ ဘယ်လောက်အလုပ်များများ ကိုယ့်ခင်ပွန်းနဲ့ ကိုယ့် သမီးကိုတော့ မျက်ခြည်မပြတ် စောင့်ကြည့်နိုင်ပါတယ်။ မိုးချုပ်မှ ပြန်ရောက်လာတိုင်း ကိုယ့်အကျႌ ရေမွှေးနံ့ပြောင်းနေတတ်ကတည်းက သိ"

သူ မှင်တက်သွားလေ၏။

ထင်မထားခဲ့ပါ။ သူ့ကို အကျႌကြယ်သီးပင် ကူဖြုတ်ပေးဖော် ရသော ကြွေက ထိုအချင်းအရာကို သတိပြုမိမည်ဟု မထင်ခဲ့ပေ။

"အဲဒီကတည်းနဲ့ ဘာလို့မတားခဲ့တာလဲ"

"ကို သိက္ခာကျမှာစိုးလို့ပါ"

ကြွေ့စကားလုံးက တိုတိုလေးဆိုသော်လည်း သူ့ရင်ကို ထိုး လိုက်နိုင်သည်။

ဘယ်သောအခါမှ မကျဖူးသော မျက်ရည်များလည်း မျက် ထဲ အိုင်ထွန်းသွားလေ၏။ ကြွေ့ကို အားနာမိသည်။

"မင်း ကိုယ့်ကို ပြောစရာစကား မရှိဘူးလား ကြွေ"



www.burmeseclassic.com

www.burmeseclassic.com



ဟုမေးလျှင် ကြွေသည် ခေါင်းခါပြလေသည်။ ကြွေ ဘာကြောင့် ခေါင်းခါပြမှန်း သူ နားမလည်ချေ။ ကြွေ့စိတ်ထဲမှာ ဘာတွေ တွေးနေသလဲ။

"ဘာလုပ်ရမှန်း သဲသဲကွဲကွဲ မသိသေးတဲ့အချိန်မှာ ဘာမှ မလုပ်တာ အကောင်းဆုံးပဲ ကို။ ဘာပြောရမှန်း မသိသေးတဲ့အချိန် ကြွေ ဘာမှမပြောချင်ဘူး"

ဘာလို့လဲ ကြွေ။ မင်း ဘာကြောင့် အဲဒီလို ငြိမ်နေရတာလဲ။ အဲဒါ မင်းပုံစံအစစ်မှမဟုတ်တာ။ ကိုယ့်ကို ထုရိုက်ပြီး အပြစ်ပြောလိုက် စမ်းပါ ကြွေ။

မင်း သိသမျှတွေ အံချပြီး ရန်တွေ့လိုက်စမ်းပါ။

"ကြွေနဲ့ကိုတို့ရဲ့ အိမ်ထောင်ရေးက နှစ်ယောက်တည်းရဲ့ဘဝနဲ့ တည်ထောင်ထားတာ မဟုတ်ဘူး ကို။ ကြွေ့စကား အမှားတစ်ခွန်းကြောင့် ဘဝတွေ အများကြီး ဖောက်ထိုးမှိုးမျှော် ဖြစ်သွားနိုင်တယ်။ ဒီအချိန်မှာ ကြွေက တစ်ခုခု အမှားပြောလိုက်ရင် ကိုက တစ်ခုခု လွယ်လွယ်ဆုံးဖြတ်သွားနိုင်တယ်။ ကြွေ့ရဲ့ ဂုဏ်သိက္ခာနောက်မှာ ကြွေ ရတနာဆိုင်ကဝန်ထမ်းတွေရဲ့ဘဝတွေ ရှိတယ်။ ပြီးတော့ ကြွေ့ကို အားကျပြီး စံထားနေတဲ့ မိန်းကလေးတွေရဲ့ ယုံကြည်မှုတွေရှိတယ်။ ပြီးတော့ ကို့ဂုဏ်သိက္ခာနောက်က ဝန်ထမ်းတွေ။ ပြီးတော့ ... လောကထဲက လူငယ်ဘယ်နှစ်ယောက်က ကို့ကို စံထားနေသလဲဆိုတာကို မသိနိုင်ပါဘူး။ သူတို့လေးတွေရဲ့ဘဝ၊ ယုံကြည်ချက်၊ ဒါကို ကြွေတို့ ထည့်မတွက်ပေးလို့ မရဘူး ကို"





ကြွေက ထိုသို့ဆိုသောအခါ သူ့အမြင်က ပိုကြီးသွားသလို ခံစားရသည်။ သူ့ကိုစိုက်မကြည့်ဘဲ ပြောနေသော ကြွေ့မျက်နှာကို သူ ပြန်မကြည့်ခဲ့ချေ။

"ကို အမှားအမှန်ကို ခွဲခြားနိုင်လိမ့်မယ်လို့ ကြွေ ယုံခဲ့တယ် ကို။ အကောင်းဆုံး လုပ်နိုင်လိမ့်မယ်လို့ ယုံခဲ့တယ်။ ဒါပေမဲ့ ကိုက ကြွေ့ယုံကြည်ချက်တွေကို အကြိမ်ကြိမ် ချေဖျက်ပြီး လုပ်ခဲ့တယ်"

သူ ဘာလုပ်မိလို့လဲ။ အကြိမ်ကြိမ်ဆိုတာက ဘာအဓိပ္ပာယ်လဲ။

"သူဆီ ကြွေ ဒီနေ့သွားတယ်။ သူ့ကို ကြွေ ပြဿနာရှာမှာ ကို စိုးရိမ်နေတယ် မဟုတ်လား"

"ဘာဖြစ်ခဲ့ကြသေးလဲ"

"ကြွေ ကိုယ့်ကိုယ်ကို အထင်ကြီးခဲ့မိတယ်။ ငါ့ယောကျ်ားက မိတ်ဆွေ ဟာ မာနက ဒီနေ့ ကိုယ့်လည်ပင်းကို ကိုယ် ကြိုးကွင်းစွပ်ခံလိုက်ရတယ်"

"သူ ဘာပြောခဲ့လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကြွေသွားတာက ကိုရှင်းဖို့ခက်နေတဲ့ ပြဿနာကို အဖြေ ရှာကြည့်မလို့ပါ။ ဒါပေမဲ့ ကြွေ နားမလည်နိုင်တဲ့ပုစ္ဆာတွေပဲ ထပ်ရခဲ့ တယ်။ ကို ဘာကြောင့် ဒီလောက်ထိ မိုက်မဲရတာလဲ"

ကြွေ့စကားကို သူနားမလည်ပါ။ ကြွေ ဘာကိုဆိုလိုသလဲ ဆိုတာလည်း သဘောမပေါက်ပါ။

"ဒါ ကြွေ ပိုးရိမ်ခဲ့တဲ့အခြေအနေပဲ ကို။ ရင်သွေးဆိုတဲ့အရာ ကို ... ကို ဘယ်လောက်ထိ ရူးသွပ်မှန်း ကြွေသိတယ်"

"ဟင် ... ကြွေ မင်း"

"ကိုယ်ဝန်ရှိနေပြီဆိုတဲ့ စကားတစ်လုံးအောက်မှာ ကြွေ မိန်းမက သူ့ကို ဦးညွှတ်ပြီး ပြန်ခဲ့ရတယ် ကို"

ကြွေ့အသံသည် အဖျားခတ်တုန်ယင်သွားလေသည်။ ကြွေ ရင်ထဲမှ ဒဏ်ရာကို သူမြင်ရသောအခါ သူသည် ကြွေ့ခင်ပွန်းဖြစ် ရသည်ကို အားနာလာမိသည်။

သူ အမှားကြီးကို တချူးလွန်ခဲ့မိပါပြီ။ ပန်းရနံ့ကို သူ ယုံကြည် ခဲ့လွန်းမိပါပြီ။ ပန်းရနံ့ကြောင့် သူချစ်ရသောကြွေ သူ့ရဲ့ပါရမီဖြည့်ဘက် ကြွေက ယခုတော့ ရင်ထဲမှာ ငိုသံတွေ ဗရပွဖြင့်။

"ကြွေ"

"ကို ကြွေ့ကို မနှစ်သိမ့်ပါနဲ့။ နှစ်သိမ့်ခြင်းတွေက မျက်ရည်





ကိုပါ တွန်းအားပေးတယ်ဆိုတာ ကို သိမှာပါ။ ဒီလိုကိစ္စလေးကြောင့် ကြွေ့မျက်ရည်တွေ အလကားအဖြစ် မခံနိုင်ဘူး"

"ကိုယ် မှားခဲ့ပါတယ် ကြွေရယ်"

"ရှေ့ဆက် မမိုက်နဲ့တော့ပေါ့"

"ဒါဆို"

"နေပါဦး ... သွေးပူတုန်းမဆုံးဖြတ်ပါနဲ့ ကို။ သေသေချာချာ စဉ်းစားပါ။ ဒီနေ့တစ်ညတော့ ကို ခေါင်းအေးအေးထားပြီး အိပ်လိုက် ပါ။ ကြွေ သမီးနဲ့သွားအိပ်မယ်။ နေလောလောဆယ် သမီးကပဲ ကြွေ့ အတွက် အကောင်းဆုံး အဖော်မွန်ပါ"

ကြွေသည် ပြောပြောဆိုဆိုပင် လက်ဝတ်ရတနာများကို ချွတ် ကာ ဘူးထဲထည့်ပြီး အံဆွဲတွင်သိမ်းထား။

ပြီးနောက် သူ့ကို တစ်ချက်မျှ လှည့်မကြည့်ဘဲ ထွက်သွား လေသည်။

ရုတ်တရက်ဆိုသလို ရင်ထဲလှစ်ဟာသွားသလို ခံစားရ၏။ လောကကြီးထဲ လူတစ်ဦးသာ အသက်ရှင်နေသလို ခံစားရသည်။

ကြွေပြောသောစကားတွေက တစ်ခွန်းမှ အမှားမပါပေမယ့် သူ့အတွက်တော့ လိုအပ်ချက်တွေအပြည့်ပင်။

ကြွေက ထိုသို့စဉ်းစား ဆင်ခြင်စွာမပြောဘဲ သူ့ကို ရိုတွေ့



www.burmeseclassic.com

www.burmeseclassic.com



လျှင် သူ့ရင်ထဲက အစိုင်အခဲကြီး ကျေသွားနိုင်ဖွယ်ရှိ၏။

ခုတော့ ကြွေကြောင့် အစိုင်အခဲကြီးသည် ပို၍ ကြီးထွားလာသည်ဟု ခံစားရသည်။

ကူကယ်ရာမရှိချေ။ သူကိုယ်၌က ဘာမှ မဆုံးဖြတ်တတ်သော အခြေအနေတွင် ထက်မြက်သော ကြွေ့အကူအညီကို ရယူချင်သည်။

ကြွေလည်း ထူပူနေလိမ့်မယ်ဆိုတာသိပေမယ့် ကြွေရဲ့ ထူပူနေခြင်းကို သူ မလိုလားချေ။

သူ ဘာလုပ်ရမလဲ။ ပန်းရဲ့ကိုယ်ဝန်ကို သူ ဘယ်လိုဆုံးဖြတ်ရမလဲ။ ထိုအကြောင်း ကြွေသိနေသောကြောင့် ပို၍ဆိုးသည်။

ပန်းရနံ့က ဘာကြောင့် ပြဿနာကို ဒီလောက်ထိကြီးထွားလာအောင် ဖန်တီးရတာလဲ။ ဘာလိုချင်တာလဲ”

ထူပူနေသောစိတ်သည် ဒေါသသို့အသွင်ပြောင်းလာသည်။ ထိုဒေါသသည် ပန်းထံ စုပြုံကျချင်လာ၏။ ထိုစဉ် –

“ဒီ ဒီ”

သူ့ဖုန်းမှ အသံမြည်လာလေသည်။ ဖုန်းမြည်သံကို လျစ်လျူရှုထားချင်သည်။

“ဒီ ဒီ”





မက်ဆေ့ချ်ဝင်သံကို အဆက်မပြတ် ကြားရသောအခါ လျစ်လျူမရှုနိုင်တော့ဘဲ ဖွင့်ကြည့်မိသည်။

“ဟင်”

သူ မှင်တက်သွားရလေ၏။

အန်ထရာဆောင်ရိုက်ထားသောပုံလေးဖြစ်သည်။ ပြီးနောက် သားရဲ့ဖေဖေတဲ့။

သူ ဘာလုပ်ရမလဲ။ ဒေါသဖြစ်ရမှာလား။ ဝီတိဖြစ်ရမှာလား။

သေချာတာကတော့ ထိုပုံလေးကို ထပ်ပြီးကြည့်ချင်နေမိသည်။ တစ်ကြိမ် သဲသဲကွဲကွဲ မမြင်ရလျှင် နောက်တစ်ကြိမ်။ နောက်တစ်ကြိမ် နောက်တစ်ကြိမ်။

○○○



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"မေမေ ... ဘာလို့ ဖေဖေ့ကို အဲဒီလိုပြောလိုက်တာလဲ"

သမီးကို ပြောစရာရှိတယ်ဆိုကာ သာသာယာယာရှိ

နေရာကို ခေါ်ထုတ်လာသည်။ အမှန်က သမီးကိုလည်း လူရာ

သင့်သည်ဟုထင်ပြီး တိုင်ပင်ပြောဆိုဖို့ ရည်ရွယ်ခြင်းဖြစ်၏။ သ

စဉ်းစားဆင်ခြင်ဉာဏ်ရှိသောကြောင့် ကို့အပေါ်လည်း အထင်

လောက်ဘူးဟု ယုံကြည်သည်။

သို့သော် ခုံတန်းပေါ် ထိုင်ထိုင်ချင်းပင် ဘာပြောရမှန်း

ထို့ကြောင့် မေညင်းကိုသာ ရှုပြီး စကားစရှာနေခိုက်တွင် သ





ရုတ်တရက် ပြောချလာသောစကားကြောင့် ကြွေ မှင်တက်သွားလေ

၏။

"သမီးက ဘာကိုဆိုလိုတာလဲ"

သမီးကို အကဲခတ်တော့လည်း ခါတိုင်းထက် တည်ကြည်

လေးနက်မှုကို သမီး၏မျက်လုံး၌ ရှာတွေ့သည်။

"သမီး သိနှင့်နေတာလား"

"မေမေနဲ့ အဲဒီမိန်းမ အပြင်မှာဆုံပြီးသွားပြီ မဟုတ်လား"

"သမီး ဘယ်လိုသိသလဲ"

"အဲဒီနေ့က ဖေဖေနဲ့မေမေပြောနေတာ သမီး မတော်တဆ

ကြားလိုက်တယ်"

"ဟင်"

"အဲဒီမတိုင်ခင်တည်းက သိနေတာပါ"

"ဘယ်လို သမီး"

"သမီးတို့အိမ်ရှေ့ ကားအနီရောင်တစ်စီး မကြာခဏ ရောက်

လာတယ်"

သမီးအခန်းသည် အိမ်ရှေ့ကို မျက်နှာစာခန်းဖြစ်နေသည်ကို

ကြွေမေ့သွားလေ၏။ သို့သော် သမီးသည် ပြင်ပသို့ငေးသည့်အကျင့်

မရှိကို ကြွေ အသေအချာမသိပါ။



www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ ဘိုဘိုနဲ့လည်း အဲဒီအမျိုးသမီး ပတ်သက်နေတယ် မဟုတ်လား"

"သမီး"

ကြွေ့အတွက် အံ့အားသင့်စရာချည်း ဖြစ်နေလေသည်။ သမီးသည် ခုလောက်ထိသိနေလိမ့်မည်ဟု လုံးဝ မထင်ခဲ့ပေ။

"အဲဒါကြောင့် သမီးကို ဘိုဘိုနဲ့ တွေ့ပေးခဲ့တာမဟုတ်လား"

ရင်ထဲ ထိခိုက်ကြေကွဲသွားလေသည်။ အရောင်မှိန်နေသော သမီး၏မျက်လုံးများကို ကြည့်ခြင်းအားဖြင့် သမီးရင်ထဲ ဘယ်လောက် ထိ နာကျင်နေမလဲဆိုတာ ကြွေ တွက်မိလိုက်၏။

"ဖေဖေ နောက်ဆုတ်သွားမှာပါ။ မေမေ အရမ်းကြီး မိုးမ ပါနဲ့"

"နားနဲ့မနာ ဖဝါးနဲ့နာပါ သမီးရယ်"

"ပေါ့ပေါ့ပါးပါးပဲ ပြောပါ မေမေ။ သမီးက ရပါတယ်။ ဖေဖေ့ မှာ အဲဒီမိန်းမ ရှိနေတယ်ဆိုတာ သိကတည်းက သမီးစိတ်ကို သမီး ပြင်ဆင်ထားပါတယ်"

"သူမှာ ကိုယ်ဝန်ရှိနေပြီတဲ့"

"ဖေဖေနဲ့ရတဲ့ကိုယ်ဝန်လား"

"ဟင်"





ထိုအချက်ကို ကြွေ မတွေးမိခဲ့ပေ။ သမီးက ဘာလို့ထိုသို့ တွေးမိပါလိမ့်။

"ဖေဖေနဲ့အပြင် သူမှာ တခြားလူရှိနေသေးတာပဲ"

ဟောမာန်ခန့်ကိုသည် တည်ငြိမ်စွာဆိုပြီး ပြင်ပသို့သာ ငေး မောနေလေ၏။

ကြွေသည် ရင်ထဲ ဝမ်းသာဝမ်းနည်း ဖြစ်ရ၏။

ကြွေတော့ သမီး ထိုသို့အကြောင်းပြောပါက သမီး ခံနိုင်ရည် ရှိပါ့မလားဟု စိုးရိမ်လိုက်ရတာ။ ယခုတော့ သမီးက ကြွေထက်ပင် တည်ငြိမ်နေသေးသည်။

ယခုမှ တက္ကသိုလ်ပထမနှစ်တက်နေသောသမီးသည် အရွယ် နှင့်မလျော်အောင် ရင့်ကျက်နေသည်ကို ကြွေ ပထမဆုံးအကြိမ် သံသယ ဝင်လာလေ၏။ အမှန်က သမီးကို ပုံမှန်မဟုတ်ဘူးဟု ကြွေတွေးမိခြင်း သာ ဖြစ်သည်။

"သမီးရင်ထဲ ဘယ်လိုခံစားရသလဲ"

"ဖေဖေ့ကို သာမန်အဖေတွေလိုပဲ မြင်ပါတယ်"

ထိုအဖြေကို ကြွေ သဘောမကျပါ။ သမီးတစ်ယောက်က အဖေတစ်ယောက်ကို မလေးစားခြင်းသည် မိခင်ညံ့ဖျင်းခြင်းဟု ကြွေ ထင်သည်။ ကြွေသည် စံပြမိခင်သာ ဖြစ်ချင်၏။



www.burmeseclassic.com

www.burmeseclassic.com



"သမီး အထင်လွဲနေတယ်"

"ဘာလို့လဲ မေမေ"

"ယောက်ျားတွေမှာ ဒီလိုကိစ္စလေးတွေ ရှိတတ်ကြတယ်"

ဟုဆိုလျှင် သမီးသည် ငြိမ်သက်စွာ နားထောင်နေ

သည်။

"သမီးရဲ့ဖေဖေက ယောက်ျားတွေထဲမှာတော့ တော်တော်

စောင့်စည်းထိန်းသိမ်းတဲ့ လူတစ်ယောက်ပါ"

"ဖေဖေ့ကို သူများတွေထက် သာရုံမကဘူး မတူတဲ့အ

ဖြစ်စေချင်တာပါ"

"မေမေတော့ သမီးဖေဖေကို သမီး အထင်မလွဲစေချင်ဘူး"

"သမီး ဘယ်တုန်းကမှ အထင်မလွဲပါဘူး။ အမြဲတမ်း အ

မြင်တာပါ"

အင်မတန် စကားပရိယာယ်ကြွယ်သော ကျွေပင်လျှင် သ

ကို ပြန်ပြောစရာစကားမရှိအောင် တိတ်ဆိတ်သွားရသည်။

ဘယ်လိုဖြစ်တာလဲ သမီးလေးရယ်။ သမီး ဘာကြော

ဒီလောက်တည်ငြိမ်နေရတာလဲ။ ပေါက်ကွဲလိုက်စမ်းပါ။ မိန်းမလည်

လို့ စွပ်စွဲပြီး ပြောဆိုလိုက်စမ်းပါ။

"သူက ဘိုဘိုနဲ့ တွဲနေတာကြာပြီ မေမေ"





"မေမေ သိပါတယ်"

"မေမေ မသိတာ ရှိသေးတယ်"

"ဘာကိုလဲ သမီး"

"ဖေ့စ်ဘုတ်ထဲ ဝင်ကြည့်လိုက်ပါ။ ဘိုဘိုနဲ့ သူနဲ့ တွဲရိုက်ထား

တဲ့ပုံတွေ အများကြီးရှိတယ်။ သူဟာ ဘိုဘိုပစ္စည်းဆိုတာ လူငယ်

တော်တော်များများ သိတယ်။ သမီး စိတ်မကောင်းတာက အဲဒါပါ"

"ဘာလဲ သမီး ... မေမေ နားမလည်ဘူး"

"သမီးက မေမေ့သမီးအရင်းမှ ဟုတ်ရဲ့လား"

"ဘယ်လိုသမီး"

"သမီးနားချင်ပြီ မေမေ"

"မဟုတ်သေးဘူး သမီး။ သမီးရင်ထဲ ဘာတွေရှိနေတာလဲ။

ဘယ်လိုအကြောင်းအရာတွေ ကြီးစိုးနေတာလဲ။ သမီး မေမေ့အပေါ်

ဘာတွေ အထင်လွဲနေတာလဲ။ ပွင့်ပွင့်လင်းလင်းပြောပါ သမီး"

"ပွင့်လင်းလွန်းတာက ဆွဲဆောင်မှုမဟုတ်ဘူးလို့ မေမေ

ဆင်ပြခဲ့တာကို သမီး အမြဲမှတ်ထားပါတယ် မေမေ။ သမီး ဒီထက်ပို

ပြီး မပြောချင်ပါဘူး"

"မဟုတ်သေးဘူး သမီး။ သမီးနဲ့မေမေက သားအမိတွေ

လေ"



www.burmeseclassic.com

"ဒါဆို မေမေကရော ဖေဖေ့အပေါ် ဘာလို့ ပွင့်ပွင့်လင်းလင်း မပြောခဲ့တာလဲ"

သမီး၏မေးခွန်းသည် ကြွေ့အတွက် ကြောက်စရာကောင်း နေပေသည်။ ဟုတ်ပါရဲ့ ကြွေ သူ့ကို ဘာလို့ ပွင့်ပွင့်လင်းလင်း မပြောခဲ့ပါလိမ့်။ သူ့အပေါ် ဒေါသဖြစ်ခဲ့သည်။ စိတ်ရှိလက်ရှိ ထု[illegible] ပြီး အပြစ်ပြောချင်သည်။

"ပန်းမှာ ကိုယ်ဝန်ရှိနေပြီ အန်တီ"

ဟု ထိုမိန်းကလေးဆီမှအသံကို ကြားရစဉ်က ကြွေ့[illegible] တဆတ်ဆတ်တုန်ခဲ့သည်။ ကြွေ့မျက်လုံးတွေ ပြာဝေသည်ထိ ဒေါ[illegible] ထွက်ခဲ့သည်။

စိတ်ထဲရှိသည့်အတိုင်းဆို ဆံပင်ကိုဆွဲပြီး အားပါးတရ ပါး[illegible] ချချင်သေးသည်။ ကြွေသည် အခြားသော သာမန်မိန်းကလေးမျိုး[illegible] သွားမှာစိုး၍ လက်သီးကိုကျစ်ကျစ်ပါအောင် ဆုတ်ပြီး နောက်ဆုတ်[illegible] ရသည်။

လက်အောက်ငယ်သားများကို စိတ်လိုက်မာန်ပါ မလုပ်[illegible] ဘယ်အရာမှ ဒေါသနဲ့ မဖြေရှင်းနဲ့ဟူသော စကားသည် ကြွေ သုံး[illegible] ကျ စကားဖြစ်သည်။

ထို့ကြောင့် ကြွေသည် မိမိစကားကို မိမိတန်ဖိုးထားသည့်





အနေနှင့် ငြိမ်နေခဲ့ရသည်။

စိတ်ထဲရှိသည်များ ပြေပျောက်သွားစေရန် အာခေါင်ခြစ်ပြီး အော်ငိုလိုက်ချင်ပါသည်။

သို့သော် ဂုဏ်သိက္ခာကြောင့် ထိန်းသိမ်းထားရပြန်သည်။ ထိုနေ့က ကြွေ့ဘဝကို ကြွေ စိတ်ကုန်ခဲ့မိသည်။

ဦးခေါင်းသူမဟုတ်ဘဲ နောက်လိုက်သာဖြစ်ချင်ခဲ့မိသည်။ သူဌေးမကြီးဆိုသော ရာထူးထက် သာမန်ဈေးရောင်းဈေးဝယ် လုပ်သော အမျိုးသမီးသာ ဖြစ်ချင်မိသည်။ ထိုမှသာ စိတ်ရှိတိုင်း ကြမ်းတမ်းစွာ ဆက်ဆံပြောဆို၍ ရလိမ့်မည် မဟုတ်ပါလား။

အခုတော့ မီဒီယာတွေရဲ့ စွမ်းအားကြောင့် ဘယ်နေရာသွားသွား ကြွေ့ကိုသိနေသောလူထုကြောင့် ကြွေသည် သိက္ခာဆိုတာကို အမြဲထိန်းသိမ်းနေရသည်။ မိန်းမတိုင်းသည် ကိုယ့်ခင်ပွန်း၏ ဖောက်ပြန်မှုကို ပြုံးပျော်လိမ့်မည် မဟုတ်ပါ။ အနည်းနဲ့အများ ဒေါသဖြစ်မိသည်ချည်းသာ ဖြစ်၏။ ကြွေလည်း မိန်းမထဲမှ မိန်းမတစ်ယောက်ဖြစ်သည်။ ဒေါသထွက်တတ်သည်။ ဒေါသအလျောက်လည်း ပြုမူလိုက်ချင်သည်။

"လောကကြီးမှာ သမီးနားမလည်သေးတဲ့ကိစ္စတွေ အများကြီးရှိတယ် သမီး"

www.burmeseclassic.com



"သမီးကတော့ မရှိလောက်ဘူးလို့ ထင်တာပဲ။ ကိုစွတိုင်း... နားလည်လွယ်ပါတယ်။ ဒါပေမဲ့ ... ဖေဖေနဲ့မေမေက လွဲရင်ဆ...

ဟုဆိုကာ နေရာမှထထွက်သွားသောသမီးကြောင့် ... သည် ပထမဆုံးအကြိမ်အနေဖြင့် ဘဝကြီးကိုကြောက်သွားသည်။

နွေးထွေးပြီး ပြည့်စုံသောမိသားစုကို ကြွေတည်ဆောက်... ဟု ထင်ခဲ့မိသည်။

ဘယ်လိုဖြစ်ရတာလဲ။ ဘာတွေမှားနေတာလဲ။ ဘယ်... တည်းက မှားခဲ့တာလဲ။

ကြွေ့ခေါင်းထဲ ဆင့်ကဲအပူများသာ ရောက်ရှိနေသည်... ကြွေ အချစ်လူနှစ်ဦးထံတွင် ကြွေမသိသောပြဿနာများ ရှိနေ... သည်။ ကြွေ ဘယ်လိုဖြေရှင်းရမလဲ။ ဘယ်အရာက ပြဿနာသဲ...

○○○





## အခန်း (၁၅)

"ရှင့်ဆရာရော ကိုမောင်မျိုး"

ကြွေ ရုံးမှအပြန် အိမ်ထဲသို့အရင်မဝင်ဘဲ နောက်ဖေးရှိ ...ပ်သမားခန်းများသို့သာ ဝင်လာခဲ့သည်။ အကြောင်းမှာ ကိုမောင်... ရှိမရှိ သိချင်၍ဖြစ်သည်။

ထင်သည့်အတိုင်းပင် ကားက မြဲထဲမရှိသော်လည်း ကိုမောင်... ...တော့ မိသားစုညစာထမင်းဝိုင်းကို မျက်နှာစုံညီကျင်းပနေလေ... ...သည်။

"ဆ ... ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



ကိုမောင်မျိုးသည် စကားပြောချောမွတ်သူဖြစ်သော်လည်း ကြွေက မျက်နှာထားနှင့် မေးသောအခါ အထစ်ထစ်ဖြစ်ကုန်သည်။

ကိုမောင်မျိုးရော ဖနီးသည်မနှင်းမေရော၊ သမီးခင်အေး ကြွေ့ကို မည်သူမျှ မော်မကြည့်ဝံ့ချေ။

ငါးပိရည်ကျိုဟင်းကို လက်ဖြင့် အားပါးတရ နယ်ဖတ်စား သောက်နေကြသောကြောင့် ထမင်းဝိုင်းမှာ အနံ့တော့ဆိုးလှသည်။ ဟင်းကလည်း ဟိုတစ်ပုံ ဒီတစ်ပုံနှင့် လုပခြင်း အလျဉ်းမရှိ။ သို့သော် နွေးထွေးမှုကို ကြွေ တွေ့နေရသည်။

ထို့ကြောင့်လည်း ကြွေ့ဒေါသများ အထွတ်အထိပ်ရောက် ကုန်သလားဆိုတာ မသိနိုင်ပါ။

"ကြွေ အမှန်အတိုင်း သိချင်တယ် . . . ကိုမောင်မျိုး"

"ဆရာ ကွန်ဒိုကို ဝင်သွားပါတယ်"

အမှန်ကို သိချင်သော်လည်း ထိုအမှန်တရားကို ရင်ဆိုင်ဖို့ သတ္တိ ကြွေ့ထံမရှိပါ။ ကြံ့ခိုင်သော မိန်းမတစ်ယောက်ဆိုသော်လည်း ရင်တစ်ခုလုံး ခြောင်းဆန်သွားကုန်သည်။ လက်ထဲမှ အိတ်ကိုပင် မြဲအောင်မကိုင်နိုင်ပါ။

သူ ဒီလို ခြေလှမ်းလှမ်းပြီပေါ့။ ကြွေသိသွားပြီပဲ။ မထူးတော့ ပါဘူးဟု သဘောပိုက်ကာ မထူးဇာတ်ခင်းပြီပေါ့။





ဒါတွေကို ကြွေ ကြိုမြင်ခဲ့လို့ မသိချင်ယောင်ဆောင်ခဲ့ခြင်း ဖြစ်သည်။ ယခုတော့ ကြွေ့ရင်ထဲ ကွဲကြေခဲ့ရသည်။ အချိန်များမှာ ပြောစရာပင် ကောင်းနေပေတော့သည်။

"ဆရာကတော် . . . ဆရာကတော်"

ကြွေ့အတွေးတွေ ဘယ်အထိရောက်ကုန်မှန်း မသိပေ။ လက်ထဲမှအိတ် ကြမ်းပြင်ပေါ် ပြုတ်ကျသွားသည်ကိုပင် ကြွေ သတိ ထားမိလိုက်ပါ။

ကြွေ့ကိုချစ်တယ်လို့ ပြောခဲ့တဲ့ သူ့စကားတွေကို ကြွေ ယုံခဲ့ မိတာက မှားတာပါ။ သူ့ရဲ့သစ္စာတရားက ကြွေရဲ့သစ္စာတရားနှင့် သင်တူကျလိမ့်မယ်လို့ ထင်ခဲ့မိတာကိုက ကြွေမှားတာပါ။

"ကြွေ ကိုယ့်ရောဂါနဲ့ကိုယ်သာ ဂရုစိုက်ပါ။ ကိုယ့်ကို ဘာမှ စိတ်မပူနဲ့။ ကိုယ့်ကို မယုံဘူးလား"

ဟုပြောခဲ့တာ အနှစ်နှစ်ဆယ်ပင် မပြည့်သေးပေ။

ယောကျ်ားစကားမို့ ဆိုခဲ့စေ မြဲစေထင်ခဲ့သည်။

ကြွေက သူ့ အလုပ်ပြန်လာ၍ ထွက်ကြိုလျှင်လည်း –

"မကြိုပါနဲ့ ကြွေရယ်၊ မောနေပါ့မယ်။ အိမ်ထဲတော့ တွေ့ သွားပဲ"

ဟု နှလုံးရောဂါသည် ကြွေကို ကြင်နာခဲ့တာ ဘယ်လောက်

www.burmeseclassic.com



ကြာသေးလို့လဲ။

"ကြယ်သီးတွေ ကျဖြုတ်မနေပါနဲ့ ကြွေရယ်။ သက်သောင့်သက်သာပဲနေပါ။ ကိုယ်လုပ်နိုင်ပါတယ်"

ဟု မြွတ်နိုးခဲ့တာ ဘယ်လောက်ကြာသေးလို့လဲ။

သူ သိစ်ကိုပြောင်းလဲသွားပါပြီ၊ မယုံနိုင်လောက်အောင်ပြောင်းလဲသွားပါပြီ။

"ဆရာတာတော် နေကောင်းရဲ့လား။ ကျွန်မ ကူတွဲပေးမလား"

"ရတယ် ရတယ်...မနှင်းဝေ ရတယ်။ ကြွေ အဆင်ပြေပါတယ်"

ဟု ဆိုနေရှာသော ကြွေ့ကို ကိုမောင်မျိုးက စိတ်မသက်သာစွာ စိုက်ကြည့်သည်။

"ဆရာ မြန်လာမှာပါ၊ ဆရာ့ရင်ထဲ ဆရာကတော်ကပဲ နေရာအပြည့်ရှိနေတာပါ။ အဲဒါကို ကျွန်တော် အာမခံတယ်။ ဆရာနဲ့ကျွန်တော်က အငယ်တည်းက အတူနေလာခဲ့တာပါ။ ဆရာ့အကြောင်းကျွန်တော် ကောင်းကောင်းသိပါတယ်"

ဟု ကိုမောင်မျိုးက နှစ်သိမ့်နေသော်လည်း ကြွေကတော့မနိုင့်တနိုင် ခြေလှမ်းများနှင့် အိမ်မကြီးထဲ ဝင်သွားပြီဖြစ်၏။





"ရှင့်ဆရာ ဘာဖြစ်လို့လဲ ကိုမျိုး"

"အိမ်တွင်းရေးပြဿနာပေါ့"

"ကျွန်မ ရိပ်မိပါတယ်။ ဘာလဲ ကောင်မလေးက ငယ်ငယ်ချောချောလား။ မထင်ရဘူးနော်"

"နှံ့ပါများရင် ကျောက်စိုင်ကျောက်သားတောင် နေရာရွေ့သေးတာပဲ"

"ဆရာက ဆရာကတော်ကို သည်းသည်းလှုပ်ချစ်တာပါတော်။ ဘယ်လိုဖြစ်ရတာလဲ"

"သနားတတ်တဲ့စိတ်ရင်းကြောင့်ပါ။ ဘဝ ဝဋ်ကြွေးတွေပေါ့ဗျာ။ ကောင်မလေးက သူ့တော့ ဖြစ်ကုန်တာပေါ့"

"ဒီခေတ်မိန်းကလေးတွေက မလွယ်ဘူး။ အလုပ်မလုပ်ချင်ဘဲနဲ့ ငွေရှိတဲ့ယောက်ျားကို သွားမပါချင်နေ ကားပါရင် ပြီးရောဆိုပြီးလည်ပင်းလှမ်းတွယ်ကပ်ထားကြတာ။ ဆရာ့လို ငွေလျှံ ရေလျှံ ရုပ်ချောင်ရှိဆိုတော့ ပိုဆိုးကုန်တာပေါ့"

"သူကလည်း အားကိုးရှာတာပါ။ တကယ်တော့ သူ့ဘဝကလည်း သနားစရာလေးပါ"

"ရှင် သူ့ကို မြင်ဖူးတယ်ပေါ့လေ။ အံမယ် လင်မယားချင်းတောင် မပြောပြဘူး။ အတော်သစ္စာစောင့်သိနေ"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ့အပေါ် မင်း အမြင်စောင်းမှာစိုးလို့ပါ။ တကယ်တော့ ဆရာက လူရိုးလူကောင်းပါ။ ဆရာကတော်အပေါ်လည်း အမြဲ သစ္စာ စောင့်သိဖို့ ကြိုးစားခဲ့တဲ့ လူပါ။ ငါနဲ့ ငယ်ပေါင်းဆိုပေမယ့် ငါ လေးစား အောင်နေတတ်တဲ့ လူမျိုးပါ။ အဲဒီလိုလူမျိုးရဲ့သတင်းကို အတင်းလှုပ် ပြောနေမှာမျိုး မလိုလားလို့"

"အမယ်လေး ဖြစ်နေလိုက်တာ လင်မယားချင်းကို။ ဟွန်း ... ဆရာတို့စုံတွဲ မကွဲဘဲ ရှင်နဲ့ကျုပ် ကွဲရလိမ့်မယ်နော်"

"အမေနဲ့အဖေ ... ထမင်းမစားဘူးလား။ သမီးရဲ့လက်ရာ ရေခဲေသးရတော့မှာလား"

ဟု ခင်ရွှေအေးကဆိုတော့မှ လက်ရှိထမင်းဝိုင်းကို သတိရသွား ပြီး မြန်မြန်ဆန်ဆန် ဝင်ထိုင်ကြပြန်သည်။ အချင်းဝက် ဆယ်လက်မခန့် သာရှိသော စားပွဲဝိုင်းလေးတွင် လက်များ ရှုပ်ထွေးသွားကြပြန်သည်။ ပြီးနောက် ဘဲဥဟင်းကို တစ်လုံးစီဝေငှကာ ငါးပိရည်ချဉ်ဖတ်တစ်ရာ က ဝမ်းဝရုံဖြည့်တင်းရုံသာ။

○○○



## အခန်း (၁၆)

"ကလေးရပြီးမှတော့ မထူးတော့ပါဘူး။ အဲဒီကလေးကို သစ်ရှုလုပ်လိုက်ပါလို့လည်း ငါက မပြောနိုင်ဘူး။ ဒါပေမဲ့ အဲဒီကလေး ကို ငါ အသိအမှတ်ပြုလို့တော့ မဟုတ်ဘူး ပန်းရနံ့"

အိမ်ထဲသို့ပင် မဝင်ဘဲ ကွန်ဒိုအောက်ရှိ မြေအောက် ကား ပါကင်ထဲ၌သာ ကားပေါ်တွင်ထိုင်ရင်း စကားပြောဖြစ်ကြသည်။

"အဲဒါ ပန်းအတွက် ဂုဏ်ပြုစကားလား ဦး"

"ငါ မနှစ်သက်တဲ့အလုပ်ကိုလုပ်ပြီး ငါ့ဆီက ချီးမွမ်းဖို့ မျှော်လင့်နေတာ မင်း မိုက်မဲတယ် ပန်းရနံ့"

"ပန်းက မိခင်လောင်းပါ ဦး။ ခုနေချိန်မှာ ပန်းရင်ထဲ ဘယ်လောက်ထိ ဝမ်းနည်းအားငယ်နေမလဲဆိုပြီး ဦး တွေးသင့်တယ်။ ပန်းအရမ်းဝမ်းနည်းတာပဲ"

"မင်းကိုငါ ကြင်နာမပေးနိုင်တဲ့အတွက် ငါလည်း စိတ်မကောင်းပါဘူး"

"ဒေါ်ဆောင်းရွက်ကြွေကြောင့်လား ဦး"

"အနှစ်နှစ်ဆယ်လောက် တည်ဆောက်ခဲ့တဲ့ အိမ်ထောင်ရေးကို ငါ ဖြိုလဲမခံနိုင်ဘူး ပန်း။ ပြီးတော့ ကြွေ့ကို ငါက ချစ်လို့လက်ထပ်ခဲ့တာ"

"ပန်းကရောဟင်"

"ဒီမေးခွန်းမေးတာ မင်း မိုက်မဲတာပဲ"

"ဦး ပန်းအပေါ် ဘယ်တုန်းကမှ မသာယာခဲ့ဖူးဘူးလား။ တစ်စက်ကလေးမှ ပန်းကို မချစ်ဖူးဘူးလား။ ဖြေပါ ဦး။ ဦး မညာတတ်ဘူးဆိုတာ ပန်း သိပါတယ်။ အမှန်ကိုဖြေပါ ဦး"

ဟုဆိုပြန်သောအခါ သူ့ထံ ဖြေစရာစကားလုံး မရှိတော့။ အဖြေမရှိမှတော့ မေးခွန်းကို ရှောင်လွှဲရုံမှတစ်ပါး အခြားမရှိ။

"ဘိုဘိုဆိုတဲ့ ကောင်လေးက မင်းကို မြတ်မြတ်နိုးနိုး ချစ်ပါတယ်"





"အခု ပန်းတို့ ဘိုဘိုအကြောင်း ပြောနေတာ မဟုတ်ဘူး ဦး။ ပန်းနဲ့ဦးအကြောင်း ပြောနေတာပါ။ ပန်းမေးတာကိုဖြေပါ ဦး"

သူ ပန်းအပေါ် သာယာခဲ့ဖူးသည်။ သနားလည်းသနားခဲ့ဖူးသည်။ အချစ်သည် သနားရာမှ မြစ်ဖျားခံနိုင်သည်ဟုဆိုလျှင် ပန်းကို ချစ်ဖူးဘူးဟု မဆိုနိုင်ပါ။ သို့သော် အမှန်ကိုလည်း သူ မဖြေချင်ပါ။

"ကလေးမမွေးခင်အချိန်ထိတော့ တစ်ပတ်တစ်ကြိမ် လာတွေ့ပါ့မယ်။ ဒါပေမဲ့ ... အရင်လိုတော့ မနေတော့ဘူး"

"ကလေးမွေးပြီးတော့ရော"

"နိုင်ငံခြားမှာ သွားနေဖို့ စီစဉ်ပေးမယ်"

"ဦးကရော"

သူ မဖြေပါ။

ဘေးပတ်ဝန်းကျင်ကို မမြင်သော်လည်း ရှေ့က် တတ်ရာရာ ကြည့်နေမိသည်။

"ဦးမပါရင် ပန်း မသွားနိုင်ဘူး ဦး"

"ပန်း မင်း ဘယ်လိုဖြစ်နေတာလဲ။ ငါသိတဲ့ပန်းရနံ့က ငါ့ကို အဲဒီလို ဂျစ်တိုက်နေတဲ့ မိန်းကလေးမျိုး မဟုတ်ဘူး"

"ဦးကို ဒီလိုမှ အကျပ်မကိုင်ရင် ပန်း ဦးကို ဆုံးရှုံးရလိမ့်မယ် ဦး။ ပန်း ဦးကို ဆုံးရှုံးမခံနိုင်ဘူး။ ပန်းဘဝမှာ ဦးမရှိလို့ မဖြစ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဦးမရှိဘဲ ပန်း အသက်ဆက်မရှင်နိုင်ဘူး"

"ငါ့ကို ဒီထက်စိတ်ညစ်အောင် မလုပ်နဲ့တော့ ပန်း"

"ပန်းကြောင့် ဦး စိတ်ညစ်နေပြီလား"

"အေး . . . ဟုတ်တယ်၊ ငါ ရူးချင်နေပြီ"

"ပန်းရဲ့ရှင်သန်မှုက ဦးကို အဲဒီလောက်ထိ ဒုက္ခပေးနေပြီ လား"

"အေး . . . ဟုတ်တယ်ကွာ . . . ဟုတ်တယ်"

သူ စိတ်မရှည်နိုင်တော့၍ အော်ပစ်လိုက်သည်။ ထိုအခါ ပန်းသည် သူ့ကို စိုက်ကြည့်ပြီး မျက်ရည်များ အလုံးလိုက်ကျလာ လေသည်။

"ပန်းချစ်ရတဲ့လူက ပန်းကို စိတ်ကုန်နေမှတော့ ပန်း ရှင် သန်နေလည်း ဘာထူးတော့မှာလဲ"

"ပန်း . . . မင်း"

သူ မှင်တက်၍ပင် မဆုံးသေးခင်မှာ ပန်းသည် ကားပေါ်မှ ဆင်းသွားလေသည်။

ထိုအချိန်တွင် မြေအောက်ပါကင်ထဲ ဝင်လာသောကားသည်

"ပန်း"

သူ့ကိုယ်သူပင် သတိမထားမိလိုက်ပါချေ။





သူ ဘယ်လိုကားပေါ်က ဆင်းလိုက်မိသလဲဆိုတာ မသိလိုက် နိုင်ချေ။

"ကျွီ"

ကားဘရိတ်သံတွေ ဆူညံသွားတော့မှ မျက်လုံးကို ဖွင့်ကြည့် လိုက်သောအခါ ပန်းသည် သူ့ရင်ခွင်ထဲ ရောက်နေပြီဖြစ်၏။

ပန်းထံ တည့်တည့်ကြီးလာနေသောကားသည် သူ့အသားကို ထိရန် တစ်လက်မခန့်အလိုတွင် ရပ်တန့်နေလေသည်။

"ဘယ်လိုဖြစ်နေတာလဲ။ ဒါ ကားနော် နွားလှည်းမဟုတ် ဘူး"

ဟု စိတ်မရှည်စွာဆိုပြီး သူတို့ကို ကွေ့ပတ်မောင်းသွားသော ကားထံ သူလှည့်ကြည့်မနေတော့ပေ။

"ပန်း မင်းအဆင်ပြေလား။ ထိခိုက်သွားသေးလား"

တုန်ယင်နေရှာသော ပန်း၏မျက်နှာကို ဆွဲမော့ကာ စိုးရိမ် တကြီး မေးသည့်တွင် ပန်းထံမှ ဖြေသံမကြားရချေ။ ပန်းသည် အကြောက်လွန်နေပြီဖြစ်၏။

"ဘာလို့လုပ်ရတာလဲ ပန်းရယ်။ ဘာကြောင့် မိုက်မဲရတာ လဲ"

ဟုဆိုကာ ရင်ခွင်ထဲ နွေးထွေးစွာ ပွေ့ဖိုက်ထားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးက ဂရုမစိုက်ချင်မှတော့ လောကကြီးမှာ ပန်းရှေ့
လည်း ဘာထူးတော့မှာလဲ"

"ပန်းရယ် . . . မင်း ရူးနေသလား။ မင်းက မိခင်လော
လေ။ ဗိုက်ထဲကရင်သွေးကို ထည့်တွေးရမှာပေါ့။ ဗိုက်လိုက်တာ
ရယ်"

"ပန်းအတွက် ဦးကလွဲရင် ဘယ်အရာမှ အရေးမကြီးပါဘ
ဦးက ပထမပါ"

"ဘာ ပန်း . . . မင်း ဘယ်လိုပြောလိုက်တယ်။ ငါက ပထမ
ပြောပြီး ငါနဲ့ရတဲ့ရင်သွေးကိုတော့ တန်ဖိုးမထားတာက ဘာသဘေ
လဲ"

"ကလေးကို ပန်း တန်ဖိုးမထားဘူးလို့ မပြောလိုက်မိပါဘ
ဦးရယ်။ ဦးနဲ့ပတ်သက်တာ မှန်သမျှ ခဲတစ်လုံးနဲ့တစ်စက္ကန့်ကိုတော
ပန်း တန်ဖိုးထားခဲ့တာပါ"

"ဦးကို တန်ဖိုးထားတယ်ဆို နောက် ဒီလို မိုက်မဲတဲ့အလု
တွေ မလုပ်ပါနဲ့တော့ ပန်းနော်၊ ဦး စကားနားထောင်မယ်မဟုတ်လား"

ချော့ပြောပြန်တော့လည်း မိန်းကလေးသည် ပုတ်သင်ည
မလေးလို ခေါင်းတညိတ်ညိတ်နှင့် သနားဖို့ပဲ ကောင်းနေတော့သည်

"ပန်းလေ ဒီကလေးကိုမွေးပြီးရင် ဦးရယ်၊ ပန်းရယ်၊ သားရယ





အတူနေရအောင်နော်"

သားရယ်ဆိုသောစကားလုံးသည် သားငတ်နေသော သူ့
အတွက် ညွတ်နွေယိုင်လဲသွားစေတာအမှန်ပါ။

"ပန်းရဲ့ဗိုက်ထဲက သားလေးကို ဦး နှုတ်ဆက်ပေးပါလား
ဟင်"

ဟု ပန်းက ဆိုသောအခါ ရင်ခုန်ချင်သလိုလို ရှိလာသည်။
ကြွေသာ သားလေးမွေးခဲ့ရင်ဆိုသော ရင်ခုန်မှုမျိုး သူမှာ တစ်ချိန်က
ရှိခဲ့ဖူးသည်။ သို့သော် ကြွေသည် သူ့အတွက် သားမမွေးနိုင်ခဲ့ပေ။
သို့သော် သမီးဆိုလည်း ကြွေနှင့်တူ၍ ချစ်ရတာပါပဲ။

"ဦး"

သူ့လက်ကို ဆုပ်ကိုင်လိုက်သောပန်းကြောင့် သူသည် လက်
ရှိဦးခန့်ကို မဟုတ်တော့သလို နူးညံ့သွားသည်ဟု ထင်မိသည်။

"သားနဲ့ အဖေဆိုတာ ရင်းနှီးမှုရှိရတယ်တဲ့"

ဟုဆိုကာ ယခုချိန်ထိ ချပ်ရပ်နေသေးသော ပန်းရဲ့ဗိုက်သား
ပေါ်သို့ ပန်းက သူ့လက်ကို တင်လိုက်သည်။

"ဒီအထဲမှာ ဦးရဲ့သားလေး ရှိနေပြီ။ သူက ဦးကို မကြာခင်
ခေါ်နိုင်တော့မယ်"

ပန်းက တီတီတာတာပြောလျှင် ကြည်နူးမိလာသလို ခံစား



www.burmeseclassic.com

www.burmeseclassic.com



ရပြန်သည်။ တကယ်ပဲ ဗိုက်ထဲက ကလေးက သူ့လက်ကို ခြေဖြင့် ကန်မှာလား။ တကယ်ပဲ သားလား။

"ကို"

ဗိုက်ကို ရှုစမ်းနေမိသော သူ့စိတ်ကို ထိုအသံက ပစ္စုပ္ပန်သို့ ဆွဲခေါ်လာလေ၏။

"ဟင် ... ကြွေ"

မှန်ပါသည်။ သူနှင့်ပန်းကို မမိုတ်မသုန် ရပ်ကြည့်နေသော ကြွေ။

ကြွေ ဘယ်အချိန်တည်းက ရပ်နေတာလဲ။ ဘယ်တုန်းကတည်းက ရောက်နေတာလဲ။

"ကြွေ"

ကြွေသည် မျက်ရည်တွေပြည့်အိုင်နေသော မျက်ဝန်းများဖြင့် သူ့ကို စိုက်ကြည့်နေလေသည်။

မကြည့်ပါနဲ့ ကြွေရယ်။ ကိုယ့်ကို အဲဒီလို မျက်လုံးမျိုးနဲ့ မကြည့်ပါနဲ့။ ကိုယ် ... ကိုယ် မှားသွားပြန်ပါပြီ။ ဒါ ဒါ ... ကိုယ် ကြွေ့ကို မချစ်လို့ မဟုတ်ပါဘူး။ မကြည့်ပါနဲ့ကြွေ။ အဲဒီလိုစိတ်ကုန်ထဲ မျက်လုံးတွေနဲ့ ကိုယ့်ကို မကြည့်ပါနဲ့"

"ဦး"





သူ့လက်ကို မိမိရရ ဆုပ်ကိုင်နေရှာသော ပန်းလက်ကို သူ ရှန်းလိုက်သည်။

"ကြွေ ... ကိုယ်လေ ကိုယ်"

အမှန်က ပန်းကို သံယောဇဉ်ဖြတ်ဖို့လာခြင်းဖြစ်သည်။ ဖြစ်ကြောင်းမှန်ကိုလည်း ကြွေ အထင်မလွဲအောင် ရှင်းပြချင်သည်။ သို့သော် ကြွေမူကား သူ့ကို သူစိမ်းတစ်ယောက်လို ကြည့်နေလေသည်။ ကြွေ့အကြည့်ထဲတွင် စကားလုံးများစွာ ပါဝင်နေသောကြောင့် သူက ကြွေ့ကို ရှင်းပြချင်သော်ငြား ဘယ်ကဘယ်လိုစပြီး ရှင်းပြရမှန်း သိချေ။

ကြွေ ဒေါသဖြစ်နေပါပြီ။ ဒေါသဖြစ်ချိန်တိုင်း အောက်နှုတ်ခမ်းကို ဖိကိုက်ထားတတ်သည့် ကြွေ့အကျင့်ကို သူသိပြီးသားဖြစ်သည်။

နှုတ်ခမ်းကို ဒီထက်ကိုက်မထားပါနဲ့တော့ ကြွေရယ်။ မင်းရဲ့ နှုတ်ခမ်းလေးတွေ အက်ကုန်ပါ့မယ် ကြွေရယ်။ မင်းဒေါသဖြစ်နေရင် ကိုယ့်အပေါ်မှာလည်း ဒေါသဖြည့်လိုက်ပါ။

အသုံးမကျတဲ့ကိုယ့်ကို ထုရိုက်လိုက်ပါ ကြွေ။ မပြတ်သားနိုင်တဲ့ ကိုယ့်ကိုပဲ အားမလိုအားမရဖြစ်ပြီး ကိုယ့်ပါးကိုသာ အကြိမ်ကြိမ် ရိုက်လိုက်ပါတော့ ကြွေ။ ကိုယ့်ကို အပြစ်ပေးလိုက်ပါ ကြွေ။ ကိုယ့်ကို



www.burmeseclassic.com

www.burmeseclassic.com



လှရိုက်ပေးပါ။ အဲဒီအစား ကိုယ့်ကို တော့ မုန်းမသွားပါနဲ့ ကြွေရယ်

“ရှင် သိပ် ရက် စက်တယ် ကိုခန့်ကို”

ကြွေ့အသံသည် တုန်ယင်စွာ အေးစက်စွာ ထွက်ပေါ်လာ

လေသည်။

ကိုခန့်ကိုတဲ့လား ကြွေရယ်။ ချစ်သူဖြစ်ပြီးတည်းက ကို

သာ တမြတ်တနိုး ခေါ်ခဲ့သည့်ကြွေက အခုတော့ သူ့ကို ကိုခန့်ကို

လာ၏။

“ကြွေ . . . ကိုယ်လေ”

သူ ဘာစကားမှ မဆိုလိုက်နိုင်ခင်မှာပင် သူ၏ချစ်လှစွာသော

ကြွေသည် ရဲရင့်ပြတ်သားစွာပင် ချာခနဲ လှည့်ထွက်သွားလေပြီ။

“ကြွေ . . . ကြွေ”

“ဦး”

ကြွေ့နောက်သို့ ပြေးလိုက်ဟန်ပြင်သော်လည်း ပန်း

သူ့ကို အလွှတ်မပေးဘဲ ဆွဲထားလေ၏။

“ကြွေ”

လိုက်လျှင်ပင် မမီနိုင်တော့ပေ။ ကြွေသည် ကားပေါ်

တက်ကာ ကားကို ကိုယ်တိုင်မောင်းထွက်သွားလေ၏။

“ကြွေ”





“ဦး ပန်းကို ပစ်မထားခဲ့ပါနဲ့ နော် ဦး။ နော် . . . ပန်းလေ ဦးကို သိပ်ချစ်တယ်”

“သောရီး ပန်း။ မင်း အခန်းထဲပြန်တော့။ ဦးနောက်မှလာခဲ့ မယ်နော်”

ဟုသာဆိုပြီး သူ့လက်မောင်းကို ဆုပ်ကိုင်ထားသော ပန်းရဲ့ လက်ကို ဖြုတ်ချလိုက်လေသည်။

“ဦး”

သူ့နားထဲ ပန်းရဲ့အသံကို ကြားနေရသည်။ သို့သော် သူ့အာရုံ ထဲ စွဲနေသည်မှာ ကြွေ့မျက်လုံးများသာ ဖြစ်သည်။

အသံမဲ့ပြောနေသော ကြွေ့စကားလုံးများသာ ဖြစ်သည်။

မမုန်းလိုက်ပါနဲ့ ကြွေ။ ကိုယ့်ကိုမင်း မမုန်းလိုက်ပါနဲ့။ ကျေးဇူး ပြု၍ မမုန်းပါနဲ့ကြွေ။ ကိုယ် မင်းကိုချစ်တယ် ကြွေ။ သူ့ရင်ထဲမှအသံ ကြွေ ကြားနိုင်လျှင်ဖြင့်။

○○○

www.burmeseclassic.com

## အခန်း (၁၇)

ထိုနေ့မှစပြီး ကြွေ့ကို နှစ်ရက်တိတိ မတွေ့ရချေ။ သမီး စကားအရ ကြွေသည် ဟိုတယ်တွင် အိပ်သည်ဟုသိရသည်။ ဖုန်းဆက်တော့လည်း တစ်ချိန်လုံး ဖုန်းမကိုင်ခဲ့သောကြွေကြော ကြွေ၏ရုတနာဆိုင်သို့လိုက်သွားခဲ့သော်လည်း ကြွေ ခွင့်ယူထားသည် ဟု သိရသည်။

ဘယ်ဟိုတယ်မှာတည်းသလဲဟု သမီးကိုမေးတော့လည်း သမီးက မသိဘူးပြော၍ သူ ဆက်မမေးဖြစ်ခဲ့ပေ။ မရမက မေး လျှင် ကြွေနှင့် သူ၏ပြဿနာကို သမီးသိသွားမှာစိုးရိမ်၍ ဖြစ်သည်





ကြွေနှင့်မတွေ့သောနှစ်ရက်လုံးသည် နှစ်ကမ္ဘာကြာသွား သလိုပဲဟုပင် ထင်ရသည်။ ထို့ကြောင့်ပင် ကြွေ့ကို တွေ့တွေ့ချင်း သူ စကားမဆိုနိုင် ဖြစ်ရပြန်သည်။

တွေ့မှတွေ့တော့လည်း နေအိမ်မှာဖြစ်သည်။

သူ ရုံးမှပြန်လာချိန်တွင် မပြန်ရောက်နေတယ်ဟု မဝင်းသူ က ဆိုသဖြင့် သူသည် ကြာမြေပင် မဆောင်နိုင်တော့ဘဲ အပေါ်ထပ်ရှိ သူတို့အိပ်ခန်းသို့ ပြေးတက်လာခဲ့သည်။

အိပ်ခန်းတံခါးဖွင့်ဖွင့်ချင်းပင် ကြွေ့ကို ဆက်တီ၌ ခန့်ခန့်ကြီး တွေ့လိုက်ရလေ၏။

ကြွေသည် စမ်းနိုင်ဘုရင်မတစ်ဦးနှယ် သူ့ကို စိုက်ကြည့်နေ သသည်။ ခေါင်းမော့ထားသော ကြွေ့ပုံမှာ တစ်ခုခုကို နိုင်နိုင်မာမာ ဆုံးဖြတ်ပြီးပုံမျိုး ပေါ်လွင်နေ၏။

သို့သော် ကြွေ့မျက်ဝန်းထဲ၌ ဆွေးရိပ်ကိုသူတွေ့ရသည်။ ကြွေ့ရယ် လွမ်းလိုက်တာဟု ဆိုပြီး ကြွေ့ကိုယ်လေးကို ပွေ့ထား လိုက်ချင်သည်။

နှစ်ရက်လုံး တစ်ယောက်တည်း အရူးလိုပြောခဲ့သောစကား တွေကို ကြွေ့ရှေ့မှာဖွင့်ပြောဖို့ စဉ်းစားသော်လည်း စကားလုံးများသည် ပျာ်ဖျာ၍ ပျောက်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြေ"

ရင်ခေါင်းထဲမှလာသော သူ့အသံကို ကြေကတော့ အမြဲ တွေ့ဖူးပြီး လျစ်လျူရှုလေသည်။ သူ့ရင်ထဲ နာကျင်စွာခံစားရသည်။ သူကတော့ ကြေ့ကို လွမ်းလိုက်ရတာ။ ကြေ့အသံလေးကို သတိရ လိုက်ရတာ။ ကြေကတော့ သူ့ခံစားချက်ကို အလေးထားပုံမရပေ။ သူ့မျက်လုံးလေးမှ အဖြေစစ်ကို ရှာဖွေပုံမရချေ။

"ကြေ . . . မင်း ဘယ်သွားနေတာလဲ"

"ကြေတို့ ကွာရှင်းကြရအောင်"

"ဟင်"

သူ လုံးဝထင်မှတ်မထားသောစကားလုံး ဖြစ်သည်။ ကြေ သည် ကိစ္စတစ်ခုကို လွယ်လွယ်နှင့် လက်လျှော့တတ်သည့် မိန်း ကလေးမျိုးမဟုတ်ပေ။ ထို့ကြောင့် ထိုစကားလုံးများ ကြေ့နှုတ်က ပြောလိုက်ခြင်းဖြစ်သည်ကို နားနှင့်ဆတ်ဆတ်ကြားရသော်လည်း သူ မယုံချေ။

"ကြေ . . . မင်း . . . ဘာပြောလိုက်တယ်"

"ကြေ့ဂုဏ်သိက္ခာနဲ့ ကိုယ့်ဂုဏ်သိက္ခာအရ ကြေတို့ ကွာရှင်း လို့မဖြစ်ဘူးဆိုတာ သိတယ်။ ဂုဏ်သိက္ခာကို ရင်းနှီးမြှုပ်နှံထားရတဲ့ လူ့ဝန်းကျင် ဆက်နွယ်မှုကို ကြေသိတယ်။ ကိုနဲ့ကြေတို့ရဲ့ အိမ်ထောင်





ရေးမှာ ဘယ်လောက်ထိ စီးပွားရေး၊ လူမှုရေးတွေ နှောယှက်နေသလဲ ဆိုတာ ကြေသိတယ်။ သိလို့လည်း ကြေ ရင်အနာခံပြီး မသိချင်ယောင် ဆောင်ခဲ့တာ။ ကိုခြေလှမ်းတွေ နောက်ဆုတ်လာမယ့်နေ့ကို မျှော်နေခဲ့ တာ။ ဒါပေမဲ့ ကိုက နောက်ဆုတ်မလာတဲ့အပြင် ခြေလှမ်းကျဲသွားပြီး တို့"

"မဟုတ်သေးဘူး ကြေ"

"အနည်းဆုံးတော့ ကြေ့ကိုမငဲ့နဲ့ဦး သမီးကိုတော့ ငဲ့လိမ့် မယ်လို့ ကြေထင်ခဲ့တာ။ ကိုရဲ့ရင်သွေးက လောကမှာ ကြေ့သမီး ပေါမာန်ကိုပဲ ရှိစေလိမ့်မယ်လို့ ကြေထင်ခဲ့တာ။ အပြင်မှာရှုပ်တာ အပျော်ပဲလို့ ကြေထင်ခဲ့တာ။ ခုတော့"

"မဟုတ်သေးဘူး ကြေ၊ မင်းထင်သလို မဟုတ်ဘူး"

"ကြေကလည်း မိန်းမထဲက မိန်းမတစ်ယောက်ပါ ကို။ ကိုယ့်ခင်ပွန်း တခြားမိန်းမနဲ့ ပျော်နေတာကို ကြေက ဘယ်လိုနှလုံး သားနဲ့ စာနာရမှာလဲ။ ကြေ့ဘက်ကို ကို စဉ်းစားပေးဖူးလို့လား"

"အဲဒီအတွက် ကိုယ် တောင်းပန်ပါတယ် ကြေ"

"အဲဒီမှာ ကွာရှင်းစာချုပ်၊ ကြေ လက်မှတ်ထိုးပြီးပါပြီ"

"ဟာ . . . ကြေ မင်း ဘာတွေလျှောက်လုပ်နေတာလဲ။ ကိုယ့် ကို ဘာမှဖြေရှင်းခွင့်မပေးတော့ဘူးလား။ ကိုယ့်စကားကို နည်းနည်း



www.burmeseclassic.com

www.burmeseclassic.com



လေးမှ နားမထောင်တော့ဘူးလား"

"ကြွေသိတဲ့ကိုက အလိမ်အညာစကား မပြောတတ်ဘူး ကြွေ့ကိုသိပ်ချစ်ပြီး သိပ်တန်ဖိုးထားတဲ့လူပါ။ ဒါပေမဲ့ . . . ကို သိပ် ပြောင်းလဲသွားတယ်။ ကိုကို ကြွေ စိတ်ရှုပ်အောင်မလုပ်ပါဘူး ဒ ကြောင့် အဲဒီမိန်းကလေးဆီ ကိုကို လွတ်လွတ်လပ်လပ် သွားခွင့်ပေး ပါ"

"ကိုယ့်ကိုသွားခွင့်ပေးပါလို့ မတောင်းဆိုဖူးဘူး ကြွေ။ မင် ဘာတွေလျှောက်လုပ်နေတာလဲ ကြွေရာ"

"လောလောဆယ်တော့ ကြွေ နိုင်ငံခြားမှာ တစ်လလော သွားနေမယ်"

"မသွားရဘူး ကြွေ။ မင်းကို ကိုယ်သွားခွင့်မပြုနိုင်ဘူး ကွာလည်း ကွာရှင်းမပေးနိုင်ဘူး"

"အခုချိန်ထိ ရှင့်အတွက်ကြီးပဲ ကိုခန့်ကို"

"ကြွေ . . . မင်း . . . ဟာကွာ။ မင်း ကိုယ့်ကို အဲဒီလိုမ ပါနဲ့။ မဟုတ်သေးဘူး ကြွေရာ။ ကိုယ်က မင်းထင်နေသလို မဟုတ်ဘူး"

"ပြောပါဦး . . . ကြွေထင်သလို မဟုတ်ဘူးဆိုရင် ဟုတ် တာက ဘာတွေလဲ။ ကြွေ နားလည်အောင် ရှင်းပြပါဦး"

"ပြဿနာက နည်းနည်းရှုပ်တယ် ကြွေရယ်။ မင်းကို ဘယ်





ပြရမလဲ မသိတော့ဘူး။ ကိုယ်စီစဉ်ထားတာက ပန်း . . . အဲ နီရနံ့ကို"

သူ စကားပြောဖို့ အားယူနေချိန်မှာ အားယူနေဆဲအချိန်တွင် ဗိတ်ထဲမှ ဖုန်းက မြည်လာလေသည်။

ထိုဖုန်းကို သူကကိုင်လိုက်သောအခါ ပန်းရနံ့ဆီမှ ဖြစ်နေ၍ ပိတ်ပြီး စားပွဲပေါ် ပစ်တင်လိုက်၏။

သူ့ဘက်က ပြတ်သားသော်လည်း ကြွေကတော့ သူ့ကို င်တေတေ ကြည့်နေသည်။

ဒီအချိန်မှာ သူ ဘာပြောပြော ကြွေမယုံတော့ဘူးဆိုတာ သူ သိလိုက်သည်။ ထို့ကြောင့် ပြောချင်စိတ်လည်း မရှိတော့ပါ။ စိတ်ပျက်မိသည်။ အခြေအနေကိုလည်း အားမလို အားမရဖြစ်ရသည်။

"အခုချိန်မှာ ကိုယ် မင်းကို ပြောနိုင်တာတစ်ခုတည်းရှိတယ် ကြွေ။ ကိုယ် မင်းကို ချစ်တယ်။ ပြီးတော့"

သူ အရှိန်ယူနေဆဲမှာပင် ဖုန်းသည် နောက်တစ်ကြိမ် ဝင်လာ ပြန်၏။

သို့သော် သူ ဖုန်းကိုမကိုင်ပေါက်ရသေးခင်မှာပင် ကြွေက ဖုန်းကိုလှမ်းယူကာ ဖွင့်လိုက်သောလည်း။

သူ မိုးရိပ်သွားသည်။ ပန်းနဲ့ကြွေကို လူချင်းရော ဖုန်းတဲ့ပါ



www.burmeseclassic.com

www.burmeseclassic.com



မတွေ့စေချင်တာ အမှန်ပါ။ တွေ့ပါက တစ်ခုခု ပြဿနာဖြစ်မည်
စိုးရိမ်သည်။ ကိုယ်ဝန်ဆောင်ထားရသော ပန်းကိုလည်း မထိနိုက်
ချင်သလို ကြွေ့ကိုလည်း ပန်းကြောင့် စိတ်မဆင်းရဲစေချင်ပါ။

"ဟဲလို"

ကြွေက သူ့ဖုန်းကိုကိုင်ကာ ဖုန်းထူးလိမ့်မည်ဟု သူ မထင်
ပေ။ သို့သော် သူ ထင်မထားသောကိစ္စကို ကြွေက လုပ်ဆောင်
ဖြစ်၏။

တစ်ဖက်က ဘာပြောမှန်းမသိပါ။ ကြွေသည် တစ်ဖက်
စကားကို အာရုံစိုက်၍နားထောင်နေလေသည်။

သို့သော် တစ်ခွန်းမျှတော့ ပြန်မပြောချေ။

ပန်း ကြွေ့ကို ဘာပြောနေသလဲဆိုတာ သူသိချင်သည်
သို့သော် ကြွေ့လက်ထဲမှဖုန်းကို ဆွဲလုလိုက်လျှင် ကြွေ့ကို မလေး
ရာကျမှာစိုး၍ စိတ်ကိုတင်းကာ ဖုန်းပြောပြီးသည်ထိ စောင့်မိပြန်သည်

ကြွေကတော့ နားထောင်သူ့သက်သက်သာလုပ်ပြီး ဖုန်း
ပိတ်ကာ စားပွဲပေါ်ချလေ၏။

"သူ ဆေးရုံမှာတဲ့၊ အခန့်မသင့်ရင် ကိုယ်ဝန်ပျက်ကျနိုင်
အနေအထားလို့ ပြောတာပဲ"

"ဟင်"





"ရှင် စိတ်ပူသွားတယ်မဟုတ်လား။ အခုပဲဖြစ်ဖြစ် ပြေးသွား
ချင်နေပြီ မဟုတ်လား။ သွားပါ . . . ကြွေ ရှင့်ကိုမတားပါဘူး။ ကိုယ့်
သည် အဲဒီလိုဖြစ်နေတဲ့အချိန် ခင်ပွန်းက ဘေးကနေ ဖေးမ,ပေးမှ
ဘာဝကျမှာပေါ့။ သွားပါ"

ကြွေ့မျက်လုံးများသည် သူ့အား သရော်နေလေသည်။
သူ့ရင်တွေ နာလှပါ၏။

သူချစ်သောကြွေက သူ့ကို ဘာကြောင့် နားလည်မပေးနိုင်
ာလဲ။ ဘာကြောင့် သူ့အပေါ် မယုံကြည်ရတာလဲ။

ကြွေ့ရင်ထဲ ဘာတွေရှိနေတာလဲ။ ကြွေ့အတွေးထဲ သူ့ကို
ယ်လိုမြင်နေတာလဲ အစရှိသဖြင့် ဘာများစွာဖြင့် ပဟေဠိသည်
င်ထဲ ကြီး၍ကြီး၍ ဖြစ်တည်လာတော့သည်။

○○○

www.burmeseclassic.com

## အခန်း (၁၈)

သူနှင့်ကြွေတို့ ကွာရှင်းကြတော့မည်ဆိုသည့် သတင်းသ

တရားဝင်မဟုတ်သော်လည်း အွန်လိုင်း၌ ကောလာဟလအ

သတင်းကြီးနေလေသည်။ ထို့ကြောင့် မီဒီယာသမားများ၏ ဖု

ရှောင်လွှဲနေရသည်။

ဘယ်ကဘယ်လိုလုပ် ထိုသတင်းက ဖြစ်သွားသလဲဆို

သူ မသိပေ။ ကံကောင်းတာတစ်ခုက မြန်မာပြည်၌ ကြွေရှိမနေေ

ဖြစ်၏။

ကြွေနှင့်သူ စကားအချေအတင်ဖြစ်ပြီး နောက်တစ်နေ့၌ 





ပျောက်သွားပြန်သည်။ ဆိုင်မှဝန်ထမ်းများကိုတော့ ကြွေက အလုပ်ကိစ္စနှင့် ဂျပန်ရောက်နေသည်ဟု သိထားသော်လည်း သူက တော့ ကြွေ သူကိုမတွေ့ချင်၍ ရှောင်သွားခြင်းဆိုတာ နားလည် သဘောပေါက်သည်။

ကြွေသည် လုပ်ငန်း၌ အတိုက်အခံကြုံရသည့်အချိန်တိုင်း စိတ်ထွက်ပေါက်အနေနှင့် မိဘများရှိရာ ဂျပန်သို့ သွားလည်တတ် သည်ကို သူသိ၏။

ယခုတော့ လုပ်ငန်းကြောင့်မဟုတ်ဘဲ သူ့ကြောင့် ဂျပန်သို့ ရောက်နေပြီဖြစ်၏။

သူ စိတ်မကောင်းပါချေ။ ကြွေ့အပေါ် အပြစ်လုပ်မိခြင်းကို နောင်တရမိသည်။ ဖြစ်နိုင်လျှင် လွန်ခဲ့သောတစ်နှစ်ကျော်ခန့်က ပန်း ရနံ့နှင့် မဆုံခင်အချိန်ကို သွားလိုက်ချင်သည်။ ခုတော့ သူ့ရဲ့မိုက်မဲမှု ကြောင့် ကြွေ့ကိုရော ပန်းရနံ့ကိုရော အားနာစရာ ဖြစ်ခဲ့ရပါပြီ။

ကြွေသည် သံယောဇဉ်ပြတ်လှသည်။ သူ့ကို ဘယ်အထိ များ စိတ်ကုန်သွားလေသလဲမသိ။ ကွာရှင်းစာချုပ်တွင် လက်မှတ်ထိုး ပြီး သူ့ကို နှုတ်မဆက်ဘဲ ထွက်သွားလေ၏။ သူ ဖုန်းဆက်လျှင်လည်း ကြွေ ကိုင်မှာမဟုတ်မှန်းသိ၍ သူ မဆက်ပါ။

ထိုနေ့က သူ့ကို စိမ်းစိမ်းကြီးကြည့်နေသော ကြွေ့မျက်ဝန်း



www.burmeseclassic.com

www.burmeseclassic.com



ကို သူမမေ့နိုင်ပါ။ သူကလည်း သူ့ပင် ကြွေက ရွဲ့မျှော်နေမှန်း သိလျက်နှင့် ပန်းရနံ့ဆီ ပြေးသွားခဲ့သည်။

မသွား၍လည်း မဖြစ်ပါ။ ပန်းရနံ့က ရင်းနှီးသူသည် သူ့အပြင် အခြားလူမရှိပါ။ ပြီးတော့ ပန်းရနံ့ ဆေးရုံရောက်သည့်ကိစ္စသည် သူ့ရင်သွေးကြောင့် ဖြစ်သည်။ အခန့်မသင့်ရင် ကိုယ်ဝန်ပျက်ကျနိုင်တယ်ဆိုသောသတင်းသည် စိုးရိမ်စရာရှိ၏။

အချို့မိခင်လောင်းများ ကိုယ်ဝန်နဲ့အတူ အသက်ပါသွားသည်ကို သူကြားဖူးသည်။ ပန်းရနံ့ကို သူ့ပယောဂမကင်းဘဲ ဒုက္ခမဖြစ်စေချင်ပါ။ လူတစ်ယောက်သည် သေဆုံးပြီးပါက လောကကြီးထံ ထပ်ရောက်မလာနိုင်တော့ပေ။ ထို့ကြောင့် သေဆုံးသွားနိုင်သည့် အခြေအနေကို သူ လျစ်လျူရှုမထားနိုင်ခဲ့ပေ။ ထို့ကြောင့် ဆေးရုံသို့ သူ ပြေးခဲ့မိသည်။

ဆေးရုံရောက်သောအခါ နှုတ်ခမ်းလေးဖြူဖွေးနေရှာသော ပန်းရနံ့ကြောင့် ကရုဏာသက်ခဲ့ရပြန်သည်။

သူက ပန်းရနံ့ကို တွေ့ပြီးပြီးချင်း အန္တရာယ်ကင်းမှန်း သိသွားသောအခါ ကြွေ့ထံ ပြန်ဖို့လုပ်ခဲ့သည်။ သို့သော် ခဏလေးနေပေးပါဦးဆိုပြီး သူ့လက်ကိုဆွဲထားသော မိခင်လောင်းလေးကို သူ လျစ်လျူရှုနိုင်ခဲ့ပေ။ နောက်တစ်နေ့မနက် အိမ်ပြန်ရောက်သောအခါ ကြွေ





ခဲ့တော့ပေ။ သူ ရင်နာရသည်။ ဘဝကြီးကို ပထမဆုံးအကြိမ် စိတ်ကုန်သွားမိလေသည်။

ဘာလို့ ကြွေက သူ့ကို နားလည်မပေးရတာလဲ။ ဘာကြောင့်များ ပန်းရနံ့ကလည်း သူ့ကို ဖိအားပေးရတာလဲ။ သူ စိတ်ရှုပ်သည်။ သို့သော် ပို၍ စိတ်ရှုပ်စရာကောင်းလေသည်က မီဒီယာသမားများ။

အသက်ရှူပေါက်ပင်မရှိနိုင်လောက်အောင် ဝိုင်းပိတ်သွားသည်။ သူ ဘာလုပ်ရမလဲ။ ဘယ်လိုလုပ် မသေချာသေးတဲ့သတင်းက ပျံ့သွားရတာလား။

ကြွေလား မဖြစ်နိုင်ပါ။ ကြွေက ထိုသို့ မိုက်မဲတဲ့အလုပ်မျိုး လုပ်လောက်ပါ။ ဒါဆို ပန်းရနံ့လား။ စဉ်းစားစရာဖြစ်လာသည်။ တာပြောရလျှင် သူ ကြွေ့ကိုယုံပေမယ့် ပန်းရနံ့ကို မယုံပေ။

ကြွေ့စိတ်ကိုသိပေမယ့် ပန်းရနံ့စိတ်ကိုမသိပေ။ ပန်းရနံ့ရဲ့ နှုတ်များက ချိုခဲ့သော်လည်း ယခုတော့ ထိုချိုမြိန်မှုက ဒုက္ခပေးနေပြီဖြစ်၏။

ကိုယ်ဝန်ရအောင်မနေဖို့ သူ ပန်းရနံ့ကို ကောင်းကောင်း သတိပေးထားပါလျက်နဲ့ ပန်းရနံ့ သတိပေါ့လျော့ခဲ့သည်။ ပေါ့လျော့ခဲ့တာလား တမင်လုပ်တာလား။ ပန်းရနံ့အပေါ် ဘယ်တုန်းကမှ သံသယမရှိခဲ့ဖူးသော်လည်း ယခုတော့ သံသယဖြစ်မိသည်။ ပန်းရနံ့ကို



www.burmeseclassic.com

www.burmeseclassic.com



သူ ဘယ်တုန်းကမှ လက်ထပ်ဖို့ မစဉ်းစားဖူးချေ။ ပန်းရနံ့ကလည်း ထိုသို့ သူနှင့် တိတ်တဆိတ် ချစ်နေရရင် လုံလောက်ပါပြီဟု ပြောဖူးသည်။

ထိုစကားကြောင့်ပဲ ပန်းရနံ့အပေါ် သူ ကရုဏာပိုခဲ့ရသည်။

ယခုတော့ တိတ်တဆိတ်မဟုတ်တော့ချေ။ သာယာသော စံပြအိမ်ထောင်ရေးဖြစ်သည့် သူနှင့်ကြွေတို့ ကွာရှင်းကြတော့မည် သတင်းသည် ဘာကြောင့်လဲဆိုသော သို့လော သို့လော မေးခွန်းများသည် ကြောက်စရာပင် ကောင်းနေတော့သည်။

သူ ဘာလုပ်ရမလဲ။ ထိုသတင်းကို ကြွေလည်း သိလိမ့်မည်ဟုထင်သည်။ ဘာလို့ ကြွေက ငြိမ်ချက်သားကောင်းနေရတာလဲ။ သူ ဘယ်လိုဖြေရှင်းရမလဲ။ ရှောင်လွှဲလို့မရမှန်းလည်း သိသည်။ သို့သော် ဖြေလည်းမဖြေရှင်းနိုင်ပါ။

ထိုသတင်း ဘယ်ကပေါက်ကြားသလဲဆိုတာ စစ်ဆေးဖို့ ကွန်ပျူတာဌာနကို သူခိုင်းစေထားပြီဖြစ်၏။ ကျွမ်းကျင်သူများက လစာကောင်းကောင်းပေး၍ ခန့်ထားသောကြောင့် နာရီပိုင်းအတွင်း သိရလိမ့်မည်ဟုလည်းထင်သည်။

ထို့ကြောင့် ရုံးခန်းထဲ၌ ထိုင်လိုက် ထလိုက်ဖြင့် သူ အလုပ်များနေရလေသည်။





"ဆရာ"

ဒရိုင်ဘာသာမက အတွင်းရေးမှူးမကျ ကိုမောင်မျိုးက ရောက်လာလေ၏။

"ပန်းရနံ့ရဲ့ကိုယ်ဝန်ကြောင့် ဆရာ"

"ဘာ"

"အဲဒီနေ့က ဆရာ ဆေးရုံလိုက်သွားတယ်လေ။ အဲဒါ ပန်းရနံ့ကို ဆရာက နှစ်သိမ့်နေတဲ့အချိန် တစ်ယောက်ယောက်က ဓာတ်ပုံရိုက်ပြီး အွန်လိုင်းပေါ်တင်လိုက်တာ"

ဘုရား ဘုရား . . . ဘာတွေဖြစ်ကုန်ပြီလဲ။

သူ တုန်လှုပ်သွားလေသည်။ အတတ်နိုင်ဆုံး သိုသိုသိပ်သိပ် လုပ်ခဲ့ပါလျက်နဲ့ ဘာဖြစ်သွားရတာလဲ။

သတင်းပေါက်ကြားမှာစိုး၍ ပန်းရနံ့ကို သီးသန့်ခန်းတွင် ထားခဲ့ပါလျက်နဲ့ ဘယ်လိုဖြစ်ရတာလဲ။ ဝန်ထမ်းတွေလက်ချက်လား။ ဒါမှမဟုတ် ပန်းရနံ့ကိုယ်တိုင်လား။

သို့သော် ယခုအခြေအနေသည် ထိုသို့ချင့်ချိန်ရမည့် အခြေအနေမျိုးမဟုတ်ပါချေ။ ဖြေရှင်းရမည့်အခြေအနေဖြစ်သည်။ မီဒီယာသမားများ ပန်းကိုတွေ့သွား၍ မဖြစ်ပါ။ ပြဿနာ ပို၍ ကြီးသွားပါလိမ့်မည်။



www.burmeseclassic.com

သူ ဘာလုပ်ရမလဲ ဘာလုပ်ရမလဲ။

ထိုသို့ ရောက်တတ်ရာရာဖြစ်တိုင်း သူ့ကို ဆုံးဖြတ်ပေးလေ့ရှိသော ကြွေကို သတိရမိသွားပြန်သည်။

ကြွေရယ် မင်း ပြန်လာပါတော့။ မင်း ပြန်လာပါတော့ကွာ။

ဝဝဝ



## အခန်း (၁၉)

"မ ကျွန်တော်မရှိတုန်း ခဏလေးမှာ ဘာတွေဖြစ်ကုန်တာလဲ"

ဘိုဘိုသည် မတွေ့သောတစ်လကျော်ကာလအတွင်း သိပ်ကို ပြောင်းလဲသွားပြီဖြစ်၏။

ခံပင်ကိုဂျယ်ဖြင့် အမြဲစောင်ထားတတ်သော ဘိုဘိုသည် ခေါင်းလိမ်းဆီဖြင့်သာ ဘေးခွဲလေး လုပ်ထား၏။ ဂျင်းပန်အတို စုတ်ဖွာဖွာနေရာတွင် စမတ်ကျသော အနောက်တိုင်းဝတ်စုံလဲ လွှမ်းမိုးနေသော်။ ဗန်းသည် ကိုယ့်မျက်လုံး ကိုယ်မယုံနိုင် ဖြစ်ခဲ့ရသည်။

www.burmeseclassic.com



"ဦးကိုပဲ အားကိုးတယ်၊ နင့်ကိုငါက ဘယ်နေရာကြည့်ပြီး အားကိုးရမှာလဲ။ နောက်ထပ်မလာပါနဲ့တော့"

ဟု ပန်းအော်လွှတ်ပြီးကတည်းက ပျောက်သွားသော ဘိုဘို သည် ယခုကျတော့လည်း သန့်ပြန့်ပြီး စမတ်ကျနေပြီဖြစ်၏။

မမြင်တာကြာ၍ အခုလို တွေ့ရပြန်တော့လည်း လွမ်းသင့် လိုတော့ ဖြစ်မိသား။

"ဘာလာလုပ်တာလဲ"

အမောတကောနှင့် ရောက်လာသူကို ပန်းက အမော အောင် ခပ်စိမ်းစိမ်း ပြောဆိုလိုက်ရသည်။

ပန်း၏စကားကြောင့် မှင်တက်သွားသော ဘိုဘို့မျက်လုံးမျ ကြောင့် ပန်း ရင်ထဲ တစ်ခုခုလိုနေသလို ခံစားရ၏။ ဘိုဘိုများ ပန်း စိတ်နာသွားလေမလား။

မိမိကိုချစ်တယ်ဆိုတုန်းကတော့ ထိုအချစ်ကို လက်မခံ ပေမယ့် မိမိကိုချစ်ပါတယ်ဆိုသောလူရဲ့အမုန်းကိုတော့ မိမိအနေ မလိုချင်တာအမှန်ပါ။

ပန်း ဘိုဘို့ကို ထိုသို့ စိမ်းကားနေခြင်းသည် မုန်း၍မဟုတ် ဘိုဘို့မိခင် ဒေါ်မို့မို့ကြောင့်သာဖြစ်သည်။

ဒေါ်မို့မို့သည် ပန်းကို ကျွေးမွေးဖို့ခေါ်သွားစဉ်က ပန်း





ဒေါ်မို့မို့ကို ကျေးဇူးရှင်ဟု သတ်မှတ်ခဲ့သည်။ ဒေါ်မို့မို့နှင့် ပန်း၏မိခင် ဒေါ်မေမြတ်သည် အချစ်ဆုံးသူငယ်ချင်းများ ဖြစ်ကြသည်ဆိုတာကို ပန်း နောက်မှသိခဲ့ရသည်။

ဒေါ်မို့မို့တို့ ဒီလိုအခြေအနေဖြစ်လာအောင် မေမေက အများ ကြီး ကူညီပေးခဲ့ဖူးသည်ဟု ဆိုသည်။ ထို့ကြောင့်သာ ဒေါ်မို့မို့ ပန်းကို ခေါ်ရောက်ထားခြင်းဖြစ်သည်။ သို့သော် ဝမ်းထဲ ကိန်းအောင်းနေ သောသဘောထားအမှန်သည် ဘိုဘို့ကြောင့် လယ်ပြင်တွင် ဆင်ပြေး သလို ဘွင်းဘွင်းကြီး ပေါ်လာရလေ၏။

ပန်း၏မေမေသာ သက်ရှိထင်ရှားရှိနေသေးလျှင် ပန်းနှင့် ဘိုဘို့ကို ပေးစားဖို့ ဒေါ်မို့မို့က ကြောင်းလမ်းနိုင်သော်လည်း ပန်းက သူများအိမ် ခိုကပ်နေရသောဘဝမို့ ဘိုဘိုက ပန်းကို သဘောကျသည့် အရိပ်အယောင်ရှိသည်နှင့်တစ်ပြိုင်နက် ပန်း ထိုအိမ်တွင် မနေနိုင် အောင် ပြုမူခဲ့သည်။

ပန်းကို အိမ်အကူလို မျက်နှာထိ မျက်နှာထားဖြင့် ဆက်ဆံ သာ၏။ ပန်း ဝမ်းနည်းခဲ့ရသည်။

နောက်ဆုံးတွင် ဘိုဘို နိုင်ငံခြား ခဏသွားခိုက် ပန်းကို သို့ခြေထောက်ကိုယ်ရပ်တော့ဟုပင် မောင်းမချရုံတမယ် နှင်ထုတ် လသည်။



www.burmeseclassic.com

www.burmeseclassic.com



မကောင်းတတ်၍ ရွှေတိုရွှေစအချို့နှင့် နေစရာနေရာ စီ

ပေးသော်လည်း ပန်းမှာ မာနရှိသည်။ ထို့ကြောင့် ပန်း ဘာတ

ယူမလာခဲ့ပေ။

အချို့လူတွေကတော့ ဒေါ်မို့မို့ကို စံပြအမျိုးသမီးအဖြစ် သ

မှတ်ချင် သတ်မှတ်ကြလိမ့်မည်။ ပန်းတော့ ဒေါ်မို့မို့အကြောင်း

သိပြီးသားဖြစ်သည်။ ငယ်သူကိုနှိမ်၊ ကြီးသူကို မြှင့်ပြောတတ်သ

ဒေါ်မို့မို့ကို ပန်း လုံးဝအထင်မကြီးပေ။

သို့သော် တစ်လုတ်စားဖူး သူ့ကျေးဇူးမို့ ပန်း ဒေါ်မို့မို့

မကြည်ညိုသော်လည်း ယဉ်ကျေးစွာ ဆက်ဆံခဲ့၏။ ဘိုဘို့အချစ်

ပန်း လက်မခံခြင်းသည် ဒေါ်မို့မို့ကြောင့်လည်း ပါသည်။ ဒေါ်မို့

ပန်း ယောက္ခမ မတော်ချင်ပါ။ ရှေ့တစ်မျိုး ကွယ်ရာတစ်မျိုး လုပ်တ

သည့် ဒေါ်မို့မို့ကို မုန်းသည်။

ဒါ့ထက် အမေချစ်သား ဘိုဘို့ကို ပိုမုန်းသည်။

မိခင်က တစ်ခွန်းဆိုလျှင် စောဒကမတက်ဝံ့သော ဘိုဘို့

ပန်း အထင်ကြီး၍မရချေ။

သို့သော် အချစ်ငတ်သောပန်းကို ချစ်ပေးသည့်ဘိုဘို့ကို

ပန်း ကျေးဇူးတင်ရမှာ အမှန်ပင်ဖြစ်၏။ ပန်းဆီရောက်ရောက်လာတ

သော ဘိုဘို့ကို မောင်းမထုတ်ချင်တာအမှန်ပါ။ သို့သော် ဒေါ်မို့





ဓါတရှိ အပြောမခံချင်တာကတစ်ကြောင်း။ ဦး ဒီ့ထက် ပိုပြီး အထင်

ခွဲစေချင်တာက တစ်ကြောင်းဖြင့် ဘိုဘို့ကို မောင်းထုတ်နေရလေ

သည်။

"တော်တော်ပြောင်းလဲသွားတယ်နော်။ ဘာတွေလုပ်နေလို့

"

ချက်ချင်းဆိုသလိုပင် ပန်း၏ လေယူလေသိမ်းမှာ နူးညံ့သွား

သည်။ ထိုအခါမှ တည်နေသောဘိုဘို့မျက်နှာကြော လျော့သွား၏။

"အိုဗာဆီးသွားနေတာ၊ နိုင်ငံတော်တော်စုံသွားတယ်"

"အန်ကယ့်လုပ်ငန်းထဲ စိတ်ဝင်စားသွားလို့လား"

"ဦးခန့်ကိုကို အမြှင်တိုက်ချင်လို့"

"ဟင်"

"ဒါပေမဲ့ တိုက်စရာမလိုတော့ဘူး ထင်တယ်။ အဲဒီ ဘဲကြီး

ကြောင်ပြီးလဲတော့မှာပါ"

ဘုရား ဘုရား ... ဘိုဘို ဘာတွေပြောနေတာလဲ။

"မြန်မာပြည်ရောက်ရောက်ချင်းပဲ မ,ဆီ ပြေးလာတာ။

တင်းတွေက နားနဲ့မဆန့် ကုန်တော့လို့"

"ဘိုဘို ဘာတွေကြားလာတာလဲ"

"ကျွန်တော်ကြားတဲ့သတင်းက၊ အမှန်တွေလား မ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေကြားထားလို့လဲ"

"အဲဒီကိုယ်ဝန်က ကျွန်တော်နဲ့ ဆိုင်သလား"

"ဟင်"

ပန်း တုန်လှုပ်သွားလေသည်။ ဘိုဘို့မျက်နှာကို ကြောက်လန့်တကြား ကြည့်မိသည်။ ဘိုဘိုသည် ရေ့တစ်လှမ်းတိုးလာ၏။ ပန်းမျက်လုံးထဲမှအဖြေကို ဘိုဘို ရှာဖွေနေပုံရသည်။

"ဦးခန့်ကိုရဲ့သိက္ခာတွေ ရစရာမရှိအောင် ကျနေပြီ မ"

ဘိုဘိုသည် ထပ်ပြီး ရေ့တစ်လှမ်း ပြန်တိုးလာသောကြောင့် ပန်းမှာ ပို၍နောက်တွန့်သွားလေသည်။

"ဟိုးလေးတကြော်ကြော် ဖြစ်ကုန်တော့ ဦးခန့်ကိုရဲ့သမီးနဲ့ ကျွန်တော်နဲ့ကိစ္စကို မေမေက လက်တွန့်နေတယ်။ ဒါ ... ကျွန်တော်နဲ့ မမတို့ရဲ့ အခွင့်အရေးပဲ"

"မင်း ဘာတွေကြံစည်နေတာလဲ ဘိုဘို"

"ခု လောလောဆယ်အချိန်ထိတော့ ဘာမှ မကြံစည်ရသေးဘူး။ ကျွန်တော် ကြံစည်တယ် မကြံစည်ဘူးဆိုတာ မရဲ့ဆုံးဖြတ်ချက်စကားပေါ်မှာပဲ မူတည်တယ်"

ပန်းသည် ဘိုဘို့ကို လန့်သွားမိသည်။ ဘိုဘို့မျက်လုံးများသည် သွေးဆာနေသော ကျားရိုင်းတစ်ကောင်နှယ် ရူးရူးနေလေ၏





ဒီကို ဘာတွေ ကြိုသိနှင့်ပြီးရောက်လာတာလဲ။

ဘိုဘို့အချစ်တွေက တစ်ခါတစ်ရံ ပန်းအတွက် လှပသော်ညီး တစ်ခါတစ်ရံ မွန်းကျပ်သည်။

"မင်းကို ငါ လက်မထပ်နိုင်ဘူး ဘိုဘို"

"မ,ကို ကျွန်တော်မေးနေတာ အဲဒီမေးခွန်းမဟုတ်ဘူး။ ကျွန်တော်သိချင်တဲ့အဖြေကို မ,သိပါတယ်၊ ဖြေပါ"

"မင်းကြားခဲ့တဲ့သတင်းအတိုင်းပဲလေ။ ဦးနဲ့ ဒေါ်ဆောင်းရွက်ကြွေက မကြာခင် ကွာရှင်းကြတော့မယ်။ ငါက ဒေါ်ဆောင်းရွက်ကြွေနေရာမှာ နေလိုက်ရုံပဲ"

"လွယ်လှချည်လား။ ကျွန်တော့်ကိုသာ တစ်ဖွတ်ထိုးဆန်တယ် ပြောနေတာ၊ မ,က ကျွန်တော့်ထက်ပိုပြီး အတွေးသိမ်နေပါလား"

"အေး ... ဟုတ်တယ်။ ငါက အတွေးသိမ်တယ်၊ သေးနုပ်တယ်။ ဒါကြောင့် ငါ့ဆီ မလာနဲ့တော့။ ကဲ ... ရပြီလား"

"မ,ထင်နေသလို ပြဿနာက အေးအေးဆေးဆေး ပြီးသွားမယ်လို့ ထင်နေသလား။ ဒေါ်ဆောင်းရွက်ကြွေကို ဦးခန့်ကို ကွာရှင်းခဲ့ရင် ဦးခန့်ကိုရဲ့ဘဝရေ့ရေး ဘာဖြစ်သွားမယ်လို့ ထင်လဲ။ အခန့်မသင့်ရင် ဦးခန့်ကိုတို့ကုမ္ပဏီ ပျက်သွားနိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို"

"စီးပွားရေးလုပ်တယ်ဆိုတာ ဂုဏ်သိက္ခာနဲ့ရပ်တည်ကြရတာ မ။ ဒီလောကထဲ ကျွန်တော် အခြေချလိုက်တော့ ဒါကို ပိုသိလာတယ်။ ဦးခန့်ကို ဖျက်သုဉ်းသွားရင် မရဲ့ဘဝရော အေးချမ်းမယ်လို့ ထင်နေသလား"

"မင်း ဘာကိုဆိုလိုချင်တာလဲ ဘိုဘို"

"ဦးခန့်ကို ဖျက်သုဉ်းရေး မရေးကို ကျွန်တော် လိုတာထက် ပိုပြီး စိတ်မဝင်စားဘူး။ ကျွန်တော် သိချင်တာက အဲဒီကိုယ်ဝန်"

"ငါ့ကိုယ်ဝန်က မင်းနဲ့ဘာဆိုင်လို့လဲ"

"မ,တက်ခဲ့တဲ့ဆေးရုံက ကျွန်တော့်သူငယ်ချင်း ရောင်နီတို့ဆေးရုံဆိုတာ မ ... မေ့မထားနဲ့"

မြွတ်စွာဘုရား ဟုတ်ပါရဲ့။ ပန်း မေ့နေလိုက်တာ။

ဘိုဘိုနှင့်ရောင်နီဆိုတာက ညီအစ်ကိုလို ခင်ကြတဲ့သူငယ်ချင်းဖြစ်သည်။

ဘိုဘို ဘယ်လောက်ထိ သိပြီးနေပြီလဲ။

"ပြော ... အဲဒါ။ ကျွန်တော်နဲ့ ဆိုင်နေတယ် မဟုတ်လား"

"မဟုတ်ဘူး"

"မငြင်းနဲ့ မ။ မ,ကိုယ်ဝန်က ခုနစ်ပတ်ရှိပြီတဲ့။ အဲဒါ တိကျတဲ့





သတင်းပဲ။ မ ဘာငြင်းဦးမလဲ"

"မဟုတ်ဘူး ဘိုဘို"

"တကယ်တော့ မချစ်နေတာ ဦးခန့်ကို မဟုတ်ဘူး။ ကျွန်တော်"

"ဘာ"

"မ,သာ ဦးခန့်ကို,ကို တကယ်ချစ်နေရင် ဒီလိုအလုပ်မျိုး လုပ်ပါ့မလား။ ကျွန်တော့်အတွက် ဖွေးလို့ ဒီလိုရွေးချယ်လိုက်တာ မဟုတ်လား"

"ပန်း"

တဝီယလူသည် ရုတ်တရက်ဆိုသလို ဘွားခနဲပေါ်လာလေ၏။ ဦးခန့်ကို ဖြစ်သည်။

"ဦး"

"ဦးခန့်ကို,ကို ကျွန်တော် ဖုန်းဆက်ပြီး ခေါ်လိုက်တာ"

ပန်း ဘာကိုမှနားမလည်နိုင်တော့ဘူး။ ပန်းရဲ့ဆိုင်ကို ရောက်စဖူး အရောက်ထူးလာသော ဦးကိုသာ မှင်တက်စွာကြည့်နေမိ၏။

ပြီးနောက် ဝိုင်နိုင်စွာ ဝိဝိပြင်ပြင် ပြုံးနေသော ဘိုဘို။

"ဒီလိုမှမလုပ်ရင် မနဲ့ဦးခန့်ကို,ကို ဘယ်လိုမှ ပေါက်လမ်း



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်လို့မရဘူး။ ကျွန်တော့်စိတ်ကလည်း ထူးဆန်းတယ်။ မ မရှိသ
မှန်း သိပေမယ့် မ,ကိုပဲ ချစ်မိနေတယ်"

"ပန်း ... မင်း တော်တော်ဆိုးတာပဲ။ ငါကတော့ သ
လိုက်ရတာ။ မင်းမို့ ဒီလိုလုပ်ရက်တယ်"

"မဟုတ်သေးဘူး ဦး။ ဒါက သူ့အထင်တွေပါ"

"တော်တော့ ပန်း ... တော်တော့။ ကျေးဇူးပြုပြီး ေ
လိုက်ပါတော့ကွာ။ ဒီလောက်နဲ့တင် ရပ်လိုက်ပါတော့ ... တော်
တော့"

ဦးခန့်ကိုသည် ပြောပြောဆိုဆိုပင် နောက်လှည့်ထွက်
လေသည်။ ဦးခန့်ကိုရဲ့ခြေလှမ်းတွေ တုန်ယင်နေမှန်း ပန်း ရိပ်မိသည်

"ဦး ... ဦး"

ပန်းရနံ့သည် ဦးခန့်ကို,ကို ပြေးဖက်ဖို့ ကြိုးစားသော်လည်
ဘိုဘိုသည် ပန်းကိုဆွဲထားလေသည်။

ပန်း ရင်တွေနာလှပါပြီ။ ဦးရဲ့ကျောပြင်ကပန်းကို မုန်းတ
ဟုပြောနေသံကို ပန်းကြားရသည်။

ပန်းမလိုချင်ပါ။ ပန်းလိုချင်တာက ဦးရဲ့အချစ်ဖြစ်သည်။

"ဘိုဘို ... မင်း ဖြန်း။ သွား ... ထွက်သွား။ ငါ့ဆီ ဘ
တော့မှမလာနဲ့"





"ထွက်သွားဆို ထွက်သွားမယ်။ ဘယ်တော့မှ မလာနဲ့လို့
တော့ မပြောနဲ့။ မနက်ဖြန်ပြန်လာခဲ့မယ် ... အိုကေ"

ပန်းသည် ဝမ်းနည်းအားငယ်လာ၏။

စိတ်ထဲရှိသည့်အတိုင်းဆို ကြမ်းခင်းပေါ် ခြေဆင်းပြီး အော်
ငိုလိုက်ချင်သည်။

သို့သော် ဒီထက်အခြေအနေမဆိုးသေးခင် ဦး၏ ဖုန်းဆက်
မှုဖြစ်မည်။

ဖုန်းကိုင်ပါ့မလား။ ဦး ပန်းကို မုန်းသွားပြီလား။

○○○



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"မေမေက ဘာလို့ ဂျပန်ကို ရုတ်တရက်ထွက်သွားတာလဲ"

သမီးငယ်မေးခွန်းကြောင့် ပေါင်မုန့်ကို ခက်ရင်းဖြင့် ဖိပြီး ဓားနှင့်လှီးဖြတ်နေသော သူ့လက်များ တွန့်ဆုတ်သွားရလေသည်။

သူ သမီးကို မသိမသာ လှမ်းအကဲခတ်သည်။

သမီးသည် ကော်ဖီခွက်ထဲ ဖွန်းစိုက်ကာမွှေနှောက်နေလေ၏။ သူ့ထံ သမီးကြည့်လာလိမ့်မည်ဟု ထင်သော်လည်း သမီးသည် သူ့ကို လုံးဝမကြည့်ဘဲ စည်းချက်မှန်မှန်သာ မွှေနှောက်လေ၏။

"အလုပ်ကိစ္စကြောင့် နေမှာပေါ့"





"မေမေ့ကိစ္စတွေ ဖေဖေ သိသေးလား"

"ဘာကိုလဲ သမီး"

"အလုပ်ကိစ္စတွေကိုပါ"

"ဖေဖေ့ထက်စာရင် သမီးမေမေက သမီးနဲ့အနေပိုနီးနေပါသေးတယ်။ သမီးသိသလောက်တောင် ဖေဖေက မသိတာများပါတယ်"

"ဘာလို့လဲ"

"ဟမ်း"

သူ့မှာ ပြောစရာစကားလုံးမရှိချေ။

တစ်ခါတစ်ရံ သမီးငယ်မေးခွန်းသည် အသေးစိတ်နိုင်လှသည်။ ထိုအခါမျိုး၌ သူထွက်ပေါက်ကို ရုတ်တရက် ရှာမတွေ့ခဲ့တာများသည်။

"အဲဒါက ဖေဖေရဲ့ဆွဲဆောင်မှုလား"

"သမီးရဲ့မေးခွန်းကို ဖေဖေ သိပ်မရှင်းဘူး"

"ဆွဲဆောင်မှုရှိအောင်နေပါလျက်နဲ့ ဂရုစိုက်မခံရတဲ့အခါမျိုးမှာ ဖေဖေ ဘာလုပ်မလဲ"

"အဲဒီအဖြေကို ဖေဖေ့ကိုယ်ဖေဖေ မမေးဖူးတော့ မသိဘူး။ ဒါပေမဲ့ ... ဖေဖေ စဉ်းစားလို့ရတဲ့အချိန် ဖြေပါ့မယ်"

"သမီးပဲ ဖြေပေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာ သမီးသည် မွှေနေသောဖွန်းကို စားပွဲပေါ်ချ…
ပါ။

"မရှိသားလို့ လုပ်ယူနေရလို့"

"သမီး တစ်ခုခုဖြစ်နေသလား"

"မဖြစ်ပါဘူး။ သမီး ပြီးပြီဆိုတော့ ထနိုင်တော့မယ်။ ဒီ…
ကျောင်းသွားပြီး အတန်းတက်မယ်"

"ခါတိုင်းက မသွားလို့လား"

"သွားပါတယ်။ မနေ့ညက မေမေပြန်လာတာ နောက်…
တယ်နော်"

"အော် … အင်း … ဒင်နာရှိလို့ပါ"

အလိမ်အညာစကားဆိုသော်လည်း လွယ်ကူချောမွေ့…
ပြောဆိုနိုင်သည့်အတွက် သူ့ကိုယ်သူလည်း အံ့သြမိသည်။

"မေမေ မနက်ဖြန် ပြန်ရောက်မယ်ထင်တယ်"

"အော် … ဟုတ်လား"

စိမ်းကားလွန်းသော ကြွေက ငါးရက်လုံးလုံး သူ့ထံ …
တစ်ချက်မဆက်ပေ။

"မေမေရှင်းမှ ပြေလည်မယ့်ပြဿနာတွေက မြန်မာပြည်…
အများကြီးဖြစ်နေတယ်"





ဟုဆိုကာ သမီးကလှမ်းနေသော ခြေထောက်ကို ရပ်လိုက်ပြီး သူ့ထံ မကြည့်ဘဲပြောလေသည်။

"ထွက်ပြေးတိမ်းရှောင်နေတာက ဆွဲဆောင်မှုမဟုတ်ဘူးလို့ ထင်တယ်"

ဟုဆိုကာ သမီးသည် ထမင်းစားခန်းထဲမှ တည်ငြိမ်စွာ ထွက်သွားလေသည်။

သမီး ဘာဖြစ်နေတာလဲ။ သမီး တစ်ခုခုဖြစ်နေတယ်ဆိုတာ သူသိသည်။ ဘာကြောင့်လဲ။

အွန်လိုင်းပေါ်မှ သတင်းတွေကြောင့်လား။

မဟုတ်လောက်ပါ။ သမီးသည် ကောလာဟလများကို ယုံကြည်တတ်သော လူမဟုတ်မှန်း သူသိသည်။ အနီးဆုံးရှိနေကြသော သူနှင့်ကြွေ၏ဆက်ဆံရေးကို သမီး သံသယမဖြစ်နိုင်ဘူးဟုထင်သည်။ သံသယဖြစ်ရလောက်တဲ့ထိလည်း သမီးက သူများကိစ္စကို စိတ်ဝင်စားသောလူမျိုး မဟုတ်ချေ။

ကြွေ ပြန်လာမယ်ဟု သမီးကပြောသွားသည်။

ထိုသတင်းသည် ကြွေ့ထံမှ တိုက်ရိုက်မသိရသော်လည်း သူပျော်သည်။

ကြွေ့ကို တွေ့ချင်လှပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပန်းရဲ့ကိုယ်ဝန်ဟာ သူနှင့်မဆိုင်ပါဘူးဟု အားရဝမ်းသာ ပြောလိုက်ချင်သည်။

သူပြောထွက်ပါ့မလား။ သူက ထိုသို့ပြောလျှင်ရော ကြွေက သူ့ကို မည်သို့တုံ့ပြန်မည်လဲ။

ယခု သူ့ စိတ်တွေကြည်လင်နေသလို ကြွေရော ကြည်လင် နိုင်ပါ့မလား။

"ဆရာ မနက်စာ စားရတာ အဆင်မပြေလို့လား။ ကျွန်မ ဘာလုပ်ပေးရမလဲ"

ဟု . . . သူ့အရိပ်အခြည်ကိုကြည့်နေပုံရသော မဝင်းသူက မေးလျှင် သူ၏အဖော်မဲ့သောစားသောက်ဝိုင်းကို ရပ်တန့်လိုက်လေ သည်။

"ကြွေပြန်လာမယ်ဆိုတာ မဝင်းသူ သိပြီးသားလား"

"ဟုတ်ကဲ့ဆရာ"

"လေယာဉ်က ဘယ်အချိန်လဲ"

"ညနေငါးနာရီခန့်လို့ ပြောပါတယ်"

"မဝင်းသူကို အကြိုခိုင်းထားသလား"

"ဟုတ်ကဲ့"

"မဝင်းသူ နားလိုက်ပါ"





"ဆရာ သွားကြိုမလို့လား"

"အင်း"

ဟုဆိုပြီး ကုလားထိုင်ပေါ်မှ ထရပ်လိုက်သည်။

"ဆရာ"

"ပြောလေ ဘာပြောစရာရှိလို့လဲ"

မဝင်းသူသည် ကြွေတို့အိမ်၏ ယယ်မွေးစြိုပေါက်မှ သူလည်း ဝင်းသူ့ကို လေးလေးနက်နက် ဆက်ဆံပါသည်။

"ခုတလော မမလေးပေဟမာန်ကို ကြည့်ရတာ တစ်မျိုးပဲ"

"ဘာဖြစ်လို့လဲ"

"အစားကို ဟုတ်တိပတ်တိ မစားဘူး။ ပြီးတော့ မေးတိုင်း ည်းမပြောဘူး။ ဘာမှလည်း မခိုင်းဘူး"

မဝင်းသူစကားကြောင့် သူ့ လှစ်ခနဲပြုံးမိလိုက်လေသည်။ တိုင်းမပြောတာက သမီးရဲ့အကျင့်ဖြစ်သည်။

ထိုကိစ္စသည် ထူးဆန်းလှတယ် မဟုတ်ပါ။ သမီးသည် ယ်လောက်ပဲ လူကြီးဆန်တယ်ဆိုစေဦး အသက်အယ်နှစ်နှစ် အရွယ် ျိုပေါက်လေးဖြစ်၏။

အဘာဝကို လွန်ဆန်၍မရပေ။ ဆယ်ကျော်သက်ဆိုသော ရွယ်က ထိန်းသိမ်းရအခက်ခဲဆုံးအရွယ်ဆိုတာ သူသိသည်။



www.burmeseclassic.com

ဒါတောင် သမီးက ထူးခြားထက်မြက်သူမို့ ပြောဆိုဆုံးမရျ မလိုခြင်းသာ ဖြစ်၏။

သူ ဆယ့်ခုနစ်နှစ်အရွယ်တုန်းကဆိုလျှင် ကျောင်းဟု အိမ်က နေ လစ်ထွက်ပြီး သူငယ်ချင်းများနှင့်အတူ ရုပ်ရှင်ရုံကို ရောက်နေကျ ဖြစ်၏။

အသက်ဆယ့်ကိုးနှစ်လေးနှင့် ကြွေဆိုသောချစ်သူလေးကို ရရှိပြီးဖြစ်နေလေသည်။ ယခုမှာသာ ကြွေက တည်ငြိမ်ရင့်ကျက်နေ ခြင်း ဖြစ်သည်။ တစ်ချိန်ကတော့ ကြွေက ဆပ်စလူးစိန်မလေး ဖြစ် သည်။

သူနှင့်ကြွေတို့ စဆုံခဲ့ပုံကလည်း အဆန်းသား။

ရုပ်ရှင်ရုံထဲ၌ ဖြစ်သည်။ ထိုစဉ်က ကြွေသည် သူငယ်ချင်း များနှင့် ရုပ်ရှင်ကြည့်နေခိုက် သူသည် ခုံနေရာများကာ ကြွေ့ဘေး တွင် ထိုင်မိရာက ဖာတ်လမ်းစခဲ့ကြခြင်းဖြစ်သည်။ ထိုစဉ်က ကြွေ သည် သူ့အား ကက်ကက်လန် ရန်တွေ့ခဲ့လေသည်။

ရုပ်ရှင်ရုံထဲ၌ မှောင်နေ၍ ကြွေ့မျက်နှာကို သဲသဲကွဲကွဲ မမြင် ရသော်လည်း ထိုစွာတေးလန်လေးကို စွဲလန်းမိခဲ့လေ၏။ ထို့ကြောင့် ထိုစွာတေးလန်အုပ်စုနောက်သို့ တကောက်ကောက်လိုက်ရင်း ရင်း ကာ ရည်းငံကြခြင်း ဖြစ်လေသည်။





ဖြစ်ချင်တော့ ကြွေ့မိဘနှင့် သူ့မိဘက လုပ်ငန်းပါတနာများ ဖြစ်ကြသည်။

အသက်ကြီးလာတော့ မမှတ်မိကြပေမယ့် ကြွေနှင့်သူသည် ငယ်စဉ်က ကစားဖော်များဟု မိဘများက ပြောလေရာ ကြွေရော သူပါ ကြိတ်ပျော်ခဲ့ကြသည်။

တွေးကြည့်တော့လည်း ကြွေနှင့်သူ၏အချစ်ရေးသည် အခက် အခဲဆိုတာ မရှိခဲ့ပေ။ အမြဲသင့်တင့်ကာ အပေးအယူမျှမျှ အဆင်ပြေ ခဲ့ကြသည်။

ယခုမှ ပန်းရနံ့ ဝင်လာတော့မှ။

သူ့ရဲ့လိုအပ်ချက်များသာဖြစ်သည်။ သူ့ကြောင့် ခုတော့ ကြွေ က စိတ်ညစ်ရလေပြီ။ သူ့ကြောင့် ကြွေ၏ဂုဏ်သိက္ခာ ညှိုးနွမ်းရ သော့ပြီ။

မြန်မာပြည်၏ စံပြမိန်းမများထဲမှ တစ်ယောက်အပါအဝင်ဖြစ် သော ကြွေသည် သူ့ကြောင့် အရှက်ရခဲ့ပါပြီ။

ကြွေ့အပေါ် သူ ဘာမှ မဖြည့်ဆည်းပေးခဲ့ပေမယ့် ဆုတ်ယုတ် အောင်တော့ လုပ်ခဲ့မိပါပြီ။

သူ့အားနည်းချက်ကြောင့် ဖြစ်သည်။

သူ ဘာလို့ ပန်းရနံ့ကို ယုံခဲ့မိတာလဲ။

www.burmeseclassic.com



ထိုအကြောင်းတွေးမိလျှင် ရင်နာမိသည်။ ငါ့ကိုမှလုပ်ရက်လေခြင်းဆိုပြီးလည်း ယူကြုံးမရဖြစ်ရသည်။

သူကတော့ တစ်ကောင်ကြွက် တစ်မျက်နှာနှင့် အထည်ကြီးပျက် မိန်းမပျိုလေးမို့ ကရုဏာဘိုလိုက်ရတာ။

ကိုမောင်မျိုးက သတိပေးနေသည့်ကြားမှ သူတိုက်ခန်း၌ ပန်းကို နေခွင့်ပေးခဲ့သည်။ ကိုမောင်မျိုးက သတိပေးနေသည့်ကြားမှ ပန်းကို အလှကုန်ပစ္စည်းဆိုင် ဖွင့်ပေးခဲ့သည်။

ထိုအလှကုန်ပစ္စည်းနှင့် တိုက်ခန်းတစ်ခန်းသည် သူ့အတွက် ကြီးမားသော ကုန်ကျမှုမဟုတ်သော်လည်း ပန်းရနံ့ကတော့ ဒုက္ခအပေါင်းမှ ချုပ်ငြိမ်းသွားသည်မို့ ပီတိဖြစ်ခဲ့ရသည်။

ပန်းရနံ့ အဆင်တပြေဖြစ်သွားလျှင် ပန်းရနံ့နှင့် ခပ်ကင်းကင်းနေဖို့ စဉ်းစားသော်လည်း ပန်းရနံ့၏ ပြုစုယုယမှုများထဲမှ သူ ရုန်းမထွက်နိုင်ခဲ့ပေ။

ဒီတစ်ခါ နောက်ဆုံးပဲ။ နောက်ဆို ပန်းရနံ့ဆီမသွားတော့ဘူးဟု ဆုံးဖြတ်ခဲ့သည်မှာလည်း အကြိမ်ကြိမ်ဖြစ်ခဲ့ရ၏။

ကြွေ၏စိမ်းကားမှုနှင့် ပန်းရနံ့၏ နွေးထွေးမှုတို့ကို မကြာခဏ နှိုင်းယှဉ်နေမိခဲ့သည်။

ပန်းရနံ့အပေါ် သာယာမိခဲ့သည်။ ပန်းရနံ့ပြောသမျှ ရိုးသား





သည်ဟုထင်ခဲ့သည်။ တိတ်တိတ်ပုန်းဘဝနှင့်နေရလျှင်ဖြစ်စေ သူ့အား ရရှိရလျှင် ရောင့်ရဲနိုင်ပြီဟု ပန်းရနံ့ကပြောခဲ့၍ ကရုဏာဘိုခဲ့ဖူးသည်။

သနားစရာကောင်းလိုက်တဲ့ မိန်းကလေးဆိုပြီးလည်း အကြင်နာပိုခဲ့ရသည်။ သူ့အပေါ် ဘာလုပ်ပေးပါ၊ ညာလုပ်ပေးပါဟု မတောင်းဆိုဖူးခဲ့၍ လောဘနည်းလိုက်တာဟုလည်း မချင့်မရဲ ဖြစ်ခဲ့ဖူးသည်။

သို့သော် ဒါတွေက ဟန်ဆောင်နေတာပါလားဟု သူ သိလိုက်ပါပြီ။ ဘိုဘိုကသာ ရေတနာပိုပြီး ဖုန်းမဆက်ပေးခဲ့ဘူးဆိုရင် ခုတော့ အရူးတစ်ယောက်လို ပန်းအပေါ် ကောင်းပေးနေမိဦးမည်ထင်သည်။

ပန်းရနံ့သည် သူ့အပေါ် သိပ်ရက်စက်ပါသည်။ သူနှင့် မပတ်သက်သောကိုယ်ဝန်ကို သူ့ပါဟု လက်ညှိုးထိုးပြီး ကြွေနှင့်သူ၏ အိမ်ထောင်ရေးကို ပြောင်းလဲပစ်ဖို့ ကြိုးစားသည်။

သူ ရှက်မိပါသည်။ နောင်တတွေလည်း ရမိသည်။ ပန်းကိုလည်း မုန်းမိသည်။ ငါကတော့ သူ့ကို သနားလိုက်ရတာ။ သူကတော့ ငါ့ကိုမှ လုပ်ရက်လေခြင်းဆိုပြီး ဒေါသလည်း ဖြစ်ရသည်။ တွေးကြည့်လျှင် အဆိုးထဲက အကောင်းဟုပင် ဆိုနိုင်သေးသည်။

ပန်းနှင့်သူသည် ယခုဆိုလျှင် အမှန်တကယ် ဇာတ်လမ်းပြတ်သွားပြီဖြစ်၏။ ကြွေ့ကိုသာ တောင်းပန်ရတော့မည်ဖြစ်သည်။



www.burmeseclassic.com

ဘိုဘို့ကို သိပ်ကြည့်၍ မရခဲ့သော်လည်း ကျေနပ်တင်မိသည်။

ဘိုဘို့ကြောင့်သာမဟုတ်လျှင် ပန်းရနံ့၏အလိမ်အညာတွေ ထဲ သူ ရှုးလောက်အောင် ခေါင်းငုံ့ခံရပေလိမ့်မည်။

ဘိုဘိုက ဘာကြောင့် ဒီလိုလုပ်ရတာလဲ။ လူငယ်တွေ၏ သူ နားမလည်နိုင်ပေ။ အထူးသဖြင့် ... ဘိုဘို၏အချစ်ရေးကို ဖြစ် သည်။

ဘိုဘို သွေးထွက်သံယိုဖြစ်သည်ကို သူတွေ့ခဲ့ဖူးသည်။ ပြီး နောက် ပျောက်ချက်သားကောင်းနေသော ဘိုဘိုက ပန်းနှင့် အနီးဆုံး တွင်ရှိသော သူထက် ပန်းရဲ့လျှို့ဝှက်ချက်ကို ပိုပြီး သိနေလေသည်။

ထိုနေ့က ပန်းနှင့်ဘိုဘို၏ပြောစကားများအရ ဘိုဘို့သူငယ် ချင်း ဆေးရုံဆိုတာကို သူကြားလိုက်သည်။ အံ့ဩရ၏။ လူငယ်များ၏ ဆက်သွယ်ရေးကွန်ယက်ကို သူကြောက်လန့်သွားမိခဲ့သည်။

ရှက်မိသည်။ သူသည် လုပ်ငန်းကြီးတစ်ခုကို ဦးစီးပြီး ငွေ ပေါင်းများစွာ၏ဘဝကို ဦးဆောင်နိုင်ခဲ့ပေမယ့် အသက်နှစ်ဆယ်ကျော် မိန်းမသားတစ်ဦး၏ လှည့်ဖြားခြင်းကိုခံခဲ့ရသည်။

သူ့ကို စိန်ခေါ်ခဲ့ဖူးသောကောင်လေးတစ်ဦး၏ကယ်တင် ခြင်းကို ခံခဲ့ရသည်။ ပိုပြီး ရှက်စရာကောင်းသည်က ထိုကောင်လေး သည် သူ့သမက်အဖြစ် လျာထားဖူးသည့် လူငယ်ဖြစ်သည်။





သူ ဘယ်လိုမျက်နှာမျိုးနှင့် ဘိုဘို့ကို မျက်နှာချင်းဆိုင်ရမလဲ ဆိုတာ မသိပေ။

ထိုအရာထက် ခက်သည်က ကြွေး ကြွေထက်ပိုခက်သည်က မီးယာသမားများ။ ပြီးနောက် သူ့ခြေလှမ်းတိုင်းကို စပ်စုနေကြသော ဝန်ထမ်းများ။

သူသည် ဟန်ဆောင်ပြီး ဘာမှမဖြစ်သလို နေနေရသော် လည်း သူ့ရင်ထဲမှာတော့ ယုံကြည်ချက်တွေ ယိုင်နဲ့နေရသည်။ သူ၏ ပြုံးသနာကို သမီးသိမှာစိုးရိမ်သည်။ သမီးသာသိသွားပါက သူ့ကို လေးစားတော့မှာ မချစ်တော့မှာကို စိုးရိမ်သည်။

ထိုစိုးရိမ်စိတ်တွေကပဲ စိတ်ဖိစီးမှုကို ပိုရှိဖြစ်ပေါ်စေ၏။

“ဆရာ နေမကောင်းဘူးလား”

“ကောင်းပါတယ်၊ ဘာဖြစ်လို့လဲ”

“လေညင်းခံမလား ဆရာ”

“အင်း ... ကောင်းသားပဲ”

ဟုဆိုသဖြင့် ကိုမောင်မျိုးသည် ကားကို လမ်းဘေးတစ်နေရာ၌ထိုးရပ်လိုက်သည်။

သူ စိတ်နှင့်ကိုယ်လည်း မကာပ်ပေ။ မနက်စာဝိုင်းမှထပြီး ထားပေါ်တက်လိုက်လာပေမယ့် ရုံးသို့မသွားချင်တာအမှန်ပါ။

www.burmeseclassic.com



သူ့ကို ကြည့်ကြမည့်မျက်လုံးများကို ရင်ဆိုင်ရန်လည်း လိပ်ပြာမသန့်ပေ။

ပတ်ဝန်းကျင်ကို ဂရုစိုက်မနေဘဲလည်း လုပ်စရာရှိသည်ကို ပင် တစိုက်မတ်မတ် လုပ်သွား၍လည်း သူ့စိတ်က မစွမ်းသာပါ။ သူ့စိတ်တွေ ထွေပြားနေလေ၏။

ဆယ်ကျော်သက်ကောင်လေးရည်းစားထားစ အချိန်လိုပင် ဘာလုပ်၍ ဘာကိုင်ရမှန်းမသိချေ။

အလုပ်တွေအများကြီးက သူ့ကိုစောင့်ကြိုနေသော်လည်း သူက ရှုးမိုက်စွာ ရှောင်ပုန်းနေချင်မိသည်။

"ကျွန်တော့်ကို ကိုမောင်မျိုး ဘယ်လိုမြင်သလဲ"

"ဘာဖြစ်လို့လဲ ဆရာ"

"ကိုမောင်မျိုးတစ်ယောက်ကတော့ ကျွန်တော့်ကို ပေါ့ပေါ့ပါးပါး ဆက်ဆံပေးပါ"

ကားမှန်ကိုချပြီး ပြောလိုက်လေ၏။

ပြင်ပလေမခံတာ ကြာ၍လားမသိပါ။ မှန်ကိုချလိုက်သည်နှင့် တစ်ပြိုင်နက် ကားထဲသို့ အလုအယက်တိုးဝင်လာကြသော လေရူးကြောင့် စိတ်ကို လန်းဆန်းစေတာအမှန်ပါ။

"ကြွေ ဒီနေ့ပြန်လာမယ်တဲ့"





ဟု ကိုမောင်မျိုးထံမှ ထင်မြင်ချက်လေးရလိုရငြား ရင်ဖွင့်မိပြန်သည်။

ရေနစ်လျှင် ကောက်ရိုးတစ်မျှင်ကိုတောင် ထွက်ပေါက်ဟု ယူဆတတ်သည်က လူမဟုတ်ပါလား။

"ကျွန်တော့်စိတ်ထဲမှာ တစ်မျိုးပဲ"

"ဒီအရွယ်မှာ ဒီလို လက်မှိုင်ချနေလို့ မဖြစ်ဘူး။ ဆရာ့သတင်း သမားတွေက ဆရာတို့နောက် သဲမဲလိုက်နေကုန်ပြီ"

"ကြွေ ပြန်လာတာ အဲဒီကိစ္စလို့ ခင်ဗျား ထင်သလား"

"ဒါ့အပြင် ဘာရှိဦးမှာလဲ"

"သမီးကိုကြည့်ရတာလည်း တစ်မျိုးပဲ။ ကျွန်တော့်ရဲ့ကိစ္စကို သမီးများ သိနေသလား"

"ခေတ်မီအသုံးအဆောင်တွေမသုံးတဲ့ ကျွန်တော့်သမီးတောင် သိနေမှတော့ မမလေးဟေမာန်က မသိဘဲနေပါ့မလား"

သူ ဒီအချက်ကို ဘာလို့မတွေးမိတာလဲ။ သမီးကို မသိစေချင်ဘူးဆိုတဲ့စိတ်က သူ့အသိဉာဏ်ကို လွှမ်းမိုးထား၍များလား။

"ဒီကိစ္စက အဲဒီလောက်ထိ ကျယ်ပြန့်သွားတာလား"

"ဒီအနေအထားမှာ မမကြွေနဲ့ဆရာ ကွာရှင်းလိုက်လို့မဖြစ်ဘူးဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကို ကြွေလည်း တွေးမိမှာပါ။ အကယ်၍ ကွာရှင်းချင်တယ်ဆိုရင်တောင် ကျွန်တော်က မကွာပေးပါဘူး။ ကြွေက ကျွန်တော့်ကို ကွာချင်တယ်ဆိုတာ ပန်းကြောင့်ပါ။ အခု ပန်းရဲ့လည်း ကိစ္စပြီးသွားပြီပဲ"

"ကျွန်တော်တော့ မထင်ဘူး"

"ဘာလို့လဲ"

"ပန်းရနံ့က ဆရာ့အပေါ် တွယ်တာနေတာ သာမန်မဟုတ်တာ"

"သူ ကျွန်တော့်ကို ညာတယ် ကိုမောင်မျိုး"

"အဲဒါကြောင့်မို့ ပြောတာပါ။ ညာရလောက်တဲ့ထိ ဖြစ်လာမှတော့ သူက သာမာန်မဟုတ်ဘူး"

ကိုမောင်မျိုး၏ထောက်ကွက်သည် သိပ်ကောင်းသော်လည်း သူ မကြိုက်ပေ။ အေးချမ်းနေသော သူ့နှလုံးသားကို ဓိနှင့်မြိုက်သလို ခံစားရ၏။

"သူ ဒီလောက်ပဲ အရှက်မရှိဘူးလား"

"စိတ်ခံစားချက်ပြင်းထန်လာပြီဆိုရင် တစ်ခါတစ်ရံမှာ လူဟာ အရှက်အကြောက်မရှိ ဖြစ်သွားတတ်တယ် ဆရာ။ မှင်တေတေနဲ့ ကြည့်တတ်တယ်"





ဟု ကိုမောင်မျိုးက ပြောလျှင် သူ့အာရုံထဲ သမီး၏မျက်လုံးများ လှစ်ခနဲပြေးဝင်လာသည်။

သမီးက သူ့ကို မှင်တေတေနှင့် ကြည့်လေ၏။

"မှင်တေတေနဲ့ ဟုတ်လား ကိုမောင်မျိုး"

"ဆရာ ဘာကိုတွေးမိလို့လဲ"

"ကျွန်တော့်စိတ်တွေကလည်း တကယ့် ကယောင်ချောက်ချားပဲ။ ပန်းရနံ့နဲ့ ကြွေ့အကြောင်းတွေးနေရင်း ဘယ်လိုလုပ် သမီးဆီ ရောက်သွားသလဲ မသိဘူး"

"အဲဒီကိစ္စလည်း ဆရာ့ကို ကျွန်တော် ပြောစရာရှိတယ်"

"ဘာလဲ ကိုမောင်မျိုး"

"မမလေး ဟောမာန်ကို ခုတလောကြည့်ရတာတစ်မျိုးပဲ"

"ဘာဖြစ်လို့လဲ"

"မနေ့ညနေက ဆရာ အိမ်ပြန်မရောက်ခင် ကျွန်တော်တို့ ထမင်းဝိုင်းဆီရောက်လာတယ်"

"ခင်အေးလေးနဲ့ သမီးက ရင်းနှီးလို့လား"

"မဟုတ်ဘူးဆရာ၊ မရင်းနှီးဘူး"

"ဒါဆို ဘာလာလုပ်တာလဲ"

"ကျွန်တော်လည်း ဒါကိုပဲစဉ်းစားနေတယ်။ ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com



မေတ္တာကိုလည်း မပြောဘူး။ ကျွန်တော်တို့မိသားစုကိုပဲ တစ်ယောက် ပြီးတစ်ယောက်ကြည့်ပြီး မိသားစုကိုးလို့ တစ်ခွန်းတည်းပြောပြီး ပြ သွားတယ်"

ကိုမောင်မျိုးကပြောသောအခါ မဝင်းသူ၏စကားများ ကြားယောင်မိသည်။ မဝင်းသူလည်း သမီးနှင့်ပတ်သက်ပြီး စော ကလေးတင် သူ့ကို သတိပေးခဲ့သေးသည်။ ဘယ်လိုဖြစ်တာလဲ။

သူ့ရင်ထဲ သမီးအတွက် ပူသွားလေသည်။ သမီးက တည် ပြီး ရင့်ကျက်၍ သူတို့မိတ်ဆွေများကြားတွင် သမီးနှင့်ပတ်သက်ပြီ နာမည်ကောင်း ရခဲ့ဖူးသည်။

သို့သော် သမီးနှင့် အနေနီးသော မဝင်းသူနှင့်ကိုမောင်မျိုး သမီးကို ထူးဆန်းသည်ဟု ဆိုနေသည်။

တကယ်ပဲ သမီးက ထူးဆန်းနေတာလား။

"ကိုမောင်မျိုး အိမ်မှာ သမီးရှိနိုင်သေးလား"

"ရှိဦးမှာပါ ဆရာ၊ မမလေးက ဆယ့်တစ်နာရီလောက် အတန်းသွားတက်လေ့ရှိတယ်"

"အိမ်ကိုပြန်မောင်းလိုက်ပါ ကိုမောင်မျိုး"

"ဟုတ်ကဲ့ ဆရာ"

ကိုမောင်မျိုးသည် ကားစက်ကိုနှိုးကာ ကားကို လမ်းကြော





ပြောင်းလိုက်လေ၏။

"ကျောင်းမှာ သမီးက သူငယ်ချင်းရောများရဲ့လား"

သမီးကို တစ်ခါတစ်ရံကျောင်းလိုက်ပို့တတ်သော ကိုမောင် မျိုးက သမီးအကြောင်း သိလိုသိငြားမေးကြည့်မိ၏။

"မရှိဘူး ဆရာ"

"ဟင်"

သူ အံ့ဩသွားလေသည်။ သူတို့ သမီးအရွယ်တုန်းကဆို သူငယ်ချင်းတွေနဲ့ အုပ်စုဖွဲ့ပြီး ပျော်ပါးနေတတ်သည်။ သမီးက ဘယ် လိုဖြစ်ရတာလဲ။

"ကိုမောင်မျိုးက မသိတာရော မဖြစ်နိုင်ဘူးလား"

"မရှိတာ ဆရာ၊ ကျွန်တော် ဒါကိုပဲ အံ့ဩနေတာ"

သမီးကို ကျောင်းမထားရသေးခင်က ကြွေသည် သူနှင့် တိုင်ပင်ဖူးသည်။ ကြွေက သမီးကို အင်္ဂလိပ်ကျောင်းတွင် ထားချင် သော်လည်း သူက သမီး အထီးကျန်မှာစိုး၍ နိုင်ငံတော်ကျောင်းမှာ သာ ထားဖို့ တွန်းအားပေးခဲ့ဖူးသည်။ ကလေးကို ကလေးပီပီ လွတ် လပ်မှု အသီးအပွင့်တွေ ခူးစားစေချင်၍ ဖြစ်သည်။

သို့သော် သမီးသည် သူထင်ထားသလို မဟုတ်ခဲ့ဘူးပေါ့ လား။ ဒါကို သူ ဘာလို့ အစောချည်းထဲကမသိခဲ့တာလဲ။



www.burmeseclassic.com

www.burmeseclassic.com



"စတိတ်ကျောင်းမှာတုန်းကရော"

"မှန်တာပြောရရင် ရွယ်တူနဲ့ စကားပြောတာမျိုးကို ကျွန်တော် မတွေ့ဖူးဘူး"

"ဟင်"

ကြွေများ သိလေမလား။ ကြွေက သမီးကို ထိုသို့နေရ၍ ညှနိုကြားထားလို့လား။ မဖြစ်နိုင်ပါ။ ကြွေလည်း ငယ်စဉ်က အပေါင်းအသင်း မင်ခဲ့ဖူးသည်ကို သူသိသည်။ မိမိတော့ ပျော်ခဲ့ပြီး သမီးကျတော့ ချစ်ချယ်မည့်အမေထဲတွင် ကြွေတော့မပါလောက်ဘူးဟု ထင်သည်။ ဒါဆို သမီးက ဘာလို့ အပေါင်းအသင်းမရှိရတာလဲ။

"ပြီးတော့ မမလေးပေဟာနီက ပန်းရနံ့အကြောင်း သိနေ ရတယ်"

"ဗျာ ... ဘယ်လို ကိုမောင်မျိုး"

"ဟိုတစ်နေ့က မဝင်းသူကို ပြောတယ်တဲ့။ သူ အနီရောင် ကားကို သိမ်မုန်းတယ်လို့"

"အနီရောင်ကား"

ပို၍ ထိတ်လန့်သွားလေသည်။ ပန်းရနံ့ သူဆီလာနေသည် ကို သမီး သိနှင့်နေတာလား။

"ဘယ်လိုသိသလဲ"





"ဟင်"

"ဘာဖြစ်လို့လဲ ဆရာ"

ကိုမောင်မျိုး၏အမေးကို သူမဖြေနိုင်ပေ။ ဘာဖြစ်လို့လဲဆိုတာ တစ်ခါတစ်ရံ သူ ရုံးမှပြန်လာလျှင် သမီးက အခန်းထဲမှနေ၍ လိုက်ကာ စကိုဆွဲလှန်ပြီး သူ့ကို ပြုံးပြနေတတ်သည်ကို သူ အမှတ်ရသွားသည်။

သမီး၏အခန်းသည် အိမ်ရှေ့မျက်နှာစာတွင် ဖြစ်သည်။

သမီးသာ ပြင်ပကိုငေးနေတတ်လျှင် ပန်းကို သေချာပေါက် တွေ့မှာပဲ။

ဘုရား ... ဘုရား ... ပန်း သူမသိဘဲ သူ့အိမ်ရှေ့ကို ဘယ်နှစ်ကြိမ် ရောက်လာပြီးပြီလဲ။

"ဆရာ"

တစ်ခုခုကို သတိပြုပါဆိုသည့်အသံက ဆရာဟု ခေါ်သံထဲ နှောယှက်နေ၍ သူက သတိပြုပြီးကြည့်လိုက်သောအခါ ... သူ့အိမ် ရှေ့တွင် ယောင်လည်လည်လုပ်နေသော ပန်းရနံ့ကို တွေ့ရလေသည်။

သူ ဒေါသထွက်သွားသည်။ မျက်နှာပြောင်တိုက်လွန်းတဲ့ ပန်းရနံ့ကိုလည်း စိတ်ကုန်သွားသည်။

သူ ကားပေါ်မှ ဝုန်းခနဲ ဆင်းလိုက်သည်။

"ဦး"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဒီကို ဘာလာလုပ်တာလဲ"

"ဦးကို လာတောင်းပန်တာပါ"

"မင်းသွားတော့ ပန်းရနံ့။ ငါ့ဆီ ဘယ်တော့မှ မလာနဲ့တော့"

"ပြောရက်လိုက်တာ ဦးရယ်။ ဦးကို သိပ်ချစ်တဲ့ပန်းကို ဦး ဘာလို့ လျစ်လျူရှုနိုင်ရတာလဲ"

"မင်းအပြစ် မင်း မသိဘူးလား"

"ပန်းရဲ့အချစ်ကိုလည်း ဦး မမြင်ဘူးလား"

"ငါ မင်းရဲ့အချစ်ကို စိတ်မဝင်စားတော့ဘူး"

"ချစ်ရတဲ့လူကို ပိုင်ဆိုင်ချင်တာ ပန်းရဲ့အပြစ်လား ဦး။ ပန်းလည်း လူပါ။ ကိုယ်လိုချင်တာကို ရအောင်ကြိုးစားခွင့် ပန်း လည်း ရှိတယ်"

"မင်းကို သနားခဲ့မိတာကို ငါ မှားတာပဲ"

"ဒီကိုယ်ဝန်ကြောင့်လား ဦး။ ဦး မကြိုက်ရင် ပန်း ဒီကိုယ် ကို ..."

"တော်တော့ ပန်းရနံ့။ မင်း ငရဲမကြောက်ဘူးလား"

ပန်းရနံ့ ခေါင်းခါပြသည်။

"မင်းတော့ ဘယ်လိုမိန်းမလဲဆိုတာ ငါ နားမလည်တော့ ဘူး"





"ဦးကိုသိပ်ချစ်တဲ့ မိန်းမပေါ့။ ဦးရဲ့မေတ္တာကို တော်လင့်နေတဲ့ မိန်းမ"

"မင်းကြောင့် ငါ့မိသားစု ပြိုကွဲတော့မယ်ဆိုတာ မင်းသိ သလား"

"ပန်း စိတ်မကောင်းပါဘူး။ ပန်းအတွက်လည်း ဦးက လို အပ်တယ်"

"မင်း ရှုနေသလား ပန်းရနံ့။ ငါ့ကို ဒီထက် သိက္ခာကျအောင် လုပ်ပါနဲ့တော့။ သွားပါတော့ကွာ၊ ငါ တောင်းပန်ပါတယ်။ သွားပါ တော့"

"မသွားဘူး ဦး။ ဦး မပါမချင်း မသွားဘူး။ ဦးကို ဒီလိုသာ ...ပေးမိရင် ပန်း ဦးနဲ့ ထာဝရဝေးရလိမ့်မယ်၊ မသွားနိုင်ဘူး"

ဟုဆိုကာ သူ့လက်ကို ဆုပ်ကိုင်လာသော ပန်းရနံ့ကြောင့် ...ရ သေချင်စိတ်ပေါက်သွားသည်။

ဘဝကြီးကို စိတ်ကုန်သွားသည်။

"ကောင်မ ... မင်းကို ငါ သတ်ပစ်မယ်"

"ဟင်"

သမီးသည် ဘယ်ကပေါ်လို့ ပေါ်လာမှန်းမသိပေ။ အသံ ကြား၍ လှည့်ကြည့်လိုက်သောအခါ သမီးသည် ပန်းနှင့် သူ့ကြား



www.burmeseclassic.com

www.burmeseclassic.com



ပြေးဝင်ပြီး ပန်းရနံ့ဆံပင်တွေကို ဆောင့်ဆွဲလိုက်လေသည်။

"ကဲ ... ဟယ် ... ကဲ"

သမီးသည် ပန်းကို ကုပ်မှနိုပ်ချုံးပြီး စိတ်ရှိလက်ရှိ ထုရိုက်နေသည်။

သူ အံ့အားသင့်သည်။ သူ့ဘဝတစ်သက်တာတွင် မမြင်ခဲ့ရသောမြင်ကွင်းမျိုးဖြစ်သည်။

ယုံလည်း မယုံနိုင်ပါ။ ဘယ်လိုဖြစ်ရတာလဲ။ သမီးက ဘယ်လိုဖြစ်ရတာလဲ။

"အား ... အား"

စန်းသည် သမီး၏လက်ချက်အောက်တွင် နာကျင်စွာ ပ[…]သည် ညည်းနေလေသည်။

"နင့်ကို ငါ ဒီနေ့တော့ သတ်ပစ်မယ်"

အံ့ဩလွန်း၍ မှင်တက်နေမိသည်။

သမီးကို မယုံနိုင်စွာ ကြည့်နေမိသည်။ သမီးက ဘယ်[…]ဖြစ်ရတာလဲ။ ဘယ်လိုဖြစ်သွားရတာလဲ။

"မမလေး မမလေး ... မလုပ်နဲ့လေ မမလေး"

ကိုမောင်မျိုးသည် သမီးကို ဆွဲနေရှာလေ၏။ ထိုစဉ် တ[…]တစ်စီးသည် သူ့အနီး ဝှီခနဲ ထိုးဆိုက်သွားသည်။





ထို့နောက် ကားတံခါးသည် ဝုန်းခနဲပွင့်သွားပြီး တစ်စုံတစ်ယောက်က ကားပေါ်မှ ပြေးဆင်းလာသည်။

"ကြွေ"

သူ့အသံကို ကြွေသည် နားထောင်မနေတော့ဘဲ လုံးထွေးနေသော သုံးယောက်ထံသို့ ပြေးသွားလေ၏။

"သမီး မလုပ်နဲ့ ... သမီး သမီး"

ကြွေသည် သမီးကို ဆွဲထားလေသည်။

"အား ... အား"

သမီး၏လက်သည် ပန်းရနံ့၏ဆံပင်များကို ဆွဲထားပြီဖြစ်၏။

သမီးသည် ဒေါသတကြီးပင် ပန်းရနံ့ကို ထုရိုက်နေလေ၏။ [ပ]န်းရနံ့သည် သမီး၏လက်ထဲတွင် ကျားခံခဲခြင်းကို ခံထားရသော [အ]ုန် သူငယ်တစ်ကောင်နှယ် မလှုပ်နိုင် မလွန့်နိုင်။

"ကိုခန့်ကို ... ရှင် အဲဒီမှာ ဘာရပ်လုပ်နေတာလဲ။ သမီးကို [ဆ]ွဲလေ။ ရှင်လိုချင်တာ ဒီပုံစံလား။ ကျွန်မ သမီးကို ရှင် ဒီလိုလုပ်[ရှ]ာ ကျေနပ်မှာလား"

ကြွေ့အသံသည် စူးရှစွာ ထွက်ပေါ်လာလေသည်။ သို့သော် [ရ]င်တက်နေသော သူ့မှာ ဘာလုပ်ရမှန်း မသိချေ။

"သမီးရေ မေမေပါ။ မေမေ။ လက်ကိုလွှတ်လိုက် သမီး



www.burmeseclassic.com

www.burmeseclassic.com



လက်ကိုလွှတ်ပါ"

ကြေ့အသံသည် သူ့နားထဲ ကြားတစ်ချက် မကြားတစ်ချက်။

ဘာတွေဖြစ်ကုန်ကြလဲ။ သူ ဘာတွေမှားခဲ့ပြီလဲ။ ဘယ်လောက်ထိ မှားခဲ့ပြီလဲ။

သူက အဖေတဲ့လား။ သမီးကိုချစ်ပါတယ်ဆိုတဲ့ ဖခင်တဲ့လား။

သူ့ရင်ထဲ ဟာတာတာဖြစ်နေသည်။ ဝမ်းတွင်းကလီစာတွေ မရှိတော့သလို ခံစားရ၏။ နာကျင်သည်၊ ကြေကွဲသည်၊ အထီးကျန်သည်။

၀၀၀



## အခန်း (၂၁)

၁

"သမီးရော"

"သူ အိပ်ပျော်သွားပြီ"

ကြေ့အသံက သက်သောင့်သက်သာ မရှိလှပေ။

သူကိုယ်၌ကလည်း စိတ်ရှုပ်နေမိသည်။ အခြေအနေက ဘာကြောင့် အဲဒီလောက် ရှုပ်ထွေးသွားရတာလဲ။

"ကို ပြဿနာတော်တော်ရှာလိုက်တာပဲ"

"ကိုယ် မင်းကို တောင်းပန်ဖို့တောင် ရှက်မိပါတယ်"

"ဘာဆက်လုပ်မယ်လို့ စဉ်းစားထားသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်ရမှန်းမသိဖြစ်တာ။ ကိုယ့်ဘဝမှာ ဒီတစ်ကြိမ် ရှိတယ် ကြွေ"

"နောင်တရနေတာလား"

"အကြိမ်ကြိမ် အခါခါပါပဲ။ ကိုယ် သမီးကို ဘာတွေလု လိုက်မိပြီလဲ၊ သမီးအပေါ် ကိုယ်"

"ကို့ထက် ကြွေက ပိုဝမ်းနည်းပါတယ်။ ကြွေ့ကိုယ်ကို လုပြီ ထင်နေတာ။ အခုမှပဲ ကြွေက သိပ်ညံ့တဲ့အိမ်ရှင်မဆိုတာ သွားတော့တယ်"

"မင်း မညံ့ပါဘူး ကြွေ"

"ခင်ပွန်းသည်ကို အိမ်မြဲအောင် မထိန်းထားနိုင်တဲ့မိန်း မညံ့ဘူးတဲ့လား။ သမီးက ဒီအခြေအနေဖြစ်နေတာတောင် မယ် အမေက မညံ့ဘူးတဲ့လား"

ကြွေသည် ပြောပြောဆိုဆိုပင် မျက်ရည်များ စီးကျလာ သည်။ သူ့ရင်ထဲ နာသွားသည်။ မျက်ရည်ကို ရှေ့ထက်နှပြောတဲ့ ခုတော့ သူ့ကြောင့်။

"ကြွေရယ် . . . ကိုယ်လေ ကိုယ် တကယ်ပဲ မင်းအ ပြောစရာစကား မရှိတော့ပါဘူး"

"ကြွေ့ဘဝမှာလည်း ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိ





ဒီတစ်ကြိမ်ပဲ ရှိမှာတယ်"

"ကိုယ့်အမှားတွေပါ"

"ပန်းရနံ့ကို ရှင် ဘယ်လိုလုပ်မလဲ။ ဒီပုံအတိုင်းဆို ကြွေ ယုံတသည်းမခံနိုင်တော့ဘူးနော်"

အမှန်က သမီးလက်ချက်ကြောင့် ပန်းရနံ့မှာလည်း သွေး ထွက်သံယို ဖြစ်သွားရလေသည်။

"ရှင့်ကိုလေ ရှင့်ကို"

"ကိုယ်မှားခဲ့ပါတယ် ကြွေရယ်။ ကိုယ် အရမ်းကိုမှားသွားခဲ့ ပါတယ်"

"အခုမှ ဒီလိုပြောနေလို့ ရတော့မလား။ အခုအားလုံး လွန် သွားပြီ။ ဒေါက်တာဖေသိန်းက သမီးကို စိတ်ကျန်းမာရေးဆေးရုံနဲ့ ပြဖို့ ညွှန်ကြားလိုက်ပြီ။ ဒါကို ရှင်သိရဲ့လား"

"ဟင် . . . ဘယ်လို ဘယ်လို ကြွေ"

"သမီးက ထူးဆန်းနေတယ်တဲ့။ သမီးနိုးလာရင် သမီးကို ချော့မော့ပြီး ဆေးရုံဆီ ခေါ်သွားပါတဲ့"

ကြွေသည် ပြောလည်းပြောကာ ရှိုက်ကြီးတငင် ငိုချပစ်လေ သည်။

"ကြွေ့ဘဝမှာ သမီးက တစ်ယောက်တည်းပါ။ သမီးက



www.burmeseclassic.com

www.burmeseclassic.com



ကြွေ့အသက်ပါ။ ကြွေ တန်ဖိုးထားရတဲ့ ရတနာလေးပါ။ ဒါပေမဲ့ သမီးက . . . သမီးက"

ဝမ်းပန်းတစ်နည်း ငိုကြွေးနေရှာသော ကြွေ့ကို သူ ထွေးဖိုက်ထားမိလေသည်။ သူ့ရင်ထဲမှာလည်း ပူလောင်နေလေ၏။ ဘာလုပ်ရမလဲ။

မိဒိယာမှ ဖြန့်နေတဲ့ကိစ္စကို ဖြေရှင်းရမလား။ သမီးရဲ့ကိစ္စကို ဖြေရှင်းရမလား။ ပန်းရနံ့ရဲ့ကိစ္စကို ဖြေရှင်းရမလား။ ပြီးတော့ ကြွေ့နဲ့ သူ့ပြဿနာ။

အစီအကျသောကိစ္စရပ်များသည် သူ့ခေါင်းထဲ ရှုပ်ယှက်လည်နေ၏။

"ရှင် သိဝ်လုပ်ရက်တယ်။ ကျွန်မနဲ့သမီးကိုမှ ရှင် လုပ်ရက်တယ်။ ကျွန်မကတော့ ရှင့်ကို ယုံကြည်လိုက်ရတာ။ ရှင်ကတော့ . . . ရှင်ကတော့"

သူ့ရင်ဘတ်ကိုထုကာ ရေကာ ငိုနေသော ကြွေ့ကို သူ ဘယ်လိုအားပေးနှစ်သိမ့်ရမလဲ မသိနိုင်တော့ပါ။

"အခု ဘယ်လိုလုပ်ကြမလဲ။ သမီးကို ဘယ်လိုလုပ်ရမလဲ။ သမီးသာ တစ်ခုခုဖြစ်ရင် ကြွေ အသက်မရှင်ချင်တော့ဘူး။ ဘယ်လိုလုပ်ရမလဲ . . . ဘယ်လိုလုပ်ရမလဲ"





"စိတ်ကိုငြိမ်ငြိမ်ထားပါ ကြွေ။ ကိုယ်တို့ တိုင်ပင်ပြီး တစ်ခုချင်းစီကို ဖြေရှင်းကြတာပေါ့"

"ကျွန်မစိတ်ထဲရှိတဲ့အတိုင်းသာဆိုရင် ရှင်နဲ့ ချက်ချင်းကွာရှင်းပြီး မေမေတို့ရှိတဲ့ ဂျပန်မှာပဲ အပြီးသွားနေလိုက်ချင်ပြီ"

"ကိုယ့်ကို ပစ်မထားခဲ့ပါနဲ့ ကြွေ။ ကိုယ့်အတွက် မင်းမရှိလို့ မဖြစ်ဘူး"

"ကျွန်မမရှိလို့မဖြစ်တဲ့လူက ဘာလို့"

"ခဏတာ သာယာခဲ့မိတယ်ဆိုတာ မှန်ပါတယ် ကြွေ။ ရှင်းပြနေရင်လည်း ဆင်ခြေပဲဖြစ်လာမှာပါ။ ဒါကြောင့် ကိုယ် မရှင်းပြတော့ဘူး။ ဒါပေမဲ့ ကြွေ ကိုယ့်ကို ခွင့်လွှတ်ပေးပါ။ ကိုယ်တို့ . . . ကိုယ်တို့"

"ကျွန်မတို့ ဒီလောက်ပဲ ပြောကြစို့"

ဟုဆိုကာ ကြွေသည် သူ့ရင်ခွင်ထဲမှ ရုန်းထွက်ပြီး ပြတင်းဝသို့ ငေးမောကြည့်လေသည်။

ကြွေ သူ့ကို စိတ်ကုန်သွားပြီလား။ ကြွေ ကျေနပ်အောင် သူ ဘယ်လိုတောင်းပန်ရမလဲ။

"ရှင်ပြောသလိုပဲ ကျွန်မတို့တိုင်ပင်ပြီး ဖြေရှင်းရမယ့် အခြေအနေပါ"

ကြွေက အသံကိုထိန်းပြီး ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကြွေ့ရင်ထဲ ဘယ်လောက်ထိ မီးတောက်နေမလဲဆိုတာ သူ သိ၏။ သို့သော် တစ်ခဏတာ စိတ်လွတ် လက်လွတ် ငိုလိုက် သောကြွေသည်။ ယခုတော့လည်း ပြန်လည်တည်ငြိမ်သွားပြန်လေ၏။

"ရှိနေတဲ့ပြဿနာကို ရှင်းပြီးမှ ရှင်နဲ့ကျွန်မရဲ့ကိစ္စကို ရှင်း တာပေါ့"

ကြွေသည် မပွင့်တပွင့်ဟနေသော လိုက်ကာစကို အဆုံး ဆွဲချလေသည်။

"ကျွန်မတို့ သတင်းစာရှင်းလင်းပွဲ လုပ်ကြမယ်"

"ဘယ်တော့လဲ ကြွေ"

နှပဲ စီစဉ်ကြတာပေါ့။ ရှင်တစ်ခုတွေးရမှာက အပွင့်လင်းဆုံး နဲ့ အရိုးသားဆုံး ဝန်ခံဖို့ပဲ"

"ဘာကိုဆိုလိုတာလဲ ကြွေ"

"ရှင်နဲ့ပန်းရနံ့နဲ့ကိစ္စကိုပေါ့"

"ဟာ"

အမှန်အတိုင်းပြောရလျှင် သူရှက်သည်။

"ဒီအချိန်ရောက်မှ ရှက်နေလို့မရတော့ဘူး။ ကိုယ့်အကြောင်း ကို သူများတွေ လိုရာဆွဲရေးသားနေကြမှာထက် ရှင်ကိုယ်တိုင် နှုတ် ပြောလိုက်တာ ပိုကောင်းတယ်။ ရှင် ဝန်မခံလို့ အများက မသိဘူး





ထင်နဲ့။ ဒီသတင်းနဲ့ ဒီဓာတ်ပုံတွေက ပြန့်နေပြီ။ မိုမို့ရဲ့ မထီမထင် လေးမစား ဆက်ဆံခြင်းကိုလည်း ခံခဲ့ရပြီ။ သူတို့ကို ကြွေတို့ဘက်က ပြတိုက်နိုင်မှ အဆင်ပြေမယ် ကိုခန့်ကို"

"ကြွေ ... မင်း ဘယ်လောက်ထိ သိနေတာလဲ"

"အားလုံးပဲ၊ ကျွန်မ ဒီအိမ်ကိုပြန်မလာခင် ဘိုဘိုနဲ့ ဝင်တွေ့ ခဲ့တယ်။ ရှင့်ကို ကျွန်မ အဲဒီလောက်ထိ အားမလိုအားမရ ဖြစ်ရတယ်။ စိတ်လည်း နာတယ်။ ဒီကောင်မလေးပြဿနာ ဒီလောက်ထိအောင် ရှင်းနိုင်တဲ့ ရှုပ်ထွေးတဲ့ ရှင့်ကို အံ့ဩလည်း အံ့ဩတယ်"

"ဘိုဘို ဘာပြောလိုက်သလဲ"

"ကျွန်မကို သနားစရာကောင်းတဲ့မိန်းမဆိုပြီး သနားကြည့် နဲ့ ကြည့်သွားတာပေါ့"

"ကိုယ် ဘာပြောရမလဲ။ အဲဒီရှင်းလင်းပွဲမှာ"

"ရှင် ဘယ်အချိန်က ဒီလောက်ထိ ညံ့သွားတာလဲ ကိုခန့်ကို"

"ကိုယ့်ကို လုံးဝ ဂရုမစိုက်တော့မှာထက်စာရင် အဲဒီလို အပြစ်တင်ပေးတာက ကိုယ့်အတွက် ပိုပြီး နေသာထိုင်သာ ဖြစ်ပါတယ် ကြွေ၊ ကျေးဇူးပဲ"

"ကျေးဇူးတွေ ဘာတွေ လုပ်မနေနဲ့။ ပြဿနာက ခုမှ စ ... န်းရနံ့လိုမိန်းမက သွေးထွက်သံယို အနာတရဖြစ်သွားတာကို



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်နေမယ် ထင်သလား"

"ငြိမ်မနေလို့ သူက ဘာလုပ်နိုင်မှာလဲ"

"ပန်းရနံ့က ကိုယ်ဝန်ဆောင်ထားရတာကို ရှင် မေ့နေ

လား"

"အဲဒါ . . . ကိုယ့်ရဲ့ကိုယ်ဝန်မဟုတ်ဘူး ကြွေ"

"ဘယ်လို . . . ဘယ်လို"

"မင်းကို ဒီကိစ္စ ဘိုဘိုက မပြောလိုက်ဘူးလား"

"ဟင့်အင်း"

"ကျွတ်"

ရှင်းမလိုနှင့် ပိုပြီးရှုပ်လေသည်။

အရေးကြီးတဲ့ကိစ္စကိုမပြောဘဲ ဘိုဘိုက ကြွေ့ကို ဘာ

ပြောလိုက်ပါလိမ့်။

"သူ ပန်းရနံ့ကို လက်ထပ်မယ်တဲ့။ အဲဒီအတွက် သူ့အ

ကို ဖျောင်းဖျပေးပါလို့ပြောတယ်"

"ဒီကောင်လေးကလည်း တော်တော်မလွယ်ဘူးဘဲ"

သူသည် ပျောက်ဒီးခဲကိုင်မိသလို ဖြစ်သွားသည်။ ဘာကို

၍ ယုံရမှန်းမသိတော့ပါ။

ဘယ်လိုဆုံးဖြတ်လို့ ဖြတ်ရမှန်းမသိပါ။





ကြွေပြောသလိုပင် သတင်းစာရှင်းလင်းပွဲ လုပ်ရမှာလား။

ပန်းရနံ့ကရော သမီးကို တကယ်ပဲ ပြုသနာရှာမှာလား"

"နေပါဦး . . . ဒါဆို ပန်းရနံ့ရဲ့ကိစ္စက ဘိုဘိုနဲ့"

ကြွေ့ကို ထက်မြက်လှပြီဟု ထင်ခဲ့သည်။ သို့သော် ကြွေမှာ

သည်း ဒီလို ချစ်စရာကောင်းတဲ့ နုံအမှုမျိုးရှိနေတော့လည်း ရင်ထဲ

တစ်မျိုးခံစားရလေသည်။

"ဟုတ်တယ် ကြွေ"

"ဘုရား ဘုရား . . . ဘယ်လိုဖြစ်ကုန်တာလဲ၊ ဒါနဲ့များ ဘာ

လို့ ကြွေတို့အိမ်ရှေ့ထိ ရောက်လာသေးတာလဲ"

"ကိုယ်လည်း နားမလည်ဘူး ကြွေ"

ကြွေသည် အတွေးဖြင့် ငြိမ်နေပြန်၏။

ကြွေ့မျက်နှာပေါ်တွင် ချစ်ခြင်း၊ မုန်းခြင်း အစရှိသဖြင့် ခံစား

ချက်များ ဖြတ်ပြေးနေသည်ကို သူမြင်တွေ့ရ၏။

"ကြွေ တော်တော်ညှံ့ခဲ့ပြီ"

"ဘာဖြစ်လို့လဲ ကြွေ"

"ကြွေ အဲဒီမိန်းကလေးကို သွားတွေ့မယ် ကို"

"ဘာလုပ်မလို့လဲ ကြွေ။ ကိုယ်တော့ မင်းကို မသွားစေချင်

ဘူး။ ပန်းရနံ့အတွက် ပြောတာမဟုတ်ဘူး။ မင်းအတွက် ပြောတာ။



www.burmeseclassic.com

www.burmeseclassic.com



ပန်းရနံ့က ကိုယ့်ကိုတောင် လိမ်ညာဖို့ ဝန်မလေးဘူး။ အလင်းကလူ က အမှောင်ကလူကို မမြင်နိုင်ဘူး ကြွေ။ ကိုယ် မင်းကို စိတ်ပူလို့ ပြောတာပါ"

"ဒါဆို . . . ရှင်က သတင်းစာရှင်းလင်းပွဲမှာ ရှင် အညာခံရတဲ့ ကိစ္စကို ဝန်ခံရဲလို့လား"

"ကိုယ် ဝန်ခံခြင်း၊ မခံခြင်းက ဘာခြားနားလို့လဲ ကြွေ။ ဒါပေမဲ့ ရပါတယ်။ ကိုယ်ဝန်ခံမှ ကြွေ ကျေနပ်မယ်ဆို ရတယ်"

"ဘိုဘို့အကြောင်းပါ ထည့်ပြောပါ"

"ဘယ်လိုကြွေ"

"မိုမိုက သူတို့သားနဲ့ အဲဒီကောင်မလေးကို ပေးစားနိုင်မှာ မဟုတ်ဘူး။ အမြဲတမ်း မာန်တက်နေတဲ့ မိုကို ကြွေ ရိုက်လဲနိုင်တာ ဒီတစ်ကွက်ပဲ ရှိတယ်"

"ကြွေ . . . မင်း ဘာတွေ တွေးနေတာလဲ"

"ကြွေနဲ့ရှင် ကွာရှင်းမယ့်သတင်းက မိုမိုတို့ဘက်က ထွက်လာတာ"

"ဟမ်"

"ရှင်နဲ့ကြွေတို့ ကွာရှင်းကြရင် သူတို့အတွက် အကျိုးအမြတ် အများကြီးရှိလိမ့်မယ်ဆိုတာ ရှင် မတွေးမိဘူးလား"





မှန်ပါသည်။

သူ ထိုသို့ မတွေးခဲ့မိတာအမှန်ပါ။ ပန်းရနံ့ လုပ်တယ်ချည်း စိတ်ထဲက ထင်ခဲ့မိသည်။

"ရှယ်ယာတွေ ဝယ်စုနေတယ်။ ရှင်နဲ့ကြွေ ကွာရှင်းပြီးသွားရင် သူတို့ပိုင်တဲ့ ရှယ်ယာနဲ့ ရှင့်နေရာကို သူတို့ ဝင်တိုက်လိမ့်မယ်"

သူ မယုံနိုင်ပါ။ ယုံရလည်းခက်နေ၏။ ဘာကိစ္စနဲ့ အဲဒီလိုတွေ လုပ်ရသလဲ။

"ငါးကြင်းဆီနဲ့ ငါးကြင်းကြော်ရမယ် ကို"

သူ လိုက်မမီနိုင်တော့ပေ။ ဘာတွေပြောပြီး ဘာကိုလုပ်ရမှန်း မသိတော့ပေ။

သူ တွေးမတတ်အောင်ပင် ရှုပ်ထွေးနေလေသည်။

"ဒေါက် ဒေါက်"

"ဘယ်သူလဲ ဝင်လာပါ"

ဟု ကြွေက အဝိနှိုင်းသံဆန်ဆန် ပြောသောအခါ ဝင်လာသူက ခေါင်းသူ။

"မမကြွေ . . . မမလေး မမလေး . . . ဟေမာန် မရှိတော့ဘူး"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



အရေးကြီးတဲ့ပြဿနာကို ဆိုင်ငံ့ထားမိ၍ လောကကြီးက သူတို့ကို ဒဏ်ခတ်လိုက်ပြီလား။

အိပ်နေသောသမီးက မရှိတော့ဘူးတဲ့။ ဘယ်ရောက်သွားတာလဲ။ ဘယ်ရောက်နေတာလဲ။ ဘယ်ကို ထွက်သွားတာလဲ။

○○○



## အခန်း (၂၂)

သမီးပျောက်သွား၍ တစ်အိမ်လုံး ဒေါင်းတောက်အောင်ရှာခဲ့ကြသည်။

သို့သော် တွေ့မှတွေ့တော့လည်း ကိုမောင်မျိုးတို့ နေထိုင်ရာ အလုပ်သမားတန်းလျား၌ ဖြစ်သည်။

သမီးသည် ခင်အေးထံသို့သွားကာ ခင်အေးနှင့်အတူ လက်…က်စားနေလေသည်။

သမီး၏ပုံစံသည် ပုံမှန်ဖြစ်မနေ၍ ဒေါက်တာညွှန်ကြား…ားသည့်အတိုင်းပင် စိတ်ရောဂါကုဆရာဝန်နှင့် ပြမို့ ဆုံးဖြတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့သည်။

စကားနည်းသော သမီးကို မပြောမဆိုပင် ဆေးရုံသို့ခေါ်ခဲ့ပြီး၏။

ဆရာဝန်၏မှတ်ချက်သည် ကြေ့ဘဝတစ်ခုလုံး အမှောင်ကျသွားသလို ခံစားရ၏။

သမီးခံစားနေရတာက စိတ်ကျရောဂါတဲ့။ သမီးကို ချော့ချော့မော့မော့ ဆက်ဆံပေးပါဟု ဆိုခဲ့သည်။

ကြေ့ရော သူပါ အံ့ဩသွားရလေသည်။

သမီး၏လှုပ်ရှားမှု အမူအရာကို အသေးစိတ်လေ့လာ၍ ဆရာဝန်ကြီးက ညွှန်ကြားသဖြင့် သမီး၏စာအုပ်များနှင့် အဝတ်အထည်များကို လေ့လာမိသည်။

ပုံမှန်ဟု ထင်ခဲ့စဉ်က သမီး၏ဝတ်စုံများကို သိသိသာသာမဝင်းပေသော်လည်း ယခုလို ထူးဆန်းတဲ့စိတ်နှင့်ကြည့်သောအခါ သမီး၏ ဝတ်စားဆင်ယင်မှုမှာ ဝမ်းနည်းစရာကောင်းနေတာမှာ အမှန်ပါ။

ခုတင်ပေါ် ခွေခွေလေးလဲနေသော သမီးကို ငေးကြည့်ရင်း ကြေ့ရော သူပါ စကားမပြောနိုင်ကြပါ။

စိုးမွှားရေးနှင့်သာ လုံးထွေးခဲ့၍ သမီးကို ဂရုစိုက်ဖို့ မေ့လျော့နေခဲ့ကြသည်။





သမီးက ဝေဒနာခံစားနေရတာကို မသိဘဲနဲ့ ပန်းရနံ့ရဲ့ကိစ္စကိုသာ ဖြေရှင်းဖို့ ကြိုးစားနေခဲ့ကြသည်။ သူတို့က မိဘတွေတဲ့လား။

"ကြေ့သမီးကို ကြေ့ ဘယ်လိုလုပ်ရမလဲ"

ကြေ့က မေးပေမယ့် သူ့ထံ အဖြေမရှိပေ။

"ကြေ့ရယ် ... စိတ်ကိုလျှော့ထားပါ။ ကိုယ်တို့သမီးလေး သေချာပေါက် ပြန်ကောင်းလာမှာပါ"

ဟု ကြေ့ကိုသာ နှစ်သိမ့်နေရပေမယ့် သူ့ရင်ထဲမှာလည်း ပူလောင်လှပါပြီ။

"ဆရာ"

ဟု ကိုမောင်မျိုးက ခေါ်သဖြင့် နောက်လှည့်ကြည့်လိုက်ရာ ကိုမောင်မျိုးသည် အခန်းဝ၌ မတ်မတ်ကြီးရပ်နေသည်ကို တွေ့ရလေ၏။

"ဒီနေ့ သတင်းစာရှင်းလင်းပွဲ ရှိတယ်လေ"

"အင်း ... ကားအဆင်သင့်ပြင်ထားလိုက်ပါ။ ကျွန်တော်လာခဲ့မယ်"

"ကြေ့ မလိုက်ရင်ရော အဆင်ပြေရဲ့လား"

"မလိုက်ပါနဲ့ ကြေ့။ ကြေ့က သမီးနားမှာပဲ နေလိုက်ပါ။ ကိုယ် အားလုံးဖြေရှင်းလိုက်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုပြီး သူ ထရပ်လိုက်သည်။

"ကို"

ခေါ်သံကြောင့် ကြွေ့ကို ငုံ့ကြည့်မိသည်။ ကြွေ့မျက်ဝန်းမှ မျက်ရည်လက်ကျန်အချို့ကို သူ မြင်တွေ့ရလေသည်။

"ကျေးဇူးပဲ ကြွေး ကိုယ့်ကို မင်း အဲဒီလိုလေး ပြန်ခေါ်ပေး လိမ့်မယ်လို့ ကိုယ် မမျှော်လင့်ခဲ့ဘူး"

"စောစောပြန်လာခဲ့နော်"

ကြွေ့စကားက တိုတိုလေးပေမယ့် သူ့ရင်တစ်ခုလုံးကို အား ဖြစ်စေတာအမှန်ပါ။

သေချာပြန်တွေးကြည့်လျှင် ကြွေက သူ့ကို စောစောပြန်လာ ပါဟု ဘယ်တုန်းကမှ မပြောဖူးချေ။

"အင်း ... ကိုယ် ကိစ္စပြီးတာနဲ့ ပြန်ခဲ့ပါမယ်"

ဟုဆိုကာ ကြွေ့လက်ကလေးကို ဆုပ်ကိုင်ပြီးနမ်းလိုက်သည်။

"ကိုယ် မင်းကို သိပ်ချစ်ပါတယ် ကြွေ"

"ကြွေလည်း အတူတူပါပဲ"

ဆယ်ကျော်သက်ပျိုလေးနှယ် ရင်ခုန်ချင်လာသည်။

အမှန်အတိုင်းပြောရလျှင် သူ အပြင်သွားလိုစိတ်မရှိတော့ပေ။ သို့သော် မသွားမဖြစ် ကိစ္စကရှိနေသေးသည်။ ကြွေ ဦးဆောင်ခဲ့သော





ရှင်းလင်းပွဲဆိုပေမယ့် ကြွေမပါသော်လည်း သူက ခေတ်လမ်းဖြတ်ရ ဦးမည်တော့မည်။

ထို့ကြောင့် သူ့ကို မျက်ဝန်းကြည့်လေးနှင့် ကြည့်နေသော ကြွေ့ကိုထားခဲ့ပြီး ထွက်လာလေတော့။

လမ်းတစ်လျှောက်လုံးမှာလည်း ပြောရမည့်စကားတွေကို ဦးနှောက်ထဲ ချရေးနေမိသည်။

မိဒီယာသမားများကို ရှင်းလင်းဖို့ စိတ်ထားသောကြောင့် ရင်ထဲတွင် လှုပ်ရှားနေတာလည်း အမှန်ပါ။

သူရောက်သည့်နှင့်တစ်ပြိုင်နက် မျက်လုံးတွေရော ကင်မရာ တွေပါ သူ့ထံ စုပြုံကျနေသည်။

သို့သော် သူကတော့ ကြွေပေးသောစွမ်းအားများနှင့် ရှင်းလင်း ပွဲ လုပ်မည့်ခန်းမထဲ ဝင်သွားလေသည်။

စင်မြင့်ပေါ်တွင် နေရာယူပြီး နှုတ်ဆက်စကားပင် မပြော တော့ဘဲ လိုရင်းကို တန်းပြောသည်။

"သိချင်တာကို မေးလို့ရတယ်။ ကျွန်တော်ကလည်း အပွင့် လင်းဆုံး ဖြေမှာမို့ မေးချင်တာကို မေးကြပါ"

သူက လမ်းဖွင့်ပေးသောအခါ သတင်းသမားတစ်ဦးက ထလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ဆောင်းရွက်ကြွေနဲ့ ဦးခန့်ကိုတို့ရဲ့ အိမ်ထောင်ရေး အခြေအနေကို သိချင်ပါတယ်။ ပြီးတော့ ဒေါ်ဆောင်းရွက်ကြွေက ဒီရှင်းလင်းပွဲကို မတက်ရောက်နိုင်တဲ့ကိစ္စ။ ပြီးတော့"

"ကျွန်တော် ဖြည်းဖြည်းချင်း ဖြေပါ့မယ်"

ဟုဆိုပြီး သူက ပရိသတ်များကို ရဲရဲကြီးစိုက်ကြည့်သည်။

"ကြွေနဲ့ကျွန်တော်တို့ အိမ်ထောင်ရေးက သာယာပါတယ်။ အခု သတင်းတွေထွက်နေသလို ဘယ်တော့မှလည်း ကွာရှင်းကြမှာ မဟုတ်ပါဘူး။ ကျွန်တော်တို့က မိဘတွေကြောင့် လက်ထပ်ခဲ့ကြတာ မဟုတ်ပါဘူး။ ကြွေက ကျွန်တော့်ရဲ့အချစ်ဦးပါ။ ဒီနေ့ ကြွေ လိုက်မလာနိုင်တာက သမီးရဲ့ကျန်းမာရေးကြောင့်ပါ"

"ဦးခန့်ကိုရဲ့သမီးက စိတ်ရောဂါဝေဒနာကို ခံစားနေရတယ်ဆိုတာ ဟုတ်ပါရဲ့လား"

"ဒါ ... ကောလာဟလတွေပါ။ ကျွန်တော့်သမီးရဲ့ ဂုဏ်သိက္ခာကို ထိခိုက်မယ့်မေးခွန်းမျိုး ရှောင်ပေးပါ"

"ပေါမာနဲ့ခန့်ကို နေမကောင်းတာက တခြားမိန်းကလေးတစ်ယောက်ကြောင့်လား"

"မဟုတ်ဘူးလို့တော့ မငြင်းပါဘူး"

"ဦးခန့်ကိုနဲ့ ပန်းရနံ့ရဲ့ဇာတ်လမ်းကြောင့် ဒေါ်ဆောင်းရွက်





ကြွေက ဦးခန့်ကိုကို ကွာရှင်းမယ်လို့ သတင်းတွေ ထွက်နေတာကို ဦးခန့်ကိုအနေနဲ့ ဘာများပြောချင်ပါသလဲ ခင်ဗျာ"

"အဲဒီမေးခွန်းကို ကျွန်တော် ဖြေလို့ရမလား"

ဟုဆိုကာ ဝင်လာသော ဘိုဘိုကြောင့် ဦးခန့်ကိုမှာ တုန်လှုပ်သွားသည်။ ဘာတွေဖြေဦးမလဲ။ ဘာတွေပြောဦးမလဲ။

"အားလုံးအထင်လွဲနေကြတာပါ။ တကယ်တော့ ပန်းရနံ့က ဦးခန့်ကိုနဲ့ ဘာမှမဆိုင်ပါဘူး။ ပန်းရနံ့က ကျွန်တော့်ချစ်သူပါ"

ဘိုဘို၏စကားကြောင့် မှန်ကျပ်မှုများမှာ လျော့ရဲ ပြယ်သွားရလေသည်။

ဘိုဘို့ကို ကျေးဇူးတင်မိသည်။

ရှုပ်ထွေးတဲ့မေးခွန်းမလှယ်ပွဲ ဖြစ်မည်ဟုထင်ခဲ့သော်လည်း ဘိုဘိုကြောင့် ရှင်းရှင်းလင်းလင်း ဖြစ်သွားရလေသည်။

ထို့ကြောင့် ပွဲပြီးသည်နှင့်တစ်ပြိုင်နက် သူနှင့်ဘိုဘို စကားပြောဖြစ်ကြလေသည်။

"ဦးခန့်ကို့ကို စေတနာရှိလွန်းလို့ ကူညီတာမဟုတ်ပါဘူး။ မရဲ့ဂုဏ်သိက္ခာအတွက်ပါ။ ပြီးတော့ ကျွန်တော့်အတွက်ကြောင့်ပါ"

ဘိုဘို၏ဆိုလိုရင်းကို နားမလည်ပါ။

"ခင်ဗျားကို မမက အရမ်းချစ်တယ် ဦးခန့်ကို"



www.burmeseclassic.com

www.burmeseclassic.com



ရှင်းလင်းလှလှစိတ်များ ပြန်လည်ရှုပ်ထွေးသွားလေသည်။

"အဲဒါကြောင့် မမပန်းရဲ့အမှားကို ခင်များ ခွင့်လွှတ်ပေးပါ"

"မင်းက ဘာလို့ အဲဒီလိုပြောရတာလဲ"

"ချစ်တဲ့အချိန်မှာ လူတိုင်း အမှားလုပ်တတ်ကြပါတယ်"

"မင်း ဘာလို့ ကြေနဲ့ တွေ့ရတာလဲ"

"အကူအညီတောင်းတာပါ။ ဒေါ်ဆောင်းရွက်ကြွေက တကယ်လေးစားဖို့ကောင်းတဲ့လူပါ။ ဒီအကြံကို ဒေါ်ဆောင်းရွက်ကြွေကပဲ ပေးလိုက်တာ"

"ဘယ်လို"

"ဒီဒီယာသသမားတွေရှေ့ မပန်းနဲ့ကျွန်တော့်ကိစ္စ ဝန်ခံလိုက်ရင် မေမေက မလွှဲမရှောင်သာ မမပန်းကို လက်ခံရတော့မယ်။ ပြီးတော့ မမပန်းနဲ့ ဦးခန့်ကိုကိစ္စ ပြတ်သွားမယ်။ ကျွန်တော့်ကိုလည်း မမပန်း ဘယ်လိုမှ ငြင်းမရတဲ့ အခြေအနေဖြစ်သွားပေမည့်မယ်။ ကျွန်တော် မမပန်းကို ချစ်တယ်။ ကျွန်တော်ချစ်တဲ့မမပန်းကို ဆေးရုံပို့လိုက်တဲ့ ပေါမာန်ခန့်ကို့ကို ကျွန်တော် မကျေနပ်ပေမယ့် ပြဿနာမရှာတော့ပါဘူး။ အခု သူရော သက်သာရဲ့လား"

ဘိုဘိုသည် သမီးအကြောင်းကို သိနှင့်ပြီးသလို ဆိုပြန်သည်။

"ဘာကိုဆိုလိုတာလဲ"





"ဦးခန့်ကိုတို့မသိခင်တည်းက ပေါမာန်ခန့်ကိုရဲ့ အခြေအနေကို ကျွန်တော် သိပါတယ်။ ကျွန်တော်တို့လူငယ်ကွန်ယက်က လူကြီးတွေထက် ပိုရှိုးသားပြီး ပွင့်လင်းတယ်လေ"

သူ ပြုံးမိသွားသည်။

ထိုအပြုံးသည် ဘိုဘိုအပေါ် ခင်မင်သမှုနှင့် ပြုံးသောအပြုံး ဖြစ်၏။

"သူ ပြန်ကောင်းလာမှာပါ။ လူငယ်တွေက တစ်ခါတစ်ရံ အဲဒီလိုဖြစ်တတ်ပါတယ်။ ကဲ . . . ကျွန်တော် သွားတော့မယ်"

"ကျေးဇူးပဲ ဘိုဘို"

"ရပါတယ်"

ဟုဆိုကာ ခပ်သွက်သွက်ထွက်ခွာသွားသော ဘိုဘို့ကို သူ ငေးကြည့်နေမိသည်။

ဘိုဘို့ကို ဒီလောက်လှတဲ့စိတ်ရင်းလေးရှိမည်ဟု မထင်ခဲ့တာ အမှန်ပါ။

လူတစ်ယောက်၏အကြောင်းကို တစ်ခါမြင်ရုံနဲ့ မသိနိုင်ဘူးဆိုသည့် ဆိုရိုးစကားကို သူ လက်ခံသွားလေ၏။

ဘိုဘို၏ပုံစံက ဘယ်လောက်ပင် ကြွပ်ဆတ်မာကျောနေသော်လည်း ဘိုဘို့စိတ်သဘောလေးက ပြည့်ဝရှာလေသည်။ ဘိုဘိုသည်



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ အောင်မြင်သောလုပ်ငန်းရှင် ဖြစ်လာလိမ့်မည်ဟု ယုံကြည်သည်။

ပန်းရနံ့နှင့်ပတ်သက်၍ ဘိုဘိုနှင့်သူသည် ဆိုးဝါးသောရေစက်ဆိုသော်လည်း ဘိုဘို့လိုလူငယ်ကို သူရင်ထဲ၌ မိတ်ဆွေဟု မှတ်တမ်းတင်မိလေသည်။

အဆိုးထဲက အကောင်းဟုပင် စိတ်ကိုဖြေသိမ့်လိုက်မိတော့သည်။

○○○



## အခန်း (၂၃)

"ဆရာ"

ရုံးအလုပ်တွေ မလုပ်တာကြာသောအခါ ကိစ္စများသည် သူ့စားပွဲပေါ်၌ ပုံနေလေ၏။

ကြွေသည် သမီးကိုသာ အချိန်ပေးပြီး အဖော်ပြုပေးသဖြင့် ကြွေ့အလုပ်များတွင်လည်း ကြွေက လစ်ဟင်းနေ၍ သူက ဦးစီးရသေးရာ အလုပ်က လှုကိုနိုင်သည့် အနေအထားဖြစ်သည်။ ထို့ကြောင့် အချိန်ကို သတိပေးရန် ကိုမောင်မျိုးကို သူအနားခေါ်ထားရလေသည်။

"ပြောလေ ကိုမောင်မျိုး"



www.burmeseclassic.com

www.burmeseclassic.com



“ဒီမှာ ဆရာ့နာမည်နဲ့ စာရောက်နေတယ်”

“ဖွင့်လိုက်”

ဟုဆိုသဖြင့် ကိုမောင်မျိုးက စာအိတ်ကိုဖွင့်ပြီး သူ့ထံသို့ ပေးသည်။

အမှတ်တမဲ့လှမ်းကြည့်လိုက်သော်လည်း မှတ်မှတ်ရရ ဖြစ်သွားလေသည်။

ပန်းရနံ့ကိုပေးခဲ့သော စာချွပ်များဖြစ်သည်။

သူ မှင်တက်သွားသည်။

ဒါ ပန်းရနံ့ပို့လာသည်ဆိုတာ သေချာ၏။

“ဒီမှာ စာတစ်စောင်ပါတယ် ဆရာ”

ဟု စာခေါက်ကလေးကို သူ့ထံ ကိုမောင်မျိုးကပေးလျှင် သူက စာခေါက်ကို ဖွင့်ဖတ်လေသည်။

ဦး၊

“ဒီစာ ဦးလက်ထဲရောက်သွားတဲ့အချိန် ပန်း ဒီ ရန်ကုန်မြေမှာ မရှိတော့ပါဘူး။ ပန်း ဦးကိုနှုတ်ဆက်ခဲ့ပါတယ်။ ပြဿနာတွေ အဲဒီလောက်ထိ ကြီးသွားလိမ့်မယ်လို့ ပန်း မထင်ခဲ့ဘူး။ ဦးကို ဆုံးရှုံးမှာကြောက်တဲ့စိတ်ကြောင့် ပန်း လုပ်မိလုပ်ရာ လုပ်ခဲ့မိပါတယ်။ ပန်းကို ခွင့်လွှတ်ပါ ဦး။





ပန်းလေ ဦးကိုချစ်တယ်။ ဒါပေမဲ့ ပန်းရဲ့အချစ်က ဦးကို မွန်းကျပ်စေတယ်ဆိုတာ ပန်းနားလည်သွားပါပြီ။ ပန်းချစ်တဲ့ ဦးကို ပန်း ဘယ်တော့မှ ဒုက္ခရောက်အောင် မလုပ်ပါဘူး။ လုပ်ဖို့လည်း ပန်းမှာ အစီအစဉ်မရှိဘူး။ ပန်း ဦးနားမှာနေခဲ့တယ်ဆိုတာက ရွှေတွေမှုကို မှတ်သိလို့ပါ။ ဦးရဲ့စည်းစိမ်တွေကြောင့် မဟုတ်ပါဘူး။ ပန်း ဘိုဘို့ကိုမချစ်ဘူး ဦး။ ပန်းချစ်တာက လောကမှာ ဦး တစ်ယောက်တည်းရယ်ပါ။ ပြီးတော့ . . . ဦး ပန်းအပေါ် အထင်လွဲနေတာကို ရှင်းပြချင်လို့ပါ”

ဖတ်နေရင်းပင် စာတစ်ရွက်ဆုံးသွားလေ၏။

ဆက်ဖတ်လျှင် မပြတ်မသားဖြစ်ဖြစ်နေတော့မည်။ သူ့စိတ်ကိုလည်း သူသိသည်။ ထို့ကြောင့် စာကို အင်္ကျီ အိတ်ကပ်ထဲထည့်၏။

“အပြီးအထိ ဖတ်လိုက်ပါ ဆရာ”

ကိုမောင်မျိုးက တွန်းအားပေးသောခါ သူကစာခေါက်ကို ပြန်ဖြန့်လိုက်သည်။

“တကယ်တော့ ဒီကိုယ်ဝန်က ဘိုဘို့ရဲ့ ဘာမှမဆိုင်ဘူး ဦး။ ဆိုင်ခဲ့ရင်လည်း ဘိုဘို့ကို ပန်း လက်မထပ်နိုင်ပါဘူး



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူနဲ့ ဝေးကွာရတဲ့ဒုက္ခထက် မချစ်တဲ့သူနဲ့ အတူနေရတဲ့ဒုက္ခက ပိုကြီးမှန်း ပန်း သိသွားပါပြီ။ ဒါကြောင့် ဦးကိုလည်း ပန်း ခွဲမထားရက်တော့ပါဘူး။ ပန်း ဦးတို့ရဲ့ ဝေးရာကိုထွက်သွားပါပြီ။ ပန်းမှာ ဦးရဲ့ကိုယ်ပွားလေး ရှိနေပါတယ်ဆိုတဲ့သတ္တိနဲ့ပဲ လောကကြီးကို ရင်ဆိုင်သွားတော့မယ်။ ဦးကို နှုတ်ဆက်ခဲ့ပါတယ်။ ပန်းကြောင့် စိတ်ဒုက္ခရောက်ခဲ့ရတာကိုလည်း တောင်းပန်ပါတယ်။ ဒေါ်ဆောင်းရွက်ကြွေကိုလည်း တောင်းပန်ပါတယ်။ လောကမှာ ပန်း အာအကျဆုံးလူက ဒေါ်ဆောင်းရွက်ကြွေပါပဲ။ ဦးတို့မိသားစု သာယာပျော်ရွှင်ပါစေလို့ပဲ ပန်း ဆုတောင်းပါတယ်"

ဦးရဲ့

ပန်း

စာလေးဆုံးသွားသောအခါ သက်ပြင်းရှည်ကြီးကို မှုတ်ထုတ်လိုက်မိသည်။

သူ့ကြောင့် ဒုက္ခများရရှာသော ပန်းရနံ့ကို သနားမိသည်။

"သူထွက်သွားပြီတဲ့ ကိုမောင်မျိုး"

"ဆရာ ဝမ်းနည်းနေသလား"





"နည်းနည်းပါးပါးပါ"

"ဆရာ ဆယ့်နှစ်နာရီထိုးပြီလေ၊ အိမ်မှာ နေ့လယ်စာ ပြန်စားရတော့မယ်"

"အိုကေ"

ဟုသာဆိုပြီး ပန်း၏စာနှင့်စာချုပ်အချို့ကို အံဆွဲထဲထည့်ပြီး ထွက်လာခဲ့သည်။

ကားနောက်ခန်းထဲ ငြိမ်သက်ကာလိုက်ပါလာရသော်လည်း စိတ်တွေက ပန်းရဲ့စာထဲမှာသာ ရစ်ဝဲကျန်ခဲ့လေ၏။

လမ်းဘေးဝဲယာမှ ဖြတ်သွားဖြတ်လာများကိုလည်း လမ်းဘောက်လျောက် ကြည့်ခဲ့မိသည်။

ပန်းရနံ့က ထိုသူများကြား ရှိနေလို ရှိနေငြား ဟု တွေးမိလေသည်။

"ကိုမောင်မျိုး . . . ခင်ဗျား ပန်းရနံ့ကို ဘယ်လိုမြင်သလဲ"

"ဆရာ့ကို အရမ်းချစ်တဲ့ မိန်းကလေးလို့ မြင်တယ်"

သူ့ရင်ကို ဓါးနဲ့ ဆောင့်ထွန်းလိုက်သလို နာသွားလေသည်။

ပန်းရနံ့ ဘယ်ရောက်နေပြီလဲ။ သူ့မျက်ကွယ်ရာ၌ ဘယ်လို ဒုက္ခမျိုးကို ရင်ဆိုင်နေမှာလဲ။ သူ့ရင်သွေးကရော။

"ကျွန်တော့်ကို မိုက်မဲတဲ့လူလို့ ခင်ဗျား မထင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"အားကျစရာကောင်းတဲ့လူလို့ပဲ မြင်ပါတယ်။ လူတစ်ယောက်က အခြားလူတစ်ယောက်ရဲ့အချစ်ခံရဖို့ဆိုတာ လွယ်တဲ့ကိစ္စ မဟုတ်တာ"

သူ ပြုံးမိသွားလေသည်။ သို့သော် ထိုအပြုံးမျက်နှာပေါ် မျက်ရည်တစ်ပေါက် ပြုတ်ကျခဲ့သည်ဆိုတာ ကိုမောင်မျိုး မသိနိုင်ပေ။

"ပန်းရနံ့ကို ကျွန်တော် ချစ်တယ်လို့ ခင်များ ထင်သလား"

"ဆရာ ပန်းရနံ့ကို ချစ်ပါတယ်"

"ကြွေ့ကိုပဲ ချစ်တာမဟုတ်ဘူးလား"

"အချစ်ဆိုတာ တစ်ခါတစ်ရံ ရင်ထဲကိန်းအောင်းနေတတ်တယ်၊ ပုန်းကွယ်နေတတ်တယ်။ ဘယ်လောက်ထိ အပုန်းကောင်းသလဲဆိုတာ ကိုယ့်ကိုယ့်ကိုတောင် မသိနိုင်တဲ့ အထိပဲ"

"ဒီနေ့တော့ ကျွန်တော့်ကို ခင်များ အချစ်အကြောင်း နည်းနည်းပြောပေးဗျာ"

"မမကြွေကလည်း ဆရာ့ကို ချစ်ပါတယ်။ မိန်းမတွေရဲ့စိတ်ကို တစ်ခါတစ်ရံ ကျွန်တော်တို့ယောကျ်ားတွေ နားမလည်နိုင်ဘူး ဥပမာ . . . မမကြွေကိုပဲကြည့်လေ"

"ကြွေက ဘာဖြစ်လို့လဲ"

"ဂုဏ်သိက္ခာကို အကြောင်းပြပြီး ဆရာ့ကို ခပ်တန်းတန်း





နေတယ်လေ။ ဆရာက ဂုဏ်သိက္ခာကို လွှင့်ပစ်ပြီး မမကြွေရဲ့ပါးကို နမ်းလိုက်ပါလား။ မမကြွေက ဆရာ့ကို ခဏတော့ မကျေမနပ်ဖြစ်နိုင်ပေမယ့် မမကြွေ လှစ်ခနဲ ကြည်နူးသွားလိမ့်မယ်"

"ဪ . . . အဲဒီလိုလား"

"ဆရာမယုံရင် လုပ်ကြည့်ပါလား"

ဟုဆိုသဖြင့် သူ ပြုံးမိပြန်သည်။ သူ့ထက် မိန်းမတွေအကြောင်း ပိုသိသော ကိုမောင်မျိုးကို ဆရာတင်ချင်မိသည်။ ထို့ကြောင့် ကိုမောင်မျိုးစကားကို ရင်ထဲမှတ်ထားပြီး အိမ်ရောက်သောအခါ ကြွေ့ကို ထိုသို့ပြုမူတော့ ကြွေက ကိုမောင်မျိုးပြောသည့်အတိုင်း ဖြစ်သွားလေသည်။

ထို့ကြောင့် သူပြုံးမိပြန်သည်။

"ဘာတွေလုပ်နေတာလဲ သမီးရှေ့မှာ"

ဟု ကြွေက ရှက်ကိုးရှက်ကန်းပြောလေသည်။

ကြွေ့ရင်ထဲ ဘာတွေရှိနေသလဲဆိုတာ သူသိချင်၏။

"ကိုယ်နမ်းလိုက်တော့ မင်း ရင်မခုန်သွားဘူးလား ကြွေ"

"ပေါက်ကရတွေနော်။ သမီး ကြားသွားမယ်"

ဟု ကြွေက ဆိုသောအခါ သူက ကြွေ့ကို ဆွဲဖက်လိုက်လေ



www.burmeseclassic.com

www.burmeseclassic.com



သိက္ခာတွေကိုလည်း သူ မစောင့်ထိန်းချင်တော့ပါ။ နှလုံးသားတစ်ခုက အချစ်တွေ အများကြီး ဆန္ဒတယ်ဆိုတာလည်း သူ ယုံကြည်သွားပြီဖြစ်၏။

"ဘယ်လိုဖြစ်နေတာလဲ"

"ကြွေ ကိုယ်တို့ နောက်ပိုင်းဆို ဒီလိုပဲ ပွင့်ပွင့်လင်းလင်း နေကြရအောင်လား"

ကြွေ ဘာမှမပြောပေ။

သို့သော် သမီးကတော့ သူ့ကိုပြောလိုက်၏။

ပြုံးလေ့မရှိသော သမီး၏ နှုတ်ခမ်းလေး ပြုံးလာလေသည်။

သူ့ရင်ထဲ ကြည်နူးမိ၏။

သမီး ဘာကိုလိုအပ်နေသလဲဆိုတာကို သူ သဘောပေါက်သွားသည်။

"ကြွေ . . . သမီးကို ကြည့်စမ်း"

ဟု သူက ဆိုသဖြင့် ကြွေက သမီးကို လှမ်းကြည့်သည်။

"သမီး"

ကြွေလည်း အံ့ဩသွားသည့်ထင်ပါရဲ့။ မှင်တက်၍သာ ကြည့်နေသည်။

သူနှင့်ကြွေ ကြည့်နေဆဲမှာပင် သမီး၏အပြုံးသည် ပို၍ ကြည်လင်လာလေသည်။





ပြီးနောက် . . . သမီးသည် သူနှင့်ကြွေကြား တိုးဝှေ့လာလေသည်။

သူသည် သမီးနှင့်ကြွေ့ကို ကြင်နာစွာ ပွေ့ဖက်ထားမိ၏။

သူ ကြည်နူးနေလေသည်။

ဒါ သူလိုချင်သော မိသားစုပုံစံမျိုး ဖြစ်သည်။

"ကြွေ့မှာ လိုအပ်ချက်တွေ များခဲ့ပါတယ်"

ကြွေ၏တီးတိုးစကားသည် သူ့မျက်ရည်ကို ချူယူလေ၏။

"ကြွေသာ အစောတည်းက ပွင့်လင်းခဲ့ရင် ပြဿနာတွေ ခုလောက်ထိ ဖြစ်လာခဲ့မှာ မဟုတ်ဘူး။ သမီးကိုရော ကိုကိုရော ကြွေ တောင်းပန်ပါတယ်။ ကြွေ ကတိပေးတယ်။ နောက်ဆို ပြဿနာကြီးအောင် မစ်တီးဖို့ထက် ဖြေရှင်းဖို့ကိုသာ ကြွေ အရင်စဉ်းစားပါတော့မယ်"

ကြွေ့မျက်ရည်များသည် သူ့လက်ဖမိုးပေါ် ရောက်ရှိ၍ နေလေသည်။

ယခုတော့ . . . ကြွေရော သမီးပါ သူ့ရင်ခွင်ထဲ ငြိမ်သက်စွာ ရှိနေကြလေသည်။

ကြွေကသာ ရိုးသားစွာ ဝန်ခံပေမယ့် ခုချိန်ထိ မရှိုးသား



www.burmeseclassic.com

နိုင်သေးသော သူနှလုံးသားကို သူ မုန်းမိပါသည်။

"ကြွေရယ် မင်းကို တစ်နေတော့ ပန်းရနံ့အကြောင်းကို ပြောပြဖြစ်မှာပါ။ ပန်းရနံ့လေ ... သူ သူ ကိုယ့်ကြောင့်"

သူရင်ထဲ ဆို့နေလေ၏။ ဝိတိဖြစ်နေသော မျက်ဝန်းတွင် မျက်ရည်များ စွဲ့စိုစပြုလာသည်။ ထိုမျက်ရည်သည် လက်ရှိဘဝရှ အခြေအနေကြောင့်လား ပန်းရနံ့ကြောင့်လား။

သေချာတာကတော့ သူ ပန်းရနံ့ကို လိုက်ရှာဦးမယ်ဆိုတာပဲ ဖြစ်၏။ သူ့စိတ်ကို ကြွေ လက်ခံမယ်ဟုလည်း ယုံကြည်သည်။ ကြွေ သူ့ကို နားလည်ပေးမယ်ဟုလည်း မျှော်လင့်သည်။ ရေစက်ကျေနိုးသေး ပါက သူနှင့် ပန်းရနံ့သာ ဘဝတစ်ကွေ့၌ ပြန်ဆုံခဲ့ကြလျှင်။

ရသတို့နှင့်ပြည့်စုံပါစေ

မယ်ခိုင်




၂၀၀၅ နောက်ဆုံးထွက်

[illegible]

**မမသဒ္ဒါမောင်**

အမုန်း၏ နံရံတစ်ဖက်အခြား

**ကြယ်စင်မှူးဝေ**

တိမ်လွှာထက်က အချစ်နတ်သမီး

**မယ်ခိုင်**

မျက်ကွယ်ရာ

**မိုးစက်ပွင့်**

အချစ်ပေဟာင်းရဲ့ ရင်ခွင်သစ်

**အလင်းသစ်**

မမေ့နိုင်တဲ့ မိုးရာသီ

**လှိုင်းကြာဖြူ (လားရှိုး)**

ချစ်ခြင်းရဲ့ ကွေ့ကောက်မျဉ်း